www.burmeseclassic.com

# သင်းစုစုသိမ်း

အကကောင်းသူ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# အကကောင်းသူ

- စာမူခွင့်ပြုချက်အမှတ်
  ၅၀၀၂၉၄၀၃၀၇
- မျက်နှာဖုံးခွင့်ပြုချက်အမှတ်
  ၅၀၀၉၃၆၀၈၀၇
- ပထမအကြိမ်၊ ရှင်သန်ခြင်းစာပေ၊ အောက်တိုဘာ၊ ၂၀၀၇။
- မျက်နှာဖုံးနှင့် ဓရုံဒီဇိုင်း
  နေဝင်းအောင်
- စီစဉ်သူ
  ကျောက်ပန်းခက်
- ထုတ်ဝေသူ
  မမြတ်မြတ်မိုး (၀၃၇၄၉)
  ရဲရဲလွင်စာပေ၊ တိုက် (၁၀)၊ အခန်း (၃၀၃)၊
  ၅၄-လမ်း(အထက်)၊ ရန်ကုန်မြို့။
- မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
  ဦးကျော်ယဉ် (၀၇၈၄၃)
  ဇမ္ဗူမော်ပုံနှိပ်တိုက်
  ၁၈၂၊ ၂၉-လမ်း၊ ရန်ကုန်မြို့။
- အုပ်ရေ
  ၅၀၀
- တန်ဖိုး
  ၁၀၀၀-ကျပ်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ အခု ဘာကိုစဉ်းစားရမလဲမသိသေး၊ အတိတ်လား၊ ပစ္စုပ္ပန်လား၊ အနာဂတ်လား၊ ဒါမှမဟုတ် စက္ကန့်တွေကို ရေတွက်နေရမည်လား၊ အချိန်ကာလက ကျွန်မကို တစ်နေရာမှတစ်နေရာသို့ ခေါ်ဆောင်နေပါသည်။

ကျွန်မကို အပြောင်းအလဲပေးနိုင်မည့် တစ်စုံတစ်ရာကို စောင့်မျှော်နေရသလို ကျွန်မစိတ်တွေ အသိမြန်နေ၏။ နိုးကြားနေ၏။ ထိုအရာသည် ကျွန်မ၏ ဝမ်းနည်းကြေကွဲမှုကို ဝမ်းမြောက်ရွှင်လန်းခြင်းသို့လည်းကောင်း၊ ကျွန်မ၏ ပျော်ရွှင်ခြင်းကို ငိုကြွေးပူဆွေးခြင်းသို့လည်းကောင်း ပြောင်းလဲဖို့ ဘာမဆို တတ်နိုင်ပါလိမ့်မည်။

ဤသို့စောင့်စားရခြင်းသည် ယခုမှဟု ကျွန်မထင်ခဲ့မိသေးသည်။ တကယ်တော့ မဟုတ်။ ဘဝသည်ပင် စောင့်စားရခြင်း။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

အိပ်မက်ဆန်သောမြင်ကွင်းကို ယခုမှ မျက်ဝါးထင်ထင်မြင်ရ၏။ ညတွင် ပင်လယ်ရေလှိုင်းသံတို့က ကျွန်မကို ချော့သိပ်လျက်ရှိကြသည်။ ပင်လယ်ကမ်းခြေ၏ညများသည် လှမြဲလှလျက်၊ ဝရန်တာမှကြည့်လျှင် ကမ်းခြေနှင့် ပင်လယ်ပြင်ကို ကောင်းစွာမြင်ရသည်။ လပြည့်ညများတွင် လသည် ဝရန်တာအမိုးဖျားထိမြင့်သော သရက်ပင်ရှိ ရွှေတူငွေတူပန်းအုံကြားမှ ပေါ်လာစမြဲပင်။

ပတ်ဝန်းကျင်တစ်ခွင် သဘာဝအလှတွေက ကျွန်မငယ်ငယ်ကအတိုင်း၊ ဘာမျှမပြောင်းလဲ။ ပြီးတော့ ကျွန်မရဲ့အိမ် ... မပြောင်းလဲပါဘူး ...၊ မပြောင်းလဲပါဘူး ...။ အတိတ်ကတော့ အိပ်မက်သဖွယ်ပင်၊ ဖမ်းဆုပ်လို့ရနိုင်တာ ဘာမှမရှိ။ သို့သော် ဒီအိပ်မက်ကပဲ ကျွန်မကို ကြီးစိုးနိုင်လွန်းသည်။

ကျွန်မ ဒီကိုရောက်လာသောနေ့ကို ပြန်စဉ်းစားမိသည်။ ကျွန်မကို ဘယ်သူတွေကများ ကြိုဆိုနေလေမလဲလို့။

ငပလီလေဆိပ်ကထွက်တာနှင့် ကျွန်မကို ကြိုဆိုမည့်သူများကို အလေးတကော လိုက်ရှာမိသည်။ အဘစံကလွဲပြီး ဘယ်သူ့မှမတွေ့ရ။ 'လင်း'ကိုများ တွေ့ရမလားလို့ လေဆိပ်အပြင်မှာ ကျွန်မရှာမိသေးသည်။

"လင်းကော အဘစံ" လို့မေးမိတော့

"ခရီးထွက်သွားတယ်" ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘာစံရဲ့ဂျစ်ကားမှာ ပစ္စည်းတွေတင်ရင်း စိတ်ကူးတစ်ခုရသည်။

"အဘာစံသွားနှင့်ပါနော်၊ ဝေဏီ ကမ်းခြေဆင်းပြီး လမ်းလျှောက်ချင်သေးတယ်၊ ကမ်းနားက ပတ်ပြန်လာခဲ့မယ်"

"မမှောင်စေနဲ့နော်ကလေး၊ ကြီးစော မျှော်နေလိမ့်မယ်"

"ဟုတ်ကဲ့ အဘာစံ"

အဘာစံက စိတ်မချသလိုပြောပြီး ကားမောင်းထွက်သွားသည်။

ပင်လယ်ပြင်လိုပင် ကျွန်မရင်ထဲမှာ လှိုင်းထန်နေပါသည်။ သို့သော်ကျွန်မ မငိုတော့။

မမှောင်ခင် သောင်ပြင်မှာ နေလို့ရသလောက်နေလိုသည်။ အချိန်သိပ်မရှိတော့။ နီရဲလှပသော နေလုံးကြီးသည် မိနစ်အနည်းငယ်အတွင်းမှာ ပင်လယ်ထဲသို့ ငုပ်လျှိုးကွယ်ပျောက်ပေတော့မည်။ ဖိနပ်ချွတ်လိုက်မှ သဲဖြူဖြူလွလွလေးတွေရဲ့ နွေးထွေးထိရှတဲ့အတွေ့ကို ခံစားလိုက်ရသည်။ မမှောင်ခင် အိမ်ရောက်ချင်ပါသည်။ သောင်ပြင်တစ်လျှောက် ခပ်မှန်မှန်ပြေးလာခဲ့သည်။ မောချင်သလောက်မောလိုက်စမ်း။

ကောင်းကင်ရဲ့အလင်းရောင်နောက်ခံမှာ မှောင်ရိပ်လွှမ်းသောအိမ်ရိပ်ကို ခပ်လှမ်းလှမ်းကပဲ ကျွန်မ မြင်တွေ့လိုက်ရပါသည်။

ကျွန်မအိမ်သည် အတွင်းပိုင်းကုန်းမြင့်မြင့်မှာ တည်ရှိသည်။ အိမ်ရှေ့ဆင်ဝင်ရောက်အောင် ပြုလုပ်ထားသော အုတ်လှေကားထစ်များအတိုင်း ကျွန်မတက်လာခဲ့သည်။ လှေကားထစ်တွေပေါ်မှာ စကားစိမ်းပွင့်ဖတ်ကလေးတွေ၊ တရုတ်စကားပွင့်ကြွေလေးတွေ ပြန့်ကျဲနေသည်။ တစ်ဖက်မှာတော့ ခပ်ဝိုက်ဝိုက်ပြေပြေလေးပြုလုပ်ထားသော ကားဝင်သည့်လမ်းရှိသည်။ သစ်ပင်စိမ်းစိမ်းမြင့်မြင့်ကြီးတွေရဲ့ သစ်ကိုင်းချင်းပွတ်တိုက်သံကို ကြားရသည်။ စကားစိမ်းပင်တို့မှ မွှေးပျံ့သော ရနံ့ကို ရနေသည်။

အရင်တုန်းက သီတင်းကျွတ်၊ တန်ဆောင်တိုင် မီးထွန်းပွဲတော်ရက်တွေမှာ သစ်ပင်တွေကိုသွယ်တန်းပြီး ဖေဖေနှင့်ကိုကို မီးထွန်းကြလျှင် မီးရောင်စုံနှင့် လှပသောခြံကြီးကို ဝရန်တာမှ ဆီးကြည့်ရင်း ကြည့်မဝအောင်ဖြစ်ရသည်။

ဆင်ဝင်အောက်အုတ်ခုံမှာ ထိုင်စောင့်နေတဲ့ ကြီးစောကို ရုတ်တရက်မမြင်၊ ကြီးစောရဲ့အပြုံးမျက်နှာကိုမြင်ရပြီး လက်မောင်းတုတ်တုတ်ကြီးကို

www.burmeseclassic.com

www.burmeseclassic.com



ဖက်လိုက်ရတဲ့အချိန်မှာမှ အိမ်ရောက်တာ ပြည့်စုံသလိုခံစားရသည်။ ဆင်ဝင်အောက်ရှိ မီးရောင်မှိန်မှိန်အောက်မှာ ကြီးစောရဲ့မျက်ဝန်းသေးသေးလေးမှာ မျက်ရည်တွေနှင့် လက်နေလေသည်။

ကြီးစောက စိတ်ပူပြီးစောင့်နေခဲ့၏။ ကျွန်မကို တစ်ပါတည်းခေါ်မလာရကောင်းလားဟု အဘစံကို ဆူသည်။

"ကလေးကိုကြည့်ရတာ ကျွန်းမာရေးတော်တော်ကောင်းနေတဲ့ပုံပဲ၊ ဒီမှာ ကောင်းကောင်းအနားယူရမယ်၊ ကောင်းကောင်းစားရမယ်၊ ဝဝအိပ်ရမယ် ကြားလား"

ကြီးစောက ကျွန်မကိုတွေ့ရလို့ ဝမ်းသာမဆုံး။

ကြီးစောက မေမေရဲ့ကြီးတော်၊ ကျွန်မမှာ အဖွားတော်သည်။ သို့သော် မေမေခေါ်သလို 'ကြီးစော' လို့ပဲလိုက်ခေါ်ရင်း နှုတ်ကျိုးနေသည်။ အဘစံနှင့် ကြီးစောတို့က ကျွန်မတို့အိမ်နှင့်ခြံမြေများကို ကြည့်ရှုစောင့်ရှောက်နေကြသူများဖြစ်သည်။

ပင့်ကူအိမ်တွေတွယ်ယှက်နေသော နှစ်ပေမီးချောင်းထွန်းထားရာ ဧည့်ခန်းဆီသို့ ကြီးစောခေါ်ဆောင်သည့်အတိုင်း ကျွန်မလိုက်လာခဲ့သည်။

ကျွန်မအတွက်အခန်းကို အပေါ်ထပ်ရှိ ကျွန်မငယ်ငယ်ကနေခဲ့သည့်အခန်းမှာပဲ ပြင်ထားကြောင်း ကြီးစောကပြောသည်။ အပေါ်ထပ်လှေကားအတိုင်း ကျွန်မတက်ခဲ့သည်။ မီးခလုတ်တွေ တစ်ခုချင်းလိုက်ဖွင့်သည်။ အပေါ်ထပ်မှာ ဘုရားခန်း၊ ဖေဖေ မေမေ တို့အခန်း၊ ကိုကို့အခန်း၊ ပြီးတော့ ကျွန်မအခန်းဆို ရှိသည်။ လတ်တလောသိမ်းထားသော ဧည့်ခန်းကဖုန်နံ့တွေက နှာခေါင်းမှာ ဆွဲနေသည်။ ပရိဘောဂအားလုံး ဖုန်ရောင်ထနေ၏။

"မေမေတို့အခန်း ဝင်ကြည့်ဦးမလား" ကြီးစောကမေးသည်။

"ဟင့်အင်"

ကျွန်မ ခပ်သွက်သွက်အဖြေပေးပြီး ဆက်လျှောက်ခဲ့သည်။

"နောက်နေ့မှပဲ အပေါ်ထပ်တစ်ထပ်လုံး သန့်ရှင်းရေးလုပ်ရအုံးမယ်"

ဖွင့်နေကျမဟုတ်သောကြောင့် သံချေးတက်ကာ တင်းကျပ်နေသည့် ဝရန်တာတံခါးချက်ကို ဆွဲဖြုတ်လိုက်သည်။ ဝရန်တာသို့ထွက်ကာ ဖတ်ဖတ်လည် မြင်ကွင်းတွေကို မျှော်ကြည့်မိသည်။ ကားလမ်းဆီမှ ကားတစ်စီးသွားနေသည့်

www.burmeseclassic.com

www.burmeseclassic.com



မီးရောင်ကို မြင်ရသည်။ ပြီးတော့ တဖြည်းဖြည်းဝေးကွာ၍ ပျောက်ကွယ်သွားသည်။ ပင်လယ်ဆီမှ လှိုင်းသံခပ်သဲ့သဲ့။

လေသည် ပုန္နေးခြောက်သွေ့နေ၏။ ရင်ထဲမှာတော့ အလိုလိုအေးစက်၍လာ၏။

(၇)နာရီထိုးခါနီးလောက်မှာ ကြီးစော ထမင်းပွဲပြင်သည်။ အဖြူနှင့် အပြာပွင့်စားပွဲခင်းသစ်ကိုခင်းသည်။ ပန်းပွင့်လေးများနှင့် အဖြူရောင်ပိတ်စအနားမှာ လိုက်ထားသော ကင်းခြေလေးများမှာ မေမေ့လက်ရာလေးများဖြစ်သည်။

ထိုနေ့က အဘစံ၊ ကြီးစောတို့နှင့်အတူ ကျွန်မ ညစာစားရပါသည်။ ညစာစားနေစဉ်မှာပဲ တိုင်ကပ်နာရီမှ (၇)နာရီထိုးသံကြားလိုက်ရသည်။

အိမ်ရဲ့အငွေ့အသက်နှင့်အတူ ကျွန်မ ရင်းနှီးပြီးသားပတ်ဝန်းကျင်ရဲ့ နွေးထွေးပျူငှာမှုများကို ခံစားရပြီးနောက် 'လင်း' ကိုတွေ့ချင်စိတ်တွေ ပို၍ပြင်းပြလာပါသည်။ နောက်နှစ်ရက်ကြာမှ လင်း ရောက်လာ၏။ လင်းသည် ကျွန်မ သိသော လင်းနှင့် အနည်းငယ်ကွာခြားနေပါသည်။

ခြံနှစ်ခြံကြားရှိ စကားစိမ်းပင်တန်းကို ခပ်သုတ်သုတ်ဖြတ်လာနေသည့် အရိပ်တစ်ခုကို ကျွန်မလှမ်းမြင်လိုက်ရသည်။ ကျွန်မ သူ့ကိုလှမ်းမခေါ်ဘဲ ရပ်ကြည့်နေလိုက်သည်။ သူ တဖြည်းဖြည်းနီးလာသည်။ လင်းဆိုတဲ့ 'လင်းသူရစိုး'ကို တွေ့လိုက်ရတော့ ကျွန်မ အတော်အံ့သြသွားသည်။ ကြည့်စမ်း ... သူ့အရပ်ကြီး ရှည်လာလိုက်တာ၊ လည်ဂုတ်လောက်ရောက်မည့် ဆံပင်တွန့်တွန့်ခွေခွေများကို နောက်မှ မီသလောက် စုစည်းထားသည်။ တစ်ကိုယ်လုံးလည်း ဖုန်ရောင်ထကာ ဝတ်ထားသောဂျင်းဘောင်းဘီမှာလည်း အရောင်မပေါ်တော့။

"လင်းသူရစိုး ဆိုတာပေါ့လေ"

လင်းက လှေကားထစ်တွေပေါ်မှာရပ်ကာ ကျွန်မကို မော့ကြည့်သည်။ လင်းကိုတွေ့တော့ ရင်ထဲက လှိုက်လှဲဝမ်းသာမှုကို သတိမပြုဘဲမနေနိုင်။ မျက်လုံး တောင် ဝေ့တက်လာသည်။

နှစ်ဦးသားဆုံတော့ ကျွန်မကမ်းပေးတဲ့ လက်ဖဝါးကို လင်းက သူ့အကျင့်အတိုင်း ခပ်ပြင်းပြင်းရိုက်ထည့်လိုက်သည်။ သန်မာတဲ့ လင်းရဲ့

www.burmeseclassic.com

www.burmeseclassic.com



လက်ဖဝါးကြောင့် ကျွန်မလက်ဖဝါး နာကျင်သွားရသည်။ ဒါနှင့်ပဲ မျက်ရည်ဝဲတာကို အဆုံးမသတ်ဖြစ်တော့။

"နင်က ဘယ်သွားနေတာလဲ၊ ငါလာမယ်ဆိုတာ ကြိုပြောထားရက်နဲ့"

"ရိုးပေါ်မှာ ဂိတ်ကကားတစ်စီးပျက်နေလို့ အရေးပေါ်လိုက်သွားရတာ၊ ပြည်မှာသွားပြင်ရတယ်၊ လုပ်ရင်းလုပ်ရင်းနဲ့ တစ်ပတ်တောင်ကြာသွားတယ်"

"ဟုတ်လား၊ ဘာပါလဲပြော"

"ဟိုမှာလေ၊ နင်လာရင်စားဖို့တဲ့ ကြီးစောက ငါ့ကိုမှာလိုက်လို့ ဝယ်လာတဲ့ အသီးအနှံတွေ"

ကားသမားလေးတစ်ယောက်က အသီးအနှံပုံးကို သယ်လာသည်။

"နင် ဒီမှာဘယ်နှစ်ရက်နေမှာလဲ"

"ဒီတစ်ခါ ကြာကြာနေမှာပါ၊ တစ်လလောက်ဖြစ်ဖြစ်"

"နေကောကောင်းရဲ့လား"

"ကောင်းပါတယ်၊ ကောင်းလိမ့်မယ်လို့လည်း မျှော်လင့်တာပဲ၊ ဒါတွေ ခဏထားလိုက်စမ်းပါ၊ နင့်ကိုမျှော်နေတာ၊ ငါသွားချင်တဲ့နေရာတွေ ဘယ်မှမသွားရသေးဘူး"

ကျွန်မ လင်းလက်ကိုဆွဲကာ လှေကားထစ်များအတိုင်း ပြေးဆင်းလာခဲ့သည်။

"အခုဘယ်လဲ ဝေဏီရ"

"ကမ်းခြေအရင်ဆင်းမယ်၊ မအားဘူးမပြောနဲ့၊ ညနေကျရင် ပင်လယ်စာကောင်းတဲ့ဆိုင်မှာ စားမယ်နော် လင်း"

လှေကားထစ်များတက်တိုင်းဆင်းတိုင်း ကျွန်မတို့ အပြေးပြိုင်နေကြ။

"ဘယ်သူအရင်ရောက်မလဲ၊ ရှုံးတဲ့သူ စက်ဘီးနင်းကြေး၊ ညနေစာ ဝယ်ကျွေးကြေး"

"ဝေဏီရှုံးတော့မယ်ဟေ့"

လင်းက ကျွန်မဘေးမှာ ခြေလှမ်းသွက်သွက်နှင့်ဆင်းရင်း လှမ်းပြောလိုက်သည်။

"ဝေးသေး၊ လင်း နင်ရှုံးရင်ကျွေးရမယ်နော်၊ စက်ဘီးနင်းရမယ်နော်၊ ငါ့ကိုစောင့်ဦးဟ"

www.burmeseclassic.com



ကျွန်မထက် တစ်လှမ်းနှစ်လှမ်းဦးနေသည့်လင်းကို အမီလိုက်နေရသည်။

"လင်း နေပါဦး၊ ငါပြောတာမဆုံးသေးဘူး"

"ဟေး ငါ အရင်"

လင်းက အောက်ဆုံးထစ်သို့ ခုန်ဆင်းလိုက်သည်။ အနိုင်ရတဲ့ လင်းရဲ့မျက်နှာကို စူပုပ်ပုပ်နှင့်ကြည့်မိသည်။

"မောလိုက်တာ၊ ငါ့စကားကမဆုံးသေးဘူးဟ၊ ငါရှုံးရင်လည်း နင်ပဲကျွေးရမယ်၊ စက်ဘီးလည်း နင်ပဲနင်းရမယ်ဆိုတာ ပြောမလို့"

အုတ်ခုံပေါ်မှာ မောမောနှင့်ထိုင်ချရင်းပြောလိုက်တဲ့ ကျွန်မကိုကြည့်ရင်း လင်းကရယ်သည်။

ငယ်ငယ်ကပဲ ကျွန်မရှုံးတော့မည်ဆိုလျှင် လင်းကို အနိုင်ကျင့်ကာ ပြောနေကျဖြစ်သည်။ ဒီလိုပြောပြီး လင်း တွေဝေသွားတဲ့ခဏမှာ "ပြန်ပြိုင်ကြရအောင်" ဟုဆိုကာ ကျွန်မက အရင်ပြေးဆင်းလာစမြဲ၊ ဒါနှင့်မှမနိုင်သေးလျှင် "လင်း ... ငါလည်း တစ်ကြိမ်လောက်နိုင်ချင်သေးတယ်ဟ"ဟု မျက်နှာရှုံ့ကာ အတိအလင်းတောင်းဆိုတတ်သည်။ ဒီတော့မှ လင်းက "အေးပါ၊ အေးပါ၊ ငါ့ခြေထောက်လည်း နည်းနည်းနာသွားတယ်ဟ၊ သိပ်ပြေးနိုင်မှာမဟုတ်တော့ဘူး" ဟု အင်တင်တင်နှင့်ပြောပြီး ခြေထောက်ထော့နဲ့ထော့နဲ့လုပ်ပြမှ စိတ်ချလက်ချဖြစ်ကာ အရင်ဆုံးအောက်ရောက်တော့မှ ပြုံးနိုင်ရယ်နိုင်တော့သည်။

အုန်းပင်တွေစီတန်းလျက်ရှိသည့်လမ်းအတိုင်း လင်းက စက်ဘီးကိုဖြည်းဖြည်းမှန်မှန် နင်းလာ၏။ နွေရာသီဖြစ်၍ ဖုန်ငွေ့ငွေ့လေး ထပျံနေသည်။

လင်းရဲ့အင်္ကျီခါးစကို ကျွန်မလက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားသည်။ သူ့အင်္ကျီကရတဲ့ နေနံ့နှင့် သူ့ကိုယ်နံ့ကို ကျွန်မသည် နှစ်ပေါင်းများစွာ မှတ်မိနေခဲ့သည်။

ကျွန်မတို့သည် ဈေးဆိုင်များရှေ့သို့ ရောက်လာသည်။ ညနေခင်းဖြစ်၍ ပေလီလမ်းဆုံတွင် လူစည်ကားနေသည်။ ခပ်လှမ်းလှမ်းလက်ဖက်ရည်ဆိုင်မှ ကျွန်မကြားဖူးပြီး သီချင်းနာမည်မသိတဲ့ မိုးကြီးရဲ့ ဆူဆူညံညံသီချင်းသံကို ကြားရသည်။

"လှလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



နေသည် ပင်လယ်ဘက်သို့ တဖြည်းဖြည်း လျှောကျနိမ့်ဆင်းလာသည်။ ကောင်းကင်မှာ နီရဲတောက်ပသောရောင်စဉ်တို့ သွယ်တန်းကျန်ရစ်သည်။ ပင်လယ်ရေစပ်မှာ ကျွန်မတစ်ကိုယ်လုံး ရေစိုအောင်လုပ်ချင်စိတ်ကို မနည်းထိန်းချုပ်ထားရသည်။ လင်းက ကျွန်မဘေးမှ ဖြည်းလေးစွာလျှောက်လာသည်။ သူဘာတွေတွေးနေပါလိမ့်။

လင်းရဲ့ အချိုးကျတဲ့မျက်ခုံးအစုံက စင်ရော်တောင်တွေလို ကော့ပျံနေသည်။ မျက်တောင်စိပ်စိပ်နက်နက်တွေ ဝန်းရံထားတဲ့မျက်လုံးက စူးစူးရှရှ၊ ငယ်ငယ်ကဆို ထစ်ခနဲဆို ရန်ဖြစ်တတ်တဲ့ကောင်လေး။ ကျွန်မမပါတဲ့ကလေးအဖွဲ့တွေမှာ သိပ်ဗိုလ်လုပ်ချင်တဲ့ အကောင်လေး။ မျက်လုံးတွေက မဟုတ်မခံတတ်တဲ့မျက်လုံးတွေ၊ ဒီမျက်လုံးတွေကပဲ ကျွန်မကိုမြင်လျှင် ငြိမ်သက်နေကြပြန်ပါသည်။

"နင် ဒီလိုပဲနေတော့မှာလား"

လင်းက နားမလည်သလို ပြန်ကြည့်သည်။

"နင် စာမေးပွဲလည်းဆက်မဖြေဘဲ ဒီအတိုင်းနေနေတာကိုပြောတာ"

"မဖြေချင်တော့ဘူး၊ နှစ်တွေကလည်း မနည်းတော့ဘူး"

"ငါ့မှာတော့ အောင်စေချင်လွန်းလို့ နှစ်တိုင်း စာအုပ်တွေဝယ်ပို့ပေးလိုက်ရတာ၊ အလကားပဲ"

"အလကားမဖြစ်ပါဘူး၊ ပြည့်ပြည့်တို့ တိုးတိုးတို့ဖတ်ပြီး အောင်သွားကြပြီပဲ"

"လင်းက သိပ်ပေါ့ပေါ့တွေးတာပဲ၊ နင့်အောက်ကအငယ်တွေတောင် အောင်ကုန်ပြီ၊ ဒါကြောင့် နင့်ကိုပိုအောင်စေချင်တာပေါ့"

"ဆယ်တန်းအောင်မှလား၊ ပညာတတ်မှလား၊ အလုပ်လုပ်စားစရာတွေအများကြီးရှိပါတယ်၊ ထမင်းမငတ်ပါဘူး"

လင်းက ဘာကိုစိတ်တိုမှန်းမသိ တိုချင်လာသည်။ ကျွန်မကိုမစောင့်ဘဲ စက်ဘီးကိုနင်းလိုက်သဖြင့် ကမန်းကတန်း ခုန်တက်လိုက်ရသည်။

လင်းရဲ့အမေ တော်လေးမေကတော့ သူ့သားဟာ ပြန်မပြောနားမထောင်မို့ ဆိုးသတဲ့။ ကျွန်မက လင်းရဲ့အရိပ်အခြည်ကိုကြည့်ကာ စာဆောတာစကားကို ပြန်စဖြစ်အောင်စသည်။

"တော်လေးမေကလည်း နင့်ကို သားကြီးမို့လို့ ဘာသိလောက်အားအား

www.burmeseclassic.com



လဲဆိုတာ နင်သိသားနဲ့"

လင်းက ဖြူနန်းဆို စက်ဘီးကိုရပ်လိုက်သည်။

"နေပါဦး၊ ငါဆယ်တန်းမအောင်တာ နင့်ကိုဘာထိခိုက်လို့လဲ၊ ငါဆယ်တန်းအောင်လို့ကော နင်ဘာဖြစ်သွားမှာမို့လို့လဲ"

"မသိဘူးလင်း၊ နင့်အတွက် ဖြစ်နိုင်ခြေရှိတဲ့အရာမှန်သမျှကို ဖြစ်စေချင်တယ်၊ ကြိုးစားစေချင်တယ်"

"နင်မပူစမ်းပါနဲ့၊ ငါ့ဘဝနဲ့ငါပါ"

လင်းရဲ့မျက်လုံးထဲမှာ အားငယ်မှုတစ်မျိုးကို ကျွန်မ လှစ်ခနဲမြင်လိုက်ရသည်။ ထိုအားငယ်မှုသည် ကျွန်မနှင့် တစ်နည်းတစ်ဖုံ ဆက်နွယ်နေသည်ဆိုလျှင် ကျွန်မ မငြင်းပါ။

"ငါဆိုတဲ့ကောင်က ဘာမှတော့ဖြစ်လာမှာမဟုတ်ပေမယ့်၊ ငါ့ဘဝငါရပ်တည်နိုင်အောင်တော့ လုပ်နိုင်ပါသေးတယ်၊ နင်တို့အမြင်မှာတော့ အထင်ကြီးစရာ ရှိချင်မှရှိမှာပေါ့"

"ဒီလိုလည်းမဟုတ်ဘူးလေ၊ ငါပြောတာက"

လင်းက ဆတ်ခနဲလှည့်ကြည့်သည်။ တစ်ခုခုပြောမလိုလုပ်ပြီး မပြောတော့၊ ပါးစပ်ကို ခပ်တင်းတင်းစေ့ပိတ်လိုက်တော့ နှုတ်ခမ်းပတ်ပတ်လည်မှာ အရိုင့်လေးတွေပေါ်လာသည်။ ငယ်ငယ်က ကျွန်မစိတ်ဆိုးမှာကြောက်ပြီး ကျွန်မကို လှည့်ပတ်ပြောဆိုတတ်တဲ့ကောင်လေးကို သတိရသည်။ ပင်လယ်ထဲ တစ်နေကုန် ရေဆင်းငုပ်ပြီး ကျွန်မက ကျွန်မကိုမခေါ်ရကောင်းလားလို့ အပြစ်တင်မှာ စိုးရိမ်တာနှင့် နှုတ်ခမ်းတွေပြာပြီး မေးတုန်အောင်ချမ်းနေသည့်ကြားက သူပင်လယ်ထဲ လုံးဝမဆင်းရပါကြောင်း ကျိန်တွယ်ပြောဆိုတတ်တဲ့ကောင်လေးဟာ 'လင်း'ဖြစ်သည်။ ကျွန်မကလည်း သူညာမှန်းသိပေမယ့် ကျေနပ်နေတတ်သည်။

"နင့်ကို ငါအပြစ်မမြင်ပါဘူး လင်းရဲ့၊ နင့်ကို အကောင်းဆုံးမျှော်လင့်နေကြတဲ့သူတွေအတွက်ပြောတာ၊ အဲဒီထဲမှာ ငါလည်းပါတယ်ဆိုတာ မမေ့နဲ့ပေါ့"

"ငါ့အကြောင်း နင့်ထက် ငါကပိုသိတယ်"

လင်းဟာ စိတ်တိုတတ်နေသလိုပဲ၊ သူ့မျက်နှာညိုလျှင် ကျွန်မမနေတတ်၊ လင်းကလည်း ကျွန်မစိတ်ဆိုးမှာကို ကြောက်သည်။ သူ့ထက်ငယ်တဲ့ကျွန်မကို ကလေးတုန်းကတည်းက အလိုလိုက်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့မှာ မောင်နှမဆို၍ ကိုကိုနှင့်ကျွန်မသာရှိသည်။ ဆွေမျိုးလည်း နည်းသဖြင့် ကျွန်မငယ်ငယ်ကဆို မောင်နှမများသည့် လင်းတို့အိမ်မှာ အလွန် ပျော်သည်။ တော်လေးမေနှင့် မေမေက ခပ်ဝေးဝေးဆွေမျိုးတော်ပေမယ့် အရင်း အချာတွေလို နေကြသည်။

ကျွန်မ ပထမတန်းနှစ် လင်းတို့မိသားစု ရှမ်းပြည်နယ်ဘက်မှ ပြောင်းလာကြပြီးကတည်းက လင်းက ကျွန်မဘဝမှာ တော်တော်အရေးပါ ပါသည်။ လင်းက ကျွန်မထက် တစ်တန်းကြီးသည်။ လူလည်းကြောက်တတ်ပြီး ကလေးချင်း ထစ်ခနဲဖြစ်လျှင်တောင် ငိုတတ်တဲ့ကျွန်မအဖို့ လူကောင်လည်းကြီး အတန်းလည်းကြီးသည့် လင်းက သူရဲကောင်းတစ်ယောက်ဖြစ်သည်။

နေ့လည်မုန့်စားဆင်းချိန်မှာ ပြေးလွှားဆော့ကစားကြတဲ့သူတွေကို ငေးကြည့်ပြီး အုတ်ခုံမှာ တစ်ယောက်တည်းထိုင်နေရတဲ့ကျွန်မအဖို့ အနားမှာ လင်းမရှိလို့မဖြစ်။ ကျွန်မငယ်ငယ်က ကျန်းမာရေးချူချာတာကြောင့် တခြား ကလေးတွေလို ကြမ်းကြမ်းတမ်းတမ်း မကစားနိုင်ခဲ့ပါ။ လင်းမပါလျှင် ကျွန်မ ဘာမှမလုပ်တတ်သယောင်၊ အတန်းချင်းမတူသည့်လင်းကလည်း ကျွန်မအတန်း ကို စာသင်ချိန်တစ်ချိန်ပြီးတိုင်း တစ်ခါစီလာကြည့်တတ်သည်။ သူငယ်ချင်း တစ်ယောက်ယောက်က ကျွန်မကိုရန်လုပ်လျှင်လည်း လင်းဆီပြေးသွားဖို့သာ တတ်သည်။ အတန်းနှစ်တန်းကိုခြားထားသည့် တံခါးပေါက်မှနေ၍ လင်းနေရာမှာ လင်းရှိမရှိ ခဏခဏသွားကြည့်ရတာလည်းအမော။

လင်းက မျောက်ရှုံးအောင်ဆော့နိုင်သလို ကျွန်မကိုလည်း ဂရုစိုက်နိုင် သည်။ လင်းက သူနှင့်ရွယ်တူတွေနှင့်စာလျှင် လူကောင်ကြီးသည်။ ကျစ်လျစ် သန်မာသည်။ တော်ရုံလိုတာ ထိခိုက်မိတာလောက်နှင့် မနာကျင်တတ်၊ သူ နည်းနည်းကြီးလာတော့ ကိုကိုတို့လို လူပျိုပေါက်အဖွဲ့တွေနောက်လည်း လိုက်နိုင် သည်။ ဂစ်တာတဒေါင်ဒေါင်ခေါက်သည်။ လေးခွတစ်လက်နှင့်လည်း တစ်နေကုန် လျှောက်လည်နိုင်သည်။ ပြန်လာလျှင်လည်း မမောနိုင်မပန်းနိုင် နေတဝင် ဆော့ ကန်နိုင်သေးသည်။ လင်းမလုပ်နိုင်တာတစ်ခုကတော့ ညဘက် ကျွန်မနှင့်အတူ စာကျက်မှတ်ရသည့်အလုပ်ဖြစ်သည်။ ရှစ်နာရီတောင်မထိုးသေးဘဲ ... နှင့် အိပ်ပျော်သွားတတ်သည်။

မေမေ့ဆီမှာ သူ မကြာခဏအဆူခံရသည်။ (...)မိနစ်လောက် ...

www.burmeseclassic.com



စာမှာစွဲမြဲလျှင် အင်မတန်ထူးခြားသောနေ့ဖြစ်သည်။ စာကျက်ရင် လက်က အငြိမ်မနေနိုင်။ ယင်ကောင်ကိုသော်လည်းကောင်း လိုက်ဖမ်းနေရသည်။ ဒါမှမဟုတ် ကြမ်းပိုးကိုက်သည်ဆိုကာ ကြမ်းကြားမှာ ကြမ်းပိုးလိုက်ရှာနေတတ်သည်။ စာကျက်ချိန်မှာ ခေါင်းကိုက်၊ ဗိုက်နာဖြစ်ရတာလည်း သူ့အပြင်မရှိ။ ကျွန်မကို မလိမ့်တပတ်လုပ်ကာ နောက်ဖေးခြံစည်းရိုးကိုကျော်၍ တစ်ဖက်ခြံရှိ သူ့ကိုအလိုလိုက်ကာ မုန့်မျိုးစုံလုပ်ကျွေးလေ့ရှိသည့် အပျိုကြီးညီအစ်မတွေရဲ့မီးဖိုချောင် ရောက်ချင်ရောက်နေတတ်သည်။

"လင်းရာ နင် ဒီလိုပုံစံနဲ့ တစ်နှစ်တစ်တန်း ဘယ်လိုအောင်မလဲ"

ကျွန်မပြောသည့်အတိုင်း ကျွန်မထက်တစ်တန်းကြီးသည့် လင်းကို လေးတန်းနှစ်မှာ ကျွန်မမီလာသည်။ သူ စာမေးပွဲကျတာ စိတ်မကောင်းဖြစ်ရပေမယ့် လင်းနှင့်တစ်တန်းတည်းတက်ရသည့်အတွက် ကျွန်မ ပျော်ရွှင်ရသည်။ ကျွန်မနှင့်အတူ (၇)တန်းအထိရောက်ဖို့ မနည်းတွဲခေါ်ခဲ့ရသည်။ (၇)တန်းနှစ်မှာ လင်း ကျကျန်ရစ်သည်။ ကျွန်မ (၈)တန်းတက်ရမည့်နှစ်၊ ထိုနှစ်မှာပဲ ကျွန်မအတွက် ဆိုးဝါးသောကံကြမ္မာအလှည့်အပြောင်းတွေ ဖြစ်လာသည်။ ကျွန်မ ရှေ့ဆက် မစဉ်းစားချင်တော့။ ကျွန်မမြင်နေရသောမြင်ကွင်းများသည် လွန်ခဲ့သောဆယ်စုနှစ်များဆီက မြင်ကွင်းတွေလောက် သက်ဝင်လှုပခြင်းမရှိတော့။ ခမ်းနားသော အိပ်မက်တစ်ခုရဲ့ အပိုင်းအစများသာဖြစ်ပေမည်။

ဖြုန်းဆို ကိုကို့ကို သတိရလာလေသည်။ ကိုကိုနှင့်အတူတူလာရလျှင် ဘယ်လောက်ကောင်းမလဲ။ ဝေဏီဟာ အိမ်ပြန်လာလို့လည်း ဘယ်သူ့ကိုမှ မတွေ့ရဘူး ကိုကိုရဲ့၊ ဘယ်သူမှမရှိတဲ့အိမ်ကို အိမ်လို့ ဘယ်လိုထင်မြင်မလဲ။

ဒီအိမ်မှာ ကျွန်မနေခဲ့သည်။ ကိုကိုနေခဲ့သည်။ ပြီးတော့ ဖေဖေ မေမေတို့ နေခဲ့သည်။ အခုတော့ ဖေဖေ မေမေတို့ရဲ့ ဝိညာဉ်တွေသာရှိနိုင်သည်။ ကျွန်မ အတွက် ကံမကောင်းအကြောင်းမလှခြင်းတွေလည်း ရှိနေနိုင်သည်။

ကျွန်မငယ်ငယ်ကအကြောင်းကိုတွေးမိလျှင် အမှတ်မိဆုံးက နေမကောင်း၍ အိပ်ရာထဲမှာနေရတဲ့ တိတ်ဆိတ်ခြောက်သွေ့သောနေ့တွေနှင့် ညည်းခန်း ထဲက ဘိုင်ကပ်နာရီသံတို့ဖြစ်သည်။ ကျွန်မသည် အိပ်ရာထဲမှာနေရင်း ထိုအသံကို

www.burmeseclassic.com

www.burmeseclassic.com



နှစ်ခြိုက်သလိုလည်းဖြစ်ခဲ့သည်။ သည်းမခံနိုင်အောင်လည်း ဖြစ်ခဲ့သည်။

သေခြင်းတရားကို သိတတ်စအရွယ်မှစ၍ 'မနက်ဖြန် ငါသေသွားနိုင်သလား'ဟု အိပ်မက်ချောက်ချားသောညကို ဖြတ်သန်းပြီး မနက်အိပ်ရာမှနိုးလို့ ငါမသေသေးပါလားဆိုတဲ့အတွေးနှင့် နာရီသံကိုပြန်ကြားရချိန်မှာ ထိုအသံသည် အလွန်တရာ ချိုမြိန်ပါသည်။ အိပ်ရာထဲမှာ နာမကျန်းမှုနှင့်အတူ တစ်ယောက်တည်း ပျင်းရိငြီးငွေ့စွာ ကျန်ခဲ့ရချိန်မှာတော့ ကျွန်မ သည်းမခံနိုင်ဆုံးက တဒက်ဒက်မြည်နေသော နာရီချိန်သီးသံပင်ဖြစ်သည်။

ဒီကိုလာလျှင်ပဲ မိဘများကို ပြန်တွေ့ရမလို ထင်ယောင်မြင်ယောင်ဖြစ်ရ၏။ ရောက်ပြန်တော့လည်း ပြင်းပြင်းထန်ထန် နေမကောင်းဖြစ်ကာ ပြန်သွားရသည်ချည်း။ စိတ်သောကများကိုမခံနိုင်လို့ လာလိုလျက်နှင့် မလာဘဲနေခဲ့တာ ဘယ်လောက်ကြာပြီလဲ။

ကျွန်မ အခုအိမ်ပြန်လာတာသည် တခြားသူတွေအဖို့ ဘာမှမထူးခြားသော်လည်း ကျွန်မအဖို့တော့ အောင်မြင်ခြင်းတစ်ခု၊ ရင့်ကျက်ခြင်းတစ်ခု၊ ဒါမှမဟုတ် ကိုယ်စိတ်ကျန်းမာခြင်းရဲ့ ရလဒ်ကောင်းတစ်ခုလည်း ဖြစ်သွားနိုင်သည်။

ဒီနှစ်မှာ အိမ်ပြန်လာဖြစ်တာသည် 'သတိုး'ရဲ့ အားပေးတိုက်တွန်းချက်တွေ အများကြီးပါပါသည်။ သူ့သဘောကတော့ နယ်မှာ လေကောင်းလေသန့်ရှူ၍ အေးအေးဆေးဆေးအနားယူကာ ကျွန်မအမြန်ဆုံးကျန်းမာလာဖို့ပင်။ ကြောက်မိတဲ့အရာမှန်သမျှကို ကျော်ခိုင်းလှည့်ထွက်ဖို့ အားသန်တဲ့ကျွန်မရဲ့စိတ်ကို တည့်မတ်ဖို့ရာ အလွယ်ကူဆုံးသောနည်းနှင့် ကျွန်မကို အားပေးလိုက်ခြင်းဖြစ်သည်။

"သိပ်အကြာကြီးနေလို့တော့မဖြစ်ဘူး"

ကျွန်မ သတိုးကို ချက်ချင်းပြန်ပြောခဲ့သည်။

"ကျောင်းပိတ်ထားပေမယ့် ဝေဏီ သင်တန်းတစ်ခုတက်ဖို့ စီစဉ်ထားတယ်၊ အလွန်ဆုံး ဟိုမှာနေရင် နှစ်ပတ်သုံးပတ်လောက်ပေါ့"

"ဝေဏီပျော်သလောက်နေပါ၊ စိတ်ရောကိုယ်ပါ အနားယူလိုက်ဆတော့ ကျန်းမာရေးတိုးတက်လာမှာပါ၊ စိတ်မပူပါနဲ့၊ ဝေဏီလုပ်ချင်တာတွေလုပ်ဖို့ ရှေ့မှာ အချိန်တွေအများကြီးရှိလာဦးမှာ"

အချိန် ... အချိန်၊ ဘဝမှာ အချိန်ဘယ်လောက်ကျန်သေးတယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူပြောနိုင်လို့လဲ။ ကျွန်မ ဘယ်လိုကံကြမ္မာကောင်းကိုမှ မမျှော်လင့်ရဲတာ သူမရိပ်မိဘူးလား။ ဒါတွေ သူ့ကိုဖွင့်ပြောရင် ဝေဏီဟာ မရင့်ကျက်သေးဘူး။ သိပ်ကလေးဆန်တာပဲလို့ ထင်တော့မှာပဲ။ သူ့ရှေ့မှာ ကြိမ်ဖန်များစွာ စိတ်မလုံဖြစ်ခဲ့ရသေးသည်။ သူနှင့်ဆို ကျွန်မဟာ ကလေးတစ်ယောက်လို အလိုလိုဖြစ်သွားရသည်ထင်၏။ သို့သော် သတိုးက ကျွန်မရဲ့စိတ်မှာ ဖုံးလွှမ်းနေတဲ့အရာတွေကို တစ်လွှာပြီးတစ်လွှာ ဖယ်ချကာ ကျွန်မရဲ့စိတ်အကြည်ဓာတ်ကို မသိမသာ ဖော်ထုတ်ပေးနိုင်စွမ်းရှိနေပါသည်။

ကျွန်မ လေယာဉ်မစီးခင်ညက သူ ဖုန်းဆက်၍ပြောသည်။

"ကိုယ်တို့လုပ်ငန်းက စေတနာရှေ့ထားပြီးလုပ်ရတဲ့လုပ်ငန်းဖြစ်ပေမယ့် ဆေးဏီအပေါ်မှာတော့ ကိုယ်စားလှယ်တစ်ယောက်က ကိုယ်စောင့်ရှောက်တဲ့လူနာအပေါ် ထားတဲ့စေတနာထက် အဆပေါင်းများစွာ ပိုနေပြီထင်တယ်၊ ဘာကြောင့်လဲ ... ဝေဏီစဉ်းစားရင် သိနိုင်မှာပါ"

သူ့အသံ ခဏမျှတိတ်သွားသည်။ ပြီးမှဆက်ပြောသည်။

"အားလုံးအတွက် ဝေဏီလုပ်ပေးဖို့က ဝေဏီကျန်းမာအောင်နေဖို့ပဲ၊ မနက်အိပ်ရာကမထခင်မှာ ကျန်းမာပြီး ရွှင်လန်းတက်ကြွနေတဲ့ကိုယ့်ပုံကိုမြင်အောင် စိတ်ကူးပုံဖော်ကြည့်၊ ပြီးတော့ အကျေနပ်ဆုံး အကြည်လင်ဆုံး ပြုံးလိုက်၊ ဟိုရောက်တာနဲ့ ကိုယ့်ကိုဆက်သွယ်ဖို့မမေ့နဲ့နော်၊ အိပ်ရေးဝအောင်အိပ်၊ စာတွေလည်း သိပ်မဖတ်နဲ့"

ကျွန်မခရီးထွက်ဖို့ပြင်ဆင်တော့ စာအုပ်တွေက အင်္ကျီတွေထက် ပိုများနေလေသည်။ ဟိုမှာ ကျွန်မဘာလုပ်နေရမလဲ၊ စာပဲဖတ်နေရမှာပေါ့၊ ပေလီမှာ ည(၁၁)နာရီလောက်ထိ လျှပ်စစ်မီးရပါစေ ဆုတောင်းမိသည်။ ပြီးတော့ ... အိမ်ရဲ့ အရိပ်မှာ ငြိမ်းချမ်းစွာအိပ်ပျော်ဖို့။

ညသည် ပူနွေး၍နေ၏။ လရောင်မရှိ၊ ကောင်းကင်သည် စက္ကူဖြူ ကြယ်ပွင့်သေးသေးလေးတွေ ခပ်ကျဲကျဲကပ်ထားသော အနက်ရောင်ပိတ်စတစ်စ နှင့် တူနေသည်။ အမှောင်ကြားမှပေါ်ထွက်လာသော လှိုင်းသံတို့က ကျွန်မရောက်ရှိ နေသည့်နေရာကို ကျွန်မအား သတိပေးလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၏အိပ်ခန်းသည် ပိုင်ရှင်မဲ့နေသည်မှာ ကြာခဲ့ပြီ။ ဟိုတစ်ခု ဒီတစ်ခု ချထားသော ကျွန်မရဲ့အထုပ်အပိုးများကြောင့် ကျွန်မသည် ဧည့်သည်တစ်ယောက်နှင့် ပိုတူနေသည်။

အိပ်ရာခြင်ထောင်တို့မှာ ဘီရိုနံ့သင်းနေသည်။ ခေါင်းဦးပန်းသည် အစွန်းမှာ အနီအစိမ်းအပြာအဝါတို့နှင့် ကနုတ်ပန်းဆန်ဆန် ဟသ်ာရုပ်ကလေးတွေဖြစ်သည်။ မေမေ့လက်ရာလေးတွေပဲပေါ့။ လက်ဖျားနှင့်တို့ထိကြည့်မိတော့ ရုတ်တရက် ပျံကြွတော့မလို ထင်လိုက်ရသည်။

အပေါ်ထပ်မှာ ကျွန်မရဲ့လှုပ်ရှားမှုမှလွဲ၍ တိတ်ဆိတ်နေ၏။ ဘာသံမှ မကြားရ။

ဘာရယ်မဟုတ် စိတ်ကူးတစ်မျိုးပေါက်ကာ ဖယောင်းတိုင်မီးနှင့် အခန်းပတ်ပတ်လည်ကို လှည့်ပတ်ကြည့်လိုက်သည်။ တံခါးချက်ကျမကျ ပြန်ကြည့်သည်။ အင်း ... စိတ်ချပြီ။ အထဲမှာ ငါတစ်ခုခုဖြစ်နေရင် ကြီးဒေါ်တို့ ဘယ်လိုလုပ်ပြီး သိနိုင်မလဲဟုတွေးကာ တစ်မျိုးစိုးရိမ်သွားသည်။ ဒါပေမယ့် တံခါးမလုံသည့်အခန်းမှာ ကျွန်မ ပိုပြီးမအိပ်ရဲပါ။

လေဝင်စေရန် ပြတင်းပေါက်ဖွင့်လိုက်သည်နှင့် ခန်းဆီးစက ဟုတ်ခနဲလွင့်သွားသည်။ စားပွဲပေါ်မှဖယောင်းတိုင်မီးညွန့်သည် ယိမ်းထိုးလှုပ်ရှားသွားသည်။ ခြံထဲမှာ မည်းမှောင်နေ၏။ ပြတင်းပေါက်မှ ကျွန်မ၏အရိပ်သည် ဖယောင်းတိုင်မီးရောင်ကြောင့် ရှည်လျားစွာ အရိပ်တင်နေ၏။ တံခါးမြန်မြန်ဆွဲပိတ်လိုက်သည်။ အလိုလိုကြောက်စိတ်ကဲ၍ ပြတင်းပေါက်ကိုဖွင့်မိတာ နောင်တရသွားသည်။

ဖယောင်းတိုင်လည်းကုန်တော့မည်။ ကြီးဒေါ်ဆီက ဖယောင်းတိုင်အပိုမတောင်းမိ၊ ဓာတ်မီး .... ဓာတ်မီးပါသားပဲ၊ ဓာတ်မီးကို အလျှင်စလိုလိုက်ရှာတော့ မတွေ့တော့။

ဘုရားရေ ...၊ အောက်ထပ်မှာမေ့ကျန်ခဲ့ပြီ။ ဟုတ်တယ်၊ အဘ ရဲ့ ရေဒီယိုဘေးနားမှာ။

အို ... ဒီဖယောင်းတိုင်မကုန်ခင် ကျွန်မအိပ်ပျော်မှဖြစ်မယ်။

မဖြစ်သေးဘူး။ မသောက်တာကြာပြီဖြစ်တဲ့အိပ်ဆေးကို ပြန်သောက်ရမည်။ အိပ်ဆေးသောက်လျှင်လည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သည်မရှိဘဲ

www.burmeseclassic.com

www.burmeseclassic.com



ဆေးခိုန်ခိုန်းနေတာပဲရှိသည်။ ဒါပေမယ့် လောလောဆယ်မှာ ဆေးကိုပဲ အားကိုးချင်သည်။

ဆေးသောက်ဖို့ ရေယူရန် အောက်ထပ်ဆင်းရဦးမည်။ ဖယောင်းတိုင်ကို ကြည့်လိုက်တော့ ပျော်နေသည့်ဖယောင်းရည်တွေထဲမှာ အရိုန်ကောင်းကောင်းနှင့် တောက်လောင်နေ၏။ မီးစာလေးက ဖယောင်းရည်ထဲ အချိန်မရွေးနစ်ပြီး ငြိမ်းသွားနိုင်သည်။ အောက်ထပ်ဆင်းဖို့ မဖြစ်နိုင်တော့။

အခန်းတံခါးကို တွေဝေစွာကြည့်နေစဉ်မှာပဲ အပေါ်ထပ်တစ်နေရာမှ လှုပ်ရှားသံတွေကို ကြားလိုက်ရသဖြင့် ရင်ထဲ ဒိတ်ခနဲဖြစ်သွားသည်။ တစ်ကိုယ်လုံးလည်း အေးစက်သွားသည်။ အသံတွေက တော်တော်ကျယ်သည်။ ပြီးတော့ ပျောက်သွားသည်။ ခဏနေတော့ ပြန်ပေါ်လာသည်။

"ဘယ်သူလဲ"

မေးပြီးမှ ကိုယ့်အသံကိုယ်ပြန်လန့်သွားသည်။

တစ်ယောက်ယောက်လှုပ်ရှားနေသလိုပဲပါလား။ အပေါ်ထပ်မှာ ကျွန်မအပြင် တစ်ယောက်ယောက်ရှိနေနိုင်လို့လား။ ဟင့်အင်း ... အခုတိတ်ဆိတ်နေတာက ကျွန်မဆီ အလင်းရောင်ရှိရာဆီ လာနေတာမဖြစ်နိုင်ဘူးလား။ မီးမှုတ်လိုက်ရင်ကော၊ မဖြစ်သေးဘူး။

ဒီအိမ်မှာ ညကြီးမင်းကြီး ဘယ်သူလှုပ်ရှားနေမှာလဲ။ သေပြီးတဲ့သူတွေရှိတယ်ဆိုရင်ကော ကျွန်မကို ဘာလုပ်နိုင်မှာလဲ။ သူတို့နှင့်ဘဝခြားသွားပြီပဲ၊ သူတို့ဒီမှာမရှိနိုင်တော့ဘူး။ ကိုယ့်အဖေ အမေကိုချစ်တာပေါ့၊ ဒါပေမဲ့ တစ္ဆေသရဲကိုတော့ ကျွန်မမုန်းတယ်၊ ကြောက်တယ်။ ကျွန်မ ဝမ်းနည်းပမ်းနည်း ရှိုက်ငိုချင်လာသည်။

သွားစမ်း ... သွားစမ်းပါ၊ အဲဒါတွေကိုမတွေးနှင့်။

အိပ်ရာခင်းကို ကျစ်ကျစ်ပါအောင်ဆုပ်ထားမိသည်။ ဒီလောက်ကျယ်တဲ့အိမ်ကြီးမှာ အကောင်ပလောင်တွေ ရှိနေနိုင်တာပဲ။

ထိုစဉ်မှာပဲ နံရံပေါ်လျှောက်ပြေးနေသည့် ကြွက်တစ်ကောင်ကို ကျွန်မမြင်လိုက်ရသည်။

ဟင်း ...၊ ကျွန်မရှို့ကြောက်သော ကြွက်သတ္တဝါတစ်ကောင်ကြောင့် စိတ်သက်သာရာရဖူးတာ ပထမဆုံးအကြိမ်ဖြစ်သည်။ နောက်ညတွေမှာလည်း

www.burmeseclassic.com

www.burmeseclassic.com



ဒီကြွက်တွေကြောင့် ကျွန်မ လန့်နိုးဦးမည်မှာ သေချာသည်။

ဒီည အိပ်မပျော်လို့မဖြစ်။ လက်ထဲမှာဆုပ်ထားသော ဆေးနှစ်လုံးကိုပါ ပါးစပ်ထဲပစ်ထည့်ပြီး ကျောပိုးအိတ်ထဲက သကြားလုံးနှစ်လုံးကိုယူကာ တဂွမ်းဂွမ်း မြည်အောင် ဝါးစားပစ်လိုက်သည်။ ပြီးတော့ ခြင်ထောင်ထဲ ဒိုင်ပင်မထိုးရုံတာဃော် ပြေးဝင်လိုက်သည်။ တုန်နေသည့်ရင်ကို ခေါင်းအုံးနှင့်ခုထားလိုက်သည်။ မနက်ဖြန် ရောက်ရင် မိုးလင်းမှာပဲမဟုတ်လား ...။

မနက်အိပ်ရာကထသည်နှင့် တွေးမိသည်က အိမ်ကို အိမ်နှင့်တူအောင် ပြင်ဖို့ပင်။

ဟုတ်တယ် ... ငါ ဒီအတိုင်းမနေချင်ဘူး။

"ကြီးစော ... ကြီးစော"

ကြီးစောကို ချက်ချင်းခေါ်ပြီး လုပ်ဖို့ကိုင်ဖို့ စီမံရသည်။ ကြီးစောက ခြံလုပ်သားရဲ့သမီးကလေးမလေးတစ်ယောက်ကို ကျွန်မအတွက် ကူဖော်ရအောင် ခေါ်ပေးသည်။

အရင်ဆုံး ကျွန်မအခန်းကို နေချင်စဖွယ်ဖြစ်အောင် ပြုပြင်ရသည်။

"ပူစူး သွား၊ ကြီးစောဆီမှာ ထင်းရှူးသေတ္တာသော့တောင်းလိုက်"

သေတ္တာနှစ်လုံးကို မွှေနှောက်ရှာပြီး ကျွန်မငယ်ငယ်ကဆွဲခဲ့တဲ့ ပန်းချီကားတွေကို ရွေးထုတ်ကာ နံရံမှာချိတ်ဆွဲသည်။ ဘောင်မရှိသေးတာတွေအတွက် ဘောင်အပ်ဖို့ အဘစံကိုပဲပြောရမည်။

"နံရံတွေပါ ဖုန်စင်အောင်သုတ်နော်၊ ခေါင်းကို အဝတ်တစ်ခုနဲ့ပတ်ထားဦး၊ သွား ရေတစ်ပုံးသွားယူလိုက်ဦး"

"ဟုတ်ကဲ့ မမ"

ကောင်မလေးက ဒုန်းဒုန်းမြည်အောင် ပြေးဆင်းသွားသည်။ သူ့ဟာ ကျွန်မခိုင်းသမျှလုပ်ပေးနေရတာ တော်တော်ပျော်နေပုံရသည်။

ပရိဘောဂတွေပါ ရွှေ့ပြောင်းပြီး ကျွန်မအခန်းကို အဆင်ပြေဖြစ်အောင် ပြုပြင်လိုက်သည်။ တစ်မနက်လုံး မနားဖြစ်၊ မောသလိုတော့ ပေမယ့် ခဏသာ နားဖြစ်သည်။ ပူစူးရှိပေမယ့် ကိုယ်တိုင်ဝင်လုပ်ရတာကို စိတ်ကျေနပ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကြီးစောတောင် အံ့သြနေသည်။ ဝေဏီ နည်းနည်းအသက်ဝင်လာပြီလို့ တွေးနေမလား၊ စိတ်ကူးရသလို စီမံချင်သည်။ ဟုတ်တယ်လေ ... ဒါ ဝေဏီ့အိမ်ပဲ။

မေမေတို့အခန်းကိုလည်း မဝင်တော့ဘူးဆုံးဖြတ်ပြီးမှ နောက်ဆုံးတော့ ဝင်ကြည့်ဖြစ်သည်။ ပရိဘောဂတွေက ဒီအတိုင်း။ ဖုန်တွေကတော့ မပြောနှင့်တော့။ လက်ရာမပျက်အောင် မတို့ရက်မကိုင်ရက်ထားခဲ့သမျှ အားလုံးသိမ်းဆည်းပစ်လိုက်သည်။ ရင်ထဲမှာတစ်မျိုး၊ ငိုချင်လာပြီ။ သို့သော် မျက်ရည်အဖြစ်သို့ မရောက်တော့။

အသုံးအဆောင်တွေ၊ အဝတ်အထည်တွေကို ဘီရိုကြီးသုံးလုံးထဲမှာ ဒီအတိုင်း ထိုးသိပ်ထားတာ အဓိပ္ပာယ်မရှိဘူးထင်သည်။ အသုံးချမယ့်သူတွေမှ မရှိဘဲ၊ လှူတန်လှူ ပေးတန်ပေးပစ်ဖို့ ပြင်ဆင်ရသည်။ ကြီးစောက ဖေဖေ့ပုဆိုးအကောင်းတွေကို ခန်းဆီးလိုက်ကာချုပ်ပြီး ဘုန်းကြီးကျောင်းလှူဖို့ပြောသည်။

"ကျန်တဲ့အဝတ်အစားတွေကိုလည်း ခြံထဲကလူတွေကို ဝေပေးလိုက်ပါတော့၊ ဘာအစွဲအလန်းမှမထားချင်တော့ဘူး၊ အကျိုးရှိတာမှမဟုတ်ဘဲ"

"ကြီးစောလည်း အဲဒီလိုပဲလုပ်ချင်တာ၊ လက်လုပ်လက်စားတွေမှာ အဝတ်တစ်စုံအသစ်ဝယ်ဖို့ဆိုတာ အခက်သားကွယ့်၊ သေတဲ့လူတွေလည်း ကုသိုလ်ရတာပေါ့၊ လူတွေကိုတောင် စွန့်လွှတ်ရပြီးမှတော့ ပစ္စည်းကို ဘာတွယ်နေစရာလိုလို့လဲကွယ်၊ အရင်အခေါက်တွေတုန်းကဆို ကလေးက တကယ့်ရောဂါသည်လေးလို ပျော့ခွေနေတာ၊ ဒီအကြောင်းတွေ စကားတောင်မဟရဲဘူး"

"ဟုတ်လား"

မျက်ရည်က ဝဲချင်သေးသည်။

"ဒီတစ်ခေါက်တော့ ဘာပဲပြောပြော ကလေးကိုကြည့်ရတာ ကြီးစောတော့ အားရတယ်"

ကြီးစောက အိမ်ရှေ့ခန်းမှာ အဝတ်တွေကို သန့်ပြီးပုံထားသည်။ ကျွန်မက အိပ်ခန်းထဲကဘီရိုတွေကို ရှင်းသည်။

ကိုကို့အခန်းမှာလည်း ကျောင်းတုန်းကစာအုပ်တွေ သေတ္တာနှင့်တစ်လုံး၊ ဓာတ်ပုံအယ်လဘန်ကြားမှ ကိုကို့ဓာတ်ပုံတချို့ ထွက်ကျလာသည်။ နားကားကား၊ မျက်ခုံးထင်းထင်း၊ မျက်လုံးပြူးပြူးနှင့်ကောင်လေးသည် ကိုကို ဖြစ်သည်။ ကိုကိုက ဓာတ်ပုံထဲကအတိုင်းဆို ကျွန်မထက်ငယ်ဘာပေါ့။ "ကိုကိုက

www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးပဲ”ဟု ကိုကိုအနားမှာရှိသလို လှောင်မိသည်။

တစ်ခါတလေ လင်း သူ့အဖေနှင့်စကားများလာလျှင် ကိုကို့အခန်းမှာ လာအိပ်တတ်သတဲ့။

ညဆို ကြီးစောတို့က စောစောအိပ်တတ်ကြသူတွေ။ ကျွန်မ တစ်ယောက်သာ အပေါ်မတက်လိုသေးဘဲ အောက်ထပ်ဧည့်ခန်းမှာ ကျန်ရစ်ခဲ့တတ်သည်။ အပေါ်မှာ တစ်ယောက်တည်းအိပ်မပျော်ဖြစ်ရတာ ကြီးစောကိုလည်း မပြောချင်တော့။ နောက်တစ်ပတ်လောက်ဆို ငါနေသားကျသွားမှာပဲဟု အားတင်းပြီး နေနေခဲ့သည်။

ဒီတစ်ခေါက် ညအိပ်မပျော်ပေမယ့် ကျန်းမာရေးအတွက် အနည်းငယ် စိတ်ချလက်ချဖြစ်နေတာ စိတ်ချမ်းသာရသည်။ ညရေးညတာတစ်ခုခုဖြစ်မှာ မစိုးရိမ်ရတော့။ ကျွန်မစားသုံးနေသည့် ကျန်းမာရေးအထောက်ပံ့တစ်မျိုးဖြစ်သည့် လင်ဇီးခွာတက်စာအပေါ်မှာလည်း ကျွန်မကိုယ်တွေ့အရ ယခင်ထက် အားထားလာမိသောကြောင့်ဖြစ်သည်။

ကျွန်မကျန်းမာရေးက အစိုးမရ။ ကျွန်မ တစ်ခုခုဖြစ်ပါပြီတဲ့၊ ဆေးရုံကိုပဲ ရောက်မည်။ ဒါကို ကျွန်မကြောက်သည်။ မေမေသည် မြို့ကဆေးရုံမှာ သေသွားခဲ့သည်။ ဟိုတုန်းက အောက်စီဂျင်ဘူးရဖို့အတွက် မိုင်နှစ်ဆယ်ခန့်ဝေးသည့် ငါးဖမ်းစခန်းတစ်ခုသို့ သွားယူခဲ့ရသည်။ မေမေသေခါနီး ပြင်းထန်သောဝေဒနာတွေ ခံစားသွားရသည့်အဖြစ်ကို ကျွန်မတွေးရဲ၍မျှမကြည့်နိုင်ခဲ့။

ဖေဖေနှင့်မေမေသည် ရိုးပေါ်မှာ ကားမှောက်သည့်အထဲပါသွားကာ တစ်ပြိုင်တည်းလို ဆုံးသွားသည်။ မေမေတို့ ခရီးသွားမည်ဆိုတော့ ကျွန်မလိုက်ဖို့ ပူဆာသေးသည်။ ကျွန်မကျန်းမာရေးကို စိတ်မချသောကြောင့် မေမေက မခေါ်ပါ။ ထိုစဉ်တုန်းက ကျွန်မကိုပါခေါ်သွားပြီး ကျွန်မလည်း မေမေတို့နှင့်အတူ သေဆုံးသွားခဲ့လျှင် ကောင်းလေရဲ့ဟု တောင့်တမိသည်။

ဖေဖေ့အစ်မကြီးဖြစ်သူ အရီးကြီးက ကျွန်မနှင့်ကိုကိုကို ခေါ်ယူမွေးစားသည်။ ဖေဖေရဲ့ တစ်ဦးတည်းသောအစ်မကြီးဖြစ်ရာ သူတို့သာလျှင် ကျွန်မတို့နှင့် သွေးအရင်းဆုံးဆွေမျိုးများဖြစ်သည်။ ရွာကလူတွေကတော့ ကျွန်မတို့ကို ကြည့်ရှုစောင့်ရှောက်နိုင်သည့် ဆွေမျိုးတွေရှိသလို၊ မိဘမှာလည်း စီးပွားအနည်းအပါး ကျန်သေးသည့်အတွက် ကိုကိုနှင့်ကျွန်မ ကံကောင်းသေးသည်ဟု ပြောကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တချို့ကတော့ ကျွန်မတို့မောင်နှမကို မွေးစားတာ အရီးကြီးနှင့်ဦးကြီးတို့အဖို့ ငွေထုပ်ပိုက်မိတာပဲဟု ပြောကြသည်။

ထိုစဉ်က အရီးကြီးတို့မှာ သားသမီးငါးယောက်ကို ပညာသင်ပေးနေရသည်။ ဝမ်းကွဲအစ်ကိုအစ်မများမှာ ကျွန်မနှင့် အသက်ကွာသည်။ အစ်မအငယ်ဆုံးပန်းနုဖြူပင် ကိုကို့ထက်ကြီးသေးသည်။ အခုတော့ သူတို့အားလုံး မိဘအိမ်မှ ခွဲထွက်သွားကြပြီဖြစ်သည်။ သူတို့ထဲမှာ ကိုကို့လို ဒီအိမ်အတွက် ငွေကြေးထောက်ပံ့ပေးနေသူ တစ်ယောက်မှမရှိ။ ကိုကိုက သူ့ညီမ သူများအိမ်မှာ မျက်နှာငယ်နေမှာ တော်တော်စိုးရိမ်ရှာသည်။ ကိုကို တစ်နယ်တစ်ကျေးမှာလုပ်ကိုင်ပြီး ပို့ပေးသမျှကို ကျွန်မက အရီးကြီး ဦးကြီးတို့ သင့်သလိုစီမံစေသည်။ ဦးကြီးက သူ့လုပ်ငန်းတွေထဲမှာ ရင်းနှီးပစ်တာများသည်။

ကိုကို နိုင်ငံရပ်ခြားမှာ အလုပ်သွားလုပ်တာ နှစ်တွေအတော်ကြာခဲ့ပြီ။ ကျွန်မကတော့ ကျန်းမာရေးနှင့်နပန်းလုံးရင်း စာရေးဆရာဖြစ်ဖို့ ရည်ရွယ်ချက်မရှိဘဲနှင့် စာအုပ်တွေဖတ်ကာ ကြီးပြင်းလာခဲ့သည်။

"ဝေဏီစာရေးရင် ဘယ်လိုနေမလဲမသိဘူး"

ဘဝမှာ ကိုယ်လျှောက်ဖို့လမ်းကို မရဲတရဲစဉ်းစားကြည့်ရင်း ကိုကို့ကို မေးလိုက်တော့

"ရေးကြည့်ပေါ့"တဲ့ ကိုကိုက။

"ဒါပေမဲ့ ဘယ်သူမှနားလည်မှာမဟုတ်ဘူး"

ကိုကိုက ကျွန်မကို အမြဲတမ်း အလိုလိုက်အကြိုက်ဆောင်သူသာ။ ကျွန်မဘက်က အမြဲရှိသည်။ ကိုကိုက ကျွန်မကို ပျော်စေမည့်သူသာဖြစ်သည်။ တကယ်တော့ ကျွန်မကို အစစ်အမှန်ပျော်စေနိုင်မည့်သူက ကျွန်မသာဖြစ်သည်။

ကိုကိုက သူ့ညီမဝင်ငွေ တစ်ပြားမှမရှာနိုင်၊ အလုပ်လည်းမလုပ်နိုင်ဘဲ ရေးချင်တာတွေ စာထိုင်စီနေဦး ကြည်ဖြူမည့်သူသာ။ ကျန်းမာရေးဆိုးဝါးလာလို့ အိပ်ရာထဲလဲနေစေဦး ဆေးကုပေးမည့်သူသာ။

ငယ်ငယ်ကတည်းက ကျောင်းသွားလျှင် ကျွန်မလွယ်အိတ်ကိုအ လွယ်ပြီး ကိုကိုက ကျောင်းလိုက်ပို့ပေးစမြဲ။ စာသင်နေရင်း နေမကောင်းဖြစ်လာလျှင် မိုးထဲလေထဲမှာ ထီးကိုလက်တစ်ဖက်ကကိုင်၊ ကျွန်မလွယ်အိတ်ကိုရော သူ့လွယ်အိတ်ကိုပါလွယ်ပြီး မိုးကာခြုံထားသောကျွန်မကို လက်တစ်ဖက်မှ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ပြောင်း၍ ပွေ့ချီကာ တစ်မိုင်ခန့်ဝေးသည့်အိမ်ဆီသို့ ကိုကိုပြန်ခေါ်လာရတာ မှတ်မိသည်။ ကျွန်မက တခြားဘာမှမတွေးဘဲ မျက်လုံးများပူနွေး၍ ဖျားနေသည့်ဝေဒနာကို ခံစားရင်း ကိုကိုသိပ်အားကောင်းတာပဲဆိုတာ တွေးရင်းလိုက်ပါလာတတ်သည်။

အဘာစံပြောသည့် ခြံကိစ္စတွေကိုလည်း သိပ်နားလည်လှသည်မဟုတ်ဘဲ နားထောင်နေရသည်။ ခြံတွေကိုတော့ ကိုယ်လည်းမလုပ်နိုင်သည့်အတူ မျှော်လင့်ချက်မထား။ ဒီမှာ လုပ်ငန်းလည်ပတ်နိုင်ပြီး ခြံကိုမှီခိုနေရသည့် မိသားစုတွေ စားလောက်သောက်လောက်ရင်ပဲ တော်ပါပြီတွေးမိသည်။ ကိုကိုကလည်း ထိုသဘောပင်။ လင်းရဲ့အဖေ လေးလေးစိုးဖြစ်ဖြစ်၊ အဘာစံဖြစ်ဖြစ် တစ်နှစ်တစ်ခေါက် ရန်ကုန်လာပြီး ဦးကြီးနှင့် စာရင်းရှင်းလေ့ရှိသည်။

"အဘာစံလည်း အသက်ကြီးပြီဆိုတော့ အရင်ကလောက် မလုပ်နိုင်တော့ဘူး ကလေးရေ၊ မနှစ်ကဆို ငါးဖမ်းစက်လှေတွေ ရောင်းပစ်ရတာကြည့်ပါလား၊ မောင်စိုးကိုပဲ အကူအညီတောင်းနေရတယ်၊ မောင်စိုးကလည်း ကားလုပ်ငန်းစလုပ်လိုက်တော့ အဘာစံကို သိပ်မကူနိုင်တော့ဘူး"

လင်းရဲ့အဖေ-လေးလေးစိုးက ကျွန်မတို့နယ်သားမဟုတ်။ တော်လေးမေရှမ်းပြည်နယ်အလည်သွားရာမှ လေးလေးစိုးနှင့် အိမ်ထောင်ကျခဲ့ခြင်းဖြစ်သည်။

ကျွန်မငယ်ငယ်က မှတ်မိတာက လေးလေးစိုးဟာ ဒီအတိုင်းဆိုသဘောမဆိုးလှပေမယ့် အရက်သောက်လျှင် သွေးအတော်ဆိုးသည်။ ညဘက်ကျွန်မစာကြည့်နေချိန်များတွင် လင်းတို့အိမ်မှ မကြာခဏ ဆူညံဆူညံအသံများကြားရတတ်သည်။

တော်လေးမေနှင့်ရန်ဖြစ်လျှင် "မင်းတို့အမျိုးတွေက ..." "မင်းတို့အမျိုးတွေနား ကပ်နေရတယ်၊ မှီခိုနေရတယ်ဆိုတိုင်း ငါကကြောက်ရမှာလား ..." စသဖြင့် ပြောသံဆိုသံတွေကို ကြားခဲ့ရဖူးသည်။ ဖေဖေအပါအဝင် ကျွန်မတို့တစ်အိမ်သားလုံးက ထိုစကားသံများကို ဘယ်တုန်းကမှ မကြားဖူးသလိုနေကြသဖြင့် ကျွန်မစိတ်ထဲမှာလည်း ဘာမှ မှတ်မှတ်သားသားမရှိ။

မေမေကတော့ လင်းတို့မိသားစုကို တတ်နိုင်သလောက် ကြည့်ရှု

www.burmeseclassic.com

www.burmeseclassic.com



ဆောင့်ရှောက်သည်။ ကျွန်မမှတ်မိသလောက် တော်လေးမေ အရောင်းအဝယ်လုပ်လိုလျှင် မေမေက အတိုးမယူဘဲ ငွေထုတ်ပေးလေ့ရှိသည်။ ကျွန်မတို့အိမ်မှာ တစ်ခုခုလုပ်လျှင် လင်းတို့အိမ် သွားပို့ရသည်။ ဒါမှမဟုတ် လင်းတို့မောင်နှမတွေကို ကျွန်မတို့အိမ်မှာ လာစားဖို့သွားခေါ်ရသည်။ ကျွန်မအတွက် အဝတ်အစားနှင့် ကျောင်းသုံးပစ္စည်းများဝယ်လျှင် လင်းအတွက်ပါ မေမေက ထည့်ဝယ်သည်။

"သူတို့တွေကိုလည်း အခြေတကျဖြစ်စေချင်ပြီ၊ မောင်စိုးမှာလည်း ဘာလုပ်လုပ် အဆင်မပြေနိုင်ဘူး"

"မောင်စိုးကလည်း တစ်ခုဆိုတစ်ခု တစိုက်မတ်မတ်မရှိဘူးဟ၊ တော်တော်အလွယ်လိုက်ချင်တယ်၊ အခု သားတွေအားကိုးပြီး ကားတွေလုပ်နေတာပဲ၊ အဆင်ပြေပါစေလို့ပဲ ဆုတောင်းရမယ်"

"ခင်မေတစ်ယောက်မှာလည်း ရှန်းလိုက်ကန်လိုက်ရတာ၊ ကျွန်မကတော့ ဒီကလေးမကို တော်တော်သနားတယ်"

ကြီးစောက ကျွန်မတို့အနားမှာထိုင်ရင်း မြေပဲတွေအခွံချွတ်နေသည်။ အဘစံက သူ့ဆေးဘူးထဲက ဆေးရွက်များကို ဆေးတံထဲ ဖိသိပ်ထည့်နေသည်။ ပြီးတော့ ကြီးစောထည့်ပေးသည့် ရေနွေးကြမ်းကျဲကျဲရဲရဲကြီးကို တဖူးဖူးမှုတ်၍ သောက်လိုက်သည်။

"အခုမှ ပိုလိုလာတာကိုး၊ သားသမီးတွေ တက္ကသိုလ်ပို့ရတော့မယ်၊ အငယ်နှစ်ယောက်လည်း ဆယ်တန်းအောင်သွားပြီလေ"

"လေးလေးစိုးက သောက်သေးလား"

"သောက်တယ်၊ သောက်တယ်၊ သောက်လာရင် သားအဖနှစ်ယောက် စကားများပြီ"

ကြီးစောက သူ့မျက်လုံးမှေးမှေးများကို တမင်ထပ်မှေးကာ ခပ်တိုးတိုးပြောသည်။

"လင်းနဲ့လား"

"အင်းပေါ့"

လင်းက အမေကို တော်တော်ချစ်သည်။ ငယ်ငယ်ကပဲ သူ့အဖေမူးလာပြီး သူ့အမေကိုရန်လုပ်လျှင် ငြိမ်မနေတတ်။ ပြီးလျှင် အဖေကို ရက်ပေါင်းများစွာ စကားမပြောဘဲနေလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်လေးက စိတ်မှတ်ကြီးတယ်၊ သူ့ညီတွေလိုမဟုတ်ဘူး၊ တစ်ခါတလေ သူ့အဖေနဲ့ မျက်နှာချင်းမဆိုင်ချင်ရင် ကြီးစောဆီကို နောက်ဖေးပေါက်က ဝင်လာပြီး ထမင်းတွေဘာတွေစားတယ်၊ ပြီးရင် ကိုကို့အခန်း တက်အိပ်နေတာပဲ ဘာမှလည်းမေးလို့မရဘူး"

ကျွန်မအဖို့ အချိန်တွေကုန်ခဲနေသည်။ တော်လေးမေနှင့် ပြည့်ပြည့်တို့က လည်း ဈေးဆိုင်ထွက်နေသဖြင့် သိပ်မအားလပ်ကြ။ အပေါ်ထပ်တက်ပြီး စာဖတ် နေတာကပဲ ကိုယ့်အတွက်အဖိုးတန်တယ်ထင်ကာ အိမ်တွင်းအောင်းနေဖြစ်သည်။ အဘစံနှင့်ကြီးစောကလည်း ကျွန်မကို မနှောင့်ယှက်ဘဲ ပျော်သလိုနေစေသည်။

ပြတင်းပေါက်မှ ကျွန်မလှမ်းမြင်ရသောမြင်ကွင်းတွေကို ငေးမောသည်။ ညအိပ်မပျော်လျှင်တော့ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ ညအမှောင်နှင့်ကျွန်မ နှစ်ဦးတည်း ညကိုဖြတ်ကျော်ခဲ့ရသည့်နေ့တွေ မနည်းတော့။ ညနှင့် ကောင်းစွာရင်းနှီးခဲ့တာ ကြာခဲ့ပြီ။ ယခင်ကဆို စက္ကန့်လေးတွေကိုတောင် ရေနေခဲ့ဖူးသည်။

မနက်လင်းလျှင်တော့ အလင်းရောင်အောက်မှာမြင်ရတဲ့ ပတ်ဝန်းကျင် ကို ရင်ဆိုင်ဖို့ အားအင်ကုန်ခမ်းသလို အနည်းငယ်ထိတ်လန့်နေတတ်ခဲ့သည်။

လက်ရှိနေရာမဟုတ်တဲ့ တစ်နေရာရာမှာ နိုးထချင်သေးသည်။ ဘယ်နေရာသွားရမည်နည်း။ အိပ်မက်ထဲမှာတော့ အိမ်သစ်ဖြစ်သည်။

ကျွန်မတစ်ယောက်တည်း ရပ်တည်ကြည့်ချင်သေးသည်။ ဘယ်သူကမှ ကျွန်မကိုပြန်မကြည့်ရတဲ့ အနေအထားမျိုးနှင့်ပေါ့။ အရီးကြီးတို့ကလည်း ကျွန်မ အတွက် မကြောင့်ကျမစိုးရိမ်ရတဲ့ဘဝမျိုးနှင့်ပေါ့၊ ကျွန်မကိုယ်တိုင်ကလည်း စိတ်အားကိုယ်အားတွေပြည့်လျက် ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချစွာ အားကိုး နိုင်သူအဖြစ် ဘဝမှာကျင်လည်နိုင်ပြီး သူတို့ကလည်း ဒါကို အလိုလိုသိသည့် အနေအထားမျိုးနှင့် အားလုံးနှင့် ခပ်ဝေးဝေးနေလိုက်ချင်သည်။

ကိုကိုကတော့ သူ့ညီမ ဘာတွေစဉ်းစားနေလဲ သိပ်သိပုံမရ။ ကိုကို သိလျှင် ကျွန်မ ပို၍ဝမ်းနည်းကာ ကိုကို့ရှေ့မှာ မငိုမိသမျှ ငိုမိရပေမည်။

လူ့ဘဝကိုတော့ ခဏလာရတယ်လို့ သိထားလို့လားမသိ၊ ငယ်တော့ မှ အခြေမကျ။ နေရတာရော ... စိတ်ရော၊ ဘာကို လက်ဆုပ်လက်ကိုင်ပြုနေရပါ မည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ မေမေတို့ လောကကြီးမှာမရှိတော့ဘူးလို့ သိလိုက်ရချိန် မှေ့ပျောက်ထားခဲ့ချင်သော ခါးသီးသောနေ့ရက်တွေ၊ အိပ်မက်ထဲမှာ အချိန်ပြည့် ခြောက်လှန့်ခဲ့တဲ့ညတွေ၊ ဒါတွေဟာ ကျွန်မဘဝမှာ အပြီးတိုင်ပျောက်ဆုံးပြီး အသစ် တစ်ဖန် စရမည်ဆိုလျှင်တော့ ဘဝကိုခင်တွယ်စိတ်တွေ ဒီ့ထက်တိုးလာနိုင်မည် ထင်သည်။ ဒါမှမဟုတ် ဘဝဆိုတာသည် အစမှမစဘဲ ဟိုးရှေးနှစ်ပေါင်းများစွာက ဖြစ်သော ကမ္ဘာ ကမ္ဘာကဖြစ်သော သံသရာအစကလည်းဖြစ်နိုင်သော ...၊ နောက်လည်း အဖန်ဖန်ဖြစ်ရဦးမည်၊ အဖန်ဖန်သေဆုံးရဦးမည်ကို အမြဲဆင်ခြင် နေနိုင်လျှင်တော့ တစ်ဘဝတည်းနှင့် အခါခါသေဆုံးရသည့်အဖြစ်ကို လျစ်လျူ ရှုကာ အသက်ဖြောင့်ဖြောင့်ရှုနိုင်မည်၊ ကောင်းကောင်းရှင်သန်နိုင်မည်ထင်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

လင်းလာခေါ်တော့ ကျွန်မ အဆင်သင့်ဖြစ်နေပြီ။ မနက်စောစော ထသည်။ ကြီးစောတောင် ဈေးကပြန်မရောက်သေး။ ပေါ့ပေါ့ပါးပါး ဘောင်းဘီရှည်နှင့် ချည်သားအင်္ကျီလက်ရှည်အဖြူကို ရွေးဝတ်သည်။ ပြန်လာလို့ သိပ်နေမမြင့်သေးလျှင် ကမ်းခြေဆင်းဦးမည်အကြံနှင့် ဦးထုပ်နှင့်ကင်မရာပါ တစ်ပါတည်း ယူခဲ့သည်။

သံတွဲမြို့ရောက်တော့ လင်းက အဝေးပြေးဂိတ်ခဏဝင်ပြီး ကျွန်မ သွားချင်တဲ့နေရာ လိုက်ပို့သည်။ မနက်စာကို သံတွဲရောက်မှစားဖြစ်သည်။

“ဈေးဝယ်ပြီးရင် ရန်ကုန် ဖုန်းဆက်ချင်သေးတယ်၊ ငါ့ကို သတိပေးဦးနော်”

သတိုးတစ်ယောက် ကျွန်မဖုန်းကို မျှော်နေပေမည်။ ရောက်ကတည်းက သူ့ကို မဆက်သွယ်ရသေး။

ရခိုင်လုံချည်ဝယ်ချင်သည်ဆိုတော့ လင်းက ဈေးမျက်နှာစာ[illegible] ဆိုင်တစ်ဆိုင်သို့ ခေါ်သွားသည်။ ထိုဆိုင်မှာပဲ ‘အင်ကြင်း’ ဆိုသောမိန်းကလေးကို ကျွန်မတွေ့ရခြင်းဖြစ်သည်။ ကျွန်မရဲ့သူငယ်ချင်း မေသက်နှယ်[illegible]တာကို အမှတ်ရသည်။ လင်း ရည်းစားနှစ်ယောက် သုံးယောက် ထားဖူးတာ အခု အင်ကြင်း ဆိုတဲ့ကောင်မလေးနှင့် ဘာလိုလိုဖြစ်နေတာ၊ အင်ကြင်းက လင်းရဲ့သူငယ်ချင်း

www.burmeseclassic.com



ဖြစ်သူ 'ဓေယျာ' ရဲ့ညီမ၊ ကျွန်မမျက်စိထဲမှာ အင်ကြင်းကို ကလေးပုံသာ မြင်ယောင်နေသည်။ မေသက်နှယ်ပြောတုန်းက "ဟယ် ... သူက အဲဒီလောက်တောင် အရွယ်ရောက်ပြီလား" ဟု တအံ့တသြမေးမိသေးသည်။

"ငါတို့ထက် နှစ်နှစ်လောက်ပဲငယ်တာ၊ ဆယ်တန်းမှာကျနေလို့ ပြည့်ပြည့်နဲ့ အတူတူဖြစ်သွားတာ၊ ငယ်ငယ်ကပဲ လူကောင်ကြီးတယ်၊ အပျိုရိုက်လည်း သိပ်ဖမ်းတာ၊ တကယ့်အပျိုကြီးအတိုင်းပဲ" မေသက်နှယ်က ပြောသည်။

တဖြည်းဖြည်းနှင့် အင်ကြင်းရဲ့ငယ်ရုပ်ကလေး ပေါ်လာသည်။ အရင်တုန်းက မျက်လုံးပြူးပြူး၊ ဆံပင်ကောက်ကောက်နှင့် ခပ်ပိန်ပိန်ကောင်မလေးဟာ အခုတော့ ဆံပင်အရှည်ကြီးနှင့် ဣန္ဒြေရှင်မိန်းကလေးတစ်ယောက် ဖြစ်လို့နေသည်။

လင်းကိုမြင်တော့ သူ့မျက်လုံးတွေ ချီလက်သွားသည်။ ကျွန်မကို တွဲလျက်မြင်လိုက်တော့ သြခနဲဖြစ်သွားပြီး မျက်လုံးတွေက ငြိမ်သက်သွားသည်။

"စိတ်ကြိုက်ရွေး ဝေဏီ၊ အင်ကြင်း နင် သေသေချာချာပြပေးနော်"

ဒီတော့မှ အင်ကြင်းက "မဝေဏီနော်၊ ကျွန်မ ကောင်းကောင်းမမှတ်မိလို့" ဟုဆိုကာ စိတ်ချလက်ချ ပြုံးရယ်နိုင်တော့သည်။

အင်ကြင်းက ရှိုးကေ့စ်ထဲမှာ စီရီထားသော လုံချည်အထပ်လိုက်ကို ထုတ်ပြသည်။

"ကောင်းတာလေးတွေပြပေးနော်၊ ဝေဏီမရွေးတတ်ဘူး"

"စီလွှန်ပါရင်တော့ နည်းနည်းပူတယ်၊ ဒါတွေကတော့ နောက်မှရောက်တဲ့ ဒူးနားနဲ့ဝမ်းဆက်တွေ ကြည့်နော်အစ်မ၊ ပိုးထည်တွေလည်းရှိတယ်၊ လက်ဆောင်ပေးလို့ကောင်းတာပေါ့"

အင်ကြင်းက သူ့အလုပ်မှာ ကျွမ်းကျင်ပုံရသည်။ မိန်းမပီပီ အကွက်စေ့စေ့ လုပ်တတ်ကိုင်တတ်ပုံပေါ်သည်။ နောက်မှဝင်လာသော ဝယ်သူများကိုလည်း ပြန်ထွက်မသွားအောင် ထိန်းထားနိုင်သည်။

"ပုဆိုးကတော့ သံတွဲရက်က ပိုကောင်းတယ်၊ မိန်းမလုံချည်ကျတော့ စစ်တွေကလာတာတွေက ပိုပြီးအရောင်းသွက်တယ်"

"ပုဆိုးတွေက ဘယ်သူ့အတွက်လဲ"

လင်းက ကျွန်မ မရွေးတတ်တဲ့ ပုဆိုးဆင်တွေကို ကူရွေးပေးနေသည်။

"ကိုကို့အတွက်၊ ဦးကြီးအတွက်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"လေးထည်တောင်ပါလား၊ နောက်နှစ်ထည်ကရော"

"တစ်ယောက် နှစ်ထည်စီပေါ့"

"ငါတော့မယုံချင်ဘူး"

လင်းပြောတာကို ကျွန်မရယ်နေလိုက်သည်။

ဈေးထဲမှာ တစ်ပတ်လျှောက်ကြည့်ပြီး ဝယ်စရာအထွေအထူးမတွေ့တော့ ပြန်ထွက်လာကြသည်။

အပြန်မှာ ကျွန်မမူလတန်းတုန်းက စာသင်ခဲ့သည့် ဆရာမကြီးကို ဝင်ကန်တော့သည်။ ဆရာမကြီးမှာ အသက်(၇၀)ကျော်ပြီ။ အိုမင်းမစွမ်းဖြစ်နေပြီး သားသမီးလည်းမရှိသဖြင့် ဆွေမျိုးနီးစပ်တစ်ယောက်ကို မှီခိုနေရသည်။ ဆရာမကြီးကိုတွေ့ရတာ ကျွန်မစိတ်မကောင်းဖြစ်မိသည်။ တပည့်တွေအပေါ်မှာ စေတနာကောင်းလှသော ဆရာမကြီး၊ သူ့ဘဝတစ်လျှောက် စေတနာအပြည့်နှင့် သူ့အလုပ်မှာ မြှုပ်နှံပြီး တပည့်သားမြေးတွေအပေါ်မှာ ခင်တွယ်ခဲ့တဲ့ဆရာမကြီး၊ တစ်ကယ့်အရေးကြီးတဲ့ သူ့ဘဝနေဝင်ချိန်ရောက်တော့ ဘာမှကျောထောက်နောက်ခံ၊ မှီခိုအားထားရာမရှိသည့်အဖြစ်ကို ဆင်ခြင်မိသည်။

ကျွန်မက ဆရာမကြီးကို ငွေကြေးစားသောက်ဖွယ်ရာများနှင့် ကန်တော့သည့်အခါ ဝမ်းသာလိုက်လှဲ့စွာ ဆုတွေအရှည်ကြီးပေးပါသည်။ ကျွန်မကို ဖေဖေမေမေတို့သမီးမှန်းသိသော်လည်း နာမည်ကို မေ့နေပုံရသည်။ ကျွန်မကို "ကလေးကလေး" ဟုခေါ်ကာ စကားတွေပြောပါသည်။ ဆရာမကြီးရဲ့ တုန်ယင်လှိုက်လှဲတဲ့ဆုပေးသံကို နားထောင်ရင်း ဝမ်းနည်းမိရသည်။

ကျွန်မတို့ပြန်တော့ နေသိပ်မမြင့်သေး။ ပေလီလမ်းသည် စိမ်းစိမ်းစိုစိုရာဘာပင်တွေက လမ်းဘေးတစ်ချက်မှာ စိစိရိရိ။ မနိမ့်မမြင့်ကုန်းတက်ကလေးတွေက ကွေ့ကာဝိုက်ကာဆိုတော့ လင်းကို ဆိုင်ကယ်အရှိန်လျှော့စီးဖို့ ပြောရသည်။

"ဖုန်းဆက်ဦးမယ်ဆို"

ပေလီလမ်းဆုံရှိ ဆက်သွယ်ရေးရုံးရှေ့ရောက်တော့ လင်းက သတိရသလို မေးသည်။ လင်းပြောတာကို ကျွန်မပြန်မပြောနိုင်တော့၊ ခေါင်းသာပြန်ခါနိုင်တော့သည်။

ကျွန်မ ချက်ချင်းအားအင်ကုန်ခန်းသလိုဖြစ်ကာ မောပန်းလာ၏။ တစ်ကိုယ်လုံးလည်း အေးစက်သွားသည်။ သွေးပေါင်ချက်ချင်းကျသွားပုံရသည်။

www.burmeseclassic.com



ရင်ထဲမှာ တုန်ခိုက်နေတာကို မခံစားနိုင်တော့၊ မောပန်းလာပြီ။ စကားတောင် ဟာဟာမပြောနိုင်၊ ဗိုက်ထဲကနာလာပြီ၊ အိပ်ရာထဲ ချက်ချင်းထိုးလှဲချင်ပြီ။ သတိတော့ ကောင်းနေသေးတာတွေ့ရသည်။

ပြီးခဲ့တဲ့တစ်နှစ်တာအတောအတွင်း ဒီလိုမျိုး ကြိုးကြားကြိုးကြား ဖြစ်ဖူးသည်။ နည်းနည်းဖြစ်တာနှင့် များများဖြစ်တာပဲကွာသည်။

ကျွန်မစားနေတဲ့ လင်ဇီး (Linzhi) ဓာတ်စာမှာ အဆိပ်ထုတ်တုံ့ပြန်မှု ရှိတယ်ဆိုတော့ သတိုးကလည်း ဒါကိုပဲစိုးရိမ်ပြီးမှာတာ၊ အစားအသောက် အနေအထိုင် ဆင်ခြင်ဖို့။ လင်ဇီးစားတဲ့သူတိုင်း ရောဂါကိုလိုက်ပြီး အနည်းနှင့်အများ ကြုံရမှာပဲ၊ ကျွန်မကတော့ အခုလိုတုံ့ပြန်မှုဝေဒနာတွေနှင့် အတော်အတန် ယဉ်ပါးခဲ့ပြီဖြစ်သည်။

လင်ဇီးက တုံ့ပြန်မှု (reaction) ပေးပြီး ခန္ဓာကိုယ်ထဲက အဆိပ်အတောက်တွေကို ထုတ်ပစ်ကာ ရောဂါကို အမြစ်ပြတ်သည်ထိ လူကို ကျန်းမာတဲ့ အနေအထားပြန်ရောက်အောင်ထိ လုပ်ပေးနိုင်သတဲ့။ ပြောတော့လွယ်လိုက်တာ နော် သတိုးရယ်၊ ဝေဏီက တော်ရုံခွဲကောင်းသူတစ်ယောက် မဟုတ်လို့တော်သေးတာပေါ့။

"သာမန်ဆေးဝါးတွေက အခုသောက်ရင် အခုချက်ချင်းသက်သာတယ်၊ ရောဂါရဲ့အကျိုးတရားကိုပဲကုတယ်၊ ဝေဏီခေါင်းကိုက်တတ်တယ်ဆိုပါတော့၊ ပါရာသောက်ရင် သက်သာသွားတယ်၊ ဒါပေမယ့် နောက်ခေါင်းကိုက်တိုင်းပဲ၊ ပါရာသောက်နေရမှာပဲ၊ ဒီလင်ဇီးဓာတ်စာရဲ့သဘောက ရောဂါဖြစ်ရတဲ့ အကြောင်းရင်းကိုကုတာ၊ ခေါင်းဘာကြောင့်ကိုက်ရသလဲ၊ ရောဂါရဲ့အရင်းအမြစ်ကို ရှာကုတာ၊ ထိုက်သင့်တဲ့အချိန်တစ်ခုတော့ ပေးရမှာပေါ့"

သတိုး ဘယ်လောက်ပဲအားပေးစကားပြောပြော ကျွန်မစိတ်မရှည်ချင်တော့။

ကျွန်မ အခက်အခဲတစ်ခုခုကြုံတိုင်း သတိုးကို သတိတရဖြစ်တတ်တာ အကျင့်ပါနေပြီ။

"ဘယ်လိုဖြစ်တာလဲ ဝေဏီရယ်၊ ရရဲ့လား၊ မြဲမြဲကိုင်ထားနော်"

လင်းက စိုးရိမ်တကြီးပြောသည်။

"အင်း ... အင်း၊ ငါ မနေ့က ပင်လယ်စာစားမိလို့ထင်တယ်၊ ဒီနေ့လည်း

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းပင်ပန်းသွားတယ်"

လင်းက ဆင်ဝင်အောက်မှာ ဆိုင်ကယ်ကိုရပ်သည်။

"ကြည့်ပါဦး၊ တစ်ကိုယ်လုံးလည်း ဖြူဖပ်ဖြူရော်နဲ့၊ ဆရာဝန်ခေါ်လိုက်မယ်လေ"

လင်းက ကျွန်မကျန်းမာရေးမကောင်းတာသိပြီး အခုလိုဖြစ်တာမျိုး မမြင်ဖူး၊ အသက်ရှုလိုက်တိုင်း ရင်ခေါင်းထဲကအောင့်နေသဖြင့် အသက်ကို မှည်း၍ ရှုထုတ်နေရသည်။ လင်းကို စကားတော်တော်နှင့်မပြောနိုင်။ သူက ကျွန်မကို ဖေးမထားရာမှ မဟန်နိုင်တော့တာသိသဖြင့် အိမ်ထဲသို့ ပွေ့ချီခဲ့သည်။

"ငါဘာမှမဖြစ်ဘူး လင်းရဲ့၊ စိတ်ချ"

ဝေဒနာခံစားရပေမယ့် ပြုံးရယ်နိုင်သေးတာ ကိုယ့်ကိုယ်ကိုယ် အံ့သြသည်။ အိပ်ရာပေါ်ရောက်ပြီး ချက်ချင်းမလှုပ်ရှားနိုင်သေး။ ချွေးသီးချွေးပေါက်တွေ စီးကျလာသည်။ လင်းက ဖိနပ်ကြိုးတွေဖြေကာ ဖိနပ်နှင့်ခြေအိတ်ကို ချွတ်ပေးတာ သိနေသည်။

သတိုးကတော့ ကောင်းဖို့ဖြစ်လာတာဟု ပြောဦးမည်။ ခံစားရတဲ့လူမှာတော့ မသက်သာပါလား။ ရောဂါကောင်းချင်လို့သောက်ပါတယ်ဆိုမှ ဒီလိုတွေဖြစ်လာတော့ ဘယ်သူကစိတ်ရှည်နိုင်ပါ့မလဲ။ လင်ဖီးမှိုဝဲစ စောစောပိုင်းအချိန်တွေ တုန်းက နေရတာ ပေါ့ပါးလန်းဆန်းခဲ့သေးသည်။ အခုတလောမှ ခပ်စိပ်စိပ်ဖြစ်လာတဲ့ ဝေဒနာတွေက တုံ့ပြန်မှုတွေပဲထင်ပါရဲ့၊ ဒါတွေက ခန္ဓာကိုယ်ထဲမှာ ရောဂါအစိုင်အခဲတွေကုန်စင်အောင် မပျောက်သေးသရွေ့ ကြိမ်ဖန်များစွာ ဖြစ်နေမည်သာ။

"အဝတ်လဲလိုက်ပါလား ဝေဏီ"

"နေ ... နေ၊ လင်း"

လင်းကို လက်ကာပြလိုက်သည်။ ဆေးသောက်ပြီး ငြိမ်သက်စွာလှဲနေလိုက်သည်။ ရောဂါဝေဒနာများ မကြာခင် လျော့ပါးသက်သာသွားမည်ကို အလိုလိုသိနေသည်။

"ရပြီ လင်း၊ ငါခဏနားလိုက်မယ်၊ နင်စိတ်ချပါ၊ ဆေးပုလင်းတွေကို ငါ့အနားမှာထားခဲ့၊ ငါအိပ်ပျော်သွားရင် ကောင်းလိမ့်မယ်၊ ညနေ နင်တို့အိမ်မှာ ထမင်းလာစားမယ်၊ ငါ့အတွက် စွပ်ပြုတ်ကောင်းကောင်းတစ်ခွက်ဆိုရင် ရပြီ။ အချိုမှုန့်တော့ လုံးဝမထည့်နဲ့နော်၊ ထမင်းကို ပျော့နိုင်သလောက်ပျော့ပါစေ၊ ဪ –

www.burmeseclassic.com

www.burmeseclassic.com



ကြီးစောကိုလည်း ငါသက်သာသွားပြီဆိုတာ ပြောခဲ့ဖို့မမေ့နဲ့ဦး"

လင်းက အခန်းတံခါးကို အသာအယာ စေ့ပိတ်ခဲ့သည်။ သူ့ခြေသံသဲ့သဲ့က တဖြည်းဖြည်း ဝေးသွားသည်။

သတိုး ... ရေ၊ ဒီအချိန်မှာ ဝေဏီဘာတွေခံစားနေရလဲဆိုတာ တစ်ခုမကျန် အားလုံးသိနေတယ်၊ အားလုံးပြောပြနိုင်တယ်၊ ဒါပေမဲ့ မနက်ဖြန်ဆိုရင် ဒါတွေမရှိတော့ဘူး၊ သတိုးကိုပြန်ပြောရမယ့်အချိန်ဆိုရင် ဝေဏီဘာမှသိတော့မှာမဟုတ်ဘူး။

သတိုးပြောသလို မနက်ဖြန်ဆိုတာ အသစ်အသစ်တွေနဲ့ တက်ကြွရှင်သန်နေရမယ်၊ ဟုတ်တယ်။ ဝေဏီလည်း အဟောင်းတွေကိုထားခဲ့ချင်ပြီ။ ဝေဏီက အဖွဲ့အလန်းကြီးတဲ့နေရာမှာ ရောဂါဝေဒနာကိုတောင် တွယ်တာချင်သလားမသိပါဘူး။

ဝေဏီနေကောင်းချင်ပြီ သတိုး၊ မဟုတ်ဘူး ဝေဏီနေကောင်းတယ်၊ ဝေဏီနေကောင်းတယ်၊ ဒီစကားကို သိပ်ပြောချင်တာပဲ၊ သတိုးကတော့ သိပ်ပြောနိုင်တာပေါ့ ဝေဏီ၊ ကျွန်တော်တာဝန်ယူတယ် ... လို့ ပြောမှာသေချာတယ်၊ ဟုတ်တယ်မဟုတ်လား ...။

ညတွင် လသာဆောင်မှာထွက်ရပ်ရင်း တဖြည်းဖြည်းမြင့်လာသောလကို ထိုင်ကြည့်နေမိသည်။ ကောင်းကင်သည် ပုလဲရောင်တောက်နေ၏။ ပုလဲရည်တွေထပ်လောင်းထားသော တိမ်အစုအစုတို့သည် အလှကြီးလှနေ၏။

ဒီတစ်ခါဖြစ်တာက အခါတိုင်းလောက်မဆိုး၊ နှစ်ရက်လောက်နှင့်နာလန်ပြန်ထူနိုင်သည်။ ကြောက်ကြောက်နှင့် ဆေးပဲသောက်နေခဲ့သည်။ အစားအသောက် နည်းနည်းပါးစားသောက်နိုင်သဖြင့် သိပ်လည်းအားမပြတ်။ ဒီနေ့ညနေကလည်း တော်လေးမေယူလာသည့် ဆန်ပြုတ်ကို သောက်သည်။ ကြီးဖျော်လက်ရာနီးနီး ကောင်းသည်။ စားသောက်ပြီးတော့ နည်းနည်းရွှင်လန်းလာသည်။ အသံကျယ်လာသည်။ လင်းနှင့် ဆင်ဝင်ရှေ့ကအခုတ်ခုံမှာတောင် ခဏဆိုင်စကားပြောခဲ့သေးသည်။

ငယ်ငယ်တုန်းက အိမ်တံခါးပေါက်မှာ ဖေဖေလာမဲ့ခါမှာကို နေမထိ

www.burmeseclassic.com

www.burmeseclassic.com



ထိုင်မသာ စောင့်မျှော်ရသော ခံစားချက်ကို မှတ်မိသေးသည်။

ကျွန်မ ညနေဆေးခန်းပြရန် ဖေဖေလာခေါ်မှာကို မေမေနှင့်ကျွန်မ အသင့်ပြင်၍စောင့်နေရသည်။ မေမေက ကျွန်မကို အနွေးထည်ပါးပါးလေး ဝတ်ပေးထားသည်။ ဆောင်းညတွေမှာတော့ ထူထူထဲထဲ၊ အပြန်အေးမှာကြောင့် ဦးထုပ်တို့၊ မာဖလာတို့တောင် ယူရသေးသည်။

ဖေဖေ့ကားသံကိုကြားလျှင် "ဖေဖေလာပြီ" ဆိုပြီး ကားပေါ်ပြေးတက်ရမလို မေမေပွေ့ချီတာပဲစောင့်ရမလို၊ ကျွန်မက ဆေးခန်းကြောက်သည်။ ဆရာဝန်နှင့် သူ့ရဲ့ဆေးထိုးအပ်ကို ကြောက်သည်။ ကျွန်မကြောက်တဲ့ဆေးထိုးအပ်နှင့်ဝဲ ကျွန်မတင်ပါး မကြာခဏ မိတ်ဆက်ရတတ်သည်။ ဆရာဝန်က ဆေးထိုးအပ်ကိုင်ကာ ကျွန်မအနားကပ်လာလျှင် မေမေ့မျက်နှာကို စိတ်အားငယ်စွာ လှမ်းကြည့်မိသည်။ မေမေက ကျွန်မကိုမကြည့်ဘဲ မျက်လုံးလွှဲနေတတ်သည်။ နောက်တော့ မေမေ့ကိုမကြည့်တော့ဘဲ မျက်ရည်ဝဲနေသည့်မျက်လုံးကို အောက်သို့စိုက်ထားမိသည်။

ဝမ်းဗိုက်တစ်နေရာကို ဆရာဝန်က လက်ဖြင့်ထောက်လိုက်ပါက နေလို့ကောင်းသဖြင့် ကျွန်မ ငြိမ်နေမိသည်။ ကျွန်မငယ်ငယ်ကပဲ အတော့်ကိုအိုနေပြီဖြစ်သော၊ ဆေးကုလည်းကောင်းသည့် ဆရာကြီးတစ်ယောက်ရှိသည်။ အခုတော့ မရှိတော့ဘူးထင်သည်။

"အသည်းနည်းနည်းကြီးနေတယ်"

အမြဲလိုလိုမှတ်ချက်ချပေးသော ဆရာဝန်ကြီးရဲ့လေသံကိုလည်း ကျွန်မ မှတ်မိနေသည်။ ဆေးခန်းကအပြန်မှာတော့ ကျွန်မတစ်ကိုယ်လုံး ဝန်ထုပ်ဝန်ပိုးကြီး အောက်က လွတ်မြောက်သွားသလို ခံစားမိသည်။ ကျွန်မလိုချင်သမျှပူဆာတိုင်း ဖေဖေကဝယ်ပေးပြန်ရာ ပျော်ရွှင်လွန်းသည့်စိတ်ကြောင့် ကျွန်မအသံတွေတောင် စာနေတတ်သည်။

မှောင်ရီရီ အေးမြမြညချမ်းမှာ မေမေ့ရင်ခွင်မှာ ခေါင်းမှီ၍ ကြယ်တွေကို မော်ကြည့်ကာလိုက်လာရင်း ကျွန်မရဲ့စွန့်စားခန်းကို စားမြုံ့ပြန်တတ်သည်။ "ထမင်းစားလို့ရပြီ" လို့ ဆရာဝန်ကပြောလိုက်လျှင်တော့ ကြီးစောပြင်ထားသည့် ထမင်းပွဲကိုကြည့်ကာ ပျော်ရွှင်ရပြန်သည်။ ကြီးစောကျိုတိုက်နေရှိသည့် ကမွန်းချဉ်ရွက်ကြမ်းလို၊ သံမနိုင်ကျောက်မနိုင်လို အဝင်ဆိုးသည့်အရည်တွေကို

www.burmeseclassic.com

www.burmeseclassic.com



သောက်ရချိန်ထိဖြစ်သည်။

ကျွန်မငယ်ငယ်က အစားအသောက်ရှောင်ခဲ့ရတာလည်း မနည်း။ အိပ်ရာထဲမှာ ငြိမ်သက်စွာနေခဲ့ရသည့်နေ့တွေလည်း ရေတွက်၍မကုန်။

မေမေသည် ကျွန်မကို မြို့ပေါ်ကဆရာဝန်တွေဆီကိုရော၊ ကောင်းမယ့်ဆိုသည့် မြန်မာတိုင်းရင်းဆေးဆရာတွေဆီကိုရော ခေါ်သွားတတ်သည်။ နောက်ပိုင်းတွင် မေမေသည် တစ်သက်လုံးကစိတ်မဝင်စားခဲ့သော ဗေဒင်ယတြာ အကြားအမြင်တွေကို ကျွန်မအတွက်နှင့် စိတ်ဝင်စားခဲ့သည်။

"ကလေးကိုယ်ဝန်ရှိတုန်းက မေမေ ကျန်းမာရေးညံ့လို့လေ"

ကြီးစောကပြောသည်။

ကျွန်မသိပ်မမှတ်မိတော့တဲ့အဖွားက "ငယ်ငယ်လေးကတည်းက ဘေလုံးကြီးလို့"ဟု ပြောခဲ့ဖူးသည်။

မေမေကြီးဟုကျွန်မခေါ်သော အဖွားသည် စိတ်သဘောကောင်းသလိုရုပ်ရည်လည်း အင်မတန်ချောသည်။ မေမေကြီးကို ကျွန်မသိတတ်ပါပြီဆိုကတည်းက မေမေကြီးသည် ကောင်းကောင်းကျန်းမာခြင်းမရှိ။ အမြဲချောင်းဆိုးနေတတ်သည်။ နောက်ပိုင်းတွင် မေမေကြီးရဲ့ တီဘီရောဂါကို သက်သာရုံမျှသာထိန်းထားနိုင်တော့သည်။ ကျွန်မကတော့ မေမေကြီးသည် အင်မတန်ဖွဲ့ကောင်းလို့သာ အသက်ရှည်ခဲ့သည်ဟုထင်သည်။

ကျွန်မ မေမေကြီးဆီက အမွေအတော်များများ ရလိုက်သည်။ အတွေးနက်တဲ့ မေမေကြီးရဲ့မျက်နှာပုံကအစဖြစ်သည်။ မေမေကြီးရဲ့ကုလားထိုင်လက်ရမ်းမှာ ခေါင်းတင်ပြီး မေမေကြီးပြောသောပုံကို နားထောင်ချင်သောကျွန်မ မေမေကြီးပုံဆက်မပြောနိုင်တော့ဘဲ ချောင်းတွေတအားဆိုးနေစဉ်မှာ "အဲဒီတော့ ... အဲဒီတော့ ..."ဟု စိတ်မရှည်စွာ ပုံထောက်ခဲ့သောကျွန်မ၊ အသက်ဆယ်နှစ်ကျော်မှာ အဆုတ်ဆေးတွေ စသောက်ခဲ့ရတာမဆန်းပါ။

တစ်ရက်တော့ မေမေ ဗေဒင်ဆရာတစ်ယောက်ဆီမှပြန်လာပြီး ကျွန်မကို ကြက်သားချက်မကျွေးဖို့ ကြီးစောကိုပြောနေသည်။ အခြား သားကြီး၊ ငါးကြီး မစားရဘဲ ကြက်သားနှင့်ငါးလောက်သာစားရသည့်ကျွန်မအဖို့ တော်တော်ဝမ်းနည်းစရာကောင်းနေသည်။

"ဆီးကျွန်းက ဘုန်းဘုန်းတစ်ပါးကလည်း သမီးကို ကြက်သားနဲ့

www.burmeseclassic.com

www.burmeseclassic.com



မတည့်ဘူးလို့ ပြောဖူးတယ်၊ မေမေက အမှတ်တမဲ့ပဲနေခဲ့တာ၊ အခု ဗေဒင်ဆရာကလည်း ပြောလိုက်ပြန်ပြီ"

ကျွန်မ နှုတ်ခမ်းစူမိသည်။

"ကလေးရဲ့မေမေမှာ ကလေးကိုကိုယ်ဝန်ရှိတုန်းက သူများပေးတဲ့ မကောင်းတဲ့အသားကိုစားမိလို့တဲ့၊ ကြီးစောက ငှက်သားလို့ထင်တာပဲ၊ မိတ်ဆွေရင်းချာတွေထဲက လာပေးတဲ့သူတွေရှိတယ်၊ အို ... ယုန်ထင်ကြောင်ထင် ထင်ရတာလည်း မကောင်းပါဘူးကွယ်၊ ကလေးကညှံ့တော့ အမေက ဘာမှမဖြစ်ဘဲ ကလေးကိုထိတာ"

မေမေထွက်သွားတော့ ကြီးစောက ကျွန်မကို တိုးတိုးကပ်ပြောသည်။

မကောင်းတဲ့အသားဆိုတာ ကျွန်မနားမလည်ပေမယ့် နားလည်သလို ငြိမ်နေလိုက်သည်။

"ဘာဖြစ်လို့လဲ ကြီးစောရယ်၊ ငယ်ငယ်ကပဲစားလာတဲ့ဥစ္စာ"

"ကြက်၊ ဘဲအနွယ်ဝင် အတောင်ပံပါတဲ့အကောင်မှန်သမျှ သမီးနဲ့ မတည့်ဘူး"

မေမေက ကျွန်မအတွက် ငါးကြော်ကိုယူလာပေးသည်။

"အမှန်အတိုင်းပြောရရင် ဒီတစ်ရက်တော့ သမီးကြက်သားစားချင်သေးတယ်၊ နောက်နေ့မှာ မစားနဲ့ဆိုမစားတော့ပါဘူး"

ကျွန်မက စားပွဲပေါ်မှာ အငွေ့တထောင်းထောင်းထနေသည့် နံနံပင်နှင့်မွှေးသော ကြက်သားသောက်ဆမ်းပန်းကန်ကို မျက်စောင်းထိုးရင်းပြောလိုက်သည်။

မေမေကနဲ့ကွက်မည်ထင်၍ ကျွန်မလေသံက ခပ်တိုးတိုး၊ မေမေက ကျွန်မကိုကြည့်ကာ ပြုံးနေသည်။ ပြီးတော့ ကြက်သားပန်းကန်ကို ကျွန်မရှေ့မှာ ချပေးသည်။

"စားရတာပေါ့ သမီးရယ်၊ နောက်နေ့မှာ သမီးကတိတည်ရမယ်နော်၊ မေမေက သမီးနေမကောင်းတုန်း မစားဖို့ပြောတာပါ၊ နေကောင်းတော့ ပြန်စားရမှာပေါ့"

ကျွန်မခေါင်းကို နှစ်ချက်သုံးချက်ဆင့်၍ ညိတ်ပြလိုက်သည်။ ကျွန်မရင်ထဲ ပေါ့သွားသည်။ ထိုညက မေမေ့ကို အခါတိုင်းထက် ချစ်စိတ်တိုးပြီး ကိုယ်ထဲ

www.burmeseclassic.com



မှာ လှည့်ပတ်နေတဲ့သွေးတွေတောင် နွေးထွေးသွားသလို ခံစားရသည်။ နောက်နေ့မှာတော့ ကတိပေးထားသည့်အတိုင်း မေမေမသိအောင် ကြီးစောလာကျွေးသော ကြက်သားဟင်းကို ကျွန်မငြင်းပယ်နိုင်ခဲ့သည်။

ဓာတ်စာစားနှုန်းကိုလည်း တဖြည်းဖြည်းတိုးလာလိုက်တာ အခုဆိုနှုန်းမနည်းတော့။ ဆေးမပြတ်ခင်တော့ ရန်ကုန်ပြန်ရမည်။ အင်း ... အခုလိုစားတဲ့နှုန်းနဲ့ဆိုရင်တော့ ပိုက်ဆံရှိဖို့သာလိုတာပေါ့။ ဒါနှင့်ပဲ ကိုကို့ကို သတိရဖို့ ဖြစ်လာပြန်သည်။

ကိုကိုက ငွေကြေးကိုမှုသူမဟုတ်။ ဘယ်လောက်ကုန်ကုန် နေကောင်းဖို့သာလိုသည်ဟုပြောသည်။

"ဝေဏီလည်း လန်းဆန်းတက်ကြွပြီး ကိုကို့ကိုပျော်စေတဲ့ညီမတစ်ယောက်တော့ ဖြစ်ချင်သားပဲ"

ကျန်းမာရေးကြောင့် နစ်နာဆုံးရှုံးသမျှထဲတွင် ကျွန်မစိတ်အထိခိုက်ရဆုံးက ကျောင်းမှာ ကျွန်မရမြဲဖြစ်သည့် ပထမနေရာကို ကျွန်မလောက်စာမတော်သူများကို ပေးလိုက်ရခြင်းဖြစ်သည်။ ကျန်းမာရေးဆုံးရှုံးသူတစ်ယောက်သည် အရာရာကို ဆုံးရှုံးဖို့လွယ်ကူသည်။ သို့သော် ရောဂါဝေဒနာကို ဖွဲ့ရှိသရွေ့ သည်းခံခဲ့ရသော ကာလများက ကျွန်မအတွက် အလဟဿမဖြစ်စေဘဲ ဖွဲ့သန်ခြင်းဆိုတဲ့အရာကိုလည်း ယူဆောင်ပေးပုံရသည်။

ကိုကို့အတွက်တော့ မေမေတို့ သိပ်မပူပန်ခဲ့ရ။ ကျွန်မအတွက်သာ စိတ်မအေးဘဲ သေဆုံးသွားကြရသည်။ ဖေဖေက ပွဲချင်းပြီးသေသည်။ မေမေက ဆေးရုံရောက်မှသေသည်။ ရိုးမတောင်ပေါ်လမ်းကြမ်းခရီးကိုဖြတ်၍ မြို့ဆေးရုံအရောက် မေမေသည် ဘယ်လိုဖွဲ့မျိုးနှင့် ရောက်လာခဲ့ပါလိမ့်။ ထိုစဉ်က မေမေ့အဖြစ်ကို ကျွန်မတွေး၍မှုမကြည့်နိုင်ခဲ့။

ထိုနှစ်က ကျွန်မ တီဘီဆေးတွေဖြတ်စ၊ အနည်းငယ်အားပြည့်ကာ ကျန်းမာရေး နာလန်ပြန်ထူစအချိန်ဖြစ်သည်။ မထင်မှတ်သောသတင်းဆိုးက ကျွန်မကို တစ်သက်လုံး နာလန်မထူအောင် ရိုက်ချိုးလိုက်လေသည်။

ထိုနှစ်က ကျွန်မတို့နှင့်နီးသော ကမ်းရိုးတန်းဒေသတချို့မှာ ငလယ်ဆေသည်။ တချို့ရွာကလေးများနှင့် ကျွန်းတွေ ပင်လယ်ရေလွှမ်းမိုးတာ ခံရသည်။ ကျွန်မတို့နေရာမှာတော့ လေပြင်းဒဏ်ကိုခံရပြီး ပင်လယ်ပြင်ကိုကြည့်လျှင်

www.burmeseclassic.com

www.burmeseclassic.com



အိမ်လောက်မြင့်သော လှိုင်းလုံးကြီးတွေနှင့် ဒေါမာန်ထနေသော ပင်လယ်ပြင်ကို မြင်ရသည်။

ကျွန်မ တစိမ့်စိမ့် ကြည်နူးစွာကြည့်ခဲ့သည့် ပင်လယ်ကမ်းခြေရဲ့ အလှအပတို့သည်လည်း ဘာမှတန်ဖိုးမရှိလိုက်တော့။ ကျွန်မပတ်ဝန်းကျင်မှ အလှအပတို့ ကွယ်ပျောက်ခဲ့လေပြီ။

လူကြီးများသည် ကျွန်မတို့ရှေ့ရေးအတွက် ဆွေးနွေးကြသည်။ ဖေဖေရဲ့ တစ်ဦးတည်းသောအစ်မကြီးဆိုတာ သိလို့ပဲလားမသိ။ ကျွန်မ အရီးကြီးရဲ့ရင်ခွင်မှာ သည်းသည်းထန်ထန် ငိုကြွေးခဲ့သည်။ အခုအချိန်ကစပြီး ကျွန်မတို့အဖို့ ဦးကြီးနှင့် အရီးကြီးကိုသာ အားထားယုံကြည်ရတော့မည်ဖြစ်သည်။

"ဦးကြီးတို့နဲ့လိုက်နေရတော့မယ်"

ကိုကိုက ကျွန်မငိုလိမ့်မည်ဟု ထင်ပုံရသည်။ ကျွန်မလက်ကို အသာကိုင်ထားသည်။ ကိုကိုက အလိုက်သိစွာ စကားမဆက်တော့၊ ကိုကို့ကို စကားပြန်ပြောလျှင် တုန်ရင်နေမည့် ကျွန်မအသံယဲ့ယဲ့လေးကြောင့် ကိုယ့်ကိုယ်ကိုယ် မငိုမိအောင်ရော၊ ကိုကို့ကိုပါ ဝမ်းနည်းကြေကွဲမှုမကျရောက်အောင်ရော တာဝန်မယူနိုင်ပါ။

"အိမ်မှာ ဘယ်တော့ပြန်လာနေရမလဲ"

"ဝေဏီလာချင်တဲ့အချိန် ပြန်လာပေါ့"

"ဦးကြီးတို့က ဘာပြောလဲ"

"အိမ်ကို ဒီအတိုင်းပဲထားလိမ့်မယ်၊ ဒီမှာ အဘစံတို့လည်းရှိနေတာပဲ"

ကိုကိုက ပင်လယ်ကမ်းစပ်သို့ ရုတ်တရက်ပြေးထွက်သွားသည်။ ကျွန်မလည်း စီးထားသောဖိနပ်ကိုချွတ်ပစ်ခဲ့ကာ ကိုကို့နောက်သို့ ပြေးလိုက်ခဲ့သည်။ လှိုင်းသံလေသံတို့ကြောင့် ကိုကိုအော်ပြောနေတဲ့စကားသံတွေကို သဲသဲကွဲကွဲ နားမလည်။ ဒါပေမဲ့ ဝမ်းနည်းစရာဟု အလိုလိုသိတာ စိတ်ထိခိုက်ရ၏။ နောက်တော့ ကိုကို့အသံ တိမ်ဝင်သွားပါသည်။

ကျွန်မ ကိုကို့နောက်မှ လိုက်ပြေးနေဆဲဖြစ်သည်။ မျက်ရည်တွေစီးကျရင်း ကျွန်မ အသံထွက်၍ ငိုရှိုက်ပစ်လိုက်သည်။ နောက်ဆုံးတော့ ကျွန်မ သဲပြင်

www.burmeseclassic.com



ဆေါ်သို့ မှောက်လျက်သားလဲကျသွားပြီး မလှုပ်နိုင်အောင် မောဟိုက်နေတော့သည်။

"ကိုကိုချီရမလား"

ကိုကိုက အသာဆွဲထူလိုက်သည်။

"အင်း"

ထိုနေ့က ကိုကို့ပခုံးပေါ်မှာ ငိုရှိုက်ရင်း အိမ်ကိုဘယ်လိုရောက်လာမှန်း မသိလိုက်။

လင်းကမူ ထိုရက်ပိုင်းအတွင်း ကျွန်မနှင့် အတော်စိမ်းသွားသည်။ သူ ကျွန်မကို ပြုံးပင်ပြုံးမပြရဲ။ ကျွန်မရှေ့မှာ ပျော်ပျော်ရွှင်ရွှင်မနေရဲ။ ကျွန်မနောက်မှ စိုးရိမ်စိတ်နှင့် မသိမသာလိုက်ကြည့်နေတတ်သည်။

ညနေတွင် ကြီးတော့ပြင်ထားတဲ့ထမင်းပွဲမှာဝင်မထိုင်ခင် မေမေ ထမင်းစားခေါ်တဲ့အသံကြားရမလား ထင်နေမိသည်။ မီးဖိုထဲမှာ ကြီးတော့စကားပြောသံကြားတိုင်း မေမေနှင့်ပြောနေတာဟု ထင်ချင်သည်။

အိမ်နီးနားချင်းဆွေမျိုးတွေက ညနေတိုင်း ကျွန်မတို့အိမ်ကိုလာကာ စကားစမြည်ပြောဆိုကြပြီး ခြောက်သွေ့သောအိမ်ကို စိုပြည်အသက်ဝင်လာအောင် ကြိုးပမ်းကြသည်။ သူတို့ရဲ့စကားသံက ကျွန်မကို ကျွန်မကိုယ်ပိုင်မဟုတ်တဲ့ဘဝတစ်ခုသို့ ခေါ်ဆောင်နေကြသလိုပင်။ ကျွန်မ တိတ်တိတ်ကလေးရှိုက်လိုက်မိသည်။ တုန်ခိုက်သွားသော ကျွန်မပခုံးနှစ်ဖက်ပေါ် လက်ဖဝါးနှစ်ဖက် ကျရောက်လာသည်။ လင်းဖြစ်သည်။ သူ ကျွန်မဘေးမှာ တိတ်ဆိတ်နေ၏။ ဒါပေမဲ့ အမှောင်ထဲမှာ သူ အသံတိတ်မျက်ရည်ကျနေတာ ကျွန်မသိသည်။

မနက်တွင် ဘယ်လောက်ပဲစောစောနိုးနေပါစေ မေမေလာနှိုးမှထတတ်သော ကျွန်မသည် ကျွန်မခုတင်နားကပ်လာမည့် မေမေ့ခြေသံကို မျှော်မှား၍ နားစွင့်နေတတ်သေးသည်။ မေမေလာမနှိုးသော နံနက်ခင်းတစ်ခုမှအစပြု၍ ကျွန်မအတွက် ဝမ်းနည်းဖွယ်ရာတစ်နေ့တာသည် စတင်တတ်သည်။

ခြံနှစ်ခြံကြားတွင် လင်းနှင့်ကျွန်မစိုက်ထားသော စကားစိမ်းပင်များက နောက်ပိုင်း ကျွန်မ အိမ်ပြန်လာသည့်အခေါက်တိုင်းမှာ ပုံပြင်တစ်ပုဒ်ကို ပြောပြနေသလို ခံစားမိရသည်။

www.burmeseclassic.com

www.burmeseclassic.com



"သတိုး ... သတိုးလားဟင်"

တစ်ဖက်မှ "ဟဲလို" ဆိုသည့်အသံကြားသည်နှင့် ကျွန်မ အားတက်သရော မေးလိုက်သည်။

"ဟုတ်ပါတယ်၊ သတိုးပါ"

အေးဆေးတဲ့သူ့အသံကိုကြားရမှ ရင်ထဲပေါ့သွားသည်။ ဆက်သွယ်ရေးရုံးက အစ်မကို ကျေးဇူးတင်စွာ ပြုံးပြလိုက်သည်။

မနက်ပိုင်း သတိုးဆီဖုန်းဆက်တာ နှစ်ရက်ဆက်တိုက်ရှိပြီ။ ဒီနေ့မှ ရှောရှောရှူရှူ ဆက်သွယ်လို့ရသည်။ မနက်(၈)နာရီလောက်ဆို သူ့ကိုတွေ့ဖို့ မသေချာတော့။ ညဆိုလည်း စောစောပြန်ရောက်သည့်နေ့က ရှားသည်။ ပြန်ရောက်တော့လည်း နားရသည်မရှိ။ သူ့ဆီဝင်လာသည့်ဖုန်းတွေကို ဖြေရသေးသည်။ သူ့ရဲ့လက်တွဲဖော် လုပ်ဖော်ကိုင်ဖက်တွေရဲ့ တစ်နေ့တာလုပ်ငန်းနှင့်ပတ်သက်၍ ဆက်သွယ်မေးမြန်းလာသမျှကို ပြန်လည်ဖြေရှင်းပေးရသည်။ အားပေးစကားပြောရသည်။ သူကိုယ်တိုင်ကလည်း သူ့ထက်ပိုပြီး လုပ်ငန်းထဲမှာ အတွေ့အကြုံရှိတဲ့ ဆရာ၊ ဆရာမများနှင့် အမြဲမပြတ် ဆက်သွယ်မှုရှိသည်။

သတိုးက MLM (Multi Level Marketing) ဈေးကွက်စီးပွားရေးစနစ်ကို အခြေခံထားတဲ့၊ လင်ဇီးခေတ်စာကို အဓိကထုတ်ကုန်ပစ္စည်းအဖြစ် ဖြန့်ဖြူးရောင်းချ တိုက်ရိုက်ဖြန့်ကုမ္ပဏီတစ်ခုရဲ့ ကိုယ်စားလှယ်တစ်ယောက်၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းလုပ်နေသူ၊ ဝင်ငွေတစ်သမတ်တည်းမဟုတ်ဘဲ ကိုယ်ကြိုးစားရင် ကြိုးစားသလောက်ရနိုင်တဲ့ လုပ်ငန်းဖြစ်လေတော့ ယခုနောက်ပိုင်း သူ့အချိန်တော်တော်များများကို လုပ်ငန်းအတွက်ပဲ အချိန်ပေးကာ သေသေချာချာ အားစိုက်လုပ်ဖြစ်နေပုံပေါ်သည်။

သူ့အသံကြားရတော့ အားတက်မိသည်။ ချက်ချင်း ဘာဆက်ပြောရမည်မှန်းမသိ။ သူ့အသံကြားရတာနှင့် လုံလောက်တယ်ထင်ပါရဲ့။

"ဝေဏီပါ"

"သိတယ်လေ၊ အဲဒါကြောင့် ကိုယ်စောင့်နေတာ"

"ဝေဏီကြောင့် နောက်ကျနေဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ ဘာလို့ ခုမှဆက်တာလဲ၊ နေကောင်းရဲ့လား၊ ရောက်တဲ့နေ့ကကော အဆင်ပြေရဲ့လား"

သတိုးရဲ့မေးခွန်းတွေက အများကြီး။

"ပြေပါတယ်၊ ချောချောမောမောပါပဲ၊ အဘစံလာကြိုနေတယ်"

"ကြည့်ရတာ ပျော်နေပြီထင်တယ်၊ ကြည့်ပါဦး အသံကရွှင်နေတာပဲ၊ နေကောင်းနေပုံပဲ"

သူ့အသံက တစ်ချက်တစ်ချက် ပြတ်ချင်သည်။ ပြောစရာရှိတာ မြန်မြန်ပြောမှ၊ နောက်တစ်ကြိမ်ထပ်ခေါ်တာစောင့်ရလျှင် မလွယ်၊ ကျွန်မပြီးလျှင် ပြောဖို့ ထိုင်စောင့်နေသူတွေလည်း ရှိသေးသည်။

"အင်း ဆိုပါတော့၊ နေကောင်းတယ်ဆိုပါတော့"

အဆောက်အဦးသေးသေး ကျဉ်းကျဉ်းထဲမှာ ထိုင်စောင့်နေတဲ့သူတွေ ရှေ့မှာပြောရတော့ နည်းနည်းပူထူနေမိသည်။

"ဝမ်းသာစရာပဲပေါ့"

"ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်လဲ"

"ဘာမှတော့မဟုတ်ပါဘူး၊ ဝေဏီပြန်လာတော့မလို့၊ ပြီးခဲ့တဲ့အပတ်က ဝေဏီနေမကောင်းပြန်ဖြစ်တယ်၊ ဒီမှာနေရတာ စိတ်မချဘူးသတိုးရယ်၊ တစ်မျိုးပဲ၊ စိတ်ထဲလေးနေတယ်"

"ဘာတွေဖြစ်သေးလို့လဲ"

"ဆိုးဆိုးဝါးဝါးကြီးဖြစ်မလာပေမယ့်၊ ဗိုက်ထဲက စိတ်အနှောင့်အယှက်ဖြစ်လောက်အောင် နာနာနေတယ်၊ ဘာလုပ်ရမှန်းကိုမသိတော့ဘူး"

ကျွန်မ ဆက်မပြောချင်တော့တာနှင့် ရပ်ထားလိုက်သည်။

"ဓာတ်စာတိုးစားလား"

"အင်း"

"အိပ်ရေးကော ဝရစိုက်ရဲ့လား"

"ညဦးပိုင်း ဘယ်လိုမှအိပ်လို့မရဘူး၊ မိုးလင်းပိုင်းမှ နည်းနည်းရတယ်၊ မနက်ဆို ခေါင်းမထူချင်တော့ဘူး"

ရောက်စက ညစဉ် အိပ်ဆေးသောက်ရတာကို မပြောတော့။ ညည

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရမှာ ကြောက်တာတွေ၊ အိမ်မှာနေရတာ ထိတ်လန့်နေတတ်တာတွေ
ထုတ်ပြောမနေတော့။

"ငါဟာ ကျန်းမာတယ်၊ ငါဟာကျန်းမာတယ်၊ ပြီးတော့
ပျော်တယ်" ဟု စိတ်ထဲက ရွတ်ဆိုမိသည်။ မျက်တောင်ကိုသာ
သည်။

အင်း ... လူအများပျော်နေ ကျေနပ်နေပါတယ်ဆိုတဲ့ ဘဝတစ်ခု
ခဏဖြစ်ဖြစ် ဝင်နေကြည့်လို့ရရင်လည်းကောင်းရဲ့။

"ဟိုတလောက အစားနည်းနည်းစုံသွားတယ်၊ ပင်လယ်စာတွေ
သူငယ်ချင်းတွေအိမ်က ခေါ်ကျွေးရင်လည်း သွားစားရပြန်ရော၊ သိတယ်မဟုတ်
လား၊ ဝေဏီက အရမ်းအားနာတတ်တယ်လေ"

"အားနာပါးနာနဲ့ ရောဂါဖြစ်အောင်ကို စားပစ်တယ်ထင်ပါရဲ့"

"အင်း ... အဲဒီအတိုင်းပဲ"

ကျွန်မ ရယ်မောစွာပြောလိုက်သည်။

"တစ်ခါတလေလည်း ဘာမှစားချင်စိတ်မရှိဘူး၊ ဆန်ပြုတ်လော
အသီးအနှံလောက်ပဲ စားဖြစ်တယ်"

"ကိုယ်နဲ့တည့်တာရွေးစားရမှာပေါ့၊ အစာအိမ်ကတော့ လူ
ဘာစားစား ချေတဲ့တာဝန် သူမှန်မှန်လုပ်နေမှာပဲ၊ လင်ဗီးစားရင် အမြန်
ထိရောက်နိုင်တာ အစာအိမ်ပဲ၊ တခြားရောဂါတွေကတောင် ထိုက်သင့်သ
ကြာသေးတယ်၊ ဝေဏီမှာ ရောဂါကအစုံသား၊ ငယ်ငယ်တုန်းကဖြစ်ခဲ့တာ
လည်းရှိတယ်၊ သောက်ခဲ့ရတဲ့အင်္ဂလိပ်ဆေးတွေကော နည်းသလား၊ ခန္ဓာကိုယ်
က လိုအပ်ချက်မှန်သမျှ လင်ဗီးက ညှိပေးမယ်၊ အဆိပ်တွေစွန့်ထုတ်ပေးမ
တဲ့ပြန် မှုလာရင် ဖြေရှင်းရမယ့်နည်းလည်းတွေကိုလည်း ဝေဏီသိနေတာပဲ"

သူက ကျွန်မအနားမှာထိုင်ပြောနေသလို အေးအေးဆေးဆေး ပြော
သည်။

"ကိုယ့်ကိုယ်ကိုယ်လည်း အားပေးပါ၊ ကိုယ့်မှာ ဆေးကောင်းတစ်လ
ရထားပြီ၊ အကောင်းဆုံးအဟာရတစ်မျိုးကို ငါမှီဝဲနေရတယ်ဆိုတာ တွေးမိလ
ဒီဓာတ်စာမှာ side effect မရှိဘူး၊ over dosage မရှိဘူး၊ နာတာရှည်ရောဂါ
အတွက် ဘယ်လောက်ကောင်းလဲ၊ ကိုယ်လက်လှုပ်ရှား လုပ်ဖြစ်လား စာ

www.burmeseclassic.com

www.burmeseclassic.com



ချည်း ဖတ်မနေနဲ့ဦး"

"လုပ်ဖြစ်ပါတယ်၊ ကမ်းခြေဆင်းပြီး လမ်းလျှောက်တယ်"

"ပေါ့ပေါ့ပါးပါးလေ့ကျင့်ခန်းလေးတွေလည်းလုပ်လေ၊ အသီးအနှံတွေ များများစား၊ ခေတ်စာစားရင် ဗီတာမင်စီနဲ့တွဲစားနော်"

"အင်းပါ ... အင်းပါ၊ သိပြီးသားတွေပါ"

သူကရယ်သည်။ "စိုးရိမ်လို့ပါ" ဟုပြောသည်။

"ဝေဏီ ဆေးကုန်ရင်ပြန်လာမယ်"

သူ့အသံပြတ်သွားတဲ့ခဏမှာ ခပ်မြန်မြန်ဝင်ပြောလိုက်သည်။

"မဟုတ်ဘူး၊ ဝေဏီ ဆေးမကုန်ခင် ပြန်လာမှဖြစ်မယ်၊ အခုသောက်နေတဲ့ နှုန်းနဲ့ဆို ဆေးသိပ်မကျန်တော့ဘူး"

သူက လင်ဖီးကို ခေတ်စာလို့ ဘယ်လောက်ပဲပြောပြော ကျွန်မက ဆေးလို့ခေါ်ဝေါ်သုံးနှုန်းတာ နှုတ်ကျိုးနေပြီ။

"အခုခံစားနေရတာကိုကြည့်ပြီး နောက်ဒီ့ထက်ပိုဦးမယ်ဆိုတာသိတယ်၊ ဘာတွေဖြစ်လာမလဲသာ မသိတာ၊ တုံ့ပြန်မှုလို့မယုံနိုင်လောက်အောင်ပါပဲ၊ ဒါပေမဲ့ စိတ်ရှည်ရှည်နဲ့ ဆက်သောက်တော့လည်း သက်သာသွားတာ တွေ့ရ တယ်၊ ဒီလို ကိုယ်တွေ့နမူနာတွေကြောင့် လင်ဖီးနဲ့ဝေဏီနဲ့ မြဲနေတာ၊ ဝေဏီကိုယ်၌ က အယုံအကြည်ကင်းတတ်တာ၊ တစ်သက်လုံးလည်း ဆေးတွေသောက်ခဲ့ ကုခဲ့ ရပြီ၊ ဘယ်တုန်းကမှ မကျန်းမာခဲ့တော့ ဘယ်ဆေးကိုမှ မယုံကြည်ချင်တော့ဘူး၊ ဆရာဝန်ကိုလည်း အားမကိုးရဲဘူး၊ ကိုယ့်ထိုက်နဲ့ကိုယ့်ကံသဘောထားခဲ့တာ ဘယ်လောက်ကြာပြီလဲ"

"ဝေဏီဒါကိုမသောက်ခင်က ကိုယ်တိုင်လေ့လာခဲ့တဲ့အကျိုးပဲ၊ သူများ က ကောင်းတယ် ရှောသောက်လို့ပြောလို့သောက်ရတာနဲ့ ကိုယ်တိုင်လေ့လာပြီးမှ သောက်တာက ယုံကြည်ချက်ချင်းမတူဘူးလေ၊ ကိုယ်တိုင်ကျကျနနလေ့လာလိုက် တော့ ယုံကြည်ချက်က ခိုင်မာသွားတယ်၊ ဒီခေတ်စာကလည်း ဈေးကြီးတယ်၊ အများကြီးစားရတယ်၊ အကြာကြီးလည်းစားရတယ်၊ ကြီးသုံးကြီးလေ၊ သူ့ရဲ့ အာနိသင်ကို သေသေချာချာမသိတဲ့လူတစ်ယောက်က ဒါကို စိတ်ရှည်ရှည်နဲ့ စားဖြစ်ဖို့ဆိုတာ ခဲယဉ်းတယ်၊ ဒါကြောင့်ပြောတာ ဝေဏီအခုလိုစားပြီးတာ အရမ်း ကံကောင်းတယ်လို့"

www.burmeseclassic.com

www.burmeseclassic.com



"သတိုးတို့ကျေးဇူးတွေလည်း များပါတယ်၊ ဝေဏီနားလည်သဘော ပေါက်အောင် စိတ်ရှည်လက်ရှည်ကူညီပေးခဲ့လို့ပေါ့၊ နောက်ဒီကျေးဇူးတင်တယ် ဆိုတဲ့စကားကို လှိုက်လှိုက်လှဲလှဲပြောချင်သေးတယ်"

"သိပ်ပြောလို့ရတာပေါ့၊ ကိုယ်အာမခံတယ်"

ကျွန်မရင်ထဲ လှိုက်ခနဲဖြစ်ကာ မျက်ရည်ဝဲလာသည်။ ပြုံးလိုက်တော့ နှုတ်ခမ်းတွေ တုန်ရင်နေသည်။

သဇင်ဥတွေဆီမှ သဇင်ရနံ့ကလေးမှာ သင်းပျံ့ပျံ့၊ ဆောင်းတွင်းတုန်းက သဇင်ပန်းတွေခူးမယ့်သူမရှိဘဲ ပန်းအုံမှာ ဒီအတိုင်း ပန်းခြောက်ဖြစ်နေတာ တွေ့ရသည်။ ဆောင်းလေအေးအေးမှာဆို ချိုး၍ မွှေး၍ နေပေမည်။ အခုတော့ နွေရဲ့ အပူရှောစွက်နေတဲ့ ရနံ့ခပ်ပြယ်ပြယ်။

အပေါ်ထပ်ရှိအခန်းတိုင်းမှာ အဝါနုရောင်ခန်းဆီးစတွေ လေမှာ တလွင့်လွင့်၊ နှင်းဆီပန်းလေးတွေကလည်း ပန်းအိုးတိုင်းမှာ တင့်တယ်နေသည်။ ပန်းတွေကလှပေမယ့် ကြာကြာမခံ။ ဒါနှင့်ပဲ ကြီးစောစိတ်တိုင်းကျဖြစ်အောင် ခြံထဲက ကြာကြာခံသည့် ပိန်းပန်းဖြူဖြူနီနီတွေ ခူးရသေးသည်။

တစ်အိမ်လုံး သက်ဝင်လှုပ်ရှားပြီး ပြတင်းပေါက်တွေလည်း အားလုံး ဖွင့်ကာ ရှင်းလင်းနေသည်။ မှောင်ကြုတ်ကြုတ်နှင့် အမြဲတံခါးပိတ်ထားသော အိမ်မဟုတ်တော့၊ ကြီးစော ဝမ်းသာဝမ်းနည်းဖြစ်ကာ မျက်ရည်လည်၍ပြုံး၏။ ဒါနှင့်ပဲ စကားတွေပြောလို့မပြီးနိုင်ဖြစ်ရ၏။ ကျွန်မစိတ်ကူးရရာပြောလိုက်သမျှကို လုပ်စရာတွေပေါ်လာကာ သုံးလေးရက်တစ်မျိုး ခန်းဆီးစတွေလဲနိုင်ဖို့ တကုပ်ကုပ် စက်ထိုင်ချုပ်ရတာလည်း တစ်နေ့လုံးမအားတော့။

ပုစုးကတော့ မျက်စိပသာဒဖြစ်ရုံလေးအတွက် ငွေကုန်ကြေးကျခံကာ လုပ်နေတာကို နားမလည်နိုင်။

နေ့လည်စာသောက်ပြီးတော့ လင်း ယူလာပေးသော မဂ္ဂဇင်းတစ်အုပ် ကိုယူကာ အပေါ်ထပ်သို့ တက်ခဲ့သည်။

ပြတင်းပေါက်မှ ခဲလုံးဖြူဖြူလေး ဂေါက်ခနဲ လှိမ့်ဝင်လာသည်။ ကြည့်လိုက်တော့ လင်း၊ စကားစိမ်းပင်အနီးမှာ ရပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်နေတာလဲ" သူက ဦးအောင်မေးသည်။

"စာအုပ်ဖတ်မလို့"

"မပျင်းဘူးလား"

"ပျင်းလို့ စာဖတ်မလို့ပေါ့"

"အဲဒီစာအုပ်တွေပဲဖတ်နေတာ မငြီးဘူးလား၊ ရုပ်ရှင်သွားကြည့်မလား"

"ပျင်းတယ်"

"နင် ရုပ်ရှင်ကြိုက်ပါတယ်"

"ကြိုက်ပါတယ်"

ကျွန်မက လင်းပစ်ပေးတဲ့ စကားစိမ်းခက်ကလေးကိုလိုက်ဖမ်းရင်း ပြောလိုက်သည်။ လက်နှင့်ထိရုံထိပြီး ပြန်ကျသွားသည်။

"တစ်ယောက်ယောက်ကို သတိရနေတာလား"

"အဲဒီလို အရမ်းသတိရကြည့်ချင်တာပဲ"

လင်းက ပန်းတစ်ခက်ချူးရင်း ပစ်ပေးပြန်သည်။

"ပန်းတွေ အလဟဿဖြစ်ကုန်ပြီ၊ တော်ပါတော့"

လင်းက စာအုပ်မဖတ်ပေမယ့် ရုပ်ရှင်တော့ကြိုက်သည်။ ကျွန်မက လက်ဆောင်ပေးလျှင် စာအုပ်ပဲဝယ်ပေးချင်သူဆိုတော့ ရန်ကုန်ရောက်စကတည်းက လင်းကိုပေးခဲ့သည့်စာအုပ်တွေကမနည်း။ ဒါပေမယ့် သူ့ဘီရိုထဲမှာ စာအုပ်တွေက အရာတောင်မယွင်း။ သူက ဖတ်ပြီးသလို ရောချတတ်သေးသည်။ စာအုပ်အမည်တစ်ခုခုပြောလိုက်လျှင် သူက ရုပ်ရှင်ဇာတ်ကားဟု ထင်တတ်သည်။ နပိုလီယန်ဟီးလ်တို့ ဒေးကာနက်ဂျီတို့ကိုလည်း အော်စကာမင်းသားတွေဟု ထင်ချင်ထင်တတ်ပြန်သည်။

"အိမ်မှာ အခွေကြည့်မလား"

"မီးမလာဘဲနဲ့ ဘယ်လိုကြည့်လို့ရမှာလဲ"

"အင်ဗာတာနဲ့ကြည့်လို့ရတယ်"

"နေပါစေ"

"ဒါဆိုရင်လည်းပြီးရော"

"ဘယ်သွားမလို့လဲ၊ ကောင်မလေးနဲ့ ချိန်းထားတာလား"

လင်းက နောက်ပြန်မကြည့်ဘဲ ကျွန်မကို လက်သီးဆုပ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ "သိချင်ရင်လိုက်ခဲ့ပေါ့" ဟုဆိုသည်။

လင်း အင်ကြင်းဆီသွားတာနေမှာ။ သူတို့အကြောင်းတွေးမိတော့ ရင်ထဲမှာ အတန်ငယ်အေးစက်သွားသည်။ ကျွန်မတတ်နိုင်သောကိစ္စမဟုတ်။ လင်းသည် သူ့ရင်ထဲမှာရှိသောအရာများကို ကျွန်မကို ဘယ်တော့မှထုတ်ပြချေသည် မဟုတ်။ တခြားတစ်ယောက်ယောက်ကို ချစ်တယ် မချစ်ဘူးဆိုတာကိုလည်း ကျွန်မကို ပြောပြမည်မဟုတ်။

ကျွန်မ ပတ်ပတ်လည်မှာရှိနေတာက ကိုယ်စိတ်နှစ်ခုမကျန်းမာမှုများသော ဒါတွေကကောင်းလွတ်ပြီး တစ်နေရာရာသွားချင်သည်။ လင်းလို့သိနေတဲ့စိတ်က ကျွန်မကို ပင်ပန်းစေတာအမှန်ပင်။ ကျွန်မတို့ကြား ဘယ်တော့မှ မပျက်ပြယ်တဲ့ ဆက်သွယ်မှုတစ်ခုရှိနေသည်ဟုလည်း အထင်ရောက်သည်။ ဒါကြောင့်ပဲ ကျွန်မ တို့ ဒီအတိုင်းနေသွားကြရဖို့များသည်။

အရှေ့ဘက်ကောင်းကင်တစ်ဝိုက် တိမ်စိုင်တွေစုနေကြသည်။ နေရောင် သည် မနုတော့။ ကောင်းကင်သည် တဖြည်းဖြည်း ပြာလင်း၍လာသည်။ ဖြူဖွေး သော တိမ်စိုင်တို့သည် အဆုပ်လိုက်ရှိနေရာမှ တဖြည်းဖြည်း ပျံ့လွင့်သွားသည်။ နေရောင်မရောက်သေးသောနေရာတချို့မှာ အပင်တွေစိမ်းညို့ကာ မှောင်နေ၏။ တောင်ပေါ်မှမြင်ရသော မြို့ရှုခင်းသည် တစ်မျိုးလှနေ၏။ အပင်တို့ ထူထဲအုံ့ဆိုင်း နေ၏။ အဆောက်အဦခေါင်းမိုးဖြူဖြူတို့ကို အပင်ကြားမှ ကွက်တိကွက်ကြား မြင်ရသည်။

ခပ်ဝေးဝေးရှိ လယ်ကွင်းတွေက အဝါရောင်၊ စိမ်းပြာပြာတောင်တန်းတွေ က တစ်ထပ်ပြီးတစ်ထပ် တွန့်ခေါက်နေသည်။ မနက်စောစောတွင် ဆံတော်၊ အံတော်၊ နံတော် ဘုရားကြီးသုံးဆူဖူးရတာ စိတ်ကြည်နူးစရာ၊ ကျွန်မတို့ရောက်နေ သည့် နံတော်တောင်က ဘုရားကြီးသုံးဆူရှိရာတောင်တွေအနက် အမြင့်ဆုံးဖြစ် သည်။

"တွေ့လား၊ သံတွဲမြစ်ဟာ ဘုရားကြီးသုံးဆူကို ဦးတိုက်ပြီး တွေ့ပတ် စီးဆင်းလာတာ"

"အေးနော်"

www.burmeseclassic.com

www.burmeseclassic.com



"သုတေသီတွေအဆိုအရ ကမ္ဘာ့နိုင်ငံတွေအားလုံးမှာ မသေတဲ့မြို့ သုံးမြို့ရှိတယ်တဲ့၊ ဒွါရာဝတီ သံတွဲမြို့ဟာ မသေတဲ့မြို့သုံးမြို့မှာပါတယ်"

"တခြားမြို့တွေကကော"

"ဆီးရီးယားက ဒမတ်စကတ်ရယ်၊ အိန္ဒိယက ဗရာဏသီရယ်၊ မြန်မာပြည်က ဒွါရာဝတီရယ်ပေါ့"

"ဘယ်လိုမသေတာကိုပြောတာလဲ"

ရှခင်းများကြည့်နေသည့်လင်းနှင့် ကျွန်မအနီးသို့ မေသက်နွယ်ရောက်လာပြီး မေးလိုက်သည်။

"ဒီသံတွဲမြို့ဆိုရင် ဒွါရာဝတီဆိုတဲ့နာမည်က အခုထိခေါ်တွင်နေသေးတယ်လေ၊ ကဿပဘုရားလက်ထက်ကစပြီး ဂေါတမဘုရားရဲ့ သာသနာတော်အတွင်း အခုကာလထိ အမည်မပျောက်ပျက်ဘဲ ထင်ရှားတည်ရှိနေသေးတာကိုပြောတာ"

"အရင်တုန်းက မြို့ဟာ ဘယ်လိုများ အာကာပျံဝဲသွားပါလိမ့်နော်"

"ငါတို့လည်း အဲဒီတုန်းက ဒီမြို့မှာလူမဖြစ်ခဲ့ဘူးလို့ ဘယ်ပြောနိုင်မလဲ"

"အေးနော်၊ မြို့ပျံတွေဘာတွေတောင် စီးချင်စီးခဲ့ရဦးမှာ၊ ဘယ်လိုပျံသွားတာလဲ ပြောပါဦး"

"ရန်သူတွေလာတဲ့အခါ မြို့စောင့်ဘီလူးမက ကျောက်မြည်းရုပ်ရဲ့ ကျောပြင်ကိုပွတ်လိုက်ရင် ကျောက်မြည်းရုပ်က အော်မြည်တယ်တဲ့၊ အဲဒီအခါ တစ်မြို့လုံးဟာ ကောင်းကင်ကိုပျံတက်ပြီး သမုဒ္ဒရာကျွန်းငယ်မှာ တည်နေတယ်တဲ့၊ ရန်သူတွေလာတိုက်ရင် မြို့ကိုရှာမတွေ့တော့ဘူး"

"ထူးဆန်းတယ်နော်၊ ဟောလိဝုဒ်မှာဆို ရုပ်ရှင်တွေဘာတွေရိုက်ပြီး အော်စကာတောင်ရိုတ်နေလောက်ပြီ"

နံတော်တောင်မှဆင်းလျှင် ကျွန်မတို့သည် မြစ်တစ်ဖက်ကမ်းရှိ အံတော်တောင်သို့ သွားကြမည်။ ပြီးလျှင် ကြီးစောတို့စောင့်နေမည့် ဆံတော်တောင်သို့ သွားကြမည်ဖြစ်သည်။ ဆံတော်တောင်တရားရိပ်သာမှာ မိဘများကိုရည်စူး၍ ဆွမ်းကပ်လှူဒါန်းခဲ့သည်။

ရာသီဥတု ကြည်လင်သာယာလျက်ရှိသည်။ ပေလီမှာ ... သည် အစည်ကားဆုံးရာသီဖြစ်သည်။ ကျွန်မပြန်ရဖို့ရက်သည်လည်း ...ဖြည်းဖြည်း

www.burmeseclassic.com

www.burmeseclassic.com



နီးကပ်လာသည်။ မပြန်ခင် ဖေဖေ့ဘန်ဂလိုမှာ ကျွန်မတို့လူစု တစ်ရက်ဆုံကြသည်။

မနက်စောစောကတည်းက မေသက်နွယ်နှင့်ကျွန်မက ချက်ပြုတ်ရန် ဟင်းလျာများဝယ်ကာ ဘန်ဂလိုရှိရာသို့ လာခဲ့ကြသည်။ ပြည့်ပြည့်နှင့်သူ့သူငယ်ချင်းတွေက ဘန်ဂလိုမှာ ရောက်နှင့်နေပြီဖြစ်သည်။

"ဝေဏီယောင်းမလောင်း ဒီနေ့လာမယ်ထင်တယ်"

မေသက်နွယ်က ကျွန်မနှင့် စက်ဘီးချင်းယှဉ်စီးလာသည်။

"ပြည့်ပြည့်ပြောတော့ ဆိုင်မှာလူမရှိလို့ မလာတော့ဘူးဆိုလားလို့"

"သူ့ကိုဘယ်လိုမြင်လဲ ဝေဏီ"

"အင်ကြင်းကိုလား"

"အင်း"

"ဘယ်လိုမြင်ရမလဲ၊ လင်းကြိုက်ရင်ပြီးတာပဲ၊ နင်ကောဘယ်လိုမြင်လို့လဲ"

"လင်းကတော့မသိဘူးကွာ၊ ကောင်မလေးကတော့ အရမ်းကပ်တယ်၊ အင်ကြင်းက ဆက်ဆံရေးကောင်းတယ်၊ ပေါင်းတတ်သင်းတတ်တယ်၊ လင်းတို့တစ်အိမ်လုံးကို သူပေါင်းထားတာကြည့်၊ သူသည်းသည်းလှုပ်ဖြစ်နေတာ ပြည့်ပြည့်တောင်ကြည့်မရဘူး၊ အင်ကြင်းဘက်ကတော့ တစ်ဆွေလုံးတစ်မျိုးလုံး သိတယ်၊ မြို့ကတော်တော်များများကလည်း သူတို့နှစ်ယောက်ကြိုက်နေတယ်လို့ပဲ သိကြတယ်၊ လင်းနဲ့ဗေယျာဆိုတာကလည်း ငယ်ငယ်ကတည်းက လည်ဝင်းဖက်ပေါင်းလာတဲ့ သမီးယောက်ဖတွေလေ၊ ဘာပဲပြောပြော လင်းက တစ်နေ့တော့ ပါမှာပေါ့၊ ဒီလောက်နီးစပ်နေတာ"

ကျွန်မ ဘာမှပြန်မပြောဘဲ ပြုံး၍သာနေလိုက်သည်။

ထိုနေ့က ကျွန်မတို့မိန်းကလေးတစ်စုကို ပင်လယ်ထဲ ကြိုက်သလောက်ဆင်းနေစေပြီး လင်းတို့အဖွဲ့ ချက်ကြပြုတ်ကြသည်။

လင်းချက်ထားတာတွေက ကျွန်မအကြိုက်တွေချည်းပဲဖြစ်သည်။ နံနံပင်နံ့မွှေးသော ကြက်သားသောက်ဆမ်းဟင်းကတစ်ခွက်၊ ငါးသလောက်ဆောင်း၊ ပုစွန်တုပ်မီးဖုတ်ပြီး ကြက်သွန်စိမ်းသံပုရာသီးတို့နှင့် အအိပြေအောင်သုပ်ထားသော ဟင်းသုပ်ကတစ်မျိုး၊ ခရမ်းသီးကို ငရုတ်သီးစပ်စပ်နှင့် ရှိုင်းချက်

www.burmeseclassic.com

www.burmeseclassic.com



ချက်ထားသောဟင်းလည်းပါသည်။ ပြီးတော့ သင်ပေါင်းထိုးကြပ်တိုက် (ငါးရွှေ)နှင့် ချက်ထားသော ငရုတ်သီးချက်၊ ဟင်းတို့အတွက် သခွားသီးစိမ်း၊ ဘူးညွန့်ပြုတ်တို့ကိုလည်း ဖွယ်ဖွယ်ရာရာစီမံထားသည်။

ကျွန်မအဖို့ မစားရတာကြာပြီဖြစ်တဲ့ဟင်းတွေက မျက်စပစ်ပြနေလေသည်။ မောလည်းမော၊ ဆာလည်းဆာလာသည်။

"ငါ ဒီလောက်တစ်ခါမှ ထမင်းမမြိန်ဖူးဘူး"

"စားစား၊ အစားအစာဆိုတာ လူနဲ့တည့်တယ်"

လင်းက ကျွန်မပန်းကန်ထဲ ဟင်းတွေခပ်ထည့်ပေးသည်။

"စားကြနော်၊ ဒီလက်ရာတွေက စားရခဲတယ်"

"နင်တို့နဲ့ရတဲ့မိန်းမတော့ တော်တော်ကံကောင်းမှာပဲ"

လင်းနှင့်ဇေယျာတို့ကို တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြသည်။

"မေသက်နွယ်တို့တော့ တစ်ခါစားဖူးပြီး တစ်သက်လုံးကံကောင်းချင်နေရင်တော့ ဒုက္ခပဲ"

ဇေယျာက အတည့်ပေါက်နှင့်စတော့ မေသက်နွယ် ရှုံ့ရှုံ့ရွားရွားဖြစ်သွားသည်။

"သေနာ၊ ဟင်းရည်သောက်ကို နင်အောင်မလုပ်နဲ့"

သူတို့နှစ်ယောက်က ငယ်ငယ်ကပဲ တည့်တယ်လို့မရှိ။ အမြဲတကျက်ကျက်။ ဇေယျာက မေသက်နွယ်ကိုစဖို့ပဲ အမြဲချောင်းနေသူ။ မေသက်နွယ်ကလည်း တခြားလူစရင် ခံနိုင်ချင်ခံနိုင်ဦးမယ်။ ဇေယျာစလျှင်မခံနိုင်။ ဒါပေမဲ့ သူတို့ရဲ့ငယ်ငယ်တုန်းကသံယောဇဉ်ကိုတော့ ထည့်မတွက်လို့ရမည်မဟုတ်။ ဘာကြောင့်လဲဆိုတော့ နောက်နှစ်နှစ်အကြာမှာ သူတို့ရဲ့မင်္ဂလာလက်ထပ်သတင်းကို ကြားရသောကြောင့်ဖြစ်သည်။ ကျွန်မ အနည်းငယ်မျှ အံ့သြခြင်းမဖြစ်ပါ။

ထိုနေ့က နေဝင်သည်ထိ ကျွန်မတို့ အိမ်မပြန်လိုကြ။ လသာသောညများကို ယခုလို ပြည့်ပြည့်ဝဝမခံစားခဲ့ရတာ ကြာခဲ့ပြီ။

ကျောက်ဆိုင်ကျောက်သားတို့၏အရိပ်သည် မည်းမှောင်ခြင်းရှိ၏။ လရောင်သည် ကြည်စင်ဖြာလွှဲ၍နေ၏။

လင်းသည် ဂစ်တာတီးနေသည့် သူ့အဖွဲ့တွေဆီမှပြန်လာ၍ ကျွန်မကိုရှာနေပုံရသည်။ ကျွန်မကို အုန်းလက်များနှင့် အပင်ရိပ်များက ကွယ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ရာကသတိပေးသလို သူ ကျွန်မဘက်သို့ ဖျတ်ခနဲလှည့်ကြည့်သည်။ သို့သော် တွေ့ပုံမရ။

ကျွန်မမှတ်မိသလောက် သူ့မျက်နှာမှာ သိမ်မွေ့နူးညံ့ခြင်းနှင့်အတူ ဖော်ပြ၍မရသော ညွတ်နူးမှုတစ်ခုကို ကျွန်မတွေ့လိုက်ရသည်။ ပြီးတော့ ကျွန်မရဲ့ ရင်ခုန်သံကို လျှို့ဝှက်သိပ်သည်းစွာ ပြန်ကြားလိုက်ရသည်။

ထိုစဉ်က ဘာကြောင့်မှန်းမသိ လင်း ကျွန်မကိုတွေ့သွားမှာ စိုးထိတ်နေခဲ့သည်။ ခဏနေတော့ လင်း ပြန်လှည့်ထွက်သွားသည်။ ထိုအနေအထားသည် အကောင်းဆုံးအနေအထားတစ်ခုဖြစ်ကြောင်း ကျွန်မနားလည်လိုက်ပါသည်။

မနက်စောစော ကျွန်မရောက်သွားတဲ့အချိန်မှာ လင်းတို့အိမ်တံခါးတွေ မဖွင့်ရသေး။

"လင်း" ကျွန်မအသံပြုလိုက်သည်။

အသံမကြားရ။ နောက်ဖေးတံခါးဖွင့်ထားတာကြောင့် တစ်ယောက်ယောက် နိုးနေပြီအထင်နှင့် လာခဲ့ခြင်းဖြစ်သည်။ အိမ်ရှေ့သံတံခါးကို ကျွန်မ အသာတွန်းဖွင့်ဝင်လာခဲ့သည်။ လက်ထဲကခြင်းတောင်းကြီးက လေးလှပြီ။ ခြေဖဝါးအောက်က ကြမ်းခင်းကလည်း ချောမွတ်အေးစက်နေသဖြင့် သတိထား လျှောက်ခဲ့ရသည်။

မီးဖိုသွားသည့်စကြိုလမ်းကို ကျွန်မဖြတ်လျှောက်လာခဲ့သည်။

"ကျွန်တော့်မှာ အဖေနဲ့ပြောစရာစကားမရှိဘူး"

မီးဖိုထဲမှပျံ့လွင့်လာသော လင်းရဲ့စကားသံကို အရင်ကြားလိုက်ရသည်။

"ဟေ့ကောင် နေဦး၊ ငါပြောနေတယ်နော်"

လေးလေးစိုးရဲ့ ဒေါသသံကိုပါကြားရသဖြင့် ကျွန်မခြေလှမ်းတွေ တုံ့ရပ်သွားသည်။ ဝင်သွားရကောင်းမလား၊ ပြန်ထွက်သွားရကောင်းမလား စဉ်းစားဆဲ ...။

"အဲဒီကိစ္စတွေ ကျွန်တော့်ကိုမခိုင်းပါနဲ့ အဖေရာ၊ ဒီလောက်ဆိုတော့ပြီ ပေါ့၊ အဖေဘာလုပ်လုပ် ကျွန်တော်သိပေမယ့် ဘာမှမပြောဘူး ကိုယ့်ကိုယ်ကိုကြည့်

www.burmeseclassic.com



အားကိုးလို့ အပ်ထားတာတွေကို အဖေအလွဲသုံးစားလုပ်ပေါင်းများပြီ၊ အဘစံတို့လည်း ကြာရင် တစ်နည်းနည်းနဲ့သိမှာပဲ၊ အခုတောင် ရိပ်မိချင်ရိပ်မိနေမှာ၊ သူတို့သိရင်လည်း ကိုယ့်ကိုဘာမှပြန်လုပ်မယ့်သူတွေမဟုတ်လို့ ကျွန်တော် ပိုပြီးလိပ်ပြာမလုံဘူး၊ အခု ဝေဏီရောက်နေတဲ့အချိန်မှာတောင် အဖေက ဒီကိစ္စတွေကို လက်မလျှော့ချင်သေးဘူး၊ ကျွန်တော့်ကို ဦးဘကြည်ဆိုတဲ့လူကြီးဆီကို သွားခိုင်းနေပြန်ပြီ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး အဖေဘာခိုင်းခိုင်း ကျွန်တော်မလုပ်နိုင်တော့ဘူး"

"တော်စမ်း တော်စမ်း၊ ကိုဘကြည် တစ်ဖက်တစ်လမ်းကလုပ်ပေးလို့ ဒီလိုဖြစ်လာတာကွ၊ ငါတစ်ယောက်တည်းလုပ်ရင် သူတို့ရိပ်မိတာကြာပြီ"

ဖေဖေ့စကားလေ့တွေနစ်တာ၊ ဂိုဒေါင်တွေအဖောက်ခံရတာတွေနှင့် ပတ်သက်ပြီး ဟိုတလောက ဦးကြီး ညည်းညူနေ ပြောဆိုနေသေးသည်။

"အဘစံကိုလည်း အဖေ စာရင်းတွေလိမ်နေတာများပြီ၊ ကိုယ့်မှာလည်း လုပ်စားဖို့ရှိနေပြီပဲ၊ အဖေက နောက်ထပ် ကားဘယ်နှစ်စီးလိုချင်သေးလို့လဲ၊ အရင်က အဖေပြောတော့ တဖြည်းဖြည်းပြန်ထည့်ပေးသွားမှာပါဆိုလို့ ကျွန်တော် ခပ်အေးအေးပဲနေခဲ့တာ"

"ငါလုပ်ပေးနိုင်လို့ ဒီလောက်အခြေအနေကောင်းခဲ့တာ၊ ဝေဏီတို့ဦးကြီးက ဘာများပြန်လုပ်ကြည့်လို့လဲ၊ ငါတို့တွေကို အလုပ်သမားတွေလို သဘောထားတယ်၊ သူနည်းနည်းပြန်သိတတ်ရင် ဒီလောက်ထိဖြစ်မှာမဟုတ်ဘူး၊ ငါတို့လည်း ငါတို့ရသင့်ရထိုက်တာယူတာလို့ သဘောထားရမှာပေါ့၊ မင်းက အဖေကိုတောင် စွပ်စွဲချင်သေးတယ်၊ ငါလုပ်နေတာတွေ ဘယ်သူ့အတွက်လဲ၊ ဘယ်သူတွေ လူနဲ့သူနဲ့တူအောင်နေရဖို့အတွက်လဲ၊ ဒီလောက်လေးမှ နားမလည်ဘူးလား"

လေးလေးစိုးမှာ ရှမ်းပြည်နယ်က သူ့ဘကြီးဆုံးတော့ ရသင့်ရထိုက်တာလေးတွေ အမွေအဖြစ်ရလိုက်သည်။ ပြီးတော့ အိမ်မှာစုဆောင်းထားတာနှင့် ပေါင်းပြီး ကားဝယ်သည်ဟု အဘစံက ကျွန်မကိုပြောခဲ့သည်။

ကျွန်မ လေးလေးစိုးကို စာနာမိသည်။ သူတစ်သက်လုံး ကျွန်မမိဘအားရဲ့အရိပ် မကင်းခဲ့ပေ။ တစ်နယ်တစ်ကျေးကနေ ပြည့်စုံကုံလုံခြင်းလည်းမရှိသည့် မိန်းမဖြစ်သူရဲ့ဆွေမျိုးထဲ ဝင်လာခဲ့တဲ့လေးလေးစိုးအဖို့ ခံစားချက်တွေရှိနိုင်သလို၊ ကျွန်မတို့မိသားစုဟာ သူ့အတွက် အားကျစရာ၊ မနာလိုစရာ ဖြစ်ချင်ဖြစ်နေနိုင်

www.burmeseclassic.com



သည်။

"အဖေဒီလိုလုပ်လေ ကျွန်တော်အနေခက်လေပဲ၊ ဝေဿဏိုမျက်နှာကို ကျွန်တော်မကြည့်ရဲအောင် အဖေလုပ်နေတယ်၊ သူနဲ့တွေ့တိုင်း ကျွန်တော့်စိတ်တွေ သိမ်ငယ်ရအောင် အဖေလုပ်တယ်၊ ငယ်ငယ်ကပဲ ကျွန်တော် သူ့ကို ဘယ်နေရာက မှ မီတဲ့အကောင်မဟုတ်ဘူး၊ ရိုးသားမှုလေးတစ်ခုလောက်ကိုတော့ သူနဲ့ယှဉ်နိုင် အောင် ကျွန်တော်ထားချင်တယ်"

လင်းသည် ခါးသီးကြေကွဲစွာ ပြောလိုက်၏။

"မင်းကတော့ ငါ့ကို တစ်သက်လုံးလေးစားမယ့်အကောင်မဟုတ်ဘူး၊ ငါ့ကိုလေးစားပါလို့ ငါမပြောချင်ဘူး၊ ဒါပေမယ့် မင်းသိထားဖို့က ငါလုပ်နေတာ မင်းတို့အတွက်၊ ငါဟာမင်းရဲ့အဖေ"

လင်းတို့ဘာဆက်ပြောကြသလဲ ကျွန်မမကြားချင်တော့။ အခုကြားခဲ့ တာတွေကိုတောင် ခေါင်းထဲကထုတ်ပစ်လိုက်ချင်သည်။ ကျွန်မက ဘယ်သူ့ကိုမှ အခင်အမင် အကြည်ညိုမပျက်ချင်။

"လင်း ... ရေ၊ တော်လေးမေ ဈေးအပြန်နောက်ကျမယ်တဲ့၊ ကြီးစောနဲ့ ဈေးဝယ်ပေးလိုက်တယ်၊ ထမင်းဘူးထည့်ဖို့မီအောင် ပြည့်ပြည့်ကိုနှိုးပြီး ချက်ခိုင်း လိုက်တဲ့"

ကျွန်မ အိမ်ရှေ့ပြန်ထွက်ပြီး လင်းကိုအသံပြုလိုက်သည်။

လင်းရဲ့မျက်နှာက အတန်ငယ်ထန်နေဆဲဖြစ်သည်။ သို့သော် သူ ကျွန်မ ကို အဆင်ပြေစွာ ပြုံးပြနိုင်သည်။

"ဒီမှာ ဈေးခြင်းတောင်း"

နောက်နေ့များတွင် လင်းကို အလုပ်များနေသယောင်နှင့် နှစ်ရက် ဆက်တိုက် မတွေ့ရ။ ကျွန်မကိုရှောင်ချင်သလားတောင် ထင်မိသည်။ လင်းသည် ဒီကိစ္စတွေကြောင့်ပဲ ကျွန်မကို မချဉ်းကပ်ရဲတာလား။ လင်းသည် ကျွန်မရဲ့ လက်တွေ့ဘဝထဲကို တိုးဝင်လာနိုင်သလား။ ဒါကို ကျွန်မ ကောင်းကောင်းတွေး စားရသေးပါ။ သူ့ကို ဘယ်လိုသောကမှမရှိစေချင်တာ အမှန်ပင်။

ည၏အလင်းရောင်ဖျော့ဖျော့အောက်တွင် မြင်ရသောခြံဝင်းကို ငေးကြည့်နေမိသည်။ ဖေဖေ မေမေနှင့် နေခဲ့ရသောအိမ်မှ ကျွန်မသွားရပါဦးမည်။ အဘစ်၊ ကြီးစောတို့နှင့် ခွဲခွာရပါဦးမည်။ ပြီးတော့ လင်း ...၊ အမှန်တကယ်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



လွှန်မနေလို့မဝသေး။ သို့သော် ကျွန်မပြန်ပြေးချင်လှပြီ။

လင်းတို့အိမ်မှ ခြံတံခါးဖွင့်သံကြားရသည်။ လင်း အခုမှ အိမ်ပြန်လာသည်။ သူသည် ဖြည်းလေးစွာလျှောက်လာရာမှ ကျွန်မတို့အိမ်ဆီသို့ မော်ကြည့်သည်ဟု ထင်လိုက်ရသည်။ အမှောင်ထဲမှာ သူ့လှုပ်ရှားမှုက ဝိုးတဝါး။

ကျွန်မ သူ့ကို ဆင်းတွေ့လိုက်ချင်သည်။ ပြီးတော့ မျက်ရည်ဘယ်လောက်ကျကျ ကျွန်မရင်ထဲရှိသမျှ ဖွင့်ထုတ်ပစ်လိုက်ချင်သည်။

ဒီတစ်ကွေ့ကို ကျွန်မ မကျော်ဖြတ်နိုင်တော့။ ဘယ်လိုကျော်ဖြတ်ရမလဲ ကျွန်မမသိ၊ ရပ်နေဖို့ကျပြန်တော့လည်း အန္တရာယ်များလှသည်။ ကျွန်မတို့ ဘယ်လိုရှေ့ဆက်ကြမလဲ။ ခံစားမှုတွေကွယ်ပျောက်ပြီး ဒီနေရာမှာပဲ အချိန်ကာလရပ်တန့်သွားရင် ဘယ်လောက်ကောင်းမလဲ။

နောက်မိနစ်အနည်းငယ်ကြာတော့ ကျွန်မ အောက်ထပ်တံခါးကိုဖွင့်ကာ အုတ်လှေကားထစ်များအတိုင်း ခြံထဲသို့ပြေးဆင်းခဲ့သည်။ ဒီကနေပြီး အဆုံးမရှိ ဘယ်ရောက်ရောက် ပြေးလိုက်ချင်သည်။

လင်းက ကျွန်မကို လှမ်းမြင်လိုက်သည်။ ပုဏ္ဏရိပ်ပင်တန်းကို ခုန်ကျော်ကာ ကျွန်မဆီပြေးလာသည်။

"ဝေဏီ"

သူ့အသံက ခပ်အုပ်အုပ်။

ကျွန်မ ဆက်ပြေးသည်။ ဘယ်ကိုဦးတည်မှန်းမသိ။

"ဝေဏီ ... ဝေဏီ"

သူ့အသံက စိုးရိမ်မှုတွေလွှမ်းမိုးနေသည်။ ကျွန်မပခုံးကို လှမ်းခါ၍ မေးလိုက်သည်။

"ဘာဖြစ်လို့လဲ၊ ဘယ်သွားမလို့လဲ"

ကျွန်မ ဘာမှမပြောနိုင်၊ အသံမထွက်ဘဲ ရှိုက်ငိုနေသဖြင့် ကျွန်မ အလွန်မောဟိုက်လာပါသည်။ တင်းထားသမျှ လျှော့ချလိုက်ပြီး လင်းရဲ့ပခုံးမှာ မျက်နှာအပ်ထားမိသည်။ တဆတ်ဆတ်တုန်ရင်၍ အေးစက်နေသောခန္ဓာကိုယ်သည် နွေးထွေးငြိမ်သက်သွားသည်။ လင်းရဲ့နှလုံးခုန်သံကို ကြားရ၏။ ကျွန်မရဲ့ခုန်သံကိုလည်း ကြားရ၏။

"အိပ်မပျော်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ခေါင်းကို အသာလှုပ်ယမ်း၍ ဖြေလိုက်သည်။

"ဒါဖြင့် ဘာလုပ်ချင်လဲ"

"ဟင့်အင် ... ဘာမှမလုပ်ချင်ဘူး၊ ပြီးတော့ ဘာမှလည်းမတွေးချင်ဘူး"

ကျွန်မ ဝမ်းနည်းစွာပြောလိုက်သည်။

"ပြီးတော့ကော"

"ပြီးတော့ ... ကြောက်တယ်၊ ဝေဏီဟာ ရှေ့လျှောက်လည်း တစ်ယောက်တည်းပဲ"

ကျွန်မ ဗလုံးဗထွေးပြောလိုက်ပြီး ပြန်လှည့်ပြေးရန်ပြင်သည်။ လင်းက ကျွန်မလက်ကိုမလွှတ်ဘဲ ဆွဲထားသည်။

"ငါရှိသားပဲ၊ နင့်နောက်မှာ ငါအမြဲရှိတာပဲ"

နင့်ဘေးမှာ ငါအမြဲရှိတယ်လို့ ဘာကြောင့်မပြောတာလဲ လင်း၊ ဝမ်းနည်းစရာ ခံစားမှုတစ်ခုက ကျွန်မတို့ကြားမှာကျရောက်တော့မှာကို နှစ်ယောက်စလုံး သိနေကြသည်။

"အိပ်မပျော်ရင် လမ်းလျှောက်ထွက်မလား"

လင်းက ညီမငယ်ကိုအလိုလိုက်သည့် အစ်ကိုကြီးတစ်ယောက်ရဲ့ လေသံနှင့် မေးသည်။

"ဘယ်အချိန်ရှိပြီလဲ"

"ဘယ်အချိန်ရှိရှိပေါ့၊ လာ"

ကျွန်မတို့ရဲ့ခြေသံသဲ့သဲ့ကို မှုန်ရီရီညက လျင်မြန်စွာစုပ်ယူလိုက်သည်။ ကမ်းခြေမှလှိုင်းသံမှလွဲ၍ ဘာမှမကြားရ။ ကောင်းကင်နှင့်ပင်လယ်ကား အဆုံးမရှိ ကျွန်မရဲ့အိပ်မက်ထဲက နေရာတစ်နေရာနှင့်တူသည်။

လင်းသည် ကျွန်မကျောချ၍လှဲနိုင်ရန် အုန်းလက်တွေခင်းပေးသည်။ သူက ကျွန်မစကားလှမ်းပြောလျှင် ကြားနိုင်လောက်တဲ့နေရာမှာ လှဲအိပ်လိုက် သည်။

မိုးကောင်းကင်ကို အတူမော့ကြည့်ရင်း သဘာဝအလှကိုခံစားတာ အတွေးကိုယ်စီနှင့် ငြိမ်သက်နေကြ၏။

ဖြူလဲ့သော ပြာစင်သော ညိုလွင်သော တိမ်တိုက်တို့အနောက်ဘက်သို့ တစ်သုတ်ပြီးတစ်သုတ် ခရီးနှင်နေ၏။ နောက်ဆုံးမှာတော့ ငွေစန္ဒာလမင်းကြီးရဲ့

www.burmeseclassic.com

www.burmeseclassic.com



သားမှာ ငွေရောင်တိမ်တိုက်တို့သာ အခစားကျန်ရစ်သည်။ သိပ်မကြာခင်မှာပဲ ထမင်းသည် အနောက်ဘက်မိုးကောင်ကင်သို့ ရွေ့လျားစပြုသည်။

လင်းသည် ဆုံးစမထင်သော ကောင်းကင်ကိုကြည့်ကာ အတွေးနယ်ချဲ့နေပုံရသည်။ ကျွန်မ၏စိတ်သည် တဖြည်းဖြည်း ညွတ်နူးလာကာ မျက်တောင်တို့ မှေးစင်းလာရပြီး မကြာမီ အိပ်ပျော်သွားလေသည်။

ကျွန်မ ယခုတစ်ကြိမ်လောက် တစ်ခါမှ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့ခြင်းမရှိ။ အိပ်ရတာ ခဏပဲဟုထင်မိသည်။ နိုးလာတော့ ရေလှိုင်းအဖျားခတ်သံသဲ့သဲ့ကို နီးကပ်စွာ ကြားလိုက်ရသည်။ ပြီးတော့ ကောင်းကင်ရဲ့အလင်း၊ အလင်းရောင်က ကျွန်မမျက်စိထဲ တိုးဝင်လာသည်။ မနက်စောစောမှာ ပင်လယ်လေသည် ချမ်းတုန်ချင်စရာကောင်းသည်။ ကမ်းခြေအတွင်းပိုင်းရှိ ပင်စည်ချုံနွယ်တွေကြားမှာတော့ အမှောင်ရိပ်တွေဝေနေတုန်း။

"ဟင်"

ဒီရေသည် တဖြည်းဖြည်းတက်လာခြင်းဖြစ်ရာ ယခုဆို ကျွန်မ ခြေထောက်နားအထိရောက်နေပြီ။ မလှမ်းမကမ်းမှာ ခွေခွေလေးအိပ်နေသော လင်းကို မြင်ရသည်။ သူ့ဘောင်းဘီဖျားတွေ စိုစွတ်နေသည်။

"လင်း ခြေထောက်တွေရေစိုနေတာမသိဘူးလား"

လင်းက သူ့ခန္ဓာကိုယ်ကို ဆက်ကွေးလို့မရတော့မှ ထထိုင်သည်။

အရှေ့ဘက်ကောင်းကင်တွင် အလင်းရောင်သည် ရောင်စုံခြယ်၍ပေါ်လာသည်။ ပင်လယ်ပြင်သို့ အရောင်တွေဖိတ်စင်ကျနေ၏။ ပင်လယ်ပြင်သည် အလင်းရောင်အောက်တွင် လှိုင်းအိလေးများနှင့် သိမ်မွေ့စွာ သက်ဝင်လှုပ်ရှားနေသည်။ ခဏနေတော့ ဝိုင်းစက်လှပသော အနီရောင်နေလုံးကြီးသည် စိတ်လှုပ်ရှားစဖွယ် ဘွားခနဲပေါ်ထွက်လာလေသည်။

ကျွန်မသည် အလှတရားကြောင့် အနည်းငယ် မောပန်း၍သွားသည်။ စိတ်လှုပ်ရှားစွာပင် ခပ်သဲ့သဲ့ရယ်မောလိုက်သည်။ လင်းက ကျွန်မကိုကြည့်၍ ပြုံးလိုက်သည်။

"အိပ်ပျော်ရဲ့လား"

"အင်း"

လင်းကို ဘေးတစောင်းမှကြည့်မိသည်။ သူ့မျက်နှာသည် လေကို

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကာ အနည်းငယ်မော့နေ၏။ လည်ကုပ်ကျော်သည့်ဆံပင်တွေက လေမှာ တဖျပ်ဖျပ်လွင့်နေသည်။ သူ့မျက်နှာသည် ဗလာမဟုတ်။ အမြဲတမ်း အဓိပ္ပာယ် တစ်ခုခုကိုဖော်ဆောင်သော မျက်နှာဖြစ်သည်။ ဒီလိုအချိန်မှာ သူ့မျက်နှာကို ခပ်ရိုင်းရိုင်း မြင်လိုက်ရခြင်းသည် ကျွန်မအား တစ်စုံတစ်ရာကို ပြေးလွှားသတိရ စေပါသည်။ ရင်ထဲမှာ ထိခိုက်သောဝေဒနာတစ်ရပ် ဖြစ်ပေါ်လာသည်။

ရှေးဘဝတစ်ခုခုက ဘာများတော်စပ်ခဲ့ပါလိမ့်။

ဒီလိုချစ်စရာကောင်းတဲ့အစ်ကိုကို သွေးချင်းနှောလို့ မောင်နှမတော်စပ် ရခြင်းမှာ ဝမ်းနည်းထိခိုက်ရတာ ဘာကြောင့်ပါလဲ။ အိုး ... သူဟာ တစ်ယောက် ယောက်ရဲ့ အစ်ကိုဆိုရင် ဘယ်လောက်ကောင်းမလဲ။ အဲဒီလိုဆိုရင်လည်း ချစ်စရာ ကောင်းတဲ့လင်းဟာ ကျွန်မအနီးမှာ ရှိနေလိမ့်မယ်လို့ ပြောလို့မရပြန်ဘူး။ ဆန်းတဲ့ ကြမ္မာရယ် ... ကျွန်မကိုမှ ဘာကြောင့်များ ...။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

မိုးမှုန်လေးများကို သယ်ဆောင်လာသောလေသည် ကျွန်မကို ဖြတ်သန်းတိုက်ခတ်သွားသည်။ ကျွန်မသည် ရပ်တန့်နေသူမဟုတ်။ ခြေလှမ်း လှမ်းနေဆဲဖြစ်သည်။ ဘဝသည် နုပျိုဆဲဖြစ်သည်။ ဒီအတွက် ကျွန်မ တစ်စုံတစ်ရာ ရနိုင်သေးသည်ဟု ယုံကြည်သည်။

သတိုးကိုပြန်တွေ့ရတာသည်ပင် အားတက်ခြင်းတစ်မျိုး။

ဟုတ်တယ် ... ဘဝမှာ လွမ်းဆွေးနေလို့ဘယ်ဖြစ်မလဲ။ စိတ်ကို မာမာ ထားဖို့ ကြိုးစားသည်။ အရေးကြီးတာက အရီးကြီးရဲ့အိမ်မှာလည်း ကိုယ့်အိမ်လို ပျော်မွေ့ဖို့ပင်။

စွေစောင်းစောင်းဆင်းဆက်နေသော မိုးစက်ကလေးများကို မြင်ရသည်။ ဒါသည် ပျော်စရာတစ်ခုမဟုတ်ပါလား။ သစ်ပင်တို့သည် မိုးရေအောက်မှာ ရွှင်လန်းလျက်ရှိသည်။ သစ်ပင်လေးတွေ၏လန်းဆန်းမှုကြောင့် ကျွန်မစိတ် ကြည်မွေ့လာသည်။ ယခုလက်ရှိအခြေအတိုင်းသာ လောကက ကျွန်မကို အသိ အမှတ်ပြုစေချင်သည်။

ဒီပျော်ရွှင်မှုကို လင်းလည်းသိစေချင်သည်။ ကျွန်မရဲ့ဝမ်းနည်းမှုတွေ အတွက် လင်းသည် ဘာမှလုပ်ပေးနိုင်သူမဟုတ်။ ထိုဝမ်းနည်းမှုတွေထဲမှာ သူကိုယ်တိုင်ပါဝင်နေခြင်းကြောင့်ဖြစ်သည်။ လင်းသည် သတိုးလို ကျွန်မရဲ့ အဆိုး

www.burmeseclassic.com

www.burmeseclassic.com



အကောင်းအရာရာကို တာဝန်ယူဖြေရှင်းနိုင်သူမဟုတ်။ သူလုပ်ပေးနိုင်တာတစ်ခုက ကျွန်မနှင့်ထပ်တူ ဝမ်းနည်းနေဖို့ပင်။

ဇူလိုင်လဆန်းမှာ လင်းဆီ စာတစ်စောင်ရေးဖြစ်သည်။

"လင်း ... ရေ" လို့ပဲ အစချီဖြစ်သည်။

"နေကောင်းရဲ့လားဟင်၊ ငါလည်းနေကောင်းတယ်ဆိုပါတော့၊ နှင် ပြီးခဲ့တဲ့လတုန်းက ကားပြင်ဖို့လာသေးတယ်ဆို၊ ငါ့ဆီတောင်မဝင်ဘူး၊ စိတ်ဆိုးတယ်သိလား"

"ငါလည်းကျောင်းပြီးတော့မယ်ဆိုပါတော့၊ ကျောင်းပြီးရင်လည်း တခြားတက်စရာသင်တန်းတွေ တက်ရဦးမှာပါပဲ၊ အလုပ်လည်းလုပ်ရဦးမှာကိုး၊ ငါကတော့ ကျောင်းပဲတက်စားချင်တယ်၊ ငါနဲ့ကိုက်မယ့်အလုပ်ကို စဉ်းစားလို့ မရဘူး၊ ဦးကြီးပြောရင်လည်းခံရမှာပဲ၊ ဘယ်မှလဲ သိပ်မသွားမလာနိုင်ပါဘူးဟာ၊ ကျောင်းနဲ့ကျူရှင်တောင်အနိုင်နိုင်၊ ငါ အိမ်မှာ ငြိမ်ငြိမ်နေ ကောင်းကောင်းစား ကောင်းကောင်းအိပ်ရင်ပဲ ကိုကို့ကိုကျေးဇူးပြုရာရောက်ပါပြီ၊ အိမ်သားတွေကိုရော ပေါ့"

အိမ်မှာလည်း လူကြီးတွေချည်းပဲဆိုတော့ ခြောက်ခြောက်သွေ့သွေ့ပေါ့၊ ငါလည်း နေတတ်အောင်ကြိုးစားဆဲပါပဲ၊ တစ်အိမ်လုံး ငါ့ခြေငါ့လက်ဖြစ်အောင် တော့ မလုပ်နိုင်သေးပေမယ့် အရီးကြီးကိုတော့ ကူဖော်ရနေပါပြီ၊ ဒီအိမ်ကနေ သူတို့သားသမီးတွေ တစ်ယောက်ပြီးတစ်ယောက် ခွဲခွာသွားကြပေမယ့် ငါတစ်ယောက်ပဲ ခိုကပ်နေဖြစ်တာ ထူးဆန်းသား၊ ဦးကြီးသမီးအငယ်ဆုံး မဝန်းနု တုန်းကလည်း ကျောင်းမပြီးခင်ကတည်းက အဆောင်မှာ သူငယ်ချင်းတွေနဲ့စာရ ကျက်တယ်ဆိုပြီး အိမ်ကပ်တာမဟုတ်ဘူး၊ သူက 'ဝေဏီအပြင်မှာမနေချင်ဘူး လား၊ ကိုယ့်ဘာသာမနေချင်ဘူးလား' တွေ့တိုင်းမေးနေတာ၊ တကယ်တော့လည်း အရီးကြီးတို့အပေါ် စိမ်းကားလို့လည်းမရပါဘူး၊ အသက်ကြီးလာရင် သနားစရာ တစ်မျိုးကောင်းတယ်၊ သူတို့အရိပ်မှာ ငါလုံခြုံပါတယ်၊ မဖြစ်နိုင်တာတွေတွေးပြီး ငါမနေချင်တော့ဘူးလင်း၊ ဖြစ်လာတဲ့ဘဝကိုပဲ လက်သင့်ခံပြီး ပျော်အောင် နေတော့မယ်"

"ဦးကြီးကတော့ ငါဘာလုပ်မလဲစောင့်ကြည့်နေပုံပဲ၊ တစ်ရက်တော့

www.burmeseclassic.com

www.burmeseclassic.com



အခင်းထိုင်းမှာ ငါဘာလုပ်မယ်စိတ်ကူးထားလဲလို့ မေးတယ်၊ ငါကလည်း အဲဒီလို အမေးခံရရင် ကြောက်သွားတာပဲ၊ ဦးကြီးက အလုပ်ချစ်သူကိုး၊ ဦးကြီးက သူ့ဘဝ ကို အောက်ခြေကစပြီးတက်လာတာ၊ ဦးကြီးငယ်ငယ်ကပဲ မလုပ်ဖူးတဲ့အလုပ်ဆို တာ မရှိသလောက်ပဲ၊ တကယ့်စီးပွားရေးသမား၊ ငါသိသလောက်တော့ ဦးကြီး ဟာ သူ့ဘဝမှာ စာအုပ်တစ်အုပ်မှဖတ်ဖူးပုံမရဘူးဟ၊ ငါကတော့ ဦးကြီးသဘော ကျတဲ့လူမျိုးတော့မဟုတ်ဘူးပေါ့၊ ကိုကိုတစ်သက်လုံးရှာကျွေးထားရင်တော့ အတိုင်းထက်အလွန်ပေါ့"

"နင့်အလုပ်တွေလည်း အဆင်ပြေတယ်ကြားတယ်၊ ဂိတ်မှာပဲနေရတာ များတယ်ဆို၊ ကျန်းမာရေးတော့ ဂရုစိုက်ပါလင်းရာ၊ ကားသမားတွေနဲ့ပေါင်းပြီး ဆေးတောတောလည်းမနေနဲ့ဦး၊ ပျင်းလို့ ကွမ်းယာဝါးတာကနေ ကွမ်းစားတတ်နေပြီ ဆို။ ကွမ်း၊ ဆေးလိပ်၊ အရက်ကို ရှောင်နိုင်ရင်ရှောင်စမ်းပါ လင်းရာ၊ ကျန်းမာရေး ထိခိုက်မယ့်အလုပ်တွေကို မလုပ်စေချင်ဘူး၊ ငါကတော့ ကျန်းမာရေးဆုံးရှုံးဖူးလို့ ဒီခံစားချက်တွေကို ကောင်းကောင်းသိနေပြီ၊ နဂိုက ကျန်းမာပြီးသားပဲ၊ ကျန်းမာ နေတာကို ကျန်းမာတဲ့အတိုင်းထားနိုင်တာ အကောင်းဆုံးပဲလင်း၊ ဖြစ်လာမှကုမယ် ဆိုတာ မစဉ်းစားနဲ့၊ နာပြီးရင်နာတာပဲ"

"ရှေ့ဆုံးက 'တစ်'ဂဏန်းကို ကျန်းမာခြင်းလို့သတ်မှတ်ပြီး နောက်က 'သုည'ဂဏန်းတွေကို ငွေကြေးဥစ္စာချမ်းသာကြွယ်ဝခြင်း ဘွဲ့ထူးဂုဏ်ထူးတွေလို့ သတ်မှတ်လိုက်မယ်ဆိုပါတော့၊ ရှေ့ဆုံးကကျန်းမာခြင်း 'တစ်'ဂဏန်းသာမရှိရင် နောက်က 'သုည'တွေဟာ ဘာမှလုပ်လို့မရဘူး၊ ဘာမှအသုံးမဝင်ဘူး"

လင်းသည် ကျွန်မစာဖတ်ပြီး တဝါးဝါးသမ်းနေမည်မှာ သေချာသည်။

"ဝတ္ထုတစ်ပုဒ်လားမှတ်ရတယ်" သူမကြာခဏပြောတတ်သည်။

နောက်ဆုံးမှာ "ပျော်ရွှင်ပါစေ လင်း" ဟု အဆုံးသတ်ပြီး လက်မှတ်ထိုးဖို့ စဉ်းစားဆဲ၊ ရေးနေကျဖြစ်တဲ့ 'နင့်ရဲ့ဝေဏီ' အစား 'သတိရလျက် ဝေဏီ' ဟုသာ ပြောင်းလဲရေးပေးလိုက်တော့သည်။

ကျွန်မကျောင်းကပြန်လာတော့ အရီးကြီးကို ခြံထဲမှာတွေ့ရသည်။

"ကိုကို့ဆီကဖုန်းလာတယ်၊ ဝေဏီနဲ့မတွေ့လို့ညနေမှ တစ်ခေါက်

www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆက်မယ်ပြောသွားတယ်”

အရိုးကြီးက ပန်းပင်တွေရေလောင်းနေရာမှ ကျွန်မတို့ကိုလှမ်းပြောသည်။

ကျွန်မ အပေါ်ထပ်သို့ ပျော်ရွှင်စွာပြေးတက်ခဲ့သည်။ မောပန်းသောအာ တွေတောင် ပြေပျောက်ကုန်သည်။ ကိုကိုနှင့်ဖုန်းမပြောရတာကြာပြီကိုး။

ဒီအိမ်မှာ ကျွန်မအနှစ်သက်ဆုံးက ကျွန်မရဲ့အိပ်ခန်းဖြစ်သည်။ ကျွန်မ စိတ်ကြိုက် သိမ်းဆည်းထားတဲ့အမှတ်တရပစ္စည်းများ၊ ကျွန်မရေးဆွဲထားတဲ့ ပန်းချီကားများနှင့် ပြတိုက်အသေးစားလေးပမာပင်။ ကျွန်မမွေးနေ့တိုင်း ဖေဖေနှင့် မေမေ ပေးခဲ့သော မွေးနေ့လက်ဆောင်များကလည်း နှစ်အလိုက် စီစီရီရီ။ ဒါပေမဲ့ ကျွန်မအသက်(၁၃)နှစ်ပြည့်အတွက် မေမေရဲ့နောက်ဆုံးလက်ဆောင် ဖိနပ်ကလေး တစ်ရံကတော့ ပျောက်ဆုံးနေပါသည်။ ကျွန်မဘယ်လိုရှာရှာ မတွေ့တော့။ ဘယ်မှာထားမိလဲစဉ်းစားမရ။ ယခုအချိန်မှာ တန်ဖိုးထက် အဆပေါင်းများစွာ ပေးဝယ်ရမည်ဆိုလျှင်လည်း ထိုဖိနပ်ကလေးကို ကျွန်မပြန်လိုချင်ပါသည်။

ကျွန်မမွေးနေ့တွေမှာ ဖေဖေ မေမေတို့ လက်ဆောင်ပေးနိုင်ချေရှိသော ပစ္စည်းလေးများကို ပုံဖော်မှန်းဆပြီး ကိုယ့်အတွက်မွေးနေ့လက်ဆောင်ကို ကိုယ့်စိတ်တိုင်းကျ ဝယ်ပေးနေခဲ့တာလည်း နှစ်ပေါင်းမနည်းတော့။ သတိုးကတော့ “ဝေဏီ သိပ်ကလေးဆန်တာပဲ” ဟုဆိုသည်။ နောက်တော့ သူကပဲ ဝေဏီ့ရဲ့မွေးနေ့ လက်ဆောင်ကို ကိုယ်တာဝန်ယူပါရစေဆိုတော့ ကျွန်မ ပျော်ရွှင်စွာလက်ခံခဲ့သည်။

ကျွန်မရဲ့အိပ်ခန်းကကြည့်လျှင် ခြံထောင့်ရှိစကားပင်ကြီးကို မြင်ရသည်။

ကိုကိုနှင့်ကျွန်မ ဒီအိမ်ကိုရောက်တော့ ခြံထဲမဝင်ခင် ထိုစကားစိမ်းပင် အောက်မှာ ရပ်လျက် ကျွန်မတို့နေရမည့်အိမ်ကြီးကို ရပ်ကြည့်နေခဲ့ကြသည်။ ကျွန်မရဲ့လက်သေးသေးလေးတစ်ဖက်က ကိုကို့တစ်တောင်ဆစ်မှာချိတ်လျက်၊ ပိန်ရှည်ရှည် ကိုကို့အရပ်ကြောင့် ကိုကို့ကို ကျွန်မစကားပြောရခက်နေခဲ့သည်။ လည်ပင်းထဲမှာ တစ်စုံတစ်ရာ တစ်ဆို့နေတာကြောင့်လည်းဖြစ်သည်။

အရိုးကြီးတို့အိမ်သည် ဆင်ဝင်မြင့်မြင့်နှင့် ရှေးဆန်ဆန်နှစ်ထပ်တိုက် အိမ်ဖြစ်သည်။ ကားပေါ်မှပစ္စည်းတွေချနေစဉ် အိမ်ရှေ့တံခါး ဖျတ်ခနဲပွင့်လာသည်။ ပြီးတော့ ကျွန်မတို့ကို ဝမ်းသာဝမ်းနည်းကြိုဆိုလိုက်တဲ့ အရိုးကြီးရဲ့မျက်နှာကို မြင်လိုက်ရသည်။

ဒီရောက်ပြီးအဖြစ်အပျက်တွေက ကျွန်မမှတ်ဉာဏ်မှာ မှုန်ဝါးဝါး

www.burmeseclassic.com

www.burmeseclassic.com



ထယ်ဘဝလောက် ထင်ရှားခြင်းမရှိ။ ဤအိမ်နှင့်လည်း ယခုတိုင် ခပ်စိမ်းစိမ်း၊ မိဘတွေ ဆုံးပြီးနောက် အရီးကြီးနှင့် ဦးကြီးတို့ကို မိဘနေရာ ဘာကြောင့်အစားမထိုးနိုင်ခဲ့တာပါလိမ့်။ ကျွန်မရောက်စက အရီးကြီးကလည်း သူ့သားရေးသမီးရေးကိစ္စတွေနှင့် ဖျာများကာ ဦးကြီးကလည်း သူ့စီးပွားရေးကိစ္စတွေနှင့်ပဲ လုံးလည်လိုက်နေတာကြောင့်ပဲလားတော့မသိ၊ သူတို့သားသမီးလည်းမဟုတ်ဘူးဆိုတဲ့စိတ်ဝင်ကာ ကျွန်မကိုယ်တိုင်က သူတို့နှင့် ခပ်ဝေးဝေးနေခဲ့တာကြောင့်လည်းဖြစ်မည်။ သူတို့ကို ကျွန်မမိဘတွေအဖြစ် မြင်ယောင်ဖို့ မကြိုးစားခဲ့တာကို နောင်တရသည်။ သိပ်မိုက်မဲတာပဲ။

ကိုကိုဖုန်းဆက်တော့ ညနေ(၆)နာရီ၊ ကိုကိုတို့ဆီမှာ ည(၉)နာရီ။

"ဟဲလို ကိုကိုလား" ဟု တန်းပြောလိုက်သည်။

ကိုကိုက ကျွန်မကျန်းမာရေးကို အရင်ဆုံးသတင်းမေးသည်။ ဒီအကြောင်းတွေ သိပ်မပြောချင်ပါဘူးဆိုမှကွယ်။ ကောင်းလာမှာပါ၊ ကောင်းလာမှာပါ၊ ကိုကိုစိတ်ချ။ ဝေဏီ စိတ်ကျန်းမာအောင်နေဖို့ပဲလိုတော့တာ။

"ဘယ်သူ့သီချင်းသံလဲ"

တီဗွီထဲကလာနေတဲ့သီချင်းသံကို ကိုကိုကြားသွားပုံရသည်။ တီဗွီအကျယ်ကြီးဖွင့်ထားတာကိုး။

"မီးမီးခဲ"

"ဘယ်သူ"

"ကဗျာဘွဲ့မှူးရဲ့ညီမ၊ စောဘွဲ့မှူးရဲ့သမီး"

ဆွေမျိုးစပ်ပြရသေးသည်။

"ဩော် ... ဩော်" တဲ့။

အခုနောက်ပိုင်းမှပေါ်လာတဲ့ အဆိုတော်သစ်ကလေးတွေဆို ကိုကို တစ်ယောက်မှသိမည်မထင်။

"ကိုကိုကော နေကောင်းရဲ့လား"

"ကောင်းတယ်"

"ဟိုတလောကပေးလိုက်တဲ့ဓာတ်ပုံထဲမှာကြည့်ရတာ ကိုကို့မျက်နှာမှာ မှဲ့ခြောက်တွေနဲ့လိုပဲ"

"ရလာပြီပေါ့၊ ဘဝရဲ့ဒဏ်ချက်တွေ၊ လောကဓံရဲ့အမှတ်အသားတွေ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့"

"ဝေဏီမှာလည်း ဘဝရဲ့ဒဏ်ရာဒဏ်ချက်တွေရှိပါတယ်၊ ရင်ဆိုင်ခဲ့ရ
တယ်နော်"

"ဘာတွေများပါလိမ့်"

"တစ်နေ့က ဖိနပ်အသစ်စီးလို့ ခြေထောက်ပေါက်တာ၊ ခြေထောက်
တစ်ခုလုံး ပလာစတာကပ်ထားရတယ်"

"ကြီးကျယ်လှချည်လားကွယ်"

ကိုကို့ရယ်သံကြားရ၏။ ကြည့်စမ်း ... ကိုကို့ရယ်သံမကြားရတာ
ကြာပြီ။ ကိုကို့ကို အမြဲပျော်စေတတ်တဲ့ညီမတစ်ယောက်တော့ ဖြစ်ချင်သား။ ကိုကို့
အနားမှာပေါ့။

"ကိုကိုက ကားမှဝယ်မပေးဘဲ"

"အေးနော် ... တော်တော်ရက်စက်တဲ့အစ်ကိုပဲ"

"ကိုကိုအခုပိန်နေလား၊ ဝနေလား"

"အခု အလုပ်နားလို့ အိမ်မှာ အိပ်လိုက်စားလိုက်နဲ့ နှစ်ကီလိုလောက်
တက်လာတယ်၊ ခန့်ချောကြီးပေါ့"

"အလုပ်ထဲရောက်ရင် ပိန်သွားလား၊ အလုပ်ပင်ပန်းလို့လား"

"အလုပ်ထဲမှာ ထမင်းချက်က ဂရိလူမျိုးလေ၊ သူချက်တာ ဘယ်လိုမှ
စားလို့မရဘူး၊ ပေါင်မုန့်နဲ့အသားနဲ့ပဲ စားနေခဲ့ရတယ်၊ အလုပ်ကပင်ပန်းတယ်လို့
လည်း ဘယ်ဟုတ်မလဲ၊ ဒီလိုပဲပေါ့"

ကိုကို့ကိုမေးလိုက်တိုင်း ဒီလိုချည်းပဲ၊ ကိုကိုက သင်္ဘောကုမ္ပဏီတစ်ခုမှာ
အလုပ်ဝင်နေသည်။ ခရီးထွက်ရတာများသည်။ ပြန်ရောက်လျှင်တော့ ဒါဝင်
(Darwin) က သူတို့သူငယ်ချင်းတစ်စုငှားထားသည့်အိမ်မှာ နေသည်။ ထိုကို
ထမင်းချက်တဲ့နေ့ဆို အားလုံးထမင်းမြိန်ကြသတဲ့။ အသားတွေ၊ ဘဲဥတွေ
ဟင်းသီးဟင်းရွက်တွေ၊ ပဲတွေ အားလုံးရောပြီး မဆလာနိုင်နိုင်နှင့်ချက်တတ်သော
သီပ်ကောင်းဆိုပဲ။

ကိုကိုက အလုပ်မှခဏနားပြီး ကျောင်းဆက်တက်သည်၊ ပြီးတော့
လက်ရှိထက်ကောင်းတဲ့အလုပ်တစ်ခု ထပ်ရှာမည်ဟု စီစဉ်ထားသည်။ သို့သော်
ယခုအချိန်မှာ ကျွန်မရဲ့ဆေးဖိုးတွေအတွက် သူ ဒေါ်လာရှာလို့မပြီး၊ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



အတွက်သာ ငွေကုန်ကြေးကျမများလျှင် သူ့ အချိန်ပိုင်းအလုပ်ကလေးတစ်ခု ဝင်လုပ်ပြီး အေးအေးဆေးဆေး ကျောင်းတက်နိုင်သည်။ ကိုကိုရဲ့ဘဝတက်လမ်းတွေကိုပါ ကျွန်မနှောင့်ယှက်မိနေတာ တွေးမိတိုင်း စိတ်မကောင်းပါ။

ကိုကိုက ယောကျ်ားလေးပီပီ ကားတွေ၊ စက်တွေ၊ လျှပ်စစ်ပစ္စည်းတွေထို စိတ်ဝင်စားသည်။ အရာရာကို သင်ကြားတတ်မြောက်လွယ်သည်။ ဉာဏ်ကောင်းသူပီပီ အတွက်အချက်မှာတော်သလောက် စာကျက်တော့ အင်မတန်ပျင်းသည်။ မေမေစာကျက်ခိုင်းလျှင် ဖတ်စာအုပ်အတွင်းမှာ ဝတ္ထုစာအုပ်ထည့်ပြီး ခိုးဖတ်တတ်သူ။ ဒီလောက်စာကျက်ပျင်းသည့်ကိုကိုက ဆယ်တန်းမှာ သမိုင်းဂုဏ်ထူးနှင့်အောင်တော့ ကျွန်မအံ့ဩရသေးသည်။

"ဝေဏီလည်း တစ်နှစ်လုံးစာတွေပစ်ထားတာ၊ အခုမှလိုက်လုပ်နေရတယ်"

"ကိုကို့ညီမက တော်ပြီးသား၊ ဖွဲ့ကလည်းကောင်းပြီးသား"

"ဝေဏီဖွဲ့ကောင်းတာတော့မပြောနဲ့တော့၊ ကိုကိုမှတ်မိလား၊ ကိုကိုသားရေကွင်းပစ်တဲ့နောက် တကောက်ကောက်လိုက်နေလို့ ဝေဏီ့ကို မေမေရိုက်တာလေ၊ မိုးချုပ်တဲ့အထိ ဝေဏီအိမ်ပြန်မရောက်လို့ မေမေကစိုးရိမ်ပြီးဒေါလည်းပွနေပြီ၊ ဝေဏီမှာကလည်း ပွဲကြီးပွဲကောင်းလေ၊ ကိုကိုကလည်း ပစ်တိုင်းမှန်တာကိုး၊ ဝေဏီမရှိရင် ဘေးကကောင်လေးတွေဝင်ကောက်လို့ကုန်မှာပေါ့၊ ကိုကိုနိုင်တဲ့ သားရေကွင်းတွေကို ဝေဏီက ဂါဝန်နဲ့ထုပ်ထားရတယ်၊ တစ်ကိုယ်လုံးလည်း မည်းတူးလို့၊ ထမင်းဆာရမှန်းလည်းမသိဘူး၊ အိမ်ရောက်တော့ မေမေတုတ်ကိုင်ပြီး ရွယ်တောင်မရွယ်ရသေး ဝေဏီက ဝမ်းနည်းပမ်းနည်းနဲ့ငိုတာလေ၊ မေမေက "တိတ်၊ မတိတ်ရင် ငါရိုက်လိုက်မှာနော်" လို့ ဘယ်လောက်ပဲပြောပြော ဝေဏီအငိုမရပ်ဘူး၊ နောက်ဆုံးတော့ မေမေလက်လျှော့ပြီး တုတ်ကိုလွှင့်ပစ်လိုက်ရတယ်လေ"

ကိုကိုကတော့ ငယ်ဘဝကို ကျွန်မလို လွမ်းလွမ်းဆွတ်ဆွတ် သတိရတတ်ပါလေစ။ ကျွန်မပြောတော့ ကိုကိုငြိမ်၍နားထောင်နေသည်။

ကိုကိုကတော့ မေမေ့ဆီမှာ တစ်ခါမှ အရိုက်ခံဖူးပုံမပေါ်။ ယောကျ်ားလေးတွေဆိုတော့ ဘယ်သွားသွား ဘာလုပ်လုပ် မေမေကသိပ်မပြော။

ကိုကို့မှာ ညမိုးချုပ်မှာရောက်ကာ ရေတဗွမ်းဗွမ်းချိုး၊ ထမင်းတောင်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းမစားနိုင်ဘဲ ရှယ်တူကောင်လေးတွေနှင့် လမ်းလျှောက်သွားရသည်။ ကွမ်းယာစားရသည်။ လမ်းထိပ်ကအုတ်ခုံမှာထိုင်ကာ ထွေရာလေးပါး ပြောရဦးမည်။ အိမ်ပြန်ရောက်တော့လည်း ည(၉)နာရီဆိုတော့ ကိုကို့မှာ စာဖတ်ဖို့ အချိန်သိပ်မရှိ။ စာမေးပွဲနီးလာချိန်မှာတောင် "စာလေးဘာလေးကျက်ပါဦး သားရယ်၊ စားမေးပွဲကဖြေရတော့မယ်" ဆိုတဲ့ မေမေရဲ့လေသံချိုအေးအေးကို စောင့်ပြီးမှ စာဖတ်တတ်သူ။

ကိုကိုကြီးကောင်ဝင်လာတော့လည်း သူ့သူငယ်ချင်းတွေလို လူမိုက် ကာလသားနှင့်မတူတာ အမှန်ပင်။ သူများတွေရည်းစားထားချိန်မှာ ကိုကိုက ရေကူးလို့ကောင်းတုန်း။ ငါးဖမ်းလို့ကောင်းတုန်း။ ကလေးမိုလ်လုပ်ချင်တုန်း။ ရွယ်တူကောင်မလေးတွေကို နောက်ပြောင်ရကောင်းမှန်းလည်းမသိ၊ ကာလသားတွေ သီချင်းဆိုတဲ့အုတ်ခုံမှာ ထိုင်ဖော်ရပေမယ့် ဂစ်တာမတီးတတ်၊ သီချင်းမဆိုတတ်၊ တခြားကောင်လေးတွေလို ဘော်လုံးလည်းမကန်၊ အိမ်မှာရှိသည့် မော်တော်ကားတစ်စီးကိုသာ ဟိုနှိုက်သည်နှိုက် လုပ်နေတတ်သည်။ ကားအောက်ဝင်ပြီး တစ်ကိုယ်လုံး စက်ဆီတွေနှင့်မည်းတူးမှ ပြန်ထွက်လာတတ်သည်။ အိမ်မှာရှိသည့် လျှပ်စစ်ပစ္စည်းမှန်သမျှလည်း ကိုကိုမဖျက်ဖူးတာမရှိ။ သူ့အပြောတော့ ပြင်တာတဲ့။ အားလုံးတစ်စစီဖြစ်တော့မှ သူ့လုပ်ငန်းကရပ်တော့သည်။

ဖေဖေကလည်း သူ့သားကို ဘာမှပြောလေ့ရှိသူမဟုတ်။ တစ်ခါတော့ ဖေဖေနှင့်ကိုကို ပြဿနာဖြစ်ဖူးသည်။ ကြီးကြီးမားမားတော့မဟုတ်။ ကိုကို့ကို ဖေဖေက "ဟော့ကောင်" ဟုခေါ်သောကြောင့်ဟု ကျွန်မနားလည်လိုက်သည်။

ထိုစဉ်က ကိုကိုသည် ဖေဖေရဲ့ "ဟော့ကောင်"အတွက် ဘာကြောင့် ဝမ်းနည်းမှန်း ကျွန်မနားမလည်ခဲ့။ မေမေ ကျွန်မကိုရိုက်တာ သိပ်မနာလှပေမယ့် ကျွန်မဝမ်းနည်းပမ်းနည်း ငိုကြွေးခဲ့ရသည်နှင့် ဆင်တူမလားမသိ။

ကိုကိုက နည်းနည်းလောက်သောက်လျှင် များများပျော့ခွေနေတတ်သည်။ ဖေဖေက "မင်းယောက်ျားမဟုတ်ဘူးလားကွ" ဟု မျက်နှာထားတင်းတင်း နှင့် ဆိုတတ်သည်။ ကိုကိုကလည်း ထိုအချိန်မျိုးတွင် ဖေဖေပြောသမျှ ငြိမ်ခံခိုက် တတ်သည်။

ထိုနေ့က ဖေဖေအပြင်သွားရန် ကားထုတ်နေစဉ် ကိုကိုက သူ့ဟာသူ စိတ်လွတ်လပ်လို့ပဲလား၊ အမူးပြေလို့ပဲလားမသိ၊ "ဟေးနှ" တစ်ချက်အော်ကာ

www.burmeseclassic.com

www.burmeseclassic.com



လှေကားထစ်များကို ပြေးဆင်းသည်။

"ဟော့ကောင် ပြန်လာခဲ့စမ်း"

ဖေဖေက ကားပေါ်မှနေ၍ လှည့်မကြည့်ဘဲ လှမ်းခေါ်လိုက်သည်။ ကိုကိုက သူ့ကိုခေါ်တာမဟုတ်သလို မယုံသင်္ကာနှင့် ပြန်လှည့်ကြည့်သည်။ သူ့မျက်နှာမှ အံ့ဩရိပ်တွေနှင့်။

မေမေက ပြတင်းပေါက်မှရပ်ကြည့်ရင်း ဒီလိုအသက်အရွယ်မှာ သားယောကျ်ားတွေရဲ့ အဖေအပေါ်ထားတတ်တဲ့မာနကိုသိကာ စိုးရိမ်မကင်းဖြစ်နေသည်။ သို့သော် ကိုကို့မှာ ထိုမာနမျိုးရှိပုံမရ။ သူ့ကို ဖေဖေ တစ်ခါမှမခေါ်ဖူးသည့် "ဟော့ကောင်" ဆိုတဲ့ အခေါ်အဝေါ်အတွက် အံ့ဩဝမ်းနည်းနေပုံရသည်။

"ကျွန်တော် ဖေဖေ့ကို အရွဲ့တိုက်ပြီးအော်တာမဟုတ်ပါဘူး၊ ကျွန်တော့်ကို ဘာကြောင့် ဖေဖေဒီလိုခေါ်ရတာလဲ"

ဖေဖေထွက်သွားပြီးမှ မေမေ့နားကပ်ကာ ခပ်တိုးတိုးပြောသည်။ ကိုကိုသည် ဘယ်သူမှမသိအောင် အတော်ကြာစိတ်မကောင်းဖြစ်နေပုံရသည်။ ဖေဖေသည် ကိုကို့လိုသားတစ်ယောက်အတွက် ဂုဏ်ယူကျေနပ်စိတ်ကို ဘယ်တော့မှ မဖော်ပြတတ်သော်လည်း ရာနှုန်းပြည့် ကိုကို့အပေါ် ယုံကြည်စိတ်ချမှုရှိတာ ကျွန်မသိသည်။ ဒါတွေ ကိုကိုလည်းသိမည်ထင်ပါသည်။

အရီးကြီး အိမ်ပေါ်တတ်လာသည်ထိ ကျွန်မနှင့်ကိုကို ဖုန်းပြောလို့မပြီးသေး။ ကိုကိုကလည်း ကျွန်မစိတ်ကူးရတာပြောသမျှ စိတ်လိုလက်ရနားထောင်တတ်သူ။

ဦးကြီးရဲ့လုပ်ငန်းကိုင်ငန်းတွေနှင့် ဦးကြီးဆီအပ်ထားတဲ့ ငွေရေးကြေးရေးကိစ္စတွေကို ကျွန်မမပြောနိုင်သလို ကိုကိုကလည်း စိတ်ဝင်တစားမေးမြန်းခြင်းမရှိ။ ကိုကိုကိုယ်တိုင်က "ဦးကြီးကောင်းသလိုစီစဉ်ပါ" ဟုသာ လွှဲအပ်ထားတာမဟုတ်လား။ ကျွန်မကလည်း ငွေကြေးများများမကိုင်တွယ်တတ်၊ ကိုကိုပေးပို့သမျှ ဦးကြီးကိုသာအပ်ထားဖို့တတ်ပြီး ကျွန်မမှာ တစ်လုံးတစ်ခဲငွေလိုလာလျှင် တောင်းယူဖို့ တွန့်ဆုတ်တတ်သူဖြစ်သည်။

တစ်ခါတစ်ရံ တိုက်ခန်းလေးတစ်ခန်းဝယ်ပြီး တစ်ယောက်တည်းနေချင်စိတ်ပေါ်သည်။ ဘယ်တော့မှနေဖြစ်မလဲတော့မသိ။

မပန်းနုကတော့ တစ်ခါက အကြံပေးဖူးသည်။ သူက ဆေးကျောင်း

www.burmeseclassic.com

www.burmeseclassic.com



တက်ရင်း ဦးကြီးသဘောမတူသူနှင့် လိုက်ပြေးသဖြင့် ဦးကြီး ယခုတိုင် စကား စပ်မိပြောသည့် သမီးဖြစ်သည်။ မပန်းနုက အပျိုဘဝကပဲ အိမ်မှာသိပ်နေချင်သူ မဟုတ်။ ကျွန်မသိရသလောက် သူတို့တစ်တွေသည် အိမ်မှာထက် အပြင်မှာ ပျော်ကြပြီး ဒီအိမ်က ခပ်မြန်မြန်ပဲ ရုန်းထွက်သွားကြသည်။

"ဝေဏီ လွတ်လွတ်လပ်လပ်နေကြည့်ပေါ့၊ တစ်ယောက်တည်းနေကြည့်မှ ကိုယ့်ကိုယ်ကိုယ် အားကိုးစိတ်တွေပေါ်လာလိမ့်မယ်၊ အိမ်မှာက သိတဲ့အတိုင်းပဲ၊ အမေကလည်း အေးဆေးလွန်းပြီး သားသမီးတွေနဲ့ နွေးနွေးထွေးထွေးမရှိဘူး၊ အဖေကလည်း ဘာမှအကျိုးသင့်အကြောင်းသင့်မရှိဘဲ ဒေါသကြီးဖို့ပဲတတ်တယ်၊ သူတို့စိတ်ကိုပဲကြည့်နေရတယ်၊ ဘာမှလွတ်လပ်တာမရှိဘူး၊ ဝေဏီလည်း အရွယ်ရောက်ပြီပဲ၊ အပြင်မှာ ကိုယ့်ဘာသာရပ်တည်ကြည့်စမ်းပါ"

ကျွန်မ ခေါင်းခါပြလိုက်သည်။

"မပန်းနုတို့နဲ့ ဝေဏီက အခြေအနေချင်းမတူဘူးလေ၊ ဝေဏီကျန်းမာရင်တော့ အဲဒီလိုဖြစ်ကောင်းဖြစ်နိုင်ပါတယ်၊ အခုလိုအနေအထားမှာတော့ အရီးကြီး၊ ဦးကြီးတို့ဟာ ဝေဏီရဲ့အရိပ်အာဝါသကောင်းတွေပါ"

"အဆောင်နေတဲ့သူငယ်ချင်းတွေရှိလား"

"အင်း၊ ရှိပါတယ်"

"သူတို့ဆီသွားလည်ဖူးလား"

"အင်း"

"ပျော်စရာမကောင်းဘူးလား"

"ကောင်းပါတယ်၊ ဒါပေမဲ့ အဲဒီအခန်းကျဉ်းလေးတွေမှာ တော်တော်နဲ့ နေသားကျဖို့မလွယ်ဘူး၊ ဒါကြောင့် သူတို့လည်း အပြင်ပဲထွက်နေကြတာ၊ ညနေဆို သူတို့အတွဲတွေနဲ့ လျှောက်လိမ့်နေကြတာပဲ"

"ဝေဏီကော အဲဒီလိုလျှောက်မလိမ့်ချင်ဘူးလား"

မပန်းနုက ကျွန်မကို ရယ်ရွှင်ဟန်နှင့်စသည်။

"အများကြီးစဉ်းစားရဦးမယ်"

"သတိုးကိုတော့ ငါတော်တော်ထင်တယ်နော်"

"မပန်းနုကလဲ"

ကျွန်မအပြောကို သူဂရုမစိုက်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့လိုငယ်ငယ်ရွယ်ရွယ်နဲ့ တော်တဲ့သူ၊ စိတ်ထားလည်းရင့်ကျက်တဲ့သူ တော်တော်ရှားတယ်၊ ဝေဏီစဉ်းစားသင့်တယ်နော်"

"ဘယ်တုန်းက သတိုးရဲ့ဘက်တော်သားဖြစ်သွားရတာလဲ"

ကျွန်မ ရယ်မောရင်းပြောလိုက်သည်။

"မစဉ်းစားအားပါဘူး မပန်းနုရယ်၊ ဝေဏီစဉ်းစားတာက ဝေဏီအသက်ရှင်ရပ်တည်ဖို့ပဲ၊ စိတ်သောကအနှောင်အဖွဲ့တွေမရှိတဲ့ ကိုယ်စိတ်နှလုံး လွတ်လပ်ပျော်ရွှင်တဲ့ မိန်းကလေးတစ်ယောက်ရဲ့ဘဝကို အစအဆုံးဖြတ်သန်းကြည့်ချင်တာပေါ့၊ တစ်ခါတစ်ခါလည်း ဉာဏ်သိပ်မရှိရှင်နေပါစေ ကျန်းမာတဲ့မိန်းမ တစ်ယောက်ဖြစ်ချင်တယ်"

မပန်းနုကိုကြည့်ရတာ အခုနောက်ပိုင်း အတော်ပျော်ရွှင်နေပုံရသည်။ ဦးကြီးမရှိတဲ့အချိန်တွေမှာ အိမ်လာတတ်သည်။ အဖေနှင့်ပတ်သက်ပြီး သူ့ဘက်က မတင်းမာတော့။

"လူ့ဘဝမှာ သင်ယူစရာတွေအများကြီးပဲ ဝေဏီ၊ ငါ့ဘွဲ့တွေ ပညာတွေကို ပညာလို့ ငါမဆိုလိုချင်သေးဘူး၊ နေ့စဉ် လူမှုကိစ္စအဝဝတွေအတွက် အရည်အချင်းသာမက ကိုယ့်ရဲ့စိတ်ကိုပါ ပြေလည်အောင်ဖြေရှင်းနိုင်ဖို့ပညာ၊ ဒီပညာတွေ သာမရှိရင် လောကကြီးမှာနေရတာ သိပ်ခက်တယ်"

"အဖေနဲ့အမေကိုလည်း နားလည်ပေးလို့ရလာပါပြီ၊ တကယ်တော့ လူတွေကိုနားမလည်ဘူးဆိုတာကလည်း ကိုယ့်ကိုယ်ကိုယ်နားမလည်ခဲ့လို့ပါ၊ ကိုယ်လိုချင်တာမှန်သမျှ လူတွေလိုချင်တာချည်းပဲ၊ ကိုယ့်ကိုယ်ကိုယ်နားလည်တာဟာ လူတွေကိုနားလည်ခြင်းပဲ၊ အဲဒီတော့ အပေးအယူတည့်လာတယ်ဆိုပါတော့၊ လူတွေနဲ့ အဆင်ပြေလာတယ်ဆိုပါတော့၊ ငါအခုလိုပြောင်းလဲလာတာလည်း ငါ့အမျိုးသားကြောင့်ပေါ့ ဝေဏီ၊ ငါအံ့သြတာက သူဟာ အဲဒါတွေကိုမသင်ကြားဘဲ အလိုလိုတတ်မြောက်နေတာကိုပဲ၊ သူဟာ သူ့မိသားစုကိုလည်း သိပ်တန်ဖိုးထားတာဟာ၊ သူဟာ ပျော်စရာကောင်းပြီး နွေးထွေးတဲ့မိသားစုကဆင်းသက်လာခဲ့တာကိုက ငါ့အဖို့ မနာလိုစရာကောင်းနေပြီ"

"အဲဒီလိုမိသားစုဘဝလေးကို ဝေဏီ့လို ခဏတစ်ဖြတ်ပိုင်ဆိုင်ခွင့်ရတာနဲ့ စာရင် လုံးဝမပိုင်ဆိုင်ဖူးတာက ပိုမကောင်းဘူးလား မပန်းနုရယ်"ဟု စိတ်ထဲမှ ရေရွတ်လိုက်မိသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

သတိုးသည် ကျွန်မအသက်ရှင်နေထိုင်ခြင်းရဲ ပြယုဂ်တစ်ခုဖြစ်လာသည်။ သူ့မှာ တခြားသူတွေအတွက် လုပ်စရာတွေ အမြဲပြည့်နှက်နေတာ အားကျအထင် ကြီးရသည်။ တစ်ခါတစ်ခါ မနာလိုချင်စရာပင်။ ကျွန်မလို ကုန်ဆုံးခဲ့ပြီးသောအချိန် များအပေါ် နှောင်တရစရာမရှိ။

"ကိုယ် ဒီနေ့ လူဘယ်နှစ်ယောက်ကို အသိပညာတွေမျှဝေပေးခဲ့ပြီးပြီ" "ဒီနေ့တော့ ကိုယ့်မိတ်ဆွေဘယ်နှစ်ယောက်ကို သူတို့ကျန်းမာရေးအတွက် မျှော်လင့်ချက်ရှိလာအောင်၊ သူတို့ဘဝအတွက် မျှော်လင့်ချက်ရှိလာအောင် လုပ်ပေးခဲ့တယ်" "ဘယ်သူတွေကတော့ ကျန်းမာရေးကောင်းလာလို့ ကျေးဇူးတင်စကားလာပြောတာ၊ သိပ်ဝမ်းသာတာပဲ" "ဒီနေ့တော့ ဖခင်ကြီးနေမကောင်းဖြစ်နေတဲ့ မိသားတစ်စု ကို အားပေးစကားသွားပြောရဦးမယ်" "ဒီနေ့တော့ အရေးပေါ်ခွဲစိတ်ရတဲ့ မိတ်ဆွေတစ်ယောက်ကို သွားကြည့်ရမယ်"

ကဲ ဘယ်လောက်မနာလိုချင်စရာကောင်းလိုက်ပါလဲ။

သူ့အိပ်ချိန်(၇)နာရီမှအပ ကျန်အချိန်တွေအတွက် လုပ်ငန်းစီမံချက်တွေက ဇယားကွက်ထဲမှာအပြည့်၊ ဒီကြားထဲ စာအုပ်တွေဖတ်နိုင်သေးသည်။

"ဒီနေ့ ကုမ္ပဏီမှာလုပ်မယ့် Vice Manager တွေ တွေ့ဆုံပွဲမှာ [illegible] နဲ့ 'ဘာဘီလုံမှာအချမ်းသာဆုံးပုဂ္ဂိုလ်' စာအုပ်ကို ဆွေးနွေးလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်လတော့ မိတ္တဗလင်္ဂီကာ၊ ဝေဏီ ကိုယ့်ကိုကူဖတ်ပေးပါဦး"

မဖတ်တာကြာပြီဖြစ်တဲ့စာအုပ်တွေကိုတောင် သူ့ကြောင့်ပဲ ပြန်ဖတ်ရသေးသည်။

သတိုးနှင့်နေရလျှင် ကျွန်မစိတ်တွေ လွတ်လပ်ပေါ့ပါးသည်။ တွေဝေငေးငိုင်နေချိန်မရ။ အနည်းငယ် အသက်ဝင်လာသည်။ သူ့မှာ တစ်ဖက်သားကို ဆွဲငင်နိုင်တဲ့ အရှိန်အဝါတစ်ခုရှိသည်။

သူ့ကို အလိုလိုယုံကြည်အားကိုးစိတ်ဖြစ်ပေါ်နေမိတာ အံ့ဩသည်။ ကျွန်မကပဲ အားငယ်တတ်သူမို့လို့ပဲလားမသိ၊ သူ့ဘေးနားမှာနေရလျှင် လုံခြုံသည်။ ကမ္ဘာပေါ်မှာ ကောင်းတာတွေချည်း ကျွန်မရလိမ့်မည်ဟု ယုံကြည်သက်ဝင်မိသည်အထိ။ ပြီးတော့ မဖြစ်နိုင်ဘူးဆိုသည့်အရာသည်လည်း ကျွန်မအဖို့ ရှားပါးသွားပေလိမ့်မည်။

သတိုးရဲ့ ယုံကြည်ကိုးစားလောက်တဲ့သွင်ပြင်ကို ကျွန်မသဘောကျသည်။ သူ့ရဲ့ ယဉ်ကျေးလိမ္မာမှုကို ကျွန်မနှစ်သက်သည်။ အကောင်းမြင်စိတ်နှင့် ရှင်သန်တက်ကြွနေတဲ့ သူ့စိတ်ဓာတ်ကို ကျွန်မနှစ်ခြိုက်သည်။ ပြီးတော့ ကျွန်မအပေါ် နေရာတကာအလိုက်သိကာ ဂရုစိုက်တာ စိုးရိမ်တတ်တာ၊ ပြီးတော့ ကျွန်မရဲ့စိတ်ကို ပါးနပ်စွာနားလည်တတ်တာ။

ဒီလို သတိုးကို ကျွန်မချစ်သွားနိုင်သလား၊ ကျွန်မမစဉ်းစားမိ။

ကျွန်မနှလုံးသားထဲတွင် လင်းကရှိနေပြီးသား။ ယခုလည်း ကျွန်မလင်းကိုချစ်နေဆဲမဟုတ်ပါလား။ ကျွန်မတမ်းတရသော ငယ်အိပ်မက်ထဲမှာ လင်းရဲ့ပုံရိပ်သည် ဘယ်တော့မှ ပျောက်ပျက်သွားမည်မဟုတ်။

သတိုးနှင့်ကော ဘယ်အထိများ ရင်းနှီးနိုင်မလဲ။ မကျန်းမာတဲ့ သူတစ်ယောက်ဟာ ဘယ်လိုမျှော်လင့်ချက်နှင့် နေသင့်ပါသလဲ။ သည့်ထက်ပိုပြီး သူနှင့်နှောင်ဖွဲ့ပတ်သက်စရာ ရှိသေးလို့လား။

"ဘာဖြစ်လို့လဲဝေဏီ၊ ပျော်ပျော်ရွှင်ရွှင်နေရမှာကို ကြောက်နေသလား"

ကိုယ့်ကိုယ်ကိုယ် ပြန်မေးမိသည်။

လွန်ခဲ့တဲ့နှစ်နှစ်ခန့်က သတိုးနှင့်စတွေ့ခဲ့တာ သတိရသည်။

ဆောင်းဦးပေါက်တစ်ရက်၊ သူငယ်ချင်း သက်ဝေရဲ့ ကြွေးနေ့ပွဲ။

"ဝေဏီ၊ ဒါ တို့ကာဆင်လေ၊ ဝမ်းကွဲအစ်ကိုတွေထဲမှာတော့ အငယ်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုပေါ့၊ 'သတိုးဖေဝင်း' တဲ့"

သက်ဝေက မိတ်ဆက်ပေးသည်။

"ဪ ... ဟုတ်ကဲ့၊ 'ဝေဏီဦးသာ'ပါ"

မျက်ခုံး၊ နှာတံနှင့် မေးရိုးတို့ အချိုးတကျပုံပေါ်သောမျက်နှာ၊ ဆံဝင်တိုတိုနှင့် အဝတ်အစားသေသပ်စွာ ဝတ်ဆင်ထားသော လူငယ်တစ်ယောက်ကို ကျွန်မတွေ့ရ၏။ သူ့နှုတ်ခမ်းများသည်လည်း သေသပ်ပုံပေါ်၏။ သူ့မျက်လုံး၊ သူ့အပြုံးတို့သည် ဖြောင့်မှန်ခြင်း၊ ဖွဲ့သန်ခြင်းတို့ကို ပေါ်လွင်နေစေ၏။

လက်ဆွဲနှုတ်ဆက်တော့ သူ့လက်တွေက နွေးထွေး၍ခိုင်မြဲ၏။ သူ့အပြုံးက တစ်ဖက်သားကို ရင်းနှီးလွယ်စေသောအပြုံး၊ ခင်မင်မှု၊ ပွင့်လင်းမှု၊ ရိုသေလေးစားမှု၊ ကျွန်မဆီမှာ မေ့လျော့ပျောက်ဆုံးနေသောအရာများ၊ ကျွန်မသည် တစိမ်းတစ်ယောက်ကို ယခုလို ခင်မင်ကြောင်း ဘယ်တော့မှ ဖွင့်ထုတ်တတ်မည်မဟုတ်။

"သက်ဝေရဲ့သူငယ်ချင်းတွေထဲမှာ ဝေဏီကို တစ်ခါမှမတွေ့ဖူးဘူး၊ ဆေဏီလို့ပဲခေါ်မယ်နော်"

"ခေါ်ပါ အားလုံးက ဝေဏီပဲခေါ်ကြတာ၊ ဝေဏီနာမည်ကလည်း ရှည်လွန်းလို့"

"ကျွန်တော်လည်းမထူးပါဘူး၊ အမေက လူနှစ်ယောက်စာနာမည် ထည့်ပေးထားတယ်၊ ကိုသတိုးက ဘယ်မှာလဲ၊ ကိုဖေဝင်းက ဘယ်ဟာလဲလို့ အမြဲတမ်း နှစ်ကိုယ်ခွဲခံရတယ်"

"ဟုတ်လား"

ကျွန်မပြုံးမိ၏။

"သက်ဝေနဲ့အတူတူဆိုတော့ ဝေဏီကျောင်းမပြီးသေးဘူးပေါ့"

"ဟုတ်ကဲ့"

"မေဂျာတူလား"

"ဟင့်အင်း၊ သူက အင်္ဂလိပ်စာ၊ ဝေဏီက ဓာတု"

"ကိုယ်ယူတဲ့ဘာသာကို ဝါသနာပါရဲ့လား"

ထိုနေ့က ကျွန်မတို့ စကားတော်တော်များများပြောဖြစ်ခဲ့သည်။

စကားစပ်ရင်း ကျွန်မရခိုင်ဇာတိမှန်းသိတော့ သူ့အဖိုးရခိုင်ကြီး ရန်ကုန်

www.burmeseclassic.com

www.burmeseclassic.com



ကို ပြောင်းလာတာ သူ့တစ်သက်မကရှိပေမယ့် ယခုထိ ရခိုင်စကားကိုသာ ဗွဲဗွဲ မြိမြိပြောတာကိုရော၊ သူက ရက္ခဗေဒနှင့်ကျောင်းပြီးပြီး စီးပွားရေးလုပ်ငန်းထဲ ရောက်လာကြောင်း၊ အီကိုနှင့်ကျောင်းပြီးသည့် သူ့သူငယ်ချင်းတစ်ယောက်က လျှပ်စစ်ပစ္စည်းတွေပြင်နေကြောင်း၊ မြန်မာစာနှင့်ကျောင်းပြီးသည့် သူ့အစ်မ တစ်ယောက်က စာရင်းကိုင်သင်တန်းတွေတက်ပြီး ကုမ္ပဏီတစ်ခုမှာ စာရင်းကိုင် ဝင်လုပ်နေကြောင်း။

အမှန် ထိုစဉ်က ကျွန်မဘာကိုမှစိတ်ဝင်စားနိုင်သူမဟုတ်။ ကျွန်မ အားက ဖြတ်ပြေးနေသောအရာများအားလုံးသည် ကျွန်မနှင့်ဘာမှမဆိုင်။ ကျွန်မ ကိုကျွန်မ စိတ်မဝင်စားနိုင်လောက်အောင် သောကများနေခဲ့သည်။ ပြောင်းလဲနေ သော ခေတ်သည်လည်းကောင်း၊ ဖက်ရှင်ဒီဇိုင်းဆန်းများ အလှအပများသည် လည်းကောင်း၊ ရုပ်ရှင်ကားများသည်လည်းကောင်း၊ ကုန်ဈေးနှုန်းများသည်လည်း ကောင်း၊ ကျွန်မနှင့်မဆိုင်။ လူငယ်တစ်ယောက်ရဲ့ ပျော်ရွှင်တက်ကြွမှုများနှင့်အတူ အနာဂတ်ရည်မှန်းချက်တွေလည်း ကွယ်ပျောက်လျက်ရှိသည်။

ယခုလို လူသူရှုပ်ထွေးသည့်နေရာဆို ယောင်လို့မှမလာချင်။ သက်ဝေကို မငြင်းသာ၍ အရောက်လာခဲ့ရခြင်းဖြစ်သည်။

"ငါ့ဓာတ်ပဲနေမှာနော်" ဟု သက်ဝေကို စကားပလ္လင်ခံထား၏။ သက်ဝေ က ကျွန်မကိုနားလည်သည်။

"အေးပါ၊ နင်လာရင်ပဲ ကျေနပ်ပြီ" ဟုပြောခဲ့သည်။

ကျွန်မအဖို့ အရာရာသည် အပိုဖြစ်သည်။ နေ့စဉ် ဂါဝရတရား၊ အသိ အမှတ်ပြုမှု၊ ခင်မင်ပေါင်းဖော်မှု၊ ရယ်မောမှု၊ သဘောထားကြီးမှု စသည်တို့သည် လိုအပ်နေပါသေးလျက် ကျွန်မအဖို့ အပိုပဲဖြစ်နေခဲ့သည်။

ကျွန်မက မနက်ဖြန်သေမည့်သူတစ်ယောက်၊ ယနေ့မှာ သင်ယူရမည့် သင်ခန်းစာမျိုးသာ သင်ချင်တော့သည်။

ဘဝမှာ ဘာကိုအလေးထားသင်ယူရမှာပါလဲ၊ ကျွန်မရှာဖွေနေသော အရာတချို့ကို သတိုးဆီမှာတွေ့ရသည်။

သတိုးရဲ့ ဘာသာတရားအပေါ် သက်ဝင်ယုံကြည်မှုဟာ ကျွန်မတို့ ထက် အားကောင်းမှန်သိပေမယ့် သူ့မှာ တရားအလုပ်လုပ်ဖို့အချိန်မရနိုင်ကြောင်း သိတော့ ကျွန်မမှာ အံ့သြရသည်။

www.burmeseclassic.com

www.burmeseclassic.com



"အချိန်မရှိဘူးလို့ပြောတာဟာ တကယ်မလုပ်ချင်သေးလို့ပါ၊ ကိုယ်တကယ်လုပ်ချင်လာရင် အချိန်မရှိဘူးဆိုတဲ့ဆင်ခြေဟာ အလိုလိုပျောက်ကွယ်သွားတယ်"

"တရားအလုပ်လုပ်တယ်ဆိုတာဟာ ဘုရားစင်အောက်မှာ ငုတ်တုတ်ကြီး ထိုင်နေမှမဟုတ်တာ ဝေဏီရယ်၊ သွားရင်းလာရင်း လုပ်ရင်းကိုင်ရင်းနဲ့ ဒီတရားကလုပ်လို့ရပါတယ်"

သူက ကျွန်မကို ဘုရားတရားလုပ်ဖို့ စိတ်ကြည်ကြည်လင်လင်ထားဖို့ အမြဲသတိပေးလေ့ရှိသည်။

သတိုးဟာ မတွေ့တာကြာရင် အလိုလိုမေ့ပျောက်သွားမယ့်သူတစ်ယောက်ပဲ၊ ဒါပေမဲ့ ကျွန်မတို့ကို ပိုမိုရင်းနှီးကျွမ်းဝင်စေသောအရာတစ်ခုရှိနေလေရဲ့။ ကျွန်မရဲ့ နာမကျန်းဖြစ်ရခြင်းသည်ပင် သတိုးနှင့်တွေ့ဆုံကျွမ်းဝင်ဖို့ ကံကြမ္မာတစ်ရပ်ဟု ဆိုနိုင်ပါသည်။

"မင်္ဂလာပါဝေဏီ"

သတိုးနှင့်တွေ့မှပဲ ကျွန်မတို့လူမျိုးတွေရဲ့ အင်မတန်လှပပြီး အဓိပ္ပာယ်ပြည့်ဝတဲ့ နှုတ်ခွန်းဆက်စကားလေးနှင့် ပြန်လည်ရင်းနှီးခွင့်ရတော့သည်။ ကျွန်မတို့ငယ်ငယ်က စာသင်ခန်းတွေဆီမှာပဲ ကျန်ခဲ့ပြီဟုထင်မိသည်။ အခုလို အပြင်လောကမှာလည်း ပျံ့နှံ့စည်ဝေနေလျှင် ဘယ်လောက်ကောင်းမလဲ။

"ဝေဏီက ငယ်ငယ်ရွယ်ရွယ်နဲ့ စာတွေရေးနိုင်တာ သိပ်ချီးကျူးတာပဲ၊ ကျွန်တော်ဆို စာရေးဖို့ကို စိတ်ကူးလို့တောင်မရဘူး"

သူ့စကားက ရိုးရိုးလေး၊ စာရေးဆရာတစ်ယောက်ကို သက်တူရွယ်တူသာမန်လူတစ်ယောက်က အလွယ်ကူဆုံး ချီးကျူးလို့ရသည့်စကား။

"ကျွန်တော်တို့ဆို စာတစ်မျက်နှာပြည့်ဖို့ တော်တော်ကြိုးစားရတယ်"

အင်း ... လာပြီ။ သူတို့အရောင်းကိုယ်စားလှယ်တွေရဲ့လေက ဒီအတိုင်းပဲ။ လူကို ရှာကြံချီးမွမ်းခန်းဖွင့်မယ်၊ ကျလောက်အောင်ပြောမယ်၊ [illegible]မယ်၊ ဒါပဲ။ သူ့လုပ်ငန်းကို သေသေချာချာမသိခင်ကတော့ ဒီလိုပဲတွေးခဲ့သည်။

သူက အိမ်ကိုလာတိုင်း ရုပ်အင်္ကျီအဖြူနှင့် ပုဆိုးအရောင်ရင့်ရင့်နှင့် ရှင်းရှင်းသန့်သန့်၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်နှင့် ရွှင်လန်းတက်ကြွလျက်။ သူ့သွင်ပြင်က နှစ်လိုဖွယ်။

www.burmeseclassic.com



ကျွန်မကျောင်းကပြန်မရောက်သေးလျှင်လည်း အရီးကြီးနှင့်ဖြစ်ဖြစ်၊ ဦးကြီးနှင့်ဖြစ်ဖြစ် ထိုင်စကားပြောနေတတ်သည်။ လူကြီးလူငယ် မည်သူနှင့်မဆို ဝင်ဆံ့သည်။

ကျွန်မကတော့ သူလာတိုင်း "ငါ့ကိုဆေးရောင်းဖို့ အကွက်ချောင်းနေမှာပဲ" ဟုတွေးကာ စိတ်မဖြောင့်။ သို့သော် ထိုအကြောင်းနှင့်ပတ်သက်၍ ကျွန်မတို့ အတော်ကြာသည်အထိ စကားမစပ်မိကြ။ ဒီတော့မှ ကျွန်မမှာ စကားပြောရင်း စိတ်လက်ပြန်လည် ပေါ့ပါးလာရသည်။

အဲဒီတုန်းက ကျွန်မတို့အပြောများတာက စာအုပ်များအကြောင်း၊ ကျွန်မတို့ရဲ့ဝါသနာများ၊ ဘဝအမြင်များ၊ နောက်ပိုင်းမှာတော့ သတိုးဆီက ကျန်းမာရေးဗဟုသုတများ၊ ဘဝရည်မှန်းချက်များ၊ မေတ္တာနှင့်ယှဉ်သောစကားများ၊ သူ့ရဲ့လုပ်ငန်းထဲမှ အတွေ့အကြုံများ၊ သူတို့ကုမ္ပဏီရဲ့ ပရဟိတလုပ်ငန်းများ၊ ထူးဆန်းတာက သတိုးဟာ သူ့ရည်မှန်းချက်နှင့်သူ ဖြစ်ချင်သည့်အရာများကို ယုံကြည်စွာ ထုတ်ဖော်ပြောဆိုရဲတာပင်။

"သတိုးက စကားပြောကောင်းတယ်နော်"

"စကားပြောကောင်းတာမဟုတ်ပါဘူး၊ ကောင်းတာလေးတွေပြောနေလို့ပါ"

သတိုးစကားပြောတိုင်း ဆရာမဒေါက်တာခင်ခင်ရီက ဘယ်လိုပြောတာ၊ ဆရာဦးဝင်းသန်းက ဘယ်လိုပြောတာ၊ ဘယ်ဆရာကတော့ဘယ်လို၊ ဘယ်ဆရာတော်ကြီးက ဘယ်လိုမိန့်ဖူးတာ၊ ဘယ်လိုဆုံးမဖူးတာ ... စသဖြင့် အမြဲပါတတ်သည်။

သူပြန်သွားမှ ရင်ထဲမှာ မှတ်မှတ်ရရ ဇာတ်ကောင်တစ်ကောင်ဖြစ်သည့် Forrest Gump ဇာတ်ရုပ်နှင့် Ton Hanks ကို အမှတ်ရသည်။

သတိုးက Forrest Gump ကို သူကြည့်တာ ငါးကြိမ်လောက်ရှိပြီတဲ့။ ကောင်းလို့လားဆိုတော့၊ ကြည့်လေကြည့်လေ တစ်ကြိမ်နဲ့တစ်ကြိမ် သဘော ပေါက်မှုမတူလေတဲ့။ အရင်သိတာထက် နောက်တစ်ကြိမ်မှာ ပိုသိတာတဲ့။ လုပ်ငန်းမှာထားရတဲ့စိတ်ထားနဲ့ ကိုက်လို့တဲ့။ Forrest Gump ထဲမှာ ပညာယူစရာတွေ အများကြီးပါလို့တဲ့။

နောက်တော့ သူ့ကိုစိတ်ဝင်စားလာတာနှင့်ပဲ သူ့လုပ်ငန်းကို စိတ်ဝင်စား

www.burmeseclassic.com

www.burmeseclassic.com



ရပြီး "သတိုးတို့ရောင်းတဲ့ဆေးက ဘာတွေကောင်းတာလဲ၊ ရောင်းကောင်းရဲ့လား" ဟု မေးမိရသည်။

ကျွန်မက သူတို့ရဲ့လင်ဇီးဆေးသည် တရုတ်(တိုင်ပေ)မှတစ်ဆင့် တင်သွင်း ရောင်းချတယ်ဆိုတာ အပြင်မသိ။

"သူက ဆေးမဟုတ်ဘူး ဝေဏီရဲ့၊ ကျန်းမာရေးအထောက်အပံ့ဓာတ်စာ တစ်မျိုးဆိုပါတော့"

ကျွန်မက သူပြောတာကို ဗဟုသုတအနေနှင့် နားထောင်နေယုံပဲရှိသည်။ ထိုဓာတ်စာသည် ကျွန်မအတွက်လည်းဖြစ်နိုင်ကြောင်းကို ကျွန်မနားမလည်ခဲ့သေး ပါ။ ဝန်ဆောင်မှုဆိုတဲ့စကားကိုတော့ ကျွန်မနားလည်ဖို့ အချိန်အတော်ကြာပေးခဲ့ရ ပေလိမ့်မည်။

ကြားရသမျှကတော့ အကောင်းတွေချည်းပဲဖြစ်သည်။ ကင်ဆာ၊ AIDS ထိ အကျိုးသက်ရောက်သည်။ နာတာရှည်ရောဂါအတွက် အထူးကောင်းမွန် သည်။ ကျွန်မရောဂါက ဘာပါလိမ့်။

အိုး ... နေပါဦး၊ သူက ဒီလုပ်ငန်းလုပ်နေတာ။ သူတို့ရောင်းတဲ့ပစ္စည်းကို ကောင်းတယ်လို့ပဲပြောမှာပေါ့။ သူပြောတိုင်း ကျွန်မယုံရမလား။

သူက ကျွန်မအတွေးကို ကြိုသိသလိုပြုံးပြန်၏။

"လင်ဇီးနဲ့ပတ်သက်ပြီး ဝေဏီကောင်းတာတွေကြားနေရပြီ၊ ဘာကြောင့် ကောင်းတာလဲ၊ ဘာတွေကောင်းတာလဲ၊ မကောင်းတာတွေလည်းရှိနိုင်သေးလား။ ဒါတွေသိဖို့မလိုဘူးလား၊ ကျွန်တော်ပြောတိုင်းလည်း မယုံပါနဲ့၊ ပတ်ဝန်းကျင်က စကားတွေလည်း ဝေဏီကြားရပါလိမ့်မယ်၊ ဘယ်သူပြောပြော မယုံပါနဲ့ဦး၊ ဝေဏီ ကိုယ်တိုင် သဘောပေါက်အောင်လေ့လာပြီးမှ ဆုံးဖြတ်ပါလို့ အကြံပေးချင်တယ်"

သူ့စကားတွေအောင်မြင်သွားမှာ ကျွန်မအလိုလိုလန့်နေမိ၏။ သူ့ကို မေးခွန်းတွေထောက်မေးသည်။ သူဘာပြောပြော ကန့်ကွက်ဖို့အဆင်သင့်။ ကျွန်မ စိတ်အခြေအနေက နိုးနိုးကြားကြား ဖျတ်ဖျတ်လတ်လတ် ရှိနေသည်။ ခက်တာက သူက ကျွန်မပြောသမျှကို တစ်ခွန်းမှမဆန့်ကျင်ဘဲ "ဟုတ်ပါတယ်ခင်ဗျာ — ဒါပေမဲ့ ..." အစချီကာ ကိုယ်တွေ့ဥပမာတွေနှင့် ခိုင်ခိုင်မာမာပြန်ရှင်းပြသည်။ သူ့စကားတွေက ကျွန်မကို သိမ်းသွင်းလွှမ်းမိုးစပြုလာသည်။

ကျွန်မက ဖွဲ့မလျှော့ချင်သေး။

www.burmeseclassic.com



"ဒီလုပ်ငန်းလုပ်နေတဲ့သူတစ်ယောက်က ဒါနဲ့ပတ်သက်ပြီး မကောင်းပြောပါ့မလား၊ ကောင်းတာတွေပြောပြီး လူဆွယ်ရတာပဲဥစ္စာ"

သူကတော့ ကျွန်မရဲ့စကားတွေကြောင့် စိတ်လှုပ်ရှားခြင်းမရှိ။ ကျွန်မသာဆို ကျွန်မကို တမင်ချောင်ပိတ်မေးရမလားဟု စိတ်ဆိုးကာ ထပြန်ကောင်းပြန်သွားမည်။ ဒါမှမဟုတ် ဒေါသစိတ်နှင့် မျက်နှာနီလျက်ရှိချင်ရှိမည်။ ကျွန်မရဲ့မေးခွန်းကို နောင်ပြောင်သည့်မေးခွန်းအဖြစ်သတ်မှတ်ကာ သူ့အလွယ်တကူရှောင်ထွက်သွားဦးမလား ထင်လိုက်မိသည်။

"မတူသေးဘူး ဝေဏီရဲ့၊ ဆွယ်တယ်ဆိုတာက အတင်းမရမကကိုယ့်ဘက်ပါအောင်လုပ်ယူတာ၊ ဆွယ်ယူတာမျိုးပါ၊ ကျွန်တော်တို့က ကိုယ်စားရတဲ့ စားကောင်းသောက်ဖွယ်အကြောင်းကို အားရပါးရမျှဝေတယ်၊ ကိုယ်တွေ့ပြောပြတယ်၊ သတင်းကောင်းပါးတယ်၊ စိတ်ဝင်စားတဲ့သူတွေ လိုအပ်တဲ့သူတွေကို ကျွန်တော်တို့က လေ့လာဖို့ဆက်ကူညီတယ်၊ ရွေးချယ်ဆုံးဖြတ်တာက သူ့အပိုင်း"

"ဝေဏီက ခါတ်စာစားဖို့မစဉ်းစားပါနဲ့ဦး၊ ဝေဏီ့မှာ သို့လောသို့လောသံသယတွေရှိနေမှာပဲ၊ ဒါသဘာဝကျပါတယ်၊ ကိုယ်မှသေသေချာချာမသိသေးတဲ့ကိစ္စမှာ သို့လောသို့လောတော့ လူတိုင်းဖြစ်မှာပဲ၊ ဒါပေမဲ့ လူတိုင်း အဲဒီသံသယကိုပြေလည်အောင်မဖြေရှင်းနိုင်ကြဘူး၊ မဖြေရှင်းချင်ကြဘူး၊ ဝေဏီဖြေရှင်းချင်တယ်ဆိုရင်တော့ ကျွန်တော်တို့ ဆက်ကူညီသွားလို့ရပါတယ်၊ အနည်းဆုံးတော့ ကျန်းမာရေးဗဟုသုတပေါ့၊ ဒီဟာ တကယ်ဟုတ်နေရင် ဘယ်သူ့အတွက်လဲ၊ ငါ့အတွက်ကော မဖြစ်နိုင်ဘူးလား၊ စိတ်ထဲမှာ ပေါ့ပေါ့ပါးပါးလေးသဘောထားပြီး လေ့လာပါ"

"လေ့လာစရာစာအုပ်စာတမ်းတွေ၊ လူနာမှတ်တမ်းဗွီဒီယိုခွေတွေရှိတယ်၊ ဆွေးနွေးပို့ချမှုပွဲတွေလည်း အပတ်စဉ်ရှိတယ်၊ ကုမ္ပဏီမှာသွားလေ့လာရင်လည်းရတယ်"

Shine Hope ကုမ္ပဏီက ကျွန်မအိမ်နှင့် အတန်ငယ်ဝေးတယ်ဆိုပေမယ့် ကားလမ်းတော့ဖြောင့်သည်။

ပထမတစ်ခေါက်က ဆရာဝန်တစ်ယောက်ရဲ့ ကျန်းမာရေးဟောပြောပွဲ၊ ဒုတိယတစ်ခေါက်က ဆရာချစ်ဦးညိုရဲ့ စာပေဟောပြောပွဲရှိသဖြင့် ကျွန်မသွားခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက အိမ်နှင့်ကျောင်း၊ ကျူရှင်အပြင် တခြားသိပ်သွားတတ်သူ မဟုတ်။ ရံဖန်ရံခါ သူငယ်ချင်းတွေနှင့် အပြင်ထွက်လည်တတ်ပေမယ့် တစ်ယောက်တည်း သွားခဲလှသည်။

ကျွန်ကို အိမ်ထဲကအိမ်ပြင်ထွက်ဖို့ သတိုးက မနည်းပြောယူရသည်။

"မလာတတ်ဘူး"

တစ်ယောက်တည်း မရောက်ဖူးတဲ့နေရာသွားရတာလောက် ကြောင်တာရှိပါ့မလား။ ကျွန်မက အလွယ်ကူဆုံးစကားနှင့် ငြင်းလိုက်သည်။ သူကတော့ ကျွန်မရဲ့အခက်အခဲကို ရယ်ချင်မလားမသိ။

"သိပ်လည်းနေမကောင်းဘူး၊ လူတွေကြားထဲမှာလည်း ကြာကြာ ထိုင်နိုင်မှာမဟုတ်ဘူး"

"ဝေဏီလာနိုင်ရင်တော့ အကောင်းဆုံးပဲ၊ တစ်ယောက်တည်း အိမ်မှာ ဟိုတွေးဒီတွေးနဲ့ စိတ်ညစ်နေမယ့်အစား ဒီလာလိုက်တော့ ဗဟုသုတတိုးတာပေါ့၊ စာရေးဆရာတွေရဲ့ ဟောပြောပွဲဆိုတော့ ကိုယ်သတိတရ ဖုန်းဆက်လိုက်တာ၊ ဝေဏီကိုလာခေါ်ဖို့ ကိုယ်အချိန်မရတော့ဘူး"

"ဝေဏီလာရင် ဘယ်လိုလာရမလဲ"

"(၅၁)ကားစီးလာရင် မြေနီကုန်းမှာဆင်းလိုက်၊ ပြီးတော့ မမ္ဘစေတီလမ်းကိုလာလိုက်"

"ဒဂုံစင်တာနဲ့နီးလား၊ ဝေဏီက မြေနီကုန်းဆို ဒဂုံစင်တာပဲသိတယ်"

"နေ ... နေ၊ ဝေဏီဆင်းမယ့်မှတ်တိုင်မှာပဲ ကိုယ်စောင့်နေမယ်၊ ရပြီလား"

"အိုကေ သတိုး၊ ဝေဏီလာခဲ့မယ်"

သတိုးက ကျွန်မလုပ်သင့်တာလေးတွေလုပ်ဖို့ လမ်းဖွင့်ပေးရာမှာလည်း တော်သားပဲ။

နောက်တစ်ပတ်အကြာ သတိုးယူလာပေးတဲ့စာအုပ်တွေကို စတင်ဖတ်ရှုလေ့လာတော့မှ 'လင်ဇီး'လို့သာကြားဖူးနေပြီး ဘာမှန်းမသိတဲ့အရာတစ်ခုကို စတင်စိတ်ဝင်စားစပြုလာပါသည်။

"ဂန်နိုဒါးမား (Ganoderma)ခေါ် လင်ဇီးမှို (Linzhi)သည် အစွမ်းထက်၍ အရည်အသွေးမြင့်မားသော တရုတ်တိုင်းရင်းဆေးတစ်မျိုးဖြစ်သည်။ ထင်း

www.burmeseclassic.com



ပြိုင်ဘက်ကင်းသော အကောင်းဆုံးလင်ဇီးမှိုကို ကြာရှည်စွာသုံးစွဲသော်လည်း ဘေးထွက်ဆိုးကျိုး လုံးဝမရှိပေ။ ယင်းမှိုသည် လူတို့၏ခန္ဓာကိုယ်တစ်ခုလုံးရှိ အင်္ဂါအဖွဲ့အစည်းများ၏ အရည်အသွေးနှင့် လူတို့၏ကိုယ်ခံစွမ်းအားကို တိုးမြှင့်ပေးသည့်အပြင် နုပျိုကျန်းမာ၍ အသက်ရှည်စေနိုင်ပါသည်။"

ဂန်နိုဒါးမားအကြောင်း ထုတ်နုတ်ထားသော အပြာရောင်စာအုပ်ပါး လေးကို ကျွန်မ စတင်ဖတ်ရှုလိုက်ရ၏။

ထို့နောက် ဂန်နိုဒါးမားကို စိုက်ပျိုးထုတ်လုပ်ပုံ၊ သုတေသနပြုပုံများ၊ ရောဂါအလိုက် အကျိုးသက်ရောက်မှုများ၊ ပြီးတော့ ဂန်နိုဒါးမားတွင် ပါဝင်သော အဓိကဓာတ်ပေါင်းများ။

'ခေတ်လူသားတို့၏ ကယ်တင်ရှင်ဂန်နိုဒါးမား' Savoir of Modern Person Ganoderma ခေါင်းစဉ်အောက်မှ သုတေသနပြုချက်စာတမ်းများကလည်း ကျွန်မကို ဆွဲဆောင်ထားကြပြန်သည်။

Ganoderma is also effective for difficult and mysterious diseases.

ကုသရန်ခက်ခဲသော ထူးခြားဆန်းကြယ်သည့် ရောဂါများတွင် ဂန်နိုဒါးမား၏ အကျိုးသက်ရောက်မှု–

သာမန်ဆေးဝါးနှင့် ဂန်နိုဒါးမားတို့ ကွဲပြားခြားနားပုံကလည်း စိတ်ဝင်စားစရာ။

'သာမန်ဆေးဝါးများရဲ့ အာနိသင်ပုံစံက ခေါင်းကိုက်လျှင် ခေါင်းကို ကုသည်။ (ကိုယ်ခံဓာတ်သဘာဝကို ညှိပေးခြင်းမပြု) ဂန်နိုဒါးမားက ကိုယ်ခံစွမ်းအားကို မြှင့်တင်၍ ကိုယ်ခံဓာတ်သဘာဝကို ညှိသည်။'

'အာနိသင်၏ လျင်မြန်မှုအနေနှင့် သာမန်ဆေးဝါးက လျင်မြန်စွာပြသည်။ ဂန်နိုဒါးမားက ဖြည်းဖြည်းပြသည်။'

'သာမန်ဆေးဝါးအတွက် သုံးစွဲနှုန်းကို တင်းကျပ်စွာ သတ်မှတ်သည်။ ဂန်နိုဒါးမားက များများမိုဝဲသုံးစွဲလျှင်လည်း ဘေးဥပဒ်မဖြစ်ပါ။"

'သာမန်ဆေးဝါးက အမြဲလိုလို ရောဂါဖြစ်သောအစိတ်အပိုင်းကိုသာ ကုသည်။ ဂန်နိုဒါးမားက တစ်ကိုယ်လုံးရှိ ရောဂါရှိနိုင်သောနေရာများကို ကုသည်'

'သာမန်ဆေးဝါးများမှာ တခြားဆေးတွေနှင့် တွဲဖက်မှီဝဲလျှင် အထူးသတိပြုရသည်။ ဘေးထွက်ဆိုးကျိုးဖြစ်ရန် အရမ်းလွယ်သည်။ ဂန်နိုဒါးမားကို

www.burmeseclassic.com

www.burmeseclassic.com



တော့ တခြားသောဆေးဝါးများနှင့် တွဲဖက်အသုံးပြုနိုင်သည်။ ဘေးထွက်ဆိုးကျိုးမရှိ။ (သို့သော် တချို့လူများတွင် အဆိပ်ထုတ်တုံ့ပြန်မှု ဖြစ်တတ်သည်။ ဘေးထွက်ဆိုးကျိုးမဟုတ်ပါ)'

'အဆိပ်သတ္တိအနေနှင့် သာမန်ဆေးဝါးများတွင် အဆိပ်သတ္တိရှိသည်။ ၎င်းဆေးဝါးအများစုမှာ ကြာရှည်မှီဝဲသုံးစွဲရန်မသင့်။ ဂန်နိုဒါးမားမှာတော့ အဆိပ်သတ္တိမရှိ။'

အနည်းဆုံးတော့ ကျွန်မ ကိုယ့်ကျန်းမာရေးကို ကိုယ့်ဘာသာစောင့်ရှောက်နိုင်သည့် ဆေးဝါးတစ်မျိုးကို တောင့်တမိတာကြာပြီ။ 'သဘာဝသမားတော်' စာအုပ်ကို ဖတ်ပြီးကတည်းကဖြစ်သည်။ စိတ်ဓာတ်အင်အားကကော အရေးမကြီးဘူးလား။ ဆရာဝန်ဆီမသွားလိုတော့။

အင်္ဂလိပ်ဘာသာနှင့် စာအုပ်တွေမရှိဘူးလားလို့ သတိုးကိုမေးမိတော့ သူယူလာပေးတဲ့ RESHI စာအုပ်နှစ်အုပ်နှင့် 1996 TAIPEI INTERNATIONAL GANODERMA RESEARCH CONFERENCE (၈–နိုင်ငံဆွေးနွေးပွဲ) စာအုပ်များကို ဟိုတစ်ရွက်ဒီတစ်ရွက်လှန်ကာ အသာပြုံး၍ ပြန်ပေးလိုက်ရသည်။

ဂန်နိုဒါးမားနှင့်ပတ်သက်၍ အင်တာနက်မှ မှတ်တမ်းသုံးလေးစောင်ကိုတော့ သတိုးရဲ့မိတ်ဆွေဆရာဝန်တစ်ယောက်ရဲ့ အကူအညီနှင့် အကျဉ်းသဘောမျှ မှတ်သားခဲ့သည်။ များပြားလှတဲ့ ဓာတုဗေဒအမည်တွေ၊ ဆေးသိပ္ပံအမည်တွေကြောင့် ကျွန်မ ခေါင်းရှုပ်မခံနိုင်တော့ဘဲ ရပ်ဆိုင်းလိုက်ရပါတော့သည်။

ဒီကြားထဲမှာ လင်ဇီးရဲ့သဘောသဘာဝကို နားလည်ဖို့ သုံးလလောက် အချိန်ပေးခဲ့ရသည်။ မိသားစုလည်းနားလည်အောင်၊ အဓိက ပိုက်ဆံနှမြောပြီး အရိုးကြီးနှင့် ဦးကြီးတို့ သိပ်သဘောမတူချင်ရင်တောင် ကန့်ကွက်စကားမဆိုအောင်၊ ကိုကို့ကိုတော့ အထူးတလည်ပြောစရာမလို။

အငှားကားပေါ်ကဆင်းပြီး သတိုးပေးခဲ့တဲ့လိပ်စာအတိုင်း လမ်းထဲသို့ ဝင်လာခဲ့သည်။ တာမွေက လူနေစိပ်သည့်ရပ်ကွက်တစ်ခုမှာဖြစ်သည်။

"မိသားစုပို့ချမှုပွဲတစ်ခုရှိတယ်၊ ဝေဏီလမ်းကြားသွားပဲ၊ အချိန်ရရင်ဝင်ခဲ့လေ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ရွှေဂုံတိုင်ကကျူရှင်ပြီးလျှင် သွားလို့ရသည်။ နီးလည်းနီးနေပြီ။

Lion City မှာ တနင်္ဂနွေနေ့တိုင်းပြုလုပ်သည့် ပို့ချမှုပွဲကြီးသို့သာ သတိုးနှင့် နှစ်ခေါက်လောက်ရောက်ဖူးပေမယ့် ယခုလိုအိမ်တွေမှာပြုလုပ်သည့် မိသားစုပို့ချမှုပွဲသို့ တစ်ခေါက်မှမရောက်ဖူးသေး။

အိမ်ထဲဝင်သာလာရသည်။ ကျွန်မနှင့်သိတဲ့သူ တစ်ယောက်မှမရှိ။ သို့သော် အားလုံးက ကျွန်မကို ဖော်ဖော်ရွေရွေနှုတ်ဆက်ကြသည်။ အိမ်ရှင်နှင့်တူသည့်အစ်မက ကျွန်မကို နေရာပေးသည်။

"ကိုသတိုးဖေဝင်း မလာသေးဘူးလား အစ်မ"

"ဆရာလား၊ မရောက်သေးဘူး ညီမလေး၊ ခဏနေရင်ရောက်လာမှာပါ"

အိမ်ထဲသို့ရောက်လာသူတွေအားလုံး ခင်မင်ရင်းနှီးစွာ စကားပြောဆိုနှုတ်ဆက်နေကြတာ ကျွန်မ တစ်နေရာမှထိုင်၍ ငေးကြည့်နေ၏။ အားလုံးထဲမှာ တီရှပ်နှင့်ဘောင်းဘီဝတ်လာမိသော ကျွန်မသာ တမူထူးနေသည်။

အစီအစဉ်စပြီးသိပ်မကြာခင်မှာပဲ သတိုးနှင့် သူ့ဆရာတစ်ယောက်တို့ရောက်လာကြသည်။ သတိုးက လူတွေကြားထဲမှကျွန်မကို တန်းခနဲမြင်သည်။ အံ့ဩဟန်နှင့် တယ်ဟုတ်ပါလားဆိုသည့်အဓိပ္ပာယ်နှင့် ခေါင်းဆတ်ပြသည်။

Shine Hope ကုမ္ပဏီကပေးနိုင်တဲ့ OPP (Opportunity) ဆိုတဲ့ အခွင့်အလမ်းအကြောင်းကို ရှေ့နားမှ အသက်သုံးဆယ်အရွယ် အစ်မကြီးတစ်ယောက်က ထပြောသည်။

Lion City ခန်းမမှာ နှစ်ကြိမ်ခန့်နားထောင်ခဲ့ပြီး နားထဲမှာ သိပ်မစွဲသေးပေးမယ့် ဘဝနှင့် တစ်ထပ်တည်းကျသော စကားလုံးတွေဖြစ်သည်။

"ကျွန်မတို့တစ်သက်လုံး ပင်ပင်ပန်းပန်းရုန်းကန်နေတာ ဘာအတွက်လဲ၊ တကယ်တော့ ပြီးပြည့်စုံတဲ့ဘဝတစ်ခုမှာ ဘာတွေလိုအပ်သလဲ"

"ငွေကြေးချမ်းသာကြွယ်ဝမှု၊ ခန္ဓာကိုယ်ကျန်းမာမှုနဲ့ အားလပ်ပျော်ရွှင်တဲ့အချိန်ရှိမှုတို့ဖြစ်တယ်"

"ကျွန်မတို့ဟာ ချမ်းသာကြွယ်ဝဖို့အတွက် ငွေကို အပြိုင်အဆိုင်ကြိုးစားရှာဖွေနေကြတယ်၊ လောကမှာ ငွေသာလျှင် အဓိကဆိုပြီး ဘဝထက်ငါသာအောင် ရုန်းကန်နေကြတယ်၊ တချို့လည်း အထိုက်အလျောက်ပြည့်စုံပါရဲ့ ကျေနပ်လောက်အောင် ကုံလုံကြွယ်ဝဖို့တော့မလွယ်ဘူးလေ၊ ဒီကြားထဲ ရုန်းကန်

www.burmeseclassic.com



ရင်း ကျန်းမာရေးချွတ်ယွင်းလာတော့မှ မကျန်းမာရင် ဒီငွေတွေဟာ ဘာမှအဓိပ္ပာယ်မရှိဘူးဆိုတာ သတိပြုမိတတ်ကြတယ်"

"အဆိုးဆုံးကတော့ ပင်ပင်ပန်းပန်းရှာဖွေနေတဲ့ကြားက မချမ်းသာနိုင်တဲ့အပြင် ဆေးခန်းခဏခဏပြရ ဆေးထိုးဆေးသောက်နေရတဲ့သူတွေပါပဲ"

"ကဲ ချမ်းလည်းချမ်းသာတယ်၊ ကျန်းလည်းကျန်းမာတယ်ထားဦး၊ စီးပွားရေးကိစ္စ၊ လူမှုရေးကိစ္စ စတဲ့အိမ်တွင်းအိမ်ပြင်အလုပ်တွေနဲ့ အင်မတန်ရှုပ်နေတတ်ကြတယ်၊ ကိုယ်ကြိုးစားရုန်းကန်လို့ရလာတဲ့ အသီးအပွင့်ကို ပြန်လည်ခံစားနိုင်ဖို့ အချိန်မပေးနိုင်ကြဘူးလေ၊ တစ်နယ်တစ်ကျေး အလုပ်သွားလုပ်ကြရတဲ့သူတွေဆို မိသားစုနဲ့ခွဲရတာ နှစ်နဲ့ချီပြီး ကြာသွားနိုင်ပါတယ်၊ ဒါလည်းသိပ်တော့မကောင်းဘူးပေါ့"

"ဒါကြောင့် ပြီးပြည့်စုံတဲ့ဘဝမှာ ငွေကြေးချမ်းသာရုံ လူကျန်းမာရုံတင်မက အားလပ်ပျော်ရွှင်တဲ့ အချိန်ရှိရမှာဖြစ်ပါတယ်"

"ဒီသုံးချက် တစ်ပြိုင်နက်ပြည့်စုံမယ်၊ ကျွန်မတို့ကြိုးစားလို့ရနိုင်မယ်ဆိုရင် မလိုချင်ဘူးလား၊ ဖြစ်နိုင်ပါ့မလား၊ ကျွန်မတို့ သော့သုံးချောင်းသာ ရအောင်ရှာပါ၊ ပြီးပြည့်စုံတဲ့ လူ့ဘဝတံခါးကို ဖွင့်နိုင်ပါလိမ့်မယ်"

သူမက နံပါတ်တစ်သော့အနေနှင့် စိတ်ကူးယဉ်မျှော်မှန်းချက်သော့၊ နံပါတ်နှစ်သော့အနေနှင့် ခိုင်မာသော ဆုံးဖြတ်ချက်သော့၊ နံပါတ်သုံးသော့အနေနှင့် ပတ်ဝန်းကျင်အဆက်အသွယ်ကောင်းဆိုတဲ့ သော့သုံးချောင်းကို တစ်ချက်စီရှင်းကာ " Shine Hope " လုပ်ငန်းနှင့် မိတ်ဆက်ပေးပါသည်။

ကျန်းမာခြင်းကိုတော့ Shine Hope ကုမ္ပဏီမှဖြန့်ချိသော လင်ဇီးဓာတ်စာနှင့် တခြားကျန်းမာရေးအထောက်အပံ့ဖြစ်သော ထုတ်ကုန်ပစ္စည်းများမှ ရရှိမှာဖြစ်ပြီး ချမ်းသာခြင်းကိုတော့ ကုမ္ပဏီကကျင့်သုံးတဲ့ တိုက်ရိုက်ဖြန့်စနစ်နှင့် မိတ္တူပွားခြင်းကိုအခြေခံတဲ့ ဆပွားတိုးချဲ့ခြင်းစနစ်က ရရှိနိုင်မှာဖြစ်ကြောင်း၊ သူမက ခက်ဒေါ်နယ်လ်ဟမ်ဘာဂါစားသောက်ဆိုင်ကို ဥပမာပေးသည်။ အားလပ်ပျော်ရွှင်ခြင်းကိုကော ဘယ်လိုရမလဲ။ သူတို့ပေးတဲ့ ဥပမာလေးတစ်ခုက ရိုးရှင်းပြီးနားလည်လွယ်ပါသည်။

"လူတစ်ယောက်ဟာ ငါးမျှားတာ အရမ်းကျွမ်းကျင်တယ်၊ တစ်နေ့ကုန်ငါးမျှားရင် ငါး(၁၀)ကောင်ရတယ်၊ ဒီအတိုင်းသွားရင် တစ်သက်လုံး ငါးမျှားနေ

www.burmeseclassic.com

www.burmeseclassic.com



ရမယ်၊ ဒါနဲ့ သူက ငါးမျှားနည်းကို လူတွေကို သင်ပေးတယ်၊ အလကားတော့ သင်မပေးဘူး၊ ငါး(၁၀)ကောင်ရရင် တစ်ကောင်သင်ခယူတယ် ဆိုပါစို့၊ လူ(၁၀) ယောက် သင်ပေးရင် ငါး(၁၀)ကောင်ရလိမ့်မယ်၊ သူ ငါးမျှားစရာမလိုတော့ဘူး၊ *အယောက်(၁၀၀)သင်ပေးနိုင်ရင် ငါးအကောင်(၁၀၀)ရမယ်၊ အဲဒီနည်းနဲ့ သူဟာ* တစ်ချိန်မှာ အရမ်းချမ်းသာလာတယ်၊ ကိုယ်တိုင်ငါးမမျှားရတော့လို့ အင်မတန် အားလပ်ချိန်တွေရလာတယ်၊ ဒီစနစ်မှာတော့ သင်ကြားခကို ကျွန်မတို့က ပေးစရာ မလိုပါဘူး၊ ကုမ္ပဏီက ချီးမြှင့်မှာဖြစ်ပါတယ်"

နောက်ထပ်အစီအစဉ်တွေက တစ်ခုပြီးတစ်ခု။

နောက်ဆုံးမှာတော့ လုပ်ငန်းကိုယ်တွေ့နှင့် အားပေးစကားများ ပြောကြားပေးဖို့ သတိုးကို ဖိတ်ခေါ်သံကြားလိုက်ရသည်။ ကြိုဆိုလက်ခုပ်တီးသံတွေ မြိုင်ဆိုင်စွာပေါ်လာသည်။

ကိုယ့်ကို ပတ်ပတ်လည်က ဝိုင်းထိုင်ပြီးကြည့်နေကြတဲ့ လူတွေရှေ့မှာ မတ်တပ်ရပ်စကားပြောရတာ အနည်းငယ်တော့ကြောင်သည်။ သတိုးကတော့ ကျွန်မနှင့် အိမ်မှာ နှစ်ယောက်တည်းပြောနေရလို သက်သောင့်သက်သာရှိနေ၏။

သတိုးက ရောက်ရှိနေတဲ့ဧည့်သည်များထဲမှ မိတ်ဆွေသစ်များ၊ လုပ်ငန်းကို စတင်လေ့လာနေသူများကို ရည်ရွယ်၍ အားပေးစကားပြောသည်။

သူစကားပြောနေစဉ် သူ့ရဲ့စိတ်အားထက်သန်မှုက တခြားသူတွေကို ကူးစက်စေသည်။ သတိုးသည် ပရိသတ်အလယ်တွင် ကျွန်မထင်တာထက် စကားပြောကောင်းသူဖြစ်နေပြန်သည်။ ပြီးတော့ ပရိသတ်ထဲမှ သိလို၍ မေးမြန်းလာသည့် မေးခွန်းများကို ပြန်လည်ဖြေကြားပေးသည်။ အထူးသဖြင့် 'ဈေးကြီးတယ်' 'ဒီဓာတ်စာစားရင် ရောဂါပျောက်ဖို့ အာမခံရဲ့လား' 'လုပ်ငန်းလုပ်ချင်ရင် ဘာတွေလုပ်ရမလဲ' စသည့်မေးခွန်းမျိုးတွေဖြစ်သည်။

သတိုးရဲ့ ငါးယောက်မြောက်ပရိသတ်အဖြစ် ကျွန်မ မတ်တပ်ရပ်ကာ မေးခွန်းမေးမည့်ဟန်နှင့် လက်ထောင်ပြလိုက်သည်။ ညောင်းလည်းညောင်းပြီကိုး။

"ဟုတ်ကဲ့ ပြောပါခင်ဗျာ"

သူက ရီသေလေးစားစွာတုံ့ပြန်သဖြင့် ကျွန်မခေါင်းထဲရောက်လာသည့် မေးခွန်းကို ခပ်တည်တည်နှင့် မေးလိုက်ရလေသည်။

"ဒီလိုပါ၊ မိသားစုဝင်တစ်ယောက်က ကျန်းမာရေးမကောင်းဘူးဆိုပါ

www.burmeseclassic.com

www.burmeseclassic.com



တော့၊ လင်ဖီးစားနိုင်တဲ့ အခြေအနေလည်းမရှိဘူး၊ ခုနကပြောသံကြားလိုက်တယ်၊ ဒီလုပ်ငန်းလုပ်ရင် ဒီကရတဲ့ဝင်ငွေနဲ့ လင်ဖီးပြန်စားနိုင်တယ်တဲ့၊ လုပ်ငန်းသဘောအရ ချက်ချင်းလည်းဝင်ငွေမရဘူး၊ လေ့လာရမယ့်ကာလ သင်ယူရမယ့်ကာလတွေ ရှိတယ်၊ အချိန်တွေပေးရတယ်၊ (၆)လ၊ တစ်နှစ်၊ ဒီထက်မကလည်း ကြာသွားနိုင်သေးတယ်၊ ဒီကြားထဲမှာ လူနာကို ဘယ်လိုလုပ်ရမလဲ၊ အဆုံးရှုံးခံမလား၊ ဝင်လုပ်ရင် စားနိုင်တယ်ဆိုပြီး မျှော်လင့်ချက်တွေပေးနေတာက သူတို့မိသားစုကို ပိုပြီးအခက်မတွေ့စေဘူးလား၊ သူတို့မှာ စားဝတ်နေရေးအတွက် အလုပ်လုပ်ရဦးမယ်၊ လူနာကိုလည်း ဆေးကုရဦးမယ်၊ သူတို့အခက်အခဲကို ဖြေရှင်းဖို့ ဘယ်လိုအကြံဉာဏ်ပေးချင်ပါသလဲ"

ကျွန်မလေသံကိုနားထောင်၍ ကျွန်မဘာကိုဘဝင်မကျလို့မေးတာလဲဆိုတာ သူသဘောပေါက်ပုံရသည်။ သူက ကျွန်မလိုချင်တဲ့ Point ကိုပဲ အရင်အဖြေပေးသည်။

"ဩော် ... ဟုတ်ကဲ့၊ သိပ်ကောင်းတဲ့မေးခွန်းပါပဲခင်ဗျာ၊ ဒီမေးခွန်းအတွက် ကျေးဇူးတင်ပါတယ်၊ ပြောရမယ်ဆိုရင် ကျွန်တော်တို့မြန်မာလူမျိုးတွေဟာ သိပ်စေတနာကောင်းတဲ့ လူမျိုးပါ၊ ကိုယ့်ကောင်းတာတစ်ခုသိထားရင် သတင်းကောင်းမပါးဘဲ မနေနိုင်ပါဘူး၊ အနည်းဆုံး ပါးစပ်ကုသိုလ်လေးတော့ယူလိုက်ချင်ကြတယ်၊ ကျွန်တော်တို့ပြောတယ်ဆိုတာမှာလည်း ကျွန်တော်တို့ဘာကူညီနိုင်သလဲဆိုတာ ပြောပြတာပါ၊ ဘယ်သူ့ကိုတော့ပြောမယ်၊ ဘယ်သူ့ကိုတော့ မပြောဘူးဆိုတာမျိုး မဟုတ်ပါဘူး၊ ကျွန်တော်တို့သိသလို အားလုံးသိစေချင်ပါတယ်၊ ဟုတ်ပါတယ် ရောဂါလည်းဖြစ်နေပြီး ဒီစတ်စာစားဖို့ ခက်ခဲတဲ့လူတွေ အများကြီးရှိပါတယ်"

"မြန်မာပြည်မှာ လူဦးရေ သန်း(၆၀)ခန့်ရှိပါတယ်၊ သန်း(၆၀)လုံးကို ကူညီနိုင်ဖို့ လင်ဖီးအလကားကျွေးနိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး၊ ကိုယ့်မှာ ငွေကြေးချမ်းသာလို့ လူတစ်ဦးကို တစ်ကျပ်စီပေးဦးတော့ မလွယ်ပါဘူး၊ တစ်ဦးတစ်ယောက်သာ ဒါနဲ့ပတ်သက်ပြီး သေသေချာချာသိသွားရင် သူနဲ့ မိသားစုသူ့ပတ်ဝန်းကျင်တစ်ခုလုံး အကျိုးများမှာသေချာတယ်၊ ဒီအခွင့်အလမ်းဟာ လူတိုင်းအတွက် ရှိနေပါတယ်၊ ဒါပေမဲ့ ကျန်းမာခြင်းအခွင့်အလမ်းကိုလည်း သူဆုပ်ကိုင်မှရလိမ့်မယ်၊ ချမ်းသာခြင်းနဲ့ အားလပ်ပျော်ရွှင်ခြင်းဆိုတဲ့ အခွင့်အလမ်း

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း သူဆုပ်ကိုင်မှုရလိမ့်မယ်၊ ချော်လဲတဲ့သူကို ထူပေးမယ်၊ ခေတ္တတွဲခေါ်ပေးမယ်၊ ဒါပေမဲ့ ကျောပိုးဖို့တော့ မဖြစ်နိုင်ပါဘူး၊ နောက်တစ်ချိန်မှာ Diamond ဆိုတဲ့ စိန်အဆင့်ကိုယ်စားလှယ်တွေများလာရင်တော့ လူတွေအများကြီးကို ကူညီပေးနိုင်ပါလိမ့်မယ်၊ တစ်ဦး လင်ဗီးတစ်ပုလင်းလှူနိုင်ရင် ခိုကိုးရာမဲ့နေသူလူများစွာကို လင်ဗီးကျွေးနိုင်ပါလိမ့်မယ်"

"ကုမ္ပဏီမှာ ရိုးသားကြိုးစားသူများအတွက် မေတ္တာမွန်အဖွဲ့ကို ဖွဲ့စည်းထားတယ်၊ သွေးလှူဒါန်းပွဲတွေရှိတယ်၊ ရေတွင်း၊ စာကြည့်တိုက်၊ နွမ်းပါးတဲ့ကလေးတွေအတွက် ပညာသင်စရိတ်တွေ၊ ကျောင်းပြင်တာတွေ၊ အားကစား၊ ဝေယျာဝစ္စနဲ့ တခြားသောကဏ္ဍတွေမှာလည်း အများကောင်းကျိုးအတွက် မေတ္တာမွန်အဖွဲ့ရဲ့ ကူညီမှုတွေ၊ ကုသိုလ်လုပ်ငန်းတွေ အများကြီးရှိပါတယ်"

"ဒီကညီမမေးလိုက်တဲ့အချိန်မှာ ကျွန်တော် ဘာတစ်ခုခံစားမိလဲဆိုတော့ ကျွန်တော်တို့တွေ အခုလို ငယ်ငယ်ရွယ်ရွယ် ကျန်းကျန်းမာမာရှိတုန်းမှာ လင်ဗီးအကြောင်းသိခွင့်ရလိုက်တာ သိပ်ကံကောင်းပါလားဆိုတဲ့အချက်ကိုပါပဲ၊ ခုနက မိသားစုဝင်တစ်ယောက်က ဘာရောဂါဖြစ်နေလဲဆိုတာတော့ ကျွန်တော်မသိဘူးပေါ့နော်"

"ဒါပေမယ့် လင်ဗီးစားမှပျောက်မယ့် နာတာရှည်ရောဂါတစ်ခုခုဆိုပါတော့၊ ဒီလိုနာတာရှည်မဖြစ်အောင်ရော၊ ကင်ဆာရောဂါမဖြစ်အောင်ပါ ဒီလင်ဗီးဓာတ်စာက ကူညီပေးနိုင်တယ်ဆိုတာက တစ်ချက်ပေါ့နော်၊ ကျွန်တော်တို့ နေ့စဉ်စားသုံးနေတဲ့ အစားအသောက်တွေ၊ ရေတွေ၊ ရှူသွင်းလိုက်တဲ့လေတွေထဲမှာ အဆိပ်အတောက်တွေ အမြဲပါနေပါတယ်၊ အဲဒီအဆိပ်အတောက်တွေ ခန္ဓာကိုယ်ထဲမှာ စုဝေးခွင့်မရအောင် စွန့်ထုတ်ပစ်နိုင်တဲ့သတ္တိ လင်ဗီးမှာရှိပါတယ်၊ ရောဂါဖြစ်မှထက် မဖြစ်ခင် ဒီအသိပညာလေးရရှိသွားစေဖို့က ကျွန်တော်တို့ရဲ့စေတနာပါ"

"ခုနကစကားကိုပြန်ဆက်ရင် မိသားစုဝင်တစ်ယောက်က မကျန်းမမာဖြစ်လာတယ်၊ မိသားစုကလည်း ဒီဓာတ်စာကောင်းမှန်းသိထားရင် သူ့သူကိုယ်ကိုယ် ကျွေးချင်ကြမှာပဲ၊ လူတိုင်းမစားနိုင်ပါဘူး၊ ဒါ မှန်ပါတယ်၊ ဒါဖြင့်ပိုက်ဆံရှိတိုင်းကော စားမယ်တဲ့လား၊ တချို့ရှိတယ် ငွေပုံပေါ်မှာထိုင်ပြီး ဖွဲကောင်းကောင်းနဲ့ အသေခံသွားတယ်၊ ဘာကြောင့်လဲ၊ သူတို့နားမလည်သေးလို့ပဲ၊

www.burmeseclassic.com

www.burmeseclassic.com



သူ့မိသားစုဝင်တွေ သူ့သားသမီးတွေ နားမလည်လို့ပဲ၊ တချို့ကြားဖူးတယ်၊ ကောင်းမှန်းသိတယ်၊ ဒါပေမယ့် လေ့လာရကောင်းမှန်းမသိဘူး"

"ကျွန်တော့်ဘကြီးတစ်ယောက်ရှိတယ်၊ ပိုက်ဆံအရမ်းချမ်းသာတယ်၊ ကျွန်တော်လည်း လေ့လာစပဲရှိသေးတယ်၊ ဘကြီးက 'မင်းဆေးကောင်းရဲ့လားကွ' တဲ့၊ 'ကောင်းတယ် ဘကြီး' လို့ ကျွန်တော်ကပြောလိုက်တယ်၊ 'ဒါဖြင့် ငါလည်း စားမယ်ကွာ'တဲ့၊ ကျွန်တော်ကလည်း ဘကြီးနေကောင်းတော့မယ်ဆိုပြီး ဝမ်းသာတာက နည်းနည်း၊ ဘကြီးစားရင် ငါ Bonus ရတော့မယ်ဆိုပြီး ဝမ်းသာတာက များများ ထင်ပါရဲ့"

ရယ်သံတွေ ခပ်အုပ်အုပ်ပေါ်ထွက်လာသည်။

"ကျွန်တော့်ဘကြီးကလည်း ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါတွေ စုံနေတာပဲ၊ ဆေးခန်းကို မပြတ်သွားနေရတဲ့သူ၊ တစ်လတစ်လကို သူ့ဆေးဖိုးက သောင်းဂဏန်းမက သိန်းဂဏန်းကုန်နေတာ၊ 'မင်းဆေးက ဘယ်ဈေးလဲကွ' တဲ့၊ ကျွန်တော်က ဈေးနှုန်းလည်းပြောလိုက်ရော ပိုက်ဆံထုတ်ပေးမလို့လုပ်နေရာကနေ ဘီရိုအံဆွဲကို ဒုန်းခနဲပိတ်ပြီး သော့ခတ်ပစ်လိုက်တယ်"

ရယ်သံတွေ ပိုကျယ်လာသည်။

"အခုတော့ သူသေသွားပြီ၊ သူ့အမွေတွေကို သူ့သားနဲ့ချွေးမမိသားစု ဖြုန်းလို့ ကုန်တော့မယ်၊ ကျွန်တော်ကြုံခဲ့ဖူးတာကို ပြောတာပါ၊ ဘယ်လိုလူမျိုးတွေ သုံးသလဲဆိုတော့ ဒီဓာတ်စာရဲ့အာနိသင်ကို တကယ်နားလည်တဲ့သူတွေပဲ သုံးပါတယ်၊ သူတို့အနေနဲ့ နှုန်းမီအောင်မတိုက်နိုင်ပေမယ့် နည်းနည်းလေးတိုက်နိုင်လည်း နည်းနည်းလေးအရ အကျိုးရှိတာသိတော့ တိုက်ကြတယ်၊ ရောဂါဝေဒနာကို ပျောက်ကင်းအောင်မညှိနိုင်သေးပေမယ့် ကျန်းမာရေးကို ထိန်းထားလို့ရပါတယ်၊ လင်ဇီးသောက်မှမဟုတ်ပါဘူး၊ ဈေးသက်သက်သာသာနဲ့ ကျန်းမာရေးထိန်းလို့ရတဲ့ ဆေးလက်ဖက်ခြောက်လို ပန်းဝတ်မှုန် (Pollen) လို တခြားထုတ်ကုန်ပစ္စည်းတွေလည်း ကုမ္ပဏီမှာရှိပါတယ်"

"အချိန်ကန့်သတ်ချက်ရှိလို့ ရပ်နားခွင့်ပြုပါ၊ နောက်ထပ်မေးခွန်းတွေလည်း ဖြေစရာရှိလို့ပါ၊ အခု ကျွန်တော်ပြောတာ မကျေနပ်သေးရင် ခမ်းအနားပြီးတဲ့အခါ ကျွန်တော့်ကိုလာမေးလို့ရပါတယ်၊ ကျွန်တော်တို့ထက် အတွေ့အကြုံရှိတဲ့ ကျွန်တော်တို့ဆရာတွေလည်း ရှိပါတယ်၊ ဆရာ့ကိုမေးတာ ပိုကောင်းမယ်

www.burmeseclassic.com



ထင်ပါတယ်၊ သိပ်ကောင်းတဲ့အဖြေရမှာဖြစ်သလို ကျွန်တော်လည်း သက်သာမှာဖြစ်လို့ပါ"

ရယ်သံတွေ ခပ်သဲ့သဲ့လွှမ်းကျန်ရစ်သည်။ စကားဝိုင်းကို ငြီးငွေ့မသွားအောင် ထိန်းထားနိုင်စွမ်းရှိသည်။

"ကျေးဇူးတင်ပါတယ်"

သတိုးက ကျွန်မကိုလှမ်းကြည့်ကာ ပြုံးရယ်ရင်းပြောလိုက်သည်။

မလွယ်ပါလား၊ လက်ဖက်ခြောက်တစ်ပါကင်ဖိုးထွက်မယ့်ကိန်း၊ သူတို့ပစ္စည်းကို ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် အစွဲထုတ်နိုင်တဲ့စွမ်းရည်တွေ ရှိနေကြတာပါပဲလား။

သတိုးနှင့်က ရင်းနှီးမှုပိုလာ၏။ ကျွန်မထက် နှစ်နှစ်ခန့်သာကြီးသည့်သတိုးက ရုံဖန်ရံခါ ကိုကို့အရွယ် အစ်ကိုကြီးတစ်ယောက်လိုပင်။ သူ့ရဲ့ကြင်နာအလိုက်သိမှုများက ကျွန်မနလုံးသားကို နွေးထွေးစေပါသည်။ သူသည် ကျွန်မယုံကြည်စိတ်ချရသော မိတ်ဆွေတစ်ယောက် လျင်မြန်စွာဖြစ်လို့လာခဲ့သည်။ ကျွန်မသည် ထိုအခြေအနေကိုပင် စိတ်လှုပ်ရှားနေခဲ့ရ၏။ ဘာကြောင့်လဲဆိုတော့ ကျွန်မသည် မိတ်ဆွေစစ်၏အရသာကို ယခင်က တစ်ခါမှမမြည်းစမ်းခဲ့ဖူးသောကြောင့်ဖြစ်သည်။

သတိုးမှာတော့ တစ်နိုင်ငံလုံး သူ့မိတ်ဆွေမရှိသည့်မြို့ ရှိမည်မထင်။

သတိုးဘေးမှာ သူကလေးစားရသူရော၊ သူ့ကိုလေးစားသူရော၊ စိတ်တူကိုယ်တူ လက်တွဲဖော် လုပ်ဖော်ကိုင်ဖက်တွေရော မြောက်မြားစွာရှိသည်။

"သတိုးတို့လုပ်ငန်းက တော်တော်စိတ်ရှည်ရမယ့်လုပ်ငန်းပဲ၊ အခက်အခဲလည်းရှိမှာပေါ့"

"ဒီလိုပေါ့ဝေဏီ၊ အခက်အခဲဆိုတာ လုပ်ငန်းတိုင်းမှာရှိကြတာပါပဲ၊ အစတုန်းကတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်မရှိတော့ ဖြစ်ပါ့မလားတွေးပြီး ကြောက်တာပေါ့၊ နောက်တော့ အခက်အခဲဆိုတာ ကိုယ့်ကို နောက်တစ်ကြိမ်ကြိုးစားဖို့ အခွင့်အရေးထပ်ပေးတာပဲလို့ ခံယူတတ်လာတယ်၊ အခုဆိုအခက်အခဲကြုံရင်ပဲ အစွမ်းအစတွေပိုထွက်လာသလို ခံစားရတယ်၊ ကိုယ်တို့လုပ်ငန်းက

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထားအဓိကပါ၊ စိတ်ထားက ကိုးဆယ့်ကိုးရာနှုန်း၊ လုပ်နည်းက တစ်ရာနှုန်းပဲ ရှိတယ်"

"ဒီလုပ်ငန်းမှာ ကိုယ့်စကားလေးတစ်ခွန်းကြောင့် ကိုယ့်မိတ်ဆွေ တစ်ယောက် ကျန်းမာသွားတယ်၊ သူ့ဘဝအောင်မြင်ဖို့ မျှော်လင့်ချက်ရောင်ခြည် လေးတွေ ရသွားတယ်ဆိုရင်ပဲ ပီတိဖြစ်ရတယ်၊ Bonus ရတာထက် အဆပေါင်း များစွာသာပါတယ်"

"သတိုးတို့ Bonus က ဘယ်လိုရတာလဲ"

" Bonus System ဆိုတာ ရှိသေးတယ် ဝေဏီရဲ့၊ အဲဒီနည်းအတိုင်း သွားတာပဲ၊ အဲဒါက သက်သက်တွက်ပြမှရတယ်၊ ဒီမှာက ကိုယ့်ရဲ့ချမ်းသာ ကြွယ်ဝမှုကို ကိုယ်မျှော်မှန်းလို့ရတယ်၊ ကိုယ့်ရဲ့စိတ်ကူးယဉ်မျှော်မှန်းချက်ကို အကောင်အထည်ဖော်လို့ရတယ်၊ ကိုယ့်ရဲ့ကြိုးပမ်းအားထုတ်မှုပေါ်မူတည်ပြီး နောင်(၅)နှစ် ကိုယ်ဘာဖြစ်ချင်လဲ၊ နောင်(၁၀)နှစ်မှာ ဝင်ငွေဘယ်လောက်လိုချင်လဲ ကြိုးစားလို့ရတယ်၊ ကိုယ့်ရဲ့ဆုံးဖြတ်ချက်ခိုင်မာဖို့ရယ်၊ System အတိုင်းလုပ်နိုင်ဖို့ ရယ်သာလိုတာ၊ ဘာကြောင့်ဒီလိုရနိုင်သလဲဆိုတော့ ကုမ္ပဏီကကျင့်သုံးတဲ့ အင်မတန်ခိုင်မာမှုရှိတဲ့ ခေတ်မီစီးပွားရေးစနစ်ကြောင့်ပဲ ဆိုပါတော့"

"ကိုယ်တို့ကုမ္ပဏီက Multi Level Marketing ဈေးကွက်စီးပွားရေးစနစ် ကို အခြေခံထားတာ၊ ဒီမှာတော့ သိပ်မရှိသေးပေမယ့် ကမ္ဘာမှာကျင့်သုံးနေတာ ကြာပါပြီ၊ ဒါနဲ့ပတ်သက်ပြီး ဝေဏီနားလည်အောင်ရှင်းပြရရင် ကိုယ်တို့ သာမန် အားဖြင့် နားလည်ထားတာက ပစ္စည်းတစ်ခုဟာ ကြော်ငြာအားကောင်းရင် ရောင်းကောင်းတယ်ဆိုတာပဲ၊ ဒါပေမယ့် ဒီကြော်ငြာစရိတ်ကို ဘယ်သူတွေက ပေးရတာလဲ၊ စားသုံးသူကပဲပေးရတာပဲ၊ ဘာကြောင့်လဲ၊ ဒီစရိတ်အတွက် ပစ္စည်း ပေါ်မှာ ဈေးတင်လိုက်တာကိုး၊ ဆိုင်စရိတ်လည်း ဒီအတိုင်းပဲ၊ သာမန်ရောင်းဝယ်မှု စနစ်မှာ စက်ရုံကထုတ်လိုက်တဲ့ပစ္စည်းဟာ ကုန်သည်ကြီး၊ ကုန်သည်လတ်၊ ကုန်သည်ငယ်၊ လက်ကား၊ လက်လီ အဆင့်ဆင့်ဖြတ်သန်းပြီးမှ စားသုံးသူ လက်ထဲ ရောက်တာလေ၊ ဒီ့ပြင်ကြော်ငြာပေးရတယ်၊ ကြော်ငြာခ ငွေကုန်တယ်၊ အရောင်းဆိုင်ခွဲတွေများစွာနဲ့ ဆိုင်ခန်းတင်ရောင်းချရတယ်"

"ကိုယ်တို့ကုမ္ပဏီကကျင့်သုံးတဲ့ တိုက်ရိုက်ဖြန့်စနစ် (direct distribution) မှာတော့ မကြော်ငြာဘူး၊ ဆိုင်ခန်းလည်းမတင်ဘူး၊ တိုက်ရိုက်ဖြန့် ကိုယ်စားလှယ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးကတစ်ဆင့် စားသုံးသူလက်ထဲကို တိုက်ရိုက်ဖြန့်တယ်၊ အဆင့်ဆင့် အမြတ်နဲ့ ကုန်ကျစရိတ်တွေနဲ့ အကျိုးအမြတ်တွေကို စားသုံးသူနဲ့ တိုက်ရိုက်ဖြန့်ကိုယ်စားလှယ်တို့က မျှဝေခံစားကြရတယ်၊ ဒီစနစ်မှာ တစ်ခုရှိတာက ကုန်ပစ္စည်းရဲ့ အရည်အသွေးဟာ ထိပ်တန်းမှာရှိနေရမယ်၊ ထုတ်ကုန်ပစ္စည်းမကောင်းရင် ဒီလုပ်ငန်းဟာ *ဘယ်လိုမှ မအောင်မြင်နိုင်ပါဘူး*"

"စက်ရုံထုတ်ကုမ္ပဏီက သတ်မှတ်ဈေးအတိုင်း တိုက်ရိုက်ဖြန့်ကိုယ်စားလှယ်ဟာ စားသုံးသူကိုပေးရတယ်၊ ကြားမှာ အမြတ်မတင်ရဘူး၊ ဒါကြောင့် စားသုံးသူဟာ အဆင့်ဆင့်အမြတ်နဲ့ ကုန်ကျစရိတ်တွေအတွက် အတော်အသင့်သက်သာသွားပါတယ်၊ တိုက်ရိုက်ဖြန့်ကိုယ်စားလှယ်က ဘာတွေရရှိခံစားရသလဲဆိုတော့ ကြော်ငြာခ၊ ဆိုင်ခတွေကို ချွေတာလိုက်တဲ့အတွက် ရလာတဲ့အကျိုးအမြတ်တွေကို ကိုယ်ကြိုးစားရင် ကြိုးစားသလောက်ရအောင် ကုမ္ပဏီက ဆပွားတိုးချဲ့ခြင်းစနစ်နဲ့ပေးတယ်၊ တရားမျှတမှုရှိတယ်၊ ဘာသာရပ်တစ်ခုပဲ ဝေဏီ၊ ပြောရရင်တော့ အများကြီးပဲ"

"တိုက်ရိုက်ဖြန့်စနစ်မှာလည်း အမျိုးမျိုးရှိတယ်၊ Multi Level Marketing မစစ်ရင် ရေရှည်မခံဘူး၊ Multi Level Marketing ရဲ့ ထူးခြားချက်တစ်ခုက ဖြန့်ချိရေးကိုယ်စားလှယ်ဟာ လွတ်လပ်တဲ့လုပ်ငန်းရှင်ဖြစ်တယ်၊ ကိုယ်ပိုင်လုပ်ငန်းပဲ၊ အချိန်နဲ့နေရာက ကန့်သတ်ချက်မရှိဘူး၊ ကိုယ်ပေးနိုင်တဲ့အချိန်ဟာ ကိုယ့်အလုပ်ချိန်ပဲ၊ သူ့ရဲ့အဓိကသော့ချက်တစ်ခုက သူများကို အောင်မြင်အောင်ကူညီပေးခြင်းကြောင့် ကိုယ်တိုင်လည်း အောင်မြင်မှုရလာခြင်းပဲ၊ လုပ်ငန်းမှာအောင်မြင်သူဖြစ်လာလေလေ စိတ်ထားတွေ မွန်မြတ်လာလေ၊ ရင့်ကျက်လာလေပဲ၊ အောင်မြင်မှုနဲ့အတူ ကျန်းမာခြင်း၊ ချမ်းသာခြင်းနဲ့ မွန်မြတ်တဲ့စိတ်ထားတွေပါ ပြည့်စုံကြွယ်ဝလာတယ် ဆိုတာ ဘယ်လုပ်ငန်းမှာများ ကြားဖူးလို့လဲ၊ ကိုယ်အကြိုက်ဆုံးက အဲဒီအချက်ပဲ၊ သာမန်လုပ်ငန်းတွေမှာ အောင်မြင်လာရင် တစ်ဖက်ကပေးဆပ်လိုက်ရ တာတွေရှိတယ်လေ၊ ကိုယ့်မိသားစုနဲ့ ဝေးချင်ဝေးနေမယ်၊ ကိုယ့်ကျန်းမာရေး၊ ဘာသာရေးလူမှုရေးနဲ့ ကိုယ့်ရဲ့အားလပ်ပျော်ရွှင်ချိန်တွေ၊ တစ်ခုကနေ အားလုံးထိ ဖြစ်နိုင်တာပဲ၊ ဒီမှာတော့ အဲဒီလိုမဟုတ်ဘူး၊ ပြောင်းပြန်ပဲ"

"ဒီဓာတ်စာက လူတန်းစားအများစု မစားနိုင်ကြဘူးလေ ဝေဏီဆိုရင်တော့ ဓာတ်စာရဲ့ဈေးနှုန်းကိုသိတာနဲ့ ဘယ်သူစားနိုင်မှာလဲဆိုပြီး လုပ်ငန်းလုပ်ဖြစ်

www.burmeseclassic.com



မှာမဟုတ်ဘူး"

"ကိုယ်စလေ့လာတုန်းကလည်း အဲဒီလိုပဲထင်ခဲ့တယ်၊ ပိုက်ဆံချမ်းသာတဲ့ ကိုယ့်ဆွေမျိုးတွေကို အရင်လက်ချိုးရေတာ၊ ဒါပေမယ့် အခုထိလည်း သူတို့ တစ်ယောက်မှမစားဘူး၊ ကိုယ်လာရင် ဆေးလာရောင်းတယ်ပဲထင်ကြတယ်၊ သူငယ်ချင်းတွေဆို ရေရေလည်လည်လှောင်တာ၊ အဲဒီတုန်းကတော့ ခံစားရတာပေါ့၊ အခုတော့ အဲဒါတွေက လေတိုက်တာလိုပဲ၊ ဘာမှမကျန်တော့ဘူး၊ ဒီအကြောင်းကို ကိုယ်သိသလို သူတို့သိစေချင်တယ်၊ ကိုယ့်မိသားစုတွေ ကျန်းမာသလို သူတို့တွေကိုလည်း ကျန်းမာစေချင်တာတစ်ခုပဲ"

"အချိန်တန်တော့ ကိုယ်အောင်မြင်လာတာကြည့်ပြီး သူတို့တွေ အံ့သြနေကြတယ်၊ ကိုယ်ကတော့ သူတို့ကိုကျေးဇူးတင်တယ်၊ သူတို့ကြောင့် မခံချင်စိတ်နဲ့ ကြိုးစားဖြစ်တာကိုး"

"အခုဆို ကိုယ်တို့ကုမ္ပဏီဟာ အရှိန်အဟုန်နဲ့အောင်မြင်လာတာ ဘာကြောင့်လဲ၊ ဒီခေတ်ကြီးမှာ လူတွေ ကျန်းမာရေးဘယ်လောက်လိုလားနေကြသလဲဆိုတာ သက်သေပြနေတာပဲ၊ ရောဂါတွေကလည်း မျိုးစုံနေတယ်၊ ကူးစက်ရောဂါတွေကလည်း များပြားလာတယ်၊ တချို့ ရှိသမျှအကုန်ခံပြီး နိုင်ငံခြားသွားကုကြတယ်၊ ငွေလည်းကုန်ပြီး တချို့အသက်ပြန်မရတာတွေ အများကြီးပဲ၊ ကုန်ရကျိုးမနပ်ဘူးပေါ့၊ လူတွေမှာ ကိုယ့်အသက်ထက် တန်ဖိုးရှိတာဘာမှမရှိဘူး၊ အသက်နဲ့ပတ်သက်လာရင် ဒီလင်ဇီးကို ဈေးကြီးတယ်ပြောဦးမလား၊ ငွေကုန်သွားတယ်၊ ကုန်ရကျိုးနပ်တယ်ဆိုရင် မတန်ဘူးလား"

ကျွန်မ မျှော်လင့်ချက်တွေ မရဲတရဲ။

"ဝေဏီ့ရောဂါက လုံးဝကုလို့မရတဲ့ရောဂါ မဟုတ်ပါဘူး"

သူက ပူပန်စပြုသည်။

လင်ဇီးခတ်စာအကြောင်း သေသေချာချာနားလည်အောင် လေ့လာနေစဉ်ကာလများတွင်လည်း ကျွန်မကိုတွေ့တိုင်း "နေကောင်းရဲ့လား" "အိပ်ပျော်ရဲ့လား" "မျက်နှာချောင်နေပါလား" စသဖြင့် စိုးရိမ်ပူပန်စွာ စပ်စုတတ်သည်။ "မျက်ကွင်းတွေညိုနေပြီ" ဆိုကာ သူ့ရဲ့လက်ဖျားလေးနှင့် ကျွန်မမျက်ခွံကို ဖွဖွလေး လာထိတတ်သည်။ ဘေးချင်းယှဉ်လျှောက်လာစဉ် ကျွန်မရဲ့အသက်ရှူသံအနိမ့်အမြင့်ကို သိနေတတ်သလို နှာခေါင်းမှာချွေးလေးစို့လာတာကအစ သတိပြုမိ

www.burmeseclassic.com



တတ်တဲ့ သူ့ရဲ့ ကြည်ဖြူချင်စရာစပ်စုမှုလေးတွေက ကျွန်မအဖို့ အထူးဆန်းနေသည်။

"ဝေဏီမောနေပြီ၊ ခဏနားလိုက်ဦး" ဆိုမှ ကျွန်မကိုယ်ကျွန်မ မောနေမှန်းသတိထားမိသည်။ အမောပြေသောက်ဖို့ ရေကအဆင်သင့်၊ မှာထားတဲ့ အစားအစာတွေရောက်လာတာနှင့် ကျွန်မလက်ထဲကို တစ်ရှူးလေးတစ်စ အဆင်သင့်ထည့်ပြီးသား၊ ကျွန်မရှေ့ကပန်းကန်ကို အစပ်အဟပ်တည့်မတည့် သူအရင်မြည်းကာ စားဖို့အသင့်ဖြစ်အောင် လုပ်ထားပေးပြီးသား။

"လုပ်မပေးပါနဲ့၊ ဝေဏီကလေးမှမဟုတ်ဘဲ"

ကျွန်မက ဘယ်ညာဝေ့ကြည့်ရင်း ခပ်တိုးတိုးတားလျှင်

"မကြိုက်ဘူးလား၊ ဝေဏီမကြိုက်ရင် လုပ်မပေးပါဘူး"

နောက်တစ်နေ့ကျတော့ သူပြောထားတာမေ့သွားသလို ထုံးစံအတိုင်း လုပ်ပေးမြဲ၊ ကျွန်မကို ဂရုတစိုက်ရှိမြဲ။

အမြဲတမ်း သွက်သွက်လက်လက်လှုပ်ရှားတတ်သူက အရာရာ နှေးကွေးတဲ့ ကျွန်မကို စိတ်ရှည်လက်ရှည်ရှိနေပြန်ပါသည်။

"ဝေဏီက ထမင်းတစ်လုပ်ကို နှစ်ဆယ့်ခြောက်ချက်တောင်ဝါးတယ်၊ ကောင်းပါတယ်၊ ဖြည်းဖြည်းစား အစာကြေတာပေါ့"

ဆိုတော့ အနည်းငယ်အောင့်သက်သက်ဖြစ်ကာ ပြုံးရယ်နေရသည်။

"ကိုယ့်စိတ်ထဲမှာတော့ ဝေဏီ့ကို ကလေးလို့ပဲမြင်တယ်၊ ဘာမဆို လုပ်ပေးချင်တယ်၊ ဘာဖြစ်လို့လဲမသိဘူး၊ သိပ်ပူပန်တတ်တာပဲ၊ ဝေဏီ့ကိုလိုက်ပို့ပြီး ပြန်သွားရင်လည်း ပင်ပန်းနေမှာပဲ၊ အိပ်ပဲပျော်ရဲ့လား တွေးပူနေမိတာ၊ အရင်ဘဝက ဘာတော်ခဲ့လဲမသိဘူး"

"ဝေဏီလည်း သတိုးကိုခင်သားပဲ၊ ဝေဏီ့မှာ ခံစားချက်တွေကို ထုတ်ဖော်ဖို့ သူငယ်ချင်းတစ်ယောက်ယောက်ကို တောင့်တမိရင် အဲဒီသူငယ်ချင်းဟာ သတိုးပဲဖြစ်ပါစေလို့ ဆုတောင်းတယ်"

"သိပ်ဖြစ်နိုင်တာပေါ့"

သူ့လေသံက ခိုင်ခိုင်မာမာ၊ သူ့မျက်ဝန်းမှာ ကျွန်မကို ချစ်ခင်သွယ်တာ ရိပ်တွေ အပြည့်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ကျောင်းကပြန်လာတော့ လမ်းမှာ သက်ဝေနှင့်တွေ့သည်။ ကားကြဲစီး ရမှာဆိုတော့ ကျွန်မဝမ်းသာသွားသည်။ တားပြီးတဲ့ Taxi ကားကို အားနာနာနှင့် ပြန်လွှတ်လိုက်ရသည်။

သက်ဝေက ယုဇနပလာဇာကို ဈေးဝယ်စရာရှိလို့ လိုက်ခဲ့ဖို့ခေါ်သည်။

"သိပ်မကြာဘူးဝေဏီ၊ ပြန်လိုက်ပို့ပေးမယ်"

"ကြည့်စမ်း၊ တစ်ကျောင်းတည်းအတူတက်ပြီး ဝေဏီကိုမတွေ့တာ ကြာပြီ"

"ဟုတ်ပါ့နော်၊ သတိုးနဲ့ကော တွေ့ဖြစ်လား"

"တွေ့ပါတယ်၊ သူ နှစ်ရက်တစ်ခါက်လောက် အိမ်ကိုရောက်တယ်၊ ဒီနေ့ညနေတောင် ကျူရှင်ကအပြန် တွေ့ဦးမလားမသိဘူး"

ကျွန်မက အမှန်ကို တိတိကျကျစဉ်းစားရင်း အဖြေပေးတော့ သက်ဝေက ရယ်သည်။

"ဘာရယ်တာလဲ"

"သက်ဝေအစ်ကိုတော့ မရိုးတော့ဘူးလို့ပြောမလို့"

"အာ ... ဝေဏီပြောတာ အဲဒီလိုမဟုတ်ဘူး၊ ဝေဏီတို့က ရိုးရိုး သားသားခင်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမျက်နှာ အနည်းငယ်ပူနွေးနေ၏။

"အထင်မလွဲပါနဲ့ သက်ဝေကလဲ၊ ဓာတ်စာစားတဲ့သူကို သူမှာ အားပေးဆောင့်ရှောက်ရမယ့် ဝတ္တရားရှိလို့ပါ"

သက်ဝေရဲ့ မချိုမချဉ်မျက်နှာကြောင့် ကျွန်မ ပိုအံနေခက်ရသည်။

"ဒီလူနာကိုမှ ဝန်ဆောင်မှုပိုနေသလားလို့၊ ကိုယ့်အစ်ကိုအကြောင်းကို ကိုယ်အသိဆုံးပါနော်၊ သူ့မှာ ဘယ်မိန်းကလေးကိုမှ အဲဒီလိုအချိန်မပေးခဲ့ဖူးဘူး၊ တစ်နေ့ကတောင် အန်တီချိုလာလို့ ဝေဏီအကြောင်းမေးသွားသေးတယ်၊ သတိုးရဲ့ အမေလေ"

"ဝေဏီအကြောင်းကို"

"အင်းလေ၊ သူ့သားစိတ်ဝင်စားတော့ သူလည်းစိတ်ဝင်စားရတာပေါ့၊ သူတို့တစ်အိမ်လုံး ဝေဏီကိုတွေ့ချင်နေကြပြီ"

"ဟာ မဟုတ်တာ"

သက်ဝေက ကျွန်မကိုစကာ ရယ်၍မဆုံး။

ထိုနေ့က အိမ်ရောက်တော့ သတိုးရောက်နှင့်နေကာ အရီးကြီးနှင့် စကားပြောနေတာတွေ့ရသည်။ သတိုးကို ခပ်အမ်းအမ်းရယ်ပြမိသည်။

"မောင်သတိုးဖေရောက်နေတာ ဝေဏီရေ"

အရီးကြီးက သတိုးကို မောင်သတိုးခေါ်ရမလား၊ မောင်ဖေဝင်း ခေါ်ရမလား၊ ခုထိဝေခွဲမရသေး။ အရီးကြီးက ပြောလက်စစကားကို ဆက်ပြောသည်။

"အရင်တုန်းကဆို အရီးကြီးစိတ်ထဲမှာ သီလစောင့်မယ်၊ လှူမယ် တန်းမယ်၊ စိတ်ကောင်းထားမယ်၊ ဒါဆိုလုံလောက်ပြီထင်နေတာ၊ ဒီအကျိုးကျေးဇူး တွေကြောင့်ပဲ လူ့ပြည်နတ်ပြည်မှာ ကျင်လည်ရပြီး အရိမေတ္တယျဘုရားပွင့်အောင် စောင့်နိုင်မယ်ထင်နေတာ"

"ဒါက ကံသေကံမ ဘယ်ပြောနိုင်မလဲ အရီးကြီးရဲ့၊ ဂေါ်ဝါဋ္ဌသဲစုမက ဘုရားအဆူပွင့်ခဲ့ပြီ ကျွန်တော်တို့တွေ အခုထိ ကျွတ်တမ်းမဝင်၊ တရားမရသေးတာ ကြည့်တော့၊ ဘုရားလက်ထက်၊ ဘုရားသာသနာခေတ်တွေမှာ ဘယ်လိုဘဝမျိုး ရောက်နေလဲမှမသိတာ၊ လူ့ဘဝဟာ ဘယ်လောက်ရခဲလဲဆိုတာကြည့်၊ "လူလည်းဖြစ်ခဲ၊ သက်ရှည်ခဲ၏၊ သက်လည်းရှည်ပြန်၊ လူဖြစ်ပြန်က၊ တွေ့ရန်

www.burmeseclassic.com



သာသနာ၊ ခဲယဉ်းပါ၏၊ သာသနာတော်၊ တွေ့ပြန်သော်လည်း၊ နာခဲတရား နာနိုင်ကြား၏၊ နာကားနာပင် သိခဲပေ၏၊ သိပေပြန်လည်း ကျင့်နိုင်ခဲ၏၊ ခက်ခဲ ဒုလ္လဘပါတကား" တဲ့၊ အလင်္ကာလေးတောင်ရှိတယ်"

"ကိုယ့်ဒါနကြောင့် လူ့ပြည်ရောက်လာတာ၊ ကိုယ့်သီလကြောင့် ခုထိ မသေသေးတာ၊ ရခဲတဲ့လူ့ဘဝမှာ အဖိုးတန်တဲ့တရားကို သိအောင်လုပ်ပြီး အမြင့်တန်းကို တက်လှမ်းနိုင်ဖို့ ကြိုးစားရမှာပေါ့၊ တရားအားထုတ်တယ်၊ တရား မှတ်တယ်ဆိုတာဟာ ကျွန်တော်တို့သေဖို့အတွက် ပြင်ဆင်နေတာ၊ သေခါနီးမှာ ကိုယ်ပြုခဲ့တဲ့ ကုသိုလ် အကုသိုလ်တွေမျိုးစုံ အာရုံမှာပေါ်လာတယ်၊ ပေါ်လာတာကို သတိနဲ့မှတ်လိုက်နိုင်ဖို့ အရေးကြီးတယ်၊ ဒေါသနဲ့သေရင် ငရဲကျမယ်၊ ကောင်းတာ တွေမြင်ရင်လည်း သဘောကျမယ်၊ လောဘ၊ လောဘနဲ့သေရင် ပြိတ္တာဖြစ်မယ်၊ ဘာမှမသိဘူး၊ ဘာမှမမှတ်မိနိုင်ဘူး၊ မသိမှုမောဟနဲ့သေရင် တိရစ္ဆာန်ဖြစ်မယ်၊ ဘယ်ကမှပြေးမလွတ်ဘူး၊ ကိုယ်က ခိုင်ခိုင်မာမာကျင့်ကြံအားထုတ်ထားမှ တော်ရာ ကျမယ်"

"ဒါနလောက်သာပဲ အားကိုးနေမယ်ဆိုရင် သီရိဓမ္မာသောကမင်းကြီး ကြည့် ဘုရားလက်ထက် ဘုရားသာသနာ သူကြုံတွေ့ရတယ်၊ သူ့လောက် အလှူဒါနပြုနိုင်တာ ရှိပါ့မလား၊ ဘုရားဟောခဲ့တဲ့ ဓမ္မခန္ဓာပေါင်းရှစ်သောင်း လေးထောင်ရှိတာကို ရည်စူးပြီး ရေတွင်းရေကန်၊ ကျောင်း၊ သံဃာ ဘာပဲလှူလှူ သူက ရှစ်သောင်းလေးထောင်စီလှူတာ၊ ဒါပေမယ့် သူသေတော့ ဒုတိယဘဝမှာ ဘာဖြစ်လို့ စပါးကြီးမြွေသွားဖြစ်ရတာလဲ၊ သေခါးနီးဇောကာလမှာ ဘယ်လောက် အရေးကြီးလဲဆိုတာလေ၊ သူသေခါနီးလေအောင့်တာကို စပါးကြီးသည်းခြေနဲ့ နွားနို့နဲ့သောက်ရင် ပျောက်တယ်၊ စပါးကြီးသည်းခြေကိုသွားရှာနေတုန်း စိတ်က ဒါကိုစွဲသွားတာ သေတော့ စပါးကြီးမြွေသွားဖြစ်တယ်၊ သေခါနီးမှာ အယူ တစ်ချက်လွဲသွားတာနဲ့ ဘယ်လောက်ကြောက်ဖို့ကောင်းလဲ၊ တိရစ္ဆာန်ဖြစ်ရ ဘာမှမသိတော့ဘူး၊ သူတစ်ပါးအသက်လည်း သတ်တော့မယ်၊ စပါးကြီးမြွေဘဝ နဲ့ လိပ်ပြာလေးကိုသတ်ဖို့ ညို့နေပြီး၊ ရဟန္တာဖြစ်တဲ့ သူ့သားနဲ့သမီးက ဟယ်လိုက် လို့ မသတ်ဖြစ်တာ၊ တတိယဘဝရောက်မှ သူ့အလှူဒါနတွေက အကျိုးပေးခွင့် ရသွားတာ"

သတိုးက အစီးကြီးကို ရွှေတိဂုံဘုရား စေတီတောင့်ရှိ သူမိဘများ

www.burmeseclassic.com

www.burmeseclassic.com



ကိုးကွယ်သည့် ဘုန်းကြီးကျောင်းသို့ ဥပုသ်နေ့တိုင်း လိုက်ပို့ပေးနေသည်။ စနေထောင့် မူလမင်းကွန်းကမ္ဘဋ္ဌာန်းဌာနမှ ဆရာကြီးဦးလှထွန်း တရားပြအလွန်ကောင်းကြောင်းကို အရီးကြီးပြောပြောနေတာကြာပြီ။ ဆရာကြီးမှာ အဋ္ဌကထာကျမ်းပြု ကျေးဇူးတော်ရှင် မူလမင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး၏ အဆုံးအမအတိုင်း ဟောပြောညွှန်ပြပေးနေခြင်းဖြစ်သည်။

"ကျွန်တော့်မိဘတွေကိုလည်း ပြောထားရတယ်၊ တစ်သက်လုံး စီးပွားရေးကိစ္စပူ၊ သားရေးသမီးရေးကိစ္စပူ၊ ဟိုင့်ဒီင့်နဲ့နေလာတာ အခု ကိုယ့်အတွက် ကိုယ်ပူကြဦးလို့၊ ဒီထက်အသက်ကြီးလာရင် မလွယ်တော့ဘူးလေ"

"ဟုတ်တာပေါ့ကွယ်"

အရီးကြီးက သူ့ကို ယခုလိုပြောမည့် သားသမီးတစ်ယောက်ယောက်ကို တောင့်တမိသလို မျက်နှာလေး မသိမသာညှိုးနွမ်းသွားသည်။

"သတ္တဝါတွေ သံသရာစက်ရဟတ် မရပ်မနားပြေးလွှားရအောင်လုပ်တဲ့ လက်သည်က အဝိဇ္ဇာနဲ့တဏှာ၊ ဒီတဏှာကိုသတ်ရမယ်ဆိုတာတော့ ခဏခဏကြားဖူးခဲ့တယ်၊ တဏှာဟာ မဖြစ်ဘဲချုပ်သွားတယ်ဆိုတာ ဆရာကြီးရဲ့တရားမှာ မှတ်သားလိုက်မိတယ်၊ တော်တော်သဘောကျတယ်၊ အရင်တစ်ခါမှမကြားမိဘူး"

"ဖြစ်ခွင့်ဆိုတာဟာ ပဲကြီးစေ့လိုပဲ အရီးကြီး၊ ဒီအတိုင်းထားရင် ဘာမှမဖြစ်ဘူး၊ ရေနဲ့မြေနဲ့သာတွေ့ရင် အညှောင့်ထွက်လာသလို ဒွါရနဲ့အာရုံလာတိုက်ရင် ဖြစ်လာတာဟာ ဖြစ်ခွင့်ပဲ၊ အဲဒီဖြစ်ခွင့်ဆိုတဲ့အညှောင့်ထွက်လာမှာစိုးလို့ ပေါ်ရင်မှတ်ခိုင်းတာ၊ ပေါ်တာကို မမှတ်လိုက်တာနဲ့ မသိမှုအဝိဇ္ဇာရောက်လာပြီး ခန္ဓာငါးပါးဖြစ်တော့တာပဲ၊ ဒီလိုနဲ့ သံသရာနယ်ချဲ့တဲ့တဏှာမာန ဒိဋ္ဌိရောက်လာတော့တာပေါ့"

"ဒီလို အရီးကြီးရဲ့ 'ဖြစ်ခွင့်' ဆိုတဲ့ မဖြစ်သေးတဲ့ 'တဏှာ' ဟာ မဖြစ်ဘဲချုပ်သွားတယ်ဆိုတာဟာ မမြင် မကြား မနံ မစား မထိ မသိခင်က ဒီတဏှာဟာ ဖြစ်တာမဟုတ်ဘူး၊ မြင်ပြီး ကြားပြီး နံပြီး စားပြီး ထိပြီး သိပြီးမှာလည်း ဒီတဏှာဟာ ဖြစ်တာမဟုတ်ဘူးတဲ့၊ ဒါပေမဲ့ မြင်တုန်း ကြားတုန်း နံတုန်း စားတုန်း ထိတုန်း သိတုန်းမှာတော့ ဒီတဏှာကဖြစ်တယ်၊ ဖြစ်တယ်တယ်ဆိုတာလည်း မသိမှုဖြစ်မှာ သိရင်မဖြစ်တော့ဘူး၊ ဖြစ်နေတဲ့တရားကိုမသိမှ ဖြစ်မှာ၊ သိရင်မဖြစ်တဲ့ အတွက် အဲဒီ 'တဏှာ' ကို အတိတ်လို့လည်းမပြောပါနဲ့၊ မဖြစ်သေးတဲ့အတွက်

www.burmeseclassic.com



အနာဂတ်လို့လည်း မပြောပါနဲ့၊ ပစ္စုပ္ပန်ဖြစ်နေတုန်းမှာလည်း မသိမှုဖြစ်မှာ သိရင်မဖြစ်တော့တဲ့အတွက် ပစ္စုပ္ပန်လို့လည်း ပြောလို့မရဘူးတဲ့၊ ဖြစ်ခွင့်ဆိုတဲ့ 'တရား' ဟာ ကာလသုံးပါးက လွတ်နေတယ်၊ ကျွန်တော်လည်း အဲဒီစကားကို ကြားလိုက်ရတာ တော်တော်ဘဝင်ကျသွားတယ် အရီးကြီးရဲ့"

"အရီးကတော့ ဒီဘဝမှာ တရားသိဖို့ ပါရမီပဲပါရဲ့လားမသိဘူး"

"ဗုဒ္ဓကဟောပြီးသား အရီးကြီးရဲ့၊ လူတိုင်း ဒီတရားကို တွေ့နိုင်ပါတယ်တဲ့၊ အားထုတ်ဖို့ပဲလိုတာ၊ ဗုဒ္ဓဟောခဲ့တဲ့ ဒီတရားအတိုင်းသာ ကျင့်ကြံအားထုတ်သွားမယ်ဆိုရင် (၇)ရက်၊ (၇)လ၊ (၇)ရက်မှာ လူတိုင်း ဒီတရားကို တွေ့နိုင်တယ်၊ တရားထူးတရားမြတ်ရနိုင်တယ်တဲ့"

"ဖျော်ရည်သောက်လိုက်ဦး သတိုး"

ကျွန်မ သူ့တို့အတွက် ကမ္ဘလာသီးဖျော်ရည်ယူလာသည်။

"ဝေဏီ့ကိုလည်း ဘုန်းကြီးကျောင်းခေါ်သွားရမယ်" သတိုးက ပြောသည်။

"ဟင် ... ဝေဏီက တရားနဲ့မတည့်ဘူး"

"အရီးကြီးလည်းအဖော်ရအောင်လေ"

သတိုးကမလျှော့။

"အင်းပါ၊ အင်းပါ၊ စာမေးပွဲပြီးမှနော်"

"ဝေဏီ စိတ်ပါတဲ့အချိန်မှပါ၊ လူတစ်ယောက်မှာ ခုတ်ပါလာရင် ဘယ်လိုမှတားလို့မရဘူး၊ အချိန်ကျရင် သိချင်လာမှာပဲ"

ထိုနေ့က အရီးကြီးရဲ့ရှေ့မှာပဲ သတိုးက "ဝေဏီ့ကို ကျူရှင်လိုက်ပို့ဦးမယ်" ဟု ပေါ်ပေါ်ထင်ထင်ခွင့်ပန်သည်။ အခါတိုင်းမူ ကျူရှင်ကိုလာကြိုပြီးမှ အိမ်ပြန်ပို့ပေးလေ့ရှိသည်။ အရီးကြီးတို့မျက်စိရှေ့ကနေ ယခုလို အိမ်မှအတူတွဲ၍ ထွက်စဖူး။

ကျွန်မ အနည်းငယ်စိတ်ဆိုးချင်လာသည်။ သူ့ကိုမစောင့်ဘဲ ရှေ့မှ ထွက်ခဲ့၏။ သူက စကားတစ်ခွန်းမှမပြောဘဲ နောက်နားက ကပ်လိုက်လာသည်။

ကျွန်မ ကားမှတ်တိုင်ကိုသွားဖို့ပြင်တော့ သူက ကျွန်မလက်ကို အသာလှမ်းဆွဲသည်။

"ကားငှားလိုက်မယ်နော်၊ ကိုယ့်မှာ ဒီနေ့ကားမပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်၊ ဘတ်စ်ကားနဲ့ပဲသွားမယ်"

လက်ကို မသိမသာရုန်းဖယ်ကြည့်တော့ သူက မသိသလို။

"မဖြစ်ပါဘူး၊ ခဏာ့လေး"

ရှေ့နည်းနည်းဆက်လျှောက်ပြီးမှ ကားငှားလို့ရသည်။ သတိုးကို ပထမဆုံးအကြိမ် စိတ်ကောက်မိသည်။ ကိုယ်စိတ်ကောက်မိတာကိုလည်း သူအသိမခံချင်။ သူမသိသလိုနေတာကိုလည်း မကျေနပ်။ ကျောပိုးအိတ်နှင့်စာအုပ်တွေကို သူယူပြီး ပွေ့ပိုက်ထားတာကို မျက်စောင်းထိုးရှုကြည့်မိသည်။ သတိုးက လှည့်ကြည့်တော့ မျက်လုံးချင်းဆုံသည်။

"ကလေးလိုပဲ၊ အလကားနေရင်း စိတ်ဆိုးစိတ်ကောက်မလုပ်နဲ့နော်၊ စိတ်ဒုက္ခရှာလို့"

"ဝေဏီ ဘယ်သူ့ကိုမှ စိတ်မကောက်ဖူးဘူး"

"ကိုယ်ကဘာဖြစ်လို့လဲ"

"သိပ်ပိုတာကိုး၊ ဝေဏီ့ကို သိပ်ဂရုစိုက်တာမကြိုက်ဘူး"

"ဘာဖြစ်လို့လဲ"

"မသိဘူး၊ မသိဘူး၊ မကြိုက်ဘူး"

သူအသံထွက်အောင်ရယ်တော့ အကြောင်းမဲ့သက်သက် စိတ်တိုရပြန်လေသည်။

သတိုးနှင့် အပြင်အတူသွားရသည့်ကိစ္စတွေ တစ်ခုပြီးတစ်ခုပေါ်လာသည်။ ရုပ်ရှင်ကားကောင်းရင်လည်း သွားကြည့်ရသည်။ ဘုရားလည်းသွားရသည်။ တရားပွဲလည်းသွားရသည်။ ပန်းချီပြပွဲလည်းသွားရသည်။ ညစာထွက်စားရသည်။ ဈေးဝယ်ထွက်ရသည်။

သူနှင့် ဒီလိုသွားလာတာ အသိတွေတွေ့ရင်တော့ ချစ်သူတွေလို့ထင်ကြမှာပဲ။

မေးလာလျှင် မဖြေရှင်းတတ်သေး။ အနည်းငယ်စိုးထိတ်ပေမယ့် သူရောက်လာမယ့်အချိန်မှာ မမျှော်ဘဲလည်းမနေနိုင်။

အပေါ်ထပ်မှာစာကြည့်ရင်း သတိုးရဲ့အသံကို ကျွန်မနားစွင့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



စာဖတ်လို့လည်းမရတော့။ ဗာကျိုးနီးယားဝုဖ်ရဲ့ စာအုပ်တစ်အုပ်ကို လှမ်းကိုင်သည်။ ခေါင်းပိုရှုပ်သွားရသည်။ စာကျက်လို့မရလျှင် တခြားစာအုပ်ဖတ်တတ်တာ ကျွန်မအကျင့်။

သတိုးက ခါတိုင်းထက်နောက်ကျပြီးမှ ရောက်လာသည်။ သူ့အသံကြားတော့ ပျော်ရွှင်သွားရသည်။ လှေကားမှ ပြေးဆင်းမလိုလုပ်ပြီးမှ ကိုယ်ရှိန်သတ်လိုက်ရသည်။

"အိမ်ထဲမှာချည်းအောင်းမနေနဲ့လေ"

"ဒါဖြင့် ဘယ်သွားရမလဲ၊ သတိုးရဲ့မိတ်ဆွေတွေဆီလည်း ဝေဏီမလိုက်ချင်ဘူး၊ ဝေဏီ လူတွေနဲ့သိပ်မသိချင်သေးပါဘူးကွာ"

သတိုးနှင့် သူ့မိတ်ဆွေတွေအိမ် တစ်ရက်လိုက်လည်ဖူးပါရဲ့။

"ကိုယ်တို့အလုပ်က အိမ်လည်တဲ့အလုပ်လေ"

ကျွန်မကတော့ သူနှင့်လိုက်သွားလျှင် ကြောင်တောင်တောင်လေး။ သူနှင့်အတူပါလာငဲ့ သူ့မိတ်ဆွေ လုပ်ဖော်ကိုင်ဖက်တွေလို သူပြောသမျှ မှတ်စုလိုက်ခြင်း၊ အသံဖမ်းခြင်းလည်းမရှိဘဲနှင့် ညည့်သည်ရဲ့ညည့်သည်လို ကျွန်မဖြစ်နေတတ်သည်။ သူကတော့ အိမ်တစ်အိမ်ရောက်လျှင် သူ့ဆွေမျိုးသားချင်းအိမ်ရောက်သွားသလို ရင်းနှီးခင်မင်မှုအပြည့်။

"ကိုယ်တို့နဲ့မသိတဲ့လူတွေဆို ဖြစ်တယ်မဟုတ်လား၊ လာပါ လာပါ၊ အချိန်မဖြုန်းနဲ့၊ ဝေဏီအတွက် သီးသန့်အချိန်ထုတ်ရတာ လွယ်တယ်ထင်လား"

"ဘယ်သူထုတ်ခိုင်းလို့လဲ"

"အနီရောင်လေးနဲ့ ဝေဏီပုံက လန်းဆန်းသွားတာပဲ"

တီရှပ်အနီရဲရဲ ဒူးအုပ်နက်ပြာရောင် ဂျင်းစကတ်ကို တွဲဝတ်ထားတာကြည့်ပြီး သတိုးကပြောလိုက်သည်။

"ဝေဏီ သိပ်ပိန်နေသလား"

"ပိန်တာကောင်းတာပေါ့၊ သူများတွေဆို တမင်ပိန်အောင်လုပ်ပြီးနေရတာ"

"လူမမာနဲ့တူနေလား၊ မျက်ကွင်းတွေညိုနေပြီနဲ့တူတယ်"

"လူမမာနဲ့တူအောင်နေရင် တူနေမှာပဲ၊ လာ အပြင်သွားမယ်"

"ဝေဏီကတော့ သူများကို အမြဲဝန်ထုပ်ဝန်ပိုးဖြစ်စေတာပဲ၊ ဝေဏီအနေ

www.burmeseclassic.com



ကလူတွေ တော်တော်ကဲဆိုးတယ်၊ လူပေါင်းမှားမယ်နော်"

"သူတို့က ဝေဏီကိုချစ်နေရရုံနဲ့တင် ကံကောင်းတယ်ထင်နေကြတာ၊ ဝေဏီမသိဘူးလား၊ ဝေဏီက သိပ်ချစ်ဖို့ကောင်းတယ်ဆိုတာ"

သူ့စကားက တစ်ဝက်တစ်ပျက်နှင့် ရပ်သွားသည်။

အိမ်နှင့်နီးသည့် အင်းလျားကန်ဘောင်ပေါ်မှာတော့ မကြာခဏ လမ်းလျှောက်နေကျ၊ ဒီနေ့တော့ "မြို့ထဲသွားရအောင်" ဟု သတိုးကပြောသည်။ ဘတ်စ်ကားတွေ လူချောင်နေတာကြောင့် မြို့ထဲသို့ လွယ်လွယ်ကူကူ ရောက်လာသည်။

တရုတ်တန်းရောက်တော့ သတိုးက "ဝေဏီဘာစားမလဲ"ဟုမေးသည်။

"ဒီလောက်လူတွေရှုပ်တာကွာ"

ကျွန်မ စိတ်မရှည်စွာပြောလိုက်သည်။

လမ်းဘေးဈေးသည်တွေ၊ လမ်းသွားလမ်းလာတွေကြား တိုးဝှေ့သွားရင်း ကျွန်မ အာရုံတွေပြောင်းသွားသည်။ ခုံနိမ့်ကလေးတွေခင်းကာ မီးရောင်ဝါဝါတွေ ထွန်းညှိထားသော လမ်းဘေးစားသောက်ဆိုင်များကို ဖြတ်ကျော်လာခဲ့သည်။ ဆိုင်တိုင်းလိုလိုမှာ လူတွေရှိနေသည်။

"အခုလိုညနေခင်းတွေ အပြင်ထွက်ဖူးလား၊ လူတွေလှုပ်ရှားရုန်းကန်နေကြတာကို လေ့လာဖူးလား"

"ဟင့်အင်၊ ဒါပေမဲ့ သွားရင်းလာရင်းတော့ မြင်နေရသားပဲ"

"စာရေးဆရာမကြီးကို အများကြီးသင်ပေးရဦးမယ်"

"အားကိုးပါတယ် ဆရာကြီးရယ်"

မိမိတို့မိတ်ဆွေတွေနှင့် မခွဲခွာနိုင်သေးဘဲ ညစာစားရင် စကားဖောင်ဖွဲ့နေသည့် ရုပ်ရှင်ကြည့်ပရိသတ်များ၊ လမ်းသွားလမ်းလာများ၊ အိမ်ရောက်ချင်ဇောနှင့် ပြည့်ကျပ်နေသော ဘတ်စ်ကားကို တိုးစီးနေကြသည့်ဝန်ထမ်းများ၊ အော်ဟစ်ဈေးရောင်းနေကြသော လမ်းဘေးဈေးသည်များ၊ ဈေးမဝယ်ဘဲ တစ်ဆိုင်ပြီး တစ်ဆိုင် ဝင်ထွက်ကြည့်နေသူများ၊ ဘာမှ မည်မည်ရရမဟုတ်ဘဲ ဟိုဒီဒီ ငေးမောကြည့်ရှုနေသည့် ကျွန်မတို့လိုလူများ။

"ကိုယ်တို့ အခုလို မတောင့်မတ မကြောင့်မကျနေရတဲ့အချိန်မှာ ပင်ပင်ပန်းပန်း ရုန်းကန်နေကြတဲ့လူတွေ ရှိနေတယ်၊ မောနေပြီလား ရှေ့ကအခုတ်ခုံမှာ

www.burmeseclassic.com



ခဏာထိုင်ရအောင်”

သူက လူရှင်းသည့်အုတ်ခုံတစ်ခုံသို့ ခေါ်လာသည်။

သူပြောမှ ကျွန်မမောနေတာကို သတိပြုမိသည်။

“ခဏနေဦး”

သူက အနီးရှိမုန့်ဆိုင်မှာ ရေဘူးတစ်ဘူးသွားဝယ်သည်။ အုတ်ခုံမှာ ထိုင်ရင်း ခပ်လှမ်းလှမ်းမှ အဆက်မပြတ်ပေါ်လာသော ကားမီးရောင်တွေကို ငေးကြည့်နေမိသည်။

သတိုးယူလာပေးတဲ့ရေဘူးကို ယူသောက်လိုက်တော့ ရင်ထဲမှာ အေးမြသွားသည်။ စကားမပြောဘဲ ကိုယ့်အတွေးနှင့်ကိုယ် ငေးမောနေကြ၏။ သတိုးက ကျွန်မကို ဖျတ်ခနဲလှမ်းကြည့်သည်။ သူ့မျက်လုံးတွေက လက်နေ၏။ ခဏနေတော့ တည်ငြိမ်စွာပဲ တစ်ဖက်သို့လှည့်သွားသည်။ သူ့အနားမှာရှိနေတာကို ကျေနပ်မိ၏။ ကျွန်မရဲ့ဘဝသစ်ကိုဖွင့်နိုင်တဲ့ သော့တစ်ချောင်းတလေများ သူ့ဆီမှာရှိနေမလား ခပ်ရဲရဲတွေးလိုက်မိသည်။

ကျွန်မရဲ့ခံစားချက်များကို သူနှင့် မျှဝေခံစားချင်သေးသည်။ တွေဝေစဉ်းစားဆဲ၊

ခဏကြာတော့ ကျွန်မရဲ့ အရဲစွန့်မှုသည် ကျွန်မတို့နှစ်ယောက်ကို ရင်းနှီးမှု ထပ်မံတိုးပွားစေကြောင်း ကျွန်မသိလိုက်ရသည်။

“ဝေဏီငယ်ငယ်တုန်းကအဖြစ်အပျက်တွေကို ပြန်ကြည့်ရင် မေ့ပစ်ချင်တာတွေ တော်တော်များတယ်၊ ဒါပေမဲ့ အဲဒါတွေကပဲ ဝေဏီ့အာရုံမှာ ရုပ်ရှင်ပြသလို တစ်ခုပြီးတစ်ခုပေါ်လာတယ်၊ နေမကောင်းလို့ အိပ်ရာထဲမှာနေရတဲ့အချိန်တွေမှာဆို ပိုဆိုးတယ်”

အသံသည် တိမ်နေပေမယ့် တုန်ရင်ခြင်းမရှိ။ ဟုတ်တယ်၊ ဒါတွေကို တစ်ယောက်ယောက်ကို ဖွင့်ပြောချင်နေမိတာ၊ အဲဒီတစ်ယောက်ယောက်ဟာ သတိုးပဲဖြစ်သင့်တယ်၊ ငြိမ်သက်စူးစိုက်စွာ နားထောင်နေသည့် သတိုးကို ကြည့်၍ အားတစ်မျိုးတိုးလာသည်။

စကားလုံးစီနေစဉ်မှာပဲ သတိုးဆီမှ စကားသံကြားလိုက်ရသည်။

“တစ်ခါတစ်ခါတော့လည်း တကယ့်ဖြစ်ရပ်တွေနဲ့ ကိုယ်တို့လက်ခံနိုင်တာတွေကြားမှာ အကြီးအကျယ်ကွာဟနေတာမျိုးတွေ ရှိတတ်တယ်”

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားမှန်ကြောင်း တိတ်တဆိတ်နေပြီး ကျွန်မဝန်ခံလိုက်သည်။

"သတိုးက ဝေဏီအကြောင်းသိလို့လား"

"သက်ဝေပြောပြလို့ ကိုယ်သိတာပါ၊ ဝေဏီကိုစာနာမိပါတယ်၊ ကံရှိ သလောက်ပဲဆုံတွေ့ကြရမှာပဲလေ"

"ဖေဖေနဲ့မေမေ ဆုံးသွားပြီလို့ပြောသံကြားလိုက်ရတဲ့အခိုက်အတန့်ကို ဝေဏီမကြာမကြာ ပြန်စဉ်းစားမိတတ်တယ်၊ ဘယ်သူက ဝေဏီ့ကိုပြောလိုက်မှန်း မသိတော့ဘူး၊ မေမေ့ကိုဆေးရုံမှာသွားကြည့်တော့ ကြီးဒေါ်က ဝေဏီ့ကို ခပ်တင်းတင်းဖက်ပြီး အပြင်မှာကျန်ခဲ့တယ်၊ ကြီးဒေါ်ရဲ့လက်တွေ တဆတ်ဆတ် တုန်နေတယ်၊ အားလုံးငိုနေကြတယ်၊ ဝေဏီတစ်ယောက်ပဲ မငိုဘူး၊ အဲဒီခဏမှာ ဝေဏီ့စိတ်ထဲမှာ ကြောင်နေတယ်၊ လူ့ဘဝခဏထွက်သွားရသလိုပဲ၊ ချောက်ချား စရာကောင်းတယ်၊ နောက်တော့ မေမေ့ကိုကြည့်ရပါတယ်"

ဒီစကားတွေကို အားတင်းပြီး ဆုံးအောင်ပြောဖို့ စဉ်းစားထားသည်။ ရင်ထဲမှာထားရတာ လေးလံလှပြီ။ ကိုယ်ကြောက်တဲ့အရာကို မကြာခဏဖွင့်ထုတ် ပြီး စေ့စေ့ကြည့်ပစ်ရမယ်၊ ဘာမှမကျန်အောင် မြူမှုန်ဖြစ်ပြီး ပျောက်ကွယ်သွား အောင် ကြည့်ပစ်ရမယ်၊ ကျွန်မ ဒီထက်မခံစားနိုင်တော့ဘူး။

"ဝေဏီက 'မေမေလား'လို့ မေးလိုက်တယ်၊ မေမေ့တစ်ကိုယ်လုံး မှတ်မိ စရာကို မရှိဘူး၊ မေမေ့မျက်လုံးတွေ ပွင့်လာပြီး ဝေဏီ့ကိုကြည့်တယ်၊ မေမေ့မျက်လုံး တွေက ဝေဏီ့ကိုချစ်တယ်လို့ ပြောနေတယ်၊ ခဏပါပဲ၊ အဲဒီနောက် မေမေဟာ ဝေဏီ့ကိုကြည့်ရင်းပဲ လောကကြီးက ထာဝရပျောက်ကွယ်သွားတော့တယ်၊ အဲဒီ တစ်ညကုန်ဆုံးသွားတော့ နေ့သစ်ဟာ အခါတိုင်းလိုပဲ မိုးလင်းလာတယ်၊ နေလုံး ကြီးက သူထွက်နေကျအရှေ့ဘက် သန္တာကျောက်တန်းပေါ်ကနေ ပေါ်ထွက်လာ တယ်၊ ပြီးတော့ ဝင်သွားပြန်တယ်၊ နောက်နေ့မနက်ပြန်ထွက်လာတယ်၊ ပြီးတော့ နေ့တွေက အစီအစဉ်အတိုင်း၊ ဒါပေမဲ့ ဖေဖေနဲ့မေမေ ပြန်မလာတော့ဘူး၊ ဝေဏီ ဘာလုပ်ရမလဲ"

ပြောရင်းပြောရင်း ပါးပြင်ပေါ် မျက်ရည်တွေလိမ့်ဆင်းလာသည်။ ရှိုက်သံသဲ့သဲ့ပါလာသည်။ သူမသိအောင် မျက်ရည်ခိုးသုတ်၍မရတော့။ သူက သူ့လက်ကိုင်ပဝါကို ကျွန်မလက်ထဲထည့်ပေးသည်။

"ဝေဏီဘာလုပ်ရမလဲဆိုတာ တကယ်မသိခဲ့ဘူး၊ အဲဒါတွေကို

www.burmeseclassic.com



မေ့ပျောက်နိုင်ရင် ဝေဏီဘာပဲပေးရပေးရပါ"

မိဘနှစ်ပါးလုံးသေဆုံးလို့ ခိုကိုးရာမဲ့ ကျွန်မရဲ့အဖြစ်၊ ကျွန်မရဲ့ဝမ်းနည်းအားငယ်မှုများ၊ နာမကျန်းမှုများ၊ ဒါတွေခံစားနေရတာသည် ရည်ရွယ်ချက်ကဘာလဲ၊ မမေ့နိုင်မပမ်းနိုင် အတိတ်ကို ပြန်လိုက်နေရခြင်းကို မုန်းတီးလှပြီး ဘာမှကောင်းကျိုးမရှိ။ ပစ္စုပ္ပန်မှာနေကြည့်ချင်စိတ်တွေ တဖွားဖွားပေါ်လာသည်။

သတိုးက ကျွန်မကိုနှစ်သိမ့်ဖို့ စကားလုံးရှာဖွေနေပုံရသည်။ သူ့လက်များက ကျွန်မပခုံးကို အားပေးသလိုဆုပ်ကိုင်လိုက်သည်။

"ဝေဏီ့ကိုက မကောင်းတာပါ၊ အစွဲအလမ်းသိပ်ကြီးတယ်၊ ကိုယ့်ကိုယ်ကိုယ်လည်း သိပါတယ်၊ ဒီခံစားချက်တွေ မလိုချင်တော့ဘူး၊ ဒါတွေကနေလွတ်မြောက်ချင်ပြီ၊ သူတို့ဟာ ဝေဏီ့စိတ်မှာမရှိတော့ရင်လည်း သူတို့ကို ချစ်ရာမရောက်မှာကို သိပ်စိုးရိမ်တာပဲ"

"ဩော် ... ဝေဏီရယ်၊ လွဲမယ့်လွဲတော့လည်း အဝေးကြီးပါလား၊ သူတို့ကို ချစ်ရာရောက်ချင်ရင် သူတို့အတွက် ကုသိုလ်ကောင်းမှုတွေလုပ်ပေးရမယ်၊ အမျှပေးဝေရမယ်၊ မေတ္တာပို့ရမယ်၊ ကိုယ့်ကိုယ်ကိုယ် ထိခိုက်အောင်လုပ်နေလို့ ဘယ်ဖြစ်မလဲ၊ ဒီဘဝမှာ အကြောင်းဆုံလို့ ခဏလေး သားသမီးရယ်၊ မိဘရယ်လို့ လာဆုံကြရတာ၊ သူဘယ်သွားမှန်းမသိ၊ ကိုယ်လည်းဘယ်သွားရမှန်းမသိ၊ အခုလောက်ဆို သူတို့ဘဝတွေမှာ သူတို့ပျော်နေလောက်ပြီ၊ သူတို့အသက်ရှင်နေကြသေးရင် ဝေဏီ့ကို ဘယ်လိုမြင်ချင်ကြမလဲ၊ ကျန်းမာရွှင်လန်းပြီး ဘဝမှာအောင်အောင်မြင်မြင်နေထိုင်တာကို မြင်ချင်ကြမှာပေါ့၊ ဝေဏီ့ရည်မှန်းချက်တွေကိုလည်း ပြည့်ဝစေချင်မှာပဲ၊ ဝေဏီကလည်း နည်းမှန်လမ်းမှန်နဲ့ ကြိုးစားနိုင်ရမှာပေါ့၊ လောကမှာ ကုန်ဆုံးသွားတဲ့အချိန်တွေကို ဘယ်တော့မှအစားပြန်မရနိုင်ဘူး၊ အဲဒါကြောင့် နောင်တရမယ့်အလုပ်တွေ မလုပ်ပါနဲ့ ဝေဏီ၊ ကိုယ့်ရည်မှန်းချက်ကိုအကောင်အထည်ဖော်ပါ၊ Do it now !"

သတိုးကို အားကျစိတ်နှင့် ငေးကြည့်နေမိသည်။

"ဝေဏီ တိရစ္ဆာန်လေးတွေကို အစာကျွေးဖူးလား၊ ဒွေးလေးမြင်းလေးဖြစ်ဖြစ်လေ"

"ဟင့်အင်၊ အိမ်မှာ အရီးကြီးက သူ့ကြောင်တွေ သူကိုယ်တိုင်ဘာကျွေးရမှ ကြိုက်တယ်၊ ဝေဏီကလည်း ကြောင်သိပ်မချစ်တော့ အနားကပ်ဖြစ်ဘူး"

www.burmeseclassic.com



"တိရစ္ဆာန်လေးတွေကို အစာကျွေးတဲ့အကျင့် လုပ်ကြည့်ပါလား၊ သူတို့ အားရပါးရစားနေတာကို ထိုင်ကြည့်တာ အရမ်းပီတိဖြစ်ရတယ်၊ ကိုယ်က စေတနာအကျွန်ကျွေးလိုက်တာ၊ သူတို့မှာတော့ အသက်ဆက်ဖို့ အဟာရတစ်ခု ဖြစ်သွားတယ်၊ အသေးအဖွဲ့လို့မထင်နဲ့နော်၊ လောကမှာ ကိုယ့်ရဲ့အရေးပါအရာ ရောက်မှုကို အလွယ်ကူဆုံး အစပျိုးလို့ရတဲ့နည်းလို့ ကိုယ်ထင်တယ်၊ အဲဒီစေတနာ ဟာ ဘယ်လောက်အရေးကြီးလဲ ကိုယ်ပြောမယ်၊ ခွေးတစ်ကောင်ကိုအစာကျွေးရင် ကမ္ဘာတစ်ရာအပယ်မသွားဘူး၊ မူးရူးနေတဲ့ အမူးသမားတစ်ယောက်ကိုကျွေးရင် ကမ္ဘာတစ်ထောင် အပယ်မသွားဘူး၊ သီလသမာဓိပညာပြည့်စုံတဲ့သူတွေ တရား အားထုတ်နေတဲ့ ယောဂီသူတော်စင်တွေကိုကျွေးရင် ကမ္ဘာ အသင်္ချေ အပယ်မသွား ဘူး"

"တကယ်"

"ဪ ... ဘုရားဟောခဲ့တာပါဆို"

အချိန်နှင့်အမျှ ကျွန်မစိတ်တွေ ပြန်လည်သက်သာရာရလာသည်။

"ဟော ... ခုနစ်နာရီခွဲတော့မယ် သတိုးရေ"

"စိတ်မပူပါနဲ့၊ ကိုယ်လိုက်ပို့ပေးမှာပေါ့၊ အစ်ကိုကြီးက ကိုယ်နဲ့ဆို စိတ်ချ တယ်မဟုတ်လား"

"ကျန်းမာရေးမကောင်းတော့ တစ်ယောက်တည်းအပြင်သွားရင် နည်းနည်းတော့စိုးရိမ်မှာပေါ့၊ အခုတော့ သတိုးပါလို့ စိတ်အေးပေမယ့် တစ်မျိုး တော့ ပူပန်ရဦးမှာပေါ့၊ သတိုးကို ဝေဏီ အမြဲတွယ်ကပ်ပြီး အားကိုးနေအောင် အကျင့်လုပ်မပေးနဲ့ဦး"

အပြန်မှာ ကားငှားပြန်ဖို့ သူကစပြောသည်။ သူက ကျွန်မနှင့် အချိန် ကြာကြာ လမ်းလျှောက်လိုသေးသည်။ ကျွန်မက "မမောသေးဘူး" ဟု သူ့ကို ပြောလိုက်သည်။

ကျွန်မသည် ဝမ်းနည်းအားငယ်စိတ်များကို ဖုံးလွှမ်းနိုင်အောင် စကား တွေ ဖောင်နေအောင် ပြောလာခဲ့သည်။ သမားရိုးကျ ရိုးစင်းစွာဖြတ်ကျော်လာခဲ့ သည့် မှုန်မွဲမွဲနေ့ရက်တွေပေါ်မှာ ကျွန်မ၏စိတ်သည် အငြိုးနှင့် ခပ်ကြမ်းကြမ်း ကခုန်နေပုံရသည်။

အတွင်းစိတ်က ကျွန်မရဲ့မျက်နှာမှာ ထင်ဟပ်နေသည်။ ထိုမျက်နှာသည်

www.burmeseclassic.com

www.burmeseclassic.com



ရှိးသားသည့် ဝမ်းနည်းသည့် မိန်းမငယ်တစ်ယောက်ရဲ့ မျက်နှာကလွဲပြီး တခြား မဖြစ်နိုင်ပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ဝေဏီခေတ်စာမစားခင်ကတည်းက Medical Check up အရင်လုပ်စေချင်ခဲ့တာ၊ ဘာရောဂါတွေရှိလဲ သေသေချာချာသိပြီးမှစားတာက ပိုကောင်းတာပေါ့"

လုပ်ပြန်ပြီ၊ သတိုးမို့လို့ပေါ့၊ သည်းခံပြီးနားထောင်နေတာ၊ ကျွန်မကိုခေါင်းမာတယ်လို့ သတိုးကပြောဦးမည်။

ဒါ စာသုံးသူအပိုင်းပဲ၊ စားသုံးသူဟာ ကိုယ့်သဘောနှင့်ကိုယ် လွတ်လပ်စွာ စားသုံးခွင့်ရှိတာပဲ။ ကိုယ်စားလှယ်က စားသုံးသူတွေ ထုတ်ကုန်ပစ္စည်းအကြောင်း နားလည်ပြီး အဆင်ပြေစားသုံးနိုင်အောင် ဝန်ဆောင်မှုပေးဖို့ပဲမဟုတ်လား။ ကျွန်မ ဒေါသနှင့် တစ်ဖက်သတ်တွေးနေမိသည်။

"ဘယ်လောက်စားစား စားရင်စားသလောက် ကိုယ်ကအကျိုးရှိစေချင်လို့ပါ"

နေပါဦး။ ကျွန်မဆီရောက်လာမယ့် ဆေးစစ်ချက်အဖြေလွှာတွေကို ဘယ်သူကလာပြီး ကျွန်မနှင့်မျှဝေခံစားမတဲ့လဲ။ စိတ်မောစွာ သက်မချမိသည်။

ဝေဏီဟာ အကောင်းမြင်စိတ်မရှိဘူးလို့ ထင်ချင်ထင်ကြဦးမယ်။ သတိုးတို့ပြောတဲ့ အကောင်းမြင်စိတ် ... ဘာတဲ့၊ ခလုတ်တိုက်တာတောင် ပါဟာ အိပ်ရာထဲမှာလဲနေတဲ့ လူမမာမဟုတ်လို့ လမ်းထလျှောက်နေနိုင်တာ။ ဒုက္ခိတ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မဟုတ်တဲ့အတွက်လည်း ခလုတ်တိုက်စရာ ခြေထောက်ရှိနေသေးတာ သိပ်ကိုကံကောင်းပါလားဆိုပြီး ဝမ်းမြောက်နိုင်ရမတဲ့။ အေးလေ ... အေးလိုက်ချင်တယ်။ သူတို့မှာ ငယ်ငယ်ရွယ်ရွယ်နဲ့ မိဘနှစ်ပါးစလုံး အသေဆိုးနဲ့သေဆုံးသွားတာ ကြုံဖူးလား။ ဆရာသမားတွေ ဆေးဝါးတွေကို အယုံအကြည်ကင်းခဲ့သည်ထိ တစ်သက်လုံး မကျန်းမမာဖြစ်နေခဲ့ဖူးလား။ ဟုတ်တယ်၊ ကျွန်မရဲ့ကံကြမ္မာကို သိပ္ပံရဲ့ ဘယ်တိုးတက်မှုကမှ မကယ်တင်နိုင်ပါဘူး။

ကြည်လင်ပြတ်သားတဲ့ သတိုးရဲ့လေသံက နားထဲစီးဝင်လာသည်။

"ဝေဏီ ဒီစာတစ်စာကို မှီဝဲခွင့်ရလို့ ကံကောင်းတဲ့သူတစ်ယောက်ပါ၊ ကံကောင်းတယ်ဆိုတဲ့စကားကိုလည်း တစ်ချိန်ကျရင် ကြည်ကြည်နူးနူး ပြန်တွေးကြည့်နိုင်ပါလိမ့်မယ်၊ အခုတော့ စိတ်ရှည်သည်းခံရမယ်၊ ပေးဆပ်သင့်တာတွေလည်း ပေးဆပ်ရလိမ့်မယ်၊ အချိန်ကာလတစ်ခု၊ ငွေကြေးပမာဏတစ်ခု၊ အားလုံးပြီးရင်တော့ ဘယ်အရာနဲ့မှမလဲနိုင်တဲ့အရာကို ဝေဏီရလိမ့်မယ်"

သတိုးနှင့်ဖုန်းပြောပြီး ခဏမျှထိုင်စဉ်းစားနေမိသည်။

ထိုင်ရာမှအထတွင် မိုက်ခနဲပြာဝေသွားတာကို ဂရုမစိုက်ဘဲ ခပ်ကြမ်းကြမ်း လျှောက်ပစ်လိုက်သည်။ အမြင်က မှုန်ဝါးသွားသည်။ အနီးရှိ ဗီရိုကို စိတ်မှန်းဖြင့်လှမ်းကိုင်ကာ အသာထိုင်ချမလိုလုပ်တော့ ဒူးတွေက အလိုလို ညွတ်ဆင်းသွားသည်။ ဘာမှမမြင်တော့၊ ခေါင်းထဲမှာ အမှောင်၊ နှလုံးက ရင်ဘတ်ထဲက ဆောင့်ထွက်တော့မလို ခုန်နေ၏။ အားပြုထားသော လက်နှစ်ဖက်သည် အထိန်းအသိမ်းမရှိ တုန်ယင်နေလေသည်။

စက္ကန့်ပိုင်းမျှ လောကကြီးနှင့်အဆက်ပြတ်ကာ အမှောင် တဖြည်းဖြည်း အမြင်ကြည်လင်လာသော်လည်း လက်ငင်းအခြေအနေကို ဝေခွဲမရသေး။ အားလုံးကို သိနေသလိုရှိပေမယ့် သေသေချာချာမသိ။ စိတ်တိုမိသည်။ ဒီလိုပဲဖြစ်နေတော့မှာလား။

အားဆေးဘယ်လောက်စားစား ဒီလိုပဲဖြစ်နေတာပဲ၊ ဆေးဆောင် ဖတ်လိုက်တဲ့ ဆေးဆောင်းပါးထဲမှာ အမြဲတမ်း သွေးအားနည်းနေတာမကောင်းဘူး။ အစာအိမ်၊ အူမကြီးကင်ဆာဖြစ်သူတွေဟာလည်း အမြဲတမ်း သွေးအားနည်းနေတတ်သတဲ့။ အမြဲအစာမကြေဖြစ်နေတာ၊ အစာအိမ်ရောင်ကော မကြာခဏ အူရောင်တတ်တာ၊ ကာလကြာရှည်ဝမ်းသွားရခက်ခဲနေခဲ့တာ ... တွေဟာ ကြာရင်

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်နိုင်သလဲ၊ ဘုရား ... ဘုရား ဖြစ်ခဲ့တာလည်းကြာခဲ့ပြီ။ ကျွန်မကိုယ်ထဲက သွေးတွေ ရုပ်ဆိုင်းသွားတော့မလို။

မဂ္ဂဇင်းစာအုပ်ကိုယူပြီး ချောင်တစ်ချောင်သို့ ပစ်ထည့်လိုက်သည်။ အကြောက်တရားက ကျွန်မကို ဘာများလုပ်နိုင်စေဦးမှာလဲ။

ပျော်ရွှင်နေတဲ့ ကျွန်မရဲ့ပုံကို မြင်ယောင်မိသည်။ လွတ်လပ်ပျော်ရွှင်နေသော မိန်းကလေးတစ်ဦး၊ ကျွန်မစိတ်တိုင်းကျသော ဂုဏ်အင်္ဂါရပ်များ ပြည့်စုံကြွယ်ဝလျက်။ ခဏကြာတော့ ဝမ်းနည်းမှုက ကျွန်မဆီမှာ တိတ်တဆိတ်တွယ်ကပ်လာသည်။ ဘာကြောင့်လဲဆိုတော့ ကျွန်မမဟုတ်တဲ့ တခြားသောမိန်းကလေးတစ်ယောက်ဖြစ်နေသောကြောင့်ပင်။ ကျွန်မ၏စိတ်အတွင်းသဏ္ဌာန်သည် ကျွန်မကို တွယ်တာမြဲတွယ်တာလျက်ရှိနေတာကို တွေ့လိုက်ရလေသည်။

မည်သို့ပင်ဖြစ်စေ ကျွန်မရဲ့ကျန်းမာရေးအတွက် မျှော်လင့်ချက်အလင်းရောင်ဖျော့ဖျော့လေးသည် ထိုနေ့ရက်များအပေါ် ဖြာကျနေခဲ့သည်။ ကျွန်မပြန်အောက်မေ့တိုင်း မှုန်ဝါးဝါးပန်းချီကားတစ်ချပ်မှ အရောင်ပေါ်လွှင်သောဆေးတစ်စက်လို မြင်မိသည်။

ကျွန်မရှေ့မှအရာများသည် လျင်မြန်စွာဖြတ်ပြေးလျက်ရှိသည်။ ပစ္စုပ္ပန်သည် ရေအိုင်ပေါ်ကျသော မိုးရေပေါက်တို့ပမာပင်။ ရှည်လျားကြာမြင့်သည်ဟုထင်ရသော်လည်း မြန်ဆန်လွန်းလှသည်။ ပြီးတော့ ပျောက်ဆုံးသွားသည်။ ဘဝဆိုတာလည်း ထိုအတိုင်းပင်ဖြစ်ပါလိမ့်မည်။ ကျွန်မ ဘာများရလိုက်ပါလိမ့်။

မွေးနေ့မှာ ဘုရားရှိခိုးဖို့သတိရသည်။ မြတ်စွာဘုရားကို ပထမဆုံးအကြိမ် စိတ်ကြည်လင်စွာရှိခိုးမိ၏။ ငါဟာ ဘုရားကိုတောင် စိတ်ကြည်လင်အေးချမ်းစွာ အာရုံမပြုနိုင်ခဲ့ပါလားဆိုကာ ဆင်ခြင်မိသည်။ လောကနှင့်ဘယ်တော့မှ မိတ်ဆွေမဖြစ်တဲ့စိတ်ပဲ။

"ဝေဏီ အရင်ကနဲ့မတူတော့ဘူး၊ ကိုယ့်ကိုယ်ကိုယ် သတိထားမိလား၊ အသားအရေကအစ ကြည်လင်လာတယ်၊ ပိုပြီးကြည့်ကောင်းလာတယ်"

စာမေးပွဲပြီးလို့ ကျောင်းပိတ်ရက်မှာ ကျွန်မ အနားရနေသည်။

"ဝေဏီဖြင့် သတိတောင်မထားမိဘူး၊ မျက်ကွင်းညိုတော့ အရင်

www.burmeseclassic.com

www.burmeseclassic.com



လောက် မညိုတော့ဘူးထင်တာပဲ၊ ညအိပ်လို့လည်းကောင်းပါတယ်၊ တခြားတော့ ဘာမှသိပ်မထူးခြားသေးဘူး၊ တုံ့ပြန်မှုတွေ အများကြီးလာမယ်ဆို"

"လာစေချင်ပြီလား၊ အရင်ကတော့ တုံ့ပြန်မှုကိုကြောက်တယ်ဆို"

ကျွန်မ ရယ်မောလိုက်သည်။ အရင်ကဆို "ညကြီးမိုးချုပ် တုံ့ပြန်မှုက အသည်းအသန်ဖြစ်လာပြီတဲ့ ရှင်တာဝန်ယူမှာလား၊ လာမရှင်းပေးနိုင်လို့ ဒီက ကျွန်မအသက်ထွက်သွားရင် ဘယ်လိုလုပ်မလဲ"ဟု သူ့ကို ခပ်ရင့်ရင့်မေးခဲ့သည်။ တုံ့ပြန်မှုဆိုတာ ခန္ဓာကိုယ်ထဲက အဆိပ်အတောက်တွေထုတ်ပေးတာလို့ ချက်ချင်း သဘောမပေါက်နိုင်ဘဲ ရောဂါဟောင်းတွေပြန်ပေါ်လာမယ်ဆိုတာမျိုးပဲ ကျွန်မ ခေါင်းထဲစွဲနေခဲ့၍ဖြစ်သည်။

"စောင့်ရတာစိတ်မရှည်ချင်တော့ဘူး၊ ဘာပဲဖြစ်လာဖြစ်လာ မကြောက်တော့ဘူး၊ ကောင်းဖို့ဆိုရင်လည်း မြန်မြန်ကောင်းရင်တော်ပြီ၊ ဒါပေမဲ့ ဝေဏီစားတဲ့နှုန်းက နည်းသေးတယ်ထင်တယ်၊ အဲဒါကြောင့် ရောဂါတွေကို အမြစ်ပြတ်အောင် မညိုနိုင်သေးတာထင်ပါရဲ့၊ ဒီထက်လည်း ပိုမစားနိုင်တော့ဘူး၊ ကိုကို့လည်း အားနာရသေးတာပေါ့၊ တွေးမိရင် ကိုကို့ကိုအရမ်းသနားတယ်"

"ကျန်းမာဖို့ကိုပဲစိတ်ထဲထားပါဝေဏီရယ်၊ အတွေးမများပါနဲ့၊ ငါ့မှာ ဆိုးဆိုးဝါးဝါးဖြစ်စရာမရှိဘူးဆိုတာ ယုံကြည်ထားလိုက်၊ လုပ်စရာရှိတာလုပ်၊ ဒီနေ့မှာ ငါဘာတွေပြီးအောင်လုပ်မလဲဆိုတာ Plan ချ၊ ပြီးရင် အဲဒီအတိုင်းဖြစ်အောင် လုပ်၊ ရတနာသုံးပါးလည်းမမေ့နဲ့၊ ကိုယ့်မှာတော့ ငါးနှစ် ငါးနှစ်စာ Plan တွေ ရှိပြီးသား၊ အဲဒီလို Plan တွေရှိတော့ ကိုယ်ဖြစ်ချင်တာတွေ၊ ရည်ရွယ်ချက်တွေကနေ လမ်းမရှော်တော့ဘူး၊ တစ်ခုတည်းမှာပဲ တစိုက်မတ်မတ်ဖြစ်သွားတယ်"

"ကိုယ်ရည်မှန်းထားသလို ဖြစ်မလာခဲ့ရင်ကော"

"ဝီရိယနဲ့ တစိုက်မတ်မတ်သာလုပ်သွားမယ်ဆိုရင် မဖြစ်နိုင်ဘူး[illegible] အောင်မတန်ရာခိုင်နှုန်းနည်းပါတယ်၊ ရှုံးနိမ့်သွားခဲ့ရင်လည်း အဲဒီရှုံးနိမ့်မှုထဲ[illegible] နောက်တစ်ကြိမ်အတွက် သင်ခန်းစာယူပြီး ဆက်ကြိုးစားရင် နောက်တစ်[illegible] ကိုယ်မျှော်မှန်းထားတာထက် ပိုအောင်မြင်နေတတ်တယ်၊ ကိုယ်ကတော့[illegible] ဖြစ်ဖြစ် အကောင်းကိုပဲမျှော်လင့်တယ်"

"ဝေဏီလည်း ကြိုးစားရမှာပဲ၊ ဝေဏီနေပြန်ကောင်းလာ[illegible]"

"သိပ်သေချာတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုတစ်ပတ်တုန်းက တစ်ကိုယ်လုံးကိုက်ခဲပြီးဖျားတယ်၊ ဝမ်းလည်း လုံးဝချုပ်သွားတယ်၊ ဒါပေမဲ့ နှစ်ရက်သုံးရက်လောက်နဲ့ ကိုယ်ပူကျသွားတယ်၊ အရင်တုန်းကဆို ဖျားရင်တော်တော်နဲ့မကောင်းနိုင်ဘူး"

"အိပ်ရေးလည်းဝအောင်အိပ်၊ အသည်းဖြစ်ဖူးတဲ့သူဟာ အိပ်ရေးကို ဂရုစိုက်ရတယ်၊ ညဘက်စောစောအိပ်တာအကျင့်လုပ်"

"ဟိုတစ်လောကတော့ ခေါင်းကိုမထူချင်ဘူး၊ အိပ်လည်းအရမ်းအိပ်ချင်တယ်၊ အိပ်တာလည်း တုံ့ပြန်မှုပဲမဟုတ်လား၊ အိပ်တဲ့တုံ့ပြန်မှုလာတဲ့သူတွေဟာ သွေးထဲမှာ အချဉ်ဓာတ်များတဲ့သူတွေဆို၊ တစ်ချိန်မှာ ကင်ဆာဖြစ်နိုင်ခြေရှိတဲ့ သူတွေမဟုတ်လား"

"ကဲ ... ဝေဇာဘယ်လောက်ကောင်းလဲ၊ လင်ဇီးဓာတ်စာက ကာလ သုံးပါးက ရောဂါကိုကုတာလေ၊ အတိတ်ကဖြစ်တဲ့ရောဂါကိုလည်း အကင်းမသေ သေးရင် ရှင်းပေးတယ်၊ ပစ္စုပ္ပန်မှာဖြစ်တဲ့ရောဂါကိုလည်း ကုတယ်၊ နောင်အနာဂတ်မှ ဖြစ်လာနိုင်တဲ့ရောဂါတွေကိုလည်း ဖြစ်ခွင့်မရအောင် အဆိပ်တွေစွန့်ထုတ်ပေးနိုင်တယ်"

"အင်း ... ကိုယ်တွေ့မှပဲ ယုံနိုင်တော့မယ်"

ကျွန်မသည် ဓာတ်စာစားပြီး အတော်ကြာသည်အထိ ဆေးစစ်ချက်တွေ ပြုလုပ်ဖို့ ထိတ်လန့်နေဆဲဖြစ်သည်။

တစ်နှစ်ခန့်ကြာပြီး ကျွန်မရဲ့ခန္ဓာကိုယ်ထဲမှာ အကောင်းဘက်သို့ ပြောင်းလဲမှုလေးများကို မသိမသာခံစားရပြီးမှ ကျွန်မဆုံးဖြတ်ချက်တစ်ခု ချနိုင်ခဲ့သည်။ အခုလိုဆုံးဖြတ်နိုင်တာဟာလည်း သတိုးရဲ့ မသိမသာအားပေးမှုလေးတွေကြောင့်ဖြစ်နိုင်သည်။

"ကိုယ်ကြောက်တဲ့အရာကို စေ့စေ့ကြည့်လိုက်ပါ၊ သေးသိမ်မှုန်ဝါးသွားလိမ့်မယ်၊ ကြောက်လေလေ ပိုကြောက်စရာကောင်းလေပဲ၊ ကိုယ်ဆိုရင် အရင်တုန်းက လူရှေ့ထွက်စကားပြောဖို့ သိပ်ကြောက်ခဲ့တာ၊ ဘယ်လိုကြောက်မှန်းမသိဘူး၊ ငါဒီအတိုင်းနေရင်တော့ ဒီအကြောက်ကို ဘယ်လိုမှကျော်လွှားနိုင်မှာမဟုတ်ဘူးလို့ စဉ်းစားမိတယ်၊ ပထမဦးဆုံးတစ်ကြိမ်စဖြစ်ဖို့ပဲလိုတယ်ဝေဇာ၊ ကျန်တဲ့အပိုင်းက အေးအေးဆေးဆေးဖြစ်သွားပြီ၊ ကိုယ်ပထမအကြိမ်တုန်းက လူဆယ့်လေးငါးယောက်ရှေ့မှာ ဒူးတဆတ်ဆတ်တုန်နေခဲ့တာ၊ အခုဆိုရင်တော့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေရာမှာပဲပြောရပြောရ လူ့ဘယ်နှစ်ယောက်ပဲရှိရှိ ပရိသတ်ထောင်ချီနေပါစေ သောင်းချီနေပါစေ ကြောက်စိတ်မရှိတော့ဘူး”

“ဝေဏီဆေးစစ်လိုက်လို့ ရောဂါအဖြေတစ်ခုခုသိပါပြီတဲ့၊ ဘာဖြစ်လဲ အကောင်းဆုံးဆိုတဲ့ဆေးဝါး ကိုယ့်လက်ထဲမှာရှိနေပြီပဲ၊ တိုးတက်နေတဲ့ဆေးပညာတွေလည်းရှိတယ်၊ ဝေဏီထင်သလို ရောဂါဆိုးဆိုးဝါးဝါးဖြစ်နေပြီဆိုရင် ဝေဏီ အခုလိုဘယ်နေနိုင်မလဲ၊ ကိုယ်ပြောတာသဘောပေါက်လား”

“ပြောတော့လွယ်တယ်ကွယ်၊ ဝေဏီ ဘယ်သူ့ကိုမှဒုက္ခမပေးချင်တော့တာ သူမသိဘူးလား”

“ဝေဏီက တချို့နေရာတွေမှာ သိပ်အတွေးခေါင်တာပဲ၊ ဝေဏီတစ်ခုခုဖြစ်မှ အားလုံးရင်ကျိုးရမှာ”

“ဝေဏီမှရင်မဆိုင်ရဲတာ”

မျက်နှာကို ဝှက်၍ပြောမိသည်။ ငိုချင်လာပြီ။ ကျွန်မရဲ့ လူ့ဘဝမှာနေရမည့်အချိန်တွေကို တိုတောင်းလွန်းသည်ထင်ကာ ပစ္စုပ္ပန်ရက်များကို အမှားမခံနိုင်။

“အင်္ဂလိပ်ဆေးလည်း လိုအပ်ရင်သုံးကြရတာပဲ ဝေဏီ၊ ခွဲစိတ်ဖို့လိုအပ်ရင်လည်း ခွဲစိတ်ကုသခံကြရတာပဲ၊ ဒါပေမဲ့ အမြန်ဆုံးနာလန်ပြန်ထူအောင် ဒီဓာတ်စာက ကူညီပေးနိုင်တယ်၊ ဆေးစစ်ထားရင်တော့ ကိုယ့်ကျန်းမာရေး တိုးတက်မှုကို သေသေချာချာ ပြန်ကြည့်နိုင်တာပေါ့၊ မဟုတ်ဘူးလား”

“စစ်တော့စစ်ကြည့်မှာပါ”

ကျွန်မ ဟန်မပျက်ပြောလိုက်ပြီး “နည်းနည်းတော့ အချိန်ယူရဦးမယ်” ဟု ဖြည့်စွက်ပြောလိုက်သည်။

လွန်ခဲ့သောနှစ်နှစ်ခန့်က ဆရာဝန်တစ်ယောက်က ကျွန်မကို အစာအိမ်အူလမ်းကြောင်း မှန်ပြောင်းကြည့်ဖို့လိုသည်ဆိုတော့ ကျွန်မကြောက်လန့်ပြီး ဆေးခန်းပြန်မသွားဘဲနေခဲ့တာ အမှတ်ရသည်။ ဘယ်သူ့မှလည်းမပြောခဲ့ဘဲ ဒီအကြောင်းကို တစ်ယောက်တည်း အခန်းတံခါးပိတ်ကာ ကြိတ်ငိုခဲ့ရသည်။

မှန်ပြောင်းကြည့်တယ်ဆိုတာ ဘယ်လိုနေမှန်းမသိ။ သိပ်နာတာလား။ ရောဂါတစ်ခုခုတွေ့လို့ ဆေးရုံရောက်သွားရင် ကျွန်မဘယ်လိုနေမလဲ၊ ဘယ်သူလာပြုစုမလဲ။ စိတ်ဓာတ်ကျတာနှင့်သေမလား စသော မရေမရာအတွေးအတွေ့နှင့် ရှက်စိတ်ကြောက်စိတ်တို့က ကျွန်မကို တားမြစ်ပိတ်ပင်ထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြောက်သောအရာအတွက် ထွက်မပြေးဘဲ ပထမဆုံးအကြိမ် နောက်ပြန်လှည့်ကြည့်မိခြင်းဖြစ်သည်။

ကိုယ်ကိုယ်တိုင်ရဲ့ သိက္ခာရှိမှု၊ လေးစားမှု၊ တာဝန်ယူမှုတို့ကို ထည့်ထွက် တတ်လာခြင်းနှင့်လည်း သက်ဆိုင်ပေသည်။ လူသည် မိမိကိုယ်ကို လေးစားမှုရှိနေမှ နေပျော်နိုင်ပေမည်။ ကိုယ့်ကိုယ်ကိုယ်တောင် စေ့စေ့မကြည့်ရဲသူသည် အလိုလို ရှုံးနိမ့်ပြီးသားသူသာ။

အူလမ်းကြောင်းအတွင်းသို့ မှန်ပြောင်းကြည့်သည့်ကိစ္စသည် ကျွန်မ ထင်သလောက် ကြောက်စရာမကောင်းကြောင်းကို သောကစိတ်တွေနှင့် တအုံ့ နွေးနွေးနေပြီးမှ ကျွန်မသိခဲ့ရသည်။ ထိုအတောအတွင်း ကျွန်မရဲ့ အသေးစား ဆေးစစ်ချက်တွေက ကျေနပ်လောက်အောင် ကောင်းမွန်နေသည့်အတွက်လည်း ကျွန်မ ရင်ဆိုင်ရန်သတ္တိရှိလာခဲ့ပုံရသည်။ ကျွန်မစားနေသည့် ဓာတ်စာအပေါ်မှာလည်း ကိုယ်တွေ့နှင့်အတူ ယုံကြည်မှုရှိလာသောကြောင့်ဖြစ်သည်။

OEC မှန်ပြောင်းကြည့်ဌာနက လူနာခုတင်ပေါ်မှာ မိနစ်(၂၀)ခန့် သတ္တိ မွေးကာ ခပ်ခွေခွေလေး ငြိမ်သက်နေရပြီးနောက် ဆရာဝန်ရဲ့အခန်းထဲကနေ ကျွန်မ စိတ်သက်သာပေ့ါပါးစွာ ပြန်ထွက်လာနိုင်ခဲ့သည်။

စောစောကစက္ကန့်တို့သည် ကျွန်မနှင့်မဆိုင်တော့၊ နာကျင်မှုများသည် လည်း ကျွန်မနှင့်မဆိုင်တော့။ ပထမ(၅)မိနစ်၊ နောက်(၁၀)မိနစ်၊ နောက်(၁၅)မိနစ် ... နာရီတို့ ကြာညောင်းလှ၏။ ပြီးတော့မယ် ... ပြီးတော့မယ်၊ နာကျင်မှုကြောင့် ကျွန်မခံရခက်လာသည်။ အချိန်ကုန်လာသည်နှင့်အမျှ ဒီနာကျင်မှုတွေ ကုန်ဆုံး သွားတော့မည်။ ကျွန်မ ငယ်သံပါအောင်အော်လည်း နာကျင်မှုက သက်သာ ရော့ပါးသွားမည်မဟုတ်။ ကျွန်မ ဘယ်လိုမှရှောင်လွှဲလို့မရသည့်အရာမှန်း သိလာပြီးနောက် စက္ကန့်တွေကိုရေတွက်ရင်း ကျွန်မစိတ်သည် မကြံ့ဖူးအောင် အေးအေးဆေးဆေးဖြစ်လာသည်။ ဘာပဲဖြစ်နေဖြစ်နေ ကျွန်မ ဘာမှမတတ်နိုင် တော့ဆိုတာ ထင်ထင်ရှားရှားသိမြင်လာသည်။ ကိုယ်မပိုင်သောအရာများအတွက် သောကဗျာပါဒများနေရတာသည် ဘာ့ကြောင့်ပါလဲ။

ကျွန်မ ဆေးခန်းသွားတာကို ဘယ်သူ့ကိုမှအသိမပေးခဲ့။ ဓာတ်ခွဲခန်း အဖြေရသည့်နေ့ကတော့ ခြေဖျားလက်ဖျားများ အေးစက်သည်ထိ ထိတ်လန့်နေ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ဒါတောင် ဆရာဝန်က စိုးရိမ်စရာအနာအဆာအဖုအကျိတ် [illegible] ကြောင်း ပြောထားပြီးဖြစ်သည်။ လူနာရှင်မပါလို့ ကျွန်မကို အကုန်မ[illegible] ဟု ကြံဖန်စိုးရိမ်ပြန်သည်။

လက်ထဲရောက်လာသည့်စာရွက်ကို တုန်ယင်စွာဖတ်လိုက်သည်။ ဒီလို အချိန်မှာ သတိုးရှိနေရင် ဘယ်လောက်အားရှိလိုက်မလဲ။

စာရွက်အပေါ်ပိုင်းက နားမလည်တဲ့စာပိုဒ်ကို တစ်ဆင့်ပြီးတစ်ဆင့် ကျော်ဖတ်ရင်း မှတ်ချက်ရေးထားသည့်စာလုံးများကို ဖတ်ဖို့ကြိုးစားသည်။ စိတ်လှုပ်ရှားမှုကြောင့် ကျွန်မအာရုံတွေ စုစည်းလို့မရ။ 'Ca' ဆိုတဲ့စာလုံး ကျွန်မ စာရွက်မှာမပါဖို့လိုသည်။

"Modrate Cronic Colitic" တဲ့။

အမှီပွာယ်ကို ရှင်းရှင်းလင်းလင်းနားမလည်သေးပေမယ့် ရင်ထဲမှာ ပေါ့ပါးသွားသည်။ အသက်ဝဝရှူသွင်းလိုက်သည်။ Cronic ကိုတော့ ကျွန်မ သိသည်။ Modrate ကိုလည်း သိသည်။ Colitic ဆိုတာ ဘာပါလိမ့်။

နောက်နေ့ ဆရာဝန်နှင့်ပြန်တွေ့သည်ထိ ကျွန်မမစောင့်နိုင်တော့။

သတိုးတော့သိမလားပဲ။ သတိုးရဲ့ဖုန်းကို လွယ်လွယ်ကူကူပဲ ခေါ်လို့ ရလိုက်သည်။

"သတိုး Colitic ဆိုတာဘာလဲ၊ အဘိဓာန်ထဲမှာကြည့်ပေးစမ်းပါ၊ ကျေးဇူးပြုပြီး မြန်မြန်လေး"

ကျွန်မအသံက အရင်တလို မှုမမှန်။

"ဝေဏီဘာဖြစ်လို့လဲ၊ အခုဘယ်ကဆက်နေတာလဲ၊ ကားသံတွေက လည်း ဆူညံနေပါလား"

သတိုးရဲ့အသံကလည်း စိုးရိမ်သံမကင်း။

"မြန်မြန် ... မြန်မြန်"

ကျွန်မ စိတ်လှုပ်ရှားစွာပြောလိုက်ပြန်သည်။

"Colitic ဆိုတာ အူရောင်ရောဂါလေ ဝေဏီ"

"အိုကေ ရပြီ၊ ကျေးဇူးပဲသတိုး၊ ဝေဏီအခုလမ်းပေါ်က[illegible] အခု အိမ်ပြန်ပြီးခဏနားလိုက်ဦးမယ်၊ ညနေအားလား၊ အပြင်[illegible] ရအောင်၊ အခုလေ ... ဝေဏီ့စိတ်ထဲမှာ ဘာမှဖမ်းဆုပ်လို့မ[illegible]

www.burmeseclassic.com



မရှိဘူး၊ ဝမ်းနည်းတာလည်းမရှိဘူး၊ ဝေဏီ လွတ်လွတ်လပ်လပ်ဖြစ်နေသလို ခံစားရတယ်၊ ဝေဏီ အားလုံးကိုချစ်တယ်၊ ကောင်းကင်ကြီးပြာနေတာကိုလည်း ချစ်တယ်၊ သတိုးကိုလည်းချစ်တယ်၊ ပလက်ဖောင်းပေါ်က ခိုကလေးတွေကိုလည်း ချစ်တယ်၊ ဒေါသကြီးနေတဲ့လူတွေကိုလည်း ချစ်တယ်၊ ကွမ်းယာရောင်းတဲ့ ကုလားမကြီးကိုလည်းချစ်တယ်"

ထိုအချိန်တုန်းက ကျွန်မစိတ်ကိုပေါ့လွင်အောင် အနီးစပ်ဆုံးပြောလို့ရတဲ့ စကားတွေဖြစ်သည်။

ပြီးတော့ ကျွန်မ ဝမ်းသာဝမ်းနည်း ငိုချလိုက်မိပါတော့သည်။

နောက်တစ်နေ့မှာ ဆရာဝန်က ဓာတ်မှန်ပေါ်ကနေရာတချို့ကို ထောက်ပြသည်။ ဆေးသောက်ပြီး သက်သာနိုင်သည့်ရောဂါမျိုးဖြစ်သည်တဲ့။ စိတ်ရှည်ရမည်။

ဆေးစစ်စရာမှန်သမျှ အကုန်စစ်ရပြန်သည်။

H-pilory ဆိုတဲ့ အစာအိမ်ပိုးရှိနေတဲ့အတွက် ပိုးသတ်ဆေးအရင်သောက်ရမည်။ Neqative ဖြစ်မှ အစာအိမ်ဆေးတွေကို ဆက်သောက်ရမည်တဲ့၊ အစာအိမ်ရောဂါကနေ အစာအိမ်ကင်ဆာထိဖြစ်နိုင်တဲ့ ပိုးတစ်မျိုးဖြစ်သည်။

ထိုနေ့က လူစည်ကားသောလမ်းတွေ ဆိုင်းတန်းတွေကို ကျွန်မ လျှောက်ကြည့်နေမိသည်။ ကျွန်မဘေးမှာ စကားသံတွေ၊ ရယ်သံတွေ ကြားနေရတာကို သဘောကျမိသည်။ ကျွန်မသည် အသက်ရှင်လှုပ်ရှားနေကြသော လူတွေထဲမှတစ်ယောက်။

ကျွန်မကြိုက်လွန်းပြီး မစားရတာကြာပြီဖြစ်တဲ့ အစားအစာတွေကိုလည်း စားချင်စိတ်မရှိ။ ကျွန်မနစ်သက်လိုလားမည်ဟု မျှော်လင့်ထားမိသော အလှအပပစ္စည်းများ၊ အဝတ်အစားဖက်ရှင်ဆန်းဆန်းများကိုလည်း တက်မက်ခြင်းမရှိ။ မည်သည့်အဖိုးထိုက်ရတနာကိုမှလည်း မလိုချင်။ ကျွန်မအဖို့ ကျွန်မအဖြစ်နှင့် အသက်ရှင်ရပ်တည်နိုင်သေးတာတစ်ခုနှင့်ပင် ပြည့်စုံလုံလောက်ပြီထင်သည်။

ဘယ်နှစ်ခေါက်မှန်းမသိ လမ်းပတ်လျှောက်နေမိသည်။ များပြားလှတဲ့ လူတွေကိုလည်း ပထမဆုံးအကြိမ် စိတ်ဝင်စားမိသည်။ ဒါဟာ ကိုယ့်ကိုယ်ကိုယ် စိတ်ဝင်စားခြင်းကစတာပဲဟု မှတ်ယူလိုက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ဒီဇင်ဘာလရဲ့ နွေးထွေးတဲ့နေရောင်ခြည်သည် ကျွန်မကိုယ်ပေါ် ဖြာကျလာသည်။ ကြည်လင်ပြာလဲ့သောပင်လယ်၊ စိမ်းညို့ညို့တောတန်းတို့ကိုလည်း ကျွန်မ ဖြန့်ကျက်၍မြင်နေရသည်။ ကျွန်မသည် နွေးထွေးညှံ့သက်သောအရာပေါ်မှာ လဲလျောင်းနေရသလို သက်သောင့်သက်သာရှိလှ၏။

ထိုခဏမှာပဲ လင်းက စကားတစ်ခွန်း တိုးတိုးကပ်ပြောသည်။ ကျွန်မ ရယ်မောနေ၏။ ဟုတ်သည်။ ကျွန်မပျော်နေ၏။

ကျွန်မကို ချော့သိပ်နေသော အရာတစ်ခုရှိနေသည်။ ဒီရေတက်ချိန်မှာ ရေလက်ကြားလေးတစ်ခုထဲသို့ ကျောက်ကြိုကျောက်ကြားမှ စီးဝင်နေသော ရေစီးသံသဲ့သဲ့လေးကို ကြားနေရသည်။ အနားမှဖြတ်စီးသွားသလို ရေသံက တိုးတိုးခစ်ခစ်လေး။ ကျွန်မနားထဲမှာတော့ ဘယ်တော့မှမရိုးနိုင်သော သံစဉ်တစ်ခု။

ထူးဆန်းတာက လင်းရဲ့အသံကိုကြားနေရသော်လည်း လင်းကို ကျွန်မ မတွေ့ရခြင်းပင်။

အာရုံမှာ မသဲကွဲသေး။ အိပ်ခန်းထဲကခုတင်ပေါ်မှာ[illegible] ငြင်း[illegible] ချင်သေးသည်။ ပုံရိပ်တွေက လှုပ်ရှားတုန်း။ မျက်လုံးကို [illegible]

www.burmeseclassic.com



သည်။ သို့သော် အိပ်မက်သည် ကျွန်မနှင့် အလွန်တရာဝေးကွာသွားပြီဖြစ်သည်။

လဲလျောင်းနေတဲ့ ကျွန်မပုံရိပ်က နံရံပေါ်မှာ တခြားတစ်ယောက်လို ပုံပေါ်နေသည်။ ကျွန်မနှင့်အတူ တစ်ယောက်ယောက်ရှိနေသောအဖြစ်သည် တဒင်္ဂ ကျေနပ်စရာ။ သို့သော် ထိုတစ်ယောက်ယောက်သည် ကျွန်မရဲ့အရိပ်မျှသာ ဖြစ်သည်။

"မျက်လုံးနှစ်လုံးပွင့်တာနဲ့ ကျန်းမာပျော်ရွှင်တဲ့ကိုယ့်ပုံကို မြင်အောင် ကြည့်ပြီး အကျေနပ်ဆုံးပြုံးလိုက်ပါ" တဲ့ ... သတိုးက။ မနက်အိပ်ရာကနိုးလာတာ နဲ့ သူ့ကိုသတိရဖို့ဖြစ်နေတာ သူမသိဘူးလား။

ပန်းအိုးလေးတွေရေလဲပြီး မှန်တင်ခုံရှေ့သို့လာခဲ့သည်။ မှန်ထဲမှာ အဖြူရောင်ညဝတ်အင်္ကျီနှင့် ဖျော့တော့သော်လည်း တစ်မျိုးလှပသောမိန်းကလေး တစ်ယောက်ပုံကို မြင်ရသည်။ ဆံပင်တွေက ပခုံးတစ်ဝိုက် ဖြာကျနေသည်။ ဖြူစင်သောအသားအရေမှာ နက်မှောင်စိမ်းမြသော မျက်ဝန်းတွေက အထင်ရှားဆုံး ဖြစ်သည်။ ထိုမျက်ဝန်းတို့သည် ငြိမ်သက်နူးညံ့လွန်းလှသည်။

လင်း ရန်ကုန်ရောက်နေသတဲ့။ လင်းကိုတွေ့ရမည်ဖြစ်၍ ကျွန်မဝမ်းသာ မိသည်။ သူဖုန်းဆက်တော့ သူတည်းနေသည့် ဇေယျာဦးလေးရဲ့လက်ဖက်ရည် ဆိုင်ကို ကျွန်မလာခဲ့မည်ဟု ပြောလိုက်သည်။ သူ့ကိုလာခိုင်းလိုက်ရင် အချိန်ဆွဲ နေဦးမှာ သေချာသည်။

ဘတ်စ်ကားပေါ်ကဆင်းသည်နှင့် ကားမှတ်တိုင်မှာရပ်စောင့်နေသော လင်းကို တွေ့လိုက်ရသည်။

ကြည့်စမ်း ... လင်းအသားတွေညိုသွားလိုက်တာ။

လင်းက သူ့ပုံစံအတိုင်း ဖျတ်ခနဲပြုံးရယ်ပြသည်။ သူရယ်လိုက်ရင် ခဏပဲ၊ ဘယ်တော့မှ ကြာရှည်ပြုံးမနေတတ်။ သူ့မျက်ခုံးနှစ်ဖက်ကလည်း အသား ကျပြီး ဖြစ်သလိုခပ်မြန်မြန်ကုပ်ဆင်းသွားသည်။ လမ်းကြားလေးထဲဝင်ပြီး အပင် အုပ်အုပ်နှင့် တိတ်တဆိတ်ရှိသောဆိုင်ကလေးသို့ လာခဲ့သည်။

လင်းရဲ့ပုံက မိသားစုစီးပွားရေးကို ဦးဆောင်လုပ်နေရတဲ့ လူငယ် တစ်ယောက်ပုံတော့ပေါက်သည်။ တီရှပ်အပေါ်ကထပ်ဝတ်ထားတဲ့ ရှပ်လက်တို အင်္ကျီရဲ့ အိပ်ကပ်ထောင့်စွန်းမှာလည်း မှင်ဆီတွေစွန်းနေသည်။ ဘောပင်ကို စိုက်ထည့်တတ်ပုံပေါ်သည်။ အိတ်ထဲမှာလည်း ဘာတွေမှန်းမသိ ပြည့်ဖောင်းနေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကာကီရောင်ဘောင်းဘီပွကလည်း တွန့်ကြေနေ၏။ ဆံပင်တွေကရှည်ရော့ အထဲ (၇)ရက်လောက်မဖြီးပဲထားသလို ရှုပ်ပွနေ၏။ ဒီကြားထဲ ကွမ်းကလည်း စားသေးသည်။

နေရောင်ခြည်သည် ခြံထဲကအပင်အုပ်အုပ်ကြားမှ ဖြာဆင်းလာသည်။ မြက်ပင်လေးများသည် နှင်းရည်စိုရွှဲလျက် ရက်စနီးဝပ်တွားနေကြသည်။

လင်းကိုတွေ့ရတော့ ကျွန်မနှလုံးသားတို့ ပူနွေး၍လာသည်။ ပြီးတော့ အိမ်ကိုသတိရလွမ်းဆွတ်မိသည်။ လင်းကို ကျွန်မစိတ်အာရုံထဲမှာ အမြဲတွေ့နေကျ။ ယခုအပြင်မှာတွေ့ရတဲ့လင်းက ကျွန်မစိတ်ထဲကလင်းလောက် အသက်မဝင်။ ဘာများမှားယွင်းနေပါလိမ့်။ ဟိုးယယ်ယယ်က သေးသိမ်မှုန်ဝါးတဲ့ နှလုံးသားထဲက ပုံရိပ်ကလေးတစ်ခုကို ကျွန်မအသက်သွင်းဖို့ ကြိုးစားနေတာလား။

ကျွန်မက နယ်ကဆွေမျိုးတစ်သိုက်ကို သတင်းမေးသည်။

"နင့်အလုပ်တွေရော အဆင်ပြေရဲ့လား လင်း"

"ပြေပါတယ်"

လင်းက ဆိုင်ထဲခဏဝင်သွားပြီး လက်ဆောင်ပေးလိုက်သည့်ပစ္စည်းထုပ်တွေ ယူလာသည်။

"ရော့ ဒါက ကြီးဒေါကပေးလိုက်တာ၊ ပုစွန်ခြောက်တွေ၊ ဒါက မေသက်နွယ်ပေးလိုက်တာ၊ ရော့ ဒီဟာကတော့ ငါ့ရဲ့လက်ဆောင်"

လင်းပေးတဲ့အထုပ်ကတော့ စက္ကူအိတ်တစ်ထပ်၊ ပလပ်စတစ်အိတ်တစ်ထပ်နှင့် ထုပ်ပိုးထားသည်။ စက္ကူပေါ်ကဆိုင်လိပ်စာက အင်ကြင်းရဲ့ဆိုင်လိပ်စာဖြစ်သည်။

"နင် ဘာဖြစ်လို့တကူးတကဝယ်လာရတာလဲ"

"ဩော် ... နင့်အတွက် သီးသန့်လက်ဆောင်လေးတစ်ခုတော့ ငါယူလာချင်တာပေါ့"

"အံမယ် ... သူ့ကောင်မလေးဆိုင်ကို အားပေးချင်တိုင်း ငါက ရှင်းလုံချည်တွေပဲ ဝတ်နေရမှာလား"

"ဘာလဲ၊ နင်မဝတ်ချင်ဘူးလား"

သူ့လေသံက စိတ်မကောင်းဟန်၊ စိတ်တိုဟန်။

"မဝတ်ချင်ရင် တစ်ယောက်ယောက်ပေးပစ်လိုက်ဟာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ပေးရမှာလဲ"

ကျွန်မ သူ့ကိုမကျေမနပ်ကြည့်လိုက်သည်။

"ငါဝတ်စေချင်လို့ ယူလာတာမဟုတ်လား"

"အေးလေ" လင်းက မပွင့်တပွင့်အဖြေပေးသည်။

"ဒါဖြင့်ပြီးရောပေါ့"

ကျွန်မ စကားဆိုင်သွားဖို့စိတ်မပါတာကြောင့် ရယ်ဒီမိတ်တွေ၊ တီရှပ်တွေသာ ဝယ်ဝတ်တာများသည်။ ဒါပေမဲ့ အခု ပြည်တွင်းဖြစ်ချည်ထည်လေးတွေ ခေတ်စားပြီး လူဝတ်များနေတာရယ်၊ လင်းပေးတဲ့လက်ဆောင်လည်းဖြစ်နေတာ ရယ်ကြောင့် ချုပ်ဝတ်ကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

"နင်ဖုန်းဆက်တုန်းက ငါ့ကိုပြောစရာရှိတယ်ဆို"

သူက စဉ်းစားသလိုလုပ်ရင်း ခုံပေါ်ကစီးကရက်ဘူးကို ကောက်ကိုင်သည်။ ကျွန်မက ချက်ချင်း မီးခြစ်ကို ကောက်သိမ်းထားလိုက်သည်။ သူ စီးကရက်မသောက်ဖြစ်တော့။

"မသောက်ပါနဲ့ဟာ"

"အေးပါ ... အေးပါ၊ နင်အနံ့မခံနိုင်တာ ငါမေ့သွားတယ်"

"ငါထသွားရင်တော့ သောက်မှာပေါ့"

သူက ရယ်ပြီး နာရီတစ်ချက်ငုံ့ကြည့်သည်။ နာရီဘယ်လောက်ရှိပြီလဲ ကျွန်မမေးတော့ သူမဖြေနိုင်ပြန်၊ သေချာအောင် နောက်တစ်ကြိမ်ထပ်ကြည့်ရပြန် သည်။ ဒီ 'လင်း' ဟာ ဘာဖြစ်ရတာလဲ။

"ငါတို့မတွေ့တာကြာလို့ ဘာရယ်မဟုတ် ပြောစရာစကားတွေရှိနေ မလားလို့ပါ"

သူက အရေးမကြီးဟန်နှင့်ပြောသည်။

ကျွန်မ သူမသိအောင် နှုတ်ခမ်းစူလိုက်မိသည်။ သူက သူစိတ်အိုက်လာ လျှင် လုပ်နေကျအတိုင်း လက်ကိုင်ပဝါနှင့် မျက်နှာကို အထပ်ထပ်ပွတ်နေသည်။

ကောင်း လင်းဟာ သူနှင့်အင်ကြင်းအကြောင်း ပြောမလို့လား။ ဒါသည်း အနေးနှင့်အမြန်ကြားရမည့်စကားတစ်ခု။ ကျွန်မအဖြစ်က ကျွန်မချစ်တဲ့သူ တစ်ယောက်က တခြားသူ့ချစ်သူတစ်ယောက်အကြောင်းကို ပြောပြမည့်အချိန်ကို ရင်မောစွာစောင့်စားနေရပုံမျိုး။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ သူ့ဆီက စကားသံထွက်လာသည်။

"ငါ အခုနောက်ပိုင်း ရန်ကုန်ကဂိတ်မှာ လာနေရတော့မယ်ဟ"

"ဟုတ်လား၊ ကောင်းတာပေါ့"

သူက စားပွဲခုံကို လက်ဖြင့် တဒေါက်ဒေါက်ခေါက်နေသည်။

"နင်ပြောစရာရှိတယ်ဆိုတာ ဒါလား"

ကျွန်မ စိတ်လှုပ်ရှားမှုကိုထိန်းကာ မေးလိုက်သည်။

သူက 'အင်း' ဟု မပီမသဆိုရင်း ရယ်သံနှင့်ရောချပစ်လိုက်သည်။

"ငါက ငါ့မှာ ယောက်မရတော့မယ်ထင်နေတာ၊ ဘယ်လိုလဲ၊ အခြေအနေမထူးသေးဘူးလား"

လင်းက လက်ကိုင်ပဝါနှင့်ချွေးသုတ်တာကို အလုပ်ကြီးတစ်ခုလိုလုပ်နေသည်။ အတန်ကြာမှ ကျွန်မကို ဖျတ်ခနဲကြည့်သည်။ ကျွန်မက သူ့ကို မျက်လုံးမလွှဲဘဲ ခပ်ပြုံးပြုံးကြည့်နေတော့ သူအနေခက်စွာ ရယ်မောပြန်သည်။

"ဘာထူးရမှာလဲဟာ၊ ဒီလိုပဲပေါ့" ဟု မပွင့်တပွင့်ပြောသည်။

"နင် အဝေးပြေးဂိတ်မှာပဲနေမှာပေါ့"

"အင်း ... တိုက်ခန်းမငှားဖြစ်သေးရင် လောလောဆယ် အဲဒီမှာပဲနေရမယ်၊ ပြည့်ပြည့် ကျောင်းတက်ဖို့လာရင်တော့ တိုက်ခန်းတစ်ခန်းတော့ မဖြစ်မနေငှားရမယ်"

ကျွန်မပြန်တော့ သူလိုက်ပို့မည်ဟုပြောသည်။

"ရတယ် လင်း၊ နင်သွားစရာရှိတာသွားပါ"

ဘတ်စ်ကားစီးရန် လမ်းဖြတ်ကူးတော့ လင်းက ပလက်ဖောင်းပေါ်မှာ ရပ်ကျန်ခဲ့သည်။

လင်းက (၄၅)ကားကိုစီးကာ အောင်မင်္ဂလာအဝေးပြေးသို့ သွားမည်ဖြစ်သည်။ ခဏနေတော့ ဘတ်စ်ကားတွေစုပြုံထိုးဆိုက်လာသဖြင့် ရှေ့ကမြင်ကွင်းတွေ ကွယ်သွားသည်။ ဘတ်စ်ကားတွေပြန်ထွက်သွားတော့ မှတ်တိုင်မှာ ခပ်ကျဲကျဲကျန်ခဲ့တဲ့ လူစုထဲမှာ လင်းကိုမတွေ့ရတော့။ လင်းပါသွားမည်ထင်သော (၄၅)ကားကို စိတ်မှန်းနှင့်လိုက်ကြည့်မိသည်။

ကျွန်မသည် ထိုနေရာမှမရွေ့နိုင်ဘဲ ရည်ရွယ်ချက်မရှိ ရပ်နေမိသည်။ အလိုလိုဝမ်းနည်းလာ၏။ လင်းသည် ကျွန်မဘဝထဲက အပြီးအပိုင်ထွက်သွား

www.burmeseclassic.com

www.burmeseclassic.com



ဆောင့်မလို ရုတ်တရက် ခံစားလိုက်ရတာကြောင့်ဖြစ်သည်။ ကျွန်မတို့ဟာ တစ်ယောက်ကိုတစ်ယောက် ချစ်မြတ်နိုးကြခြင်းဆိုတာရဲ့အပြင်ဘက်မှာ မသိလိုက်မသိဘာသာ အသက်ရှင်သွားရတော့မယ်နှင့်တူပါရဲ့။

ကိစ္စရပ်တိုင်းရဲ့အဆုံးသတ်မှာ အဖြေတစ်ခုစီဟာ ကျန်ခဲ့စမြဲ။ ကျွန်မတို့ လက်ခံနိုင်တဲ့အဖြေလည်း ဖြစ်နိုင်သည်။ လက်မခံနိုင်တဲ့အဖြေလည်း ဖြစ်နိုင်သည်။ ဘာပဲဖြစ်ဖြစ် အဖြေဟာ အဖြေပဲဖြစ်သည်။

ထိုနှစ်ဆောင်းတွင်းမှာ လင်း ရန်ကုန်မှာရှိနေခဲ့သည်။ လင်းက အလုပ်များပြီး ကျွန်မဆီကို ရံဖန်ရံခါသာရောက်နိုင်သည်။ လင်းရန်ကုန်မှာရှိလျှင် လင်းနှင့်အတူသွားမည်ဟု အားခဲထားသောနေရာတွေကိုလည်း စိတ်ထင်သလို မရောက်နိုင်ခဲ့။

ပြည့်ပြည့်လည်း ကျောင်းတက်ဖို့ရောက်နေပြီဆိုတော့ မောင်နှမနှစ်ယောက် တိုက်ခန်းငှားကာနေကြသည်။ တိုက်ခန်းက လူမနေသေးတဲ့ တိုက်သစ်၊ အခန်းဖွဲ့ပြီးသားလည်းမရှိ။

ပြည့်ပြည့်က ရန်ကုန်မှာတစ်ယောက်တည်းမသွားရဲသေးဘဲ ကျွန်မကို တွယ်ကပ်နေသည်။ သူ့ကို ကျောင်းလိုက်အပ်ပေးရသည်။ ပထမဆုံး ကျောင်းတက်ရက်မှာလည်း သူနှင့်အတူ ကျောင်းလိုက်တက်ပေးရသည်။ ကျောင်းပိတ်ရက်တစ်ရက် ပြည့်ပြည့်ကို ဈေးလိုက်ဝယ်ပေးပြီးပြန်လာတော့ လင်းကို အိမ်မှာတွေ့ရသည်။

"အလုပ်မသွားဘူးလား လင်း"

"မသွားဘူး၊ လုပ်စရာလေးတွေရှိနေလို့"

လင်းက အိမ်ရှေ့အိမ်နောက် မီးကြိုးတွေဆင်နေသည်။ အိမ်မှာ ကြမ်းခင်းလည်းမရှိသေး။ ဖယောင်းပုဆိုးတွေ ခန်းလုံးပြည့်ခင်းထားသည်။ အိပ်ခန်းလည်းမကာရသေးတော့ ပြည့်ပြည့်အတွက် အခန်းလေးတစ်ခန်းရအောင် လိုက်ကာစတွေပတ်ကာထားသည်။ အိမ်ရှေ့မှာတော့ လင်းရဲ့သေတ္တာတစ်လုံး၊ ပြည့်ပြည့်စာဖတ်တဲ့ခုံဝိုင်းလေးတစ်ခု၊ ပလပ်စတစ်ထိုင်ခုံနှစ်လုံး၊ တင်းရှူးသေတ္တာကြီးတစ်လုံးပေါ်မှာ တင်ထားတဲ့ တိုရှီဘာတီဗွီအသေးလေးတစ်လုံး၊ ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



ပြည့်ပြည့်စုံစုံမရှိသေး။

ခဏနေတော့ လင်းက ဈေးသွားမလို့ဆိုကာ အောက်သို့ဆင်းသွားသည်။ သူဈေးသွားလေ့သွားထမရှိတာကြောင့် ပြည့်ပြည့် အံ့သြကျန်ရစ်သည်။

အင်ကြင်းလည်း ရန်ကုန်ရောက်လာသေးသည်ဟု ပြည့်ပြည့်က ပြောသည်။

"အင်ကြင်းက ဒီကိုလာပြီး စပ်စုတာပါ၊ ကိုလင်း ဘယ်လိုနေထိုင်လဲ ဆိုတာကိုလေ၊ ပြည့်ပြည့်က ထမင်းချက်မကျွေးမှာကျနေတာပဲ၊ သူကသိပ်ပိုတာ"

ပြည့်ပြည့်က ကျွန်မနားနားကပ်ကာ တိုးတိုးပြောသည်။

"သူက ယူချင်နေပြီ၊ အသက်ကလည်းငယ်သေးတယ်မဆိုသာဘူးတဲ့၊ ဘယ်လိုနေရနေရ သူလုပ်ကိုင်စားတတ်တယ်တဲ့၊ ဒီမှာလည်း သူဈေးရောင်းလို့ ရတယ်တဲ့၊ ကိုလင်းကို ရန်ကုန်မှာထားရတာ စိတ်မချဘူးတဲ့"

ပြည့်ပြည့်က အစ်ကိုကိုချစ်တဲ့ညီမပီပီ သူ့အစ်ကိုကို တိုနေသည်။

"ယောင်မနဲ့သင့်အောင်နေနော် ကောင်မလေး၊ ဒီအစ်ကိုပဲအားကိုးရမှာ"

"ပြည့်ပြည့်အစ်ကိုကိုများ စိတ်မချလေးဘာလေးနဲ့၊ သူကသာဖြစ်နေတာပါ၊ ကိုလင်းကတော့ အေးအေးဆေးဆေးပါပဲ၊ ဟိုတစ်ခါ ပြည့်ပြည့်မေးတော့ သူတို့ဘာမှမဟုတ်ပါဘူးတဲ့၊ ခင်တာပါတဲ့"

"အို၊ ဒီလောက်လူသိရှင်ကြားဖြစ်နေတာ၊ မိန်းကလေးရဲ့သိက္ခာကို ထည့်တွက်ရမှာပေါ့၊ လင်းကကိုမပြတ်သားတာ"

"အင်ကြင်းက အတင်းတွယ်ကပ်နေတာကိုး"

"ဒီလိုမပြောရဘူး၊ ယောကျ်ားလေးကလည်းပါလို့ပေါ့၊ ဘာပဲဖြစ်ဖြစ် လင်းက အင်ကြင်းကို ချစ်တော့ချစ်သွားမှာပါ"

"အင်း ... ကိုလင်းကလည်း လူတစ်မျိုး၊ လူပုံကခပ်ကြမ်းကြမ်းဆေးဆေး စိတ်ကပျော့တယ်၊ အားနာနာနဲ့လည်း ပါသွားနိုင်တယ်၊ သိပ်ပါဘူး မဆေထိရယ် သူက အေးစက်စက်နဲ့ သိရခက်တယ်"

တစ်ခါတစ်ရံ လင်းမတုန်မလှုပ်နေတတ်တာ ကျွန်မတောင်စိတ်ရှုပ် စိတ်ကူးပေါက်လျှင် မေးလိုက်ချင်သည်။ "အင်းကြင်းကိုဘာကြောင့်ချစ်တာလဲ အင်ကြင်းကိုမချစ်တာ ငါ့ကြောင့်လား" ဟု ပခုံးကိုကိုင်လှုပ်ကာ မေးလိုက်ချင်သည်။

www.burmeseclassic.com



လင်းက ဘာမှထုတ်ဖော်မပြောသော်လည်း ကျွန်မကိုချစ်ခင်မြတ်နိုးဆဲ၊ သနားကြင်နာမြဲ၊ လိုက်လျောမြဲဆိုတာ ကျွန်မစိတ်က အလိုလိုသိနေသည်။ ဘာက ပိုလေသလဲဆိုတာတော့ ကျွန်မမသိ။ ဒါမှမဟုတ် သူငယ်ငယ်ကတည်းကပဲ စောင့်ရှောက်ခဲ့ရတဲ့ကောင်မလေးတစ်ယောက်ကို သူ့ရင်ထဲမှာ သနားစိတ်နှင့် တွယ်တာနေတာလား။

"မဝေဏီ ဘာတွေစဉ်းစားနေတာလဲ၊ ပြည့်ပြည့်ပြောတာကြားလား"

"*အင် ... ဘာပြောတာလဲ*"

"မဝေဏီသွားတဲ့နေရာမှန်သမျှ ပြည့်ပြည့်ကိုခေါ်နော်"

ပြည့်ပြည့်က ရန်ကုန်ရောက်စ ဆယ်ကျော်သက်တစ်ယောက်ပီပီ တစ်ယောက်တည်းလည်းမသွားရဲ၊ နေရာတကာလည်း ရောက်ဖူးချင်ဖြစ်နေရှာသည်။

ထိုနေ့က ညမိုးချုပ်မှ လင်းတို့အိမ်မှပြန်လာသည်။ လင်းက ကျွန်မကို လိုက်ပို့သည်။ (၇)နာရီထိုးပြီး၊ မီးရောင်ဝါဝါအောက်မှာ အိမ်အဝင်လမ်းကို မြင်ရသည်။ ခြံစည်းရိုးပင်စိမ်းစိမ်းများနောက်က အိမ်တွေက တိတ်ဆိတ်ငြိမ်သက်နေသည်။ သစ်ပင်အောက်ခြေတို့ မှောင်ရိပ်စွန်းနေ၏။ ခြံစည်းရိုးနွယ်ပင်တွေ ညွတ်သွယ်ကျနေ၏။ မီးရောင်အောက်က ပိုးကောင်လေးများနှင့် အမှောင်ထဲမှ ပေါ်ထွက်လာသော အအေးဓာတ်ပါသောလေက ငယ်ငယ်တုန်းကဆောင်းညများကို သတိရစေသည်။

"သွားတော့ ဝေဏီ၊ ငါမဝင်တော့ဘူး၊ အရီးကြီးကို ငါပြန်လိုက်ပို့တယ်လို့ စိတ်ချအောင်ပြောလိုက်ဦး"

"အေး ... အေး၊ နင်လည်းအိမ်တန်းပြန်နော်၊ မိုးသိပ်ချုပ်ရင် ကားစီးရခက်နေဦးမယ်၊ အိမ်မှာလည်း ပြည့်ပြည့်တစ်ယောက်တည်း"

"ဝေဏီ ... ငါ"

လင်းက တစ်စုံတစ်ခုပြောမလိုလုပ်သည်။

"ဟင်၊ ဘာလဲ လင်း"

ကျွန်မ လင်းကို ပြန်လှည့်ကြည့်လိုက်သည်။

လင်းက ဖိနပ်ဦးဖြင့် လမ်းခင်းကျောက်စရစ်ခဲလေးများကို ထိုးမွနေ၏။ ခပ်ငုံ့ငုံ့သူ့မျက်နှာက မှောင်ရိပ်စွန်းနေသည်။ ညလေကြောင့် ကျွန်မမျက်နှာ အေးခနဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားသည်။ လင်းသည် ဘောင်းဘီအိတ်လက်နှိုက်ကာ ရပ်နေဆဲ။

"လင်း"

ကျွန်မ သူ့ဆီသွားရန် ခြေလှမ်းပြင်သည်။

"ရော့ ... နင့်အတွက် မွေးနေ့လက်ဆောင်"

သူ့အိတ်ထဲမှ ဘူးကလေးတစ်ခုထုတ်ပေးသည်။ ပန်းစက္ကူလှလှလေး နှင့် ထုတ်ပိုးထားသော ဘူးလေးကို ကျွန်မဖွင့်ကြည့်လိုက်သည်။ ငွေရောင်ပန်းခက် ရင်ထိုးလေးတစ်ခု။

"သိပ်တော့အဖိုးမတန်ပါဘူး၊ ငါ နင့်ကို မွေးနေ့လက်ဆောင်မပေးဖြစ် တာ ကြာပြီလေ"

"သိပ်လှတာပဲ၊ တယ်လည်းဝယ်တတ်ပါလား"

"အင်ကြင်းလာတုန်းက သူဝယ်တာမှာ ငါတစ်ခုယူထားလိုက်တာ၊ သူရွေးပေးတာပါ"

"သြော် ... ဟုတ်လား"

ကျွန်မကိုပေးဖို့ပစ္စည်းတစ်ခုကို အင်ကြင်းရဲ့ဆုံးဖြတ်ချက်နဲ့ ဝယ်လာ တာပေါ့၊ လင်းနှင့်အင်ကြင်းကို ပထမဆုံးအကြိမ် တွဲ၍မြင်ယောင်မိသည်။

"နင်ကြိုက်ရဲ့လား"

"ကြိုက်ပါတယ်၊ အင်ကြင်းကိုလည်း ကျေးဇူးတင်တယ်ပြောလိုက်ပါ"

လင်းက စကားလွှဲချင်ဟန်နှင့် ကျွန်မမျက်နှာကိုမကြည့်ဘဲ တစ်ချက် ရယ်လိုက်သည်။

"ချမ်းနေပြီထင်တယ်၊ နင် ဝင်တော့လေ"

"အေး ... အေး၊ ငါ့မွေးနေ့မှာ နင်ကိုယ်တိုင် အုန်းနို့ခေါက်ဆွဲချက်ကျွေး တာနဲ့တင် ကျေးဇူးတင်လှပြီ"

ခြံတံခါးသံပန်းကွက်များကြားမှမြင်ရတဲ့ လင်းရဲ့နောက်ကျောကို ကျွန်မ အတန်ကြာရပ်ကြည့်နေမိသည်။ လင်း ကျွန်မကို ဘာများပြောချင်ပါလိမ့်။ ကျွန်မ နှလုံးသားသည် ချက်ချင်း အားငယ်ဖျော့တော့၍လာသည်။

တစ်အိမ်လုံး တိတ်ဆိတ်နေသည်။ အစီးကြီးကတော့ အနောက်ဆောင်မှာ ရှိနေဦးမှာပဲ။ စကားစိမ်းပင်အောက်ရောက်တော့ စကားစိမ်းနံ့နှင့်အတူ တစ်စုံတစ်ခု ကို ကျွန်မသတိထားမိသည်။ ဆတ်ခနဲနောက်လှည့်ကြည့်မိသည်၊ မှောင်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



သလို သတိုးကို တွေ့လိုက်ရလေသည်။ သူခရီးသွားနေမှန်းသိသိကြီးနှင့် သူ့ကို တွေ့ရမည်ဟု ထူးထူးဆန်းဆန်း ထင်နေခဲ့သည်။ ကျွန်မကပဲ ကျွန်မမွေးနေ့မှာ သူ့ကို အနားမှာရှိနေစေချင်တာလား။ ကျွန်မမွေးနေ့မှာ သတိုးကိုမတွေ့ရတာဟာ တစ်စုံတစ်ရာလစ်ဟာနေတာမဟုတ်လား။

"ဝေဏီလန့်သွားမှာစိုးလို့"

"လန့်အောင်လုပ်ပြီးတော့များ၊ လူကိုချောင်းနေတယ်ပေါ့လေ"

အနည်းငယ်ရန်လိုမိသည်။

"မဟုတ်ပါဘူး၊ ဝေဏီ့ကိုစောင့်နေတာ"

သူတိတ်တဆိတ်ရပ်ကာ ကျွန်မကိုကြည့်နေပုံကတစ်မျိုး။

"ခရီးသွားတယ်ဆို"

"ဟုတ်တယ်၊ ဒီနေ့အမီပြန်လာတာပေါ့"

"ဘာနေ့မို့လို့လဲ"

"စဉ်းစားကြည့်လေ"

"ဒီနေ့ ဇန်နဝါရီ (၁၉)ရက်လေ"

"အဲဒီတော့ ဆက်ပြောလေ"

"ဝေဏီ့မွေးနေ့များလားမသိဘူးနော်"

"မနောက်နဲ့ဝေဏီရာ"

"သတိုးရောက်နေတာ အရီးကြီးသိလား"

"သိတယ်၊ အိမ်ထဲမှာစောင့်ရတာစိတ်မရှည်လို့ ထွက်စောင့်နေတာ"

"လာလေ၊ အိမ်ထဲဝင်ရအောင်"

ညအမှောင်ရိပ်မှာ ကြာကြာရပ်စကားပြောနေတာ မသင့်တော်ဟာ တွေးမိပြီး သတိုးကို အိမ်ထဲဝင်ဖို့ ပြောရသည်။

သတိုးက ခြေလှမ်းလှမ်းမလိုလုပ်ပြီးမှ တုံ့ဆိုင်းသွားသည်။ သူ့ကို ကြည့်၍ ကျွန်မခြေလှမ်းတွေလည်း တုံ့နှေးသွားရသည်။ သူ့မျက်နှာက တစ်စုံတစ်ရာကို ပိုင်းဖြတ်ထားသလို သေချာရေရာသောမျက်နှာ။

"သတိုး ..."

ကျွန်မစကားမဆုံးလိုက်။ ကျွန်မပခုံးကို နောက်မှအသာဆွဲယူ ပွေ့ဖက်တာ ခံလိုက်ရသည်။ နွေးထွေးတဲ့ သူ့ရင်ခွင်မှာ ကျောကပ်မိသည်။ သူ့ရင်ခုန်သံက

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဆီ ကူးစက်လာသည်။

"တစ်ညနေလုံးမျှော်လိုက်ရတာ၊ ဝေဏီဘယ်သွားနေတာလဲ၊ တွေ့ချင်လွန်းလို့ အပြေးပြန်လာတာ၊ ဝေဏီ့ကိုမတွေ့ရတော့ ရင်ထဲမှာဟာသွားတာပဲ"

"ပြန်လာမယ်ဆိုတာတော့ ဖုန်းလေးဘာလေးကြိုဆက်မှပေါ့၊ ဖယ်ပါ၊ အေးအေးဆေးဆေးပြောပါ"

ကျွန်မအသံ အနည်းငယ်တုန်ယင်ချင်နေသည်။

"ဝေဏီ နည်းနည်းမှမရိပ်မိဘူးလား၊ ကိုယ် ဝေဏီ့ကိုလွမ်းနေတာ"

"ဟင့်အင် ... ဘာလို့လွမ်းရမှာလဲ"

"ဝေဏီ့ကိုကိုယ်ချစ်နေလို့ပေါ့၊ ပြောရဦးမလား၊ သိပ်ချစ်နေလို့ပေါ့"

"ဘာလို့ချစ်ရမှာလဲ၊ ဝေဏီ့အကြောင်းလည်းသိရက်သားနဲ့"

သူဖက်ထားတာကို ဒေါသဖြစ်ချင်လာသည်။ ဝေဏီ့ကိုများ ပိုင်စိုးပိုင်နင်း။

"ဝေဏီကတော့ မချစ်ပါဘူး"

သူက အရေးမလုပ်။

"ဒီနှစ် မှတ်မှတ်ရရ ဝေဏီ့မွေးနေ့မှာ ချစ်ခွင့်ပန်တယ်၊ နောက်နှစ် ဝေဏီ့မွေးနေ့မှာ လက်ထပ်မယ်လို့ စဉ်းစားထားတယ်"

သူက ဘာပဲလုပ်လုပ် ပိုင်ပိုင်နိုင်နိုင်ရှိလှတာကြောင့် သူ့စကားကြားရတာနှင့်ပင် တကယ်ဖြစ်လာတော့မလို ထင်မိသည်။

လည်ပင်းထဲမှာ တစ်ဆို့နေ၏။ ဘာမှ ထိထိမိမိပြန်မပြောနိုင်။ ဒေါသဖြစ်လာပြန်သည်။ ဘာမှမတတ်သာပဲ ကိုယ့်ဒေါသနှင့်ကိုယ် ငြိမ်နေရသည်။

"ဘယ်သူက ချစ်တယ်ပြောနေလို့လဲ"

ဒေါသနှင့် ခပ်ဆောင့်ဆောင့်ပြောမိသည်။ ဘယ်တုန်းကမှ ပြောခဲ့ဖူးတဲ့လေသံမဟုတ်။ ဒီထက်လည်း ပိုမပြောတတ်။ ရုတ်တရက် စိတ်ရှုပ်ထွေးသွားတာတော့ အမှန်ပင်။ သူ ယခုလိုချစ်စကားပြောလာမှာကို တထင့်ထင့်ရှိနေခဲ့ပေမယ့် ရင်ဆိုင်ဖို့အသင့်ပြင်ထားခြင်းမရှိ။ သူ့ကို ချစ်ဖို့မချစ်ဖို့ မစဉ်းစားရသေး။ သူနှင့်အတူရှိလျှင် ပျော်တာပဲသိသည်။ သူ့ကို အစ်ကိုမောင်လိုအားကိုးသည်။ အဲ့ဒါတာခံမှန်းသိ၍လည်း ရံဖန်ရံခါ ကလေးလိုဆိုးကာ အနိုင်ယူချင်သည်။ ဒါပဲဟုထင်သည်။

အခုတော့ ဝမ်းနည်းစိတ်က ကြီးစိုးနေရပါလား။ စကားမပြောဘဲ

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆိတ်နေ၏။ ဖက်တွယ်ထားသော သူ့လက်တွေက မြဲမြဲလှ၏။

"ဝေဏီ"

မေ့ခင်နေတာပဲကောင်းသေးတော့သည်။ အလင်းရောင်ရှိလျှင် သူ့မျက်နှာကို ကြည့်ရဲမည်မဟုတ်။ ရက်စိတ်ကြောင့် ရင်ထဲမှ ကတုန်ကယင်။

"ကိုယ့်ကိုချစ်ရဲ့လား၊ ပြောဦးလေ ဝေဏီ"

မျှော်လင့်တောင့်တစွာပြောလိုက်တဲ့ သူ့လေသံက ကျွန်မနားထဲ တိုးတိုးရှရှလေး ပြေးဝင်သွားပါသည်။

ရုတ်တရက် မုန်တိုင်းတစ်ခုလိုတိုက်ခတ်လာသည့် သူ့အချစ်ကို ကျွန်မ မှင်တက်အံ့သြလျက်ရှိသည်။ သူ့ရဲ့ မျှော်လင့်ချက်မျက်လုံးများကို ရင်မဆိုင်ရဲ။ ငိုချင်လာပြီ။ ချမ်းအေးတာနှင့် ဝမ်းနည်းတာရောပြီး တုန်ခိုက်လာသည်။ လင်းကို သစ္စာဖောက်မိသလို ခံစားရသည်။

"ဒီအပြောင်းအလဲကို ဝေဏီလက်မခံနိုင်သေးဘူး၊ ဝေဏီတို့ အခုလို ခင်ခင်မင်မင်နေကြတာ မကောင်းဘူးလား၊ သတိုးကလည်း ဝေဏီ့ကို ကိုယ့်ညီမလေးတစ်ယောက်လို မစောင့်ရှောက်ချင်ဘူးလား၊ ဝေဏီရဲ့ခင်မင်ယုံကြည်အားကိုးမှုတွေကို အခွင့်ကောင်းယူတာလား"

ကျွန်မအသံတုန်ယင်လာတော့ သူစိတ်မကောင်းဖြစ်သွားပုံရသည်။

"အဲဒီစကားကို တဆိတ်မပြောပါနဲ့၊ အဲဒီလိုအပြောခံရမှာစိုးလို့ ဝေဏီ့ကို ချစ်တယ်ပြောဖို့ အကြိမ်ကြိမ်စဉ်းစားနေခဲ့တာ၊ မပြောလို့လည်းမဖြစ်ဘူးလေ၊ ကိုယ့်ကိုယ်ကိုယ် ပိုသိတယ်၊ ဝေဏီ့ကို နှမလေးတစ်ယောက်လိုလည်း ချစ်တယ်၊ နှမလေးတစ်ယောက်ထက်လည်း ပိုပြီးစောင့်ရှောက်ချင်တယ်"

"ဝေဏီ့ကို စေတနာထားခဲ့တယ်ဆိုတာ မျှော်လင့်ချက်နဲ့ထားခဲ့တာပေါ့၊ ဝေဏီ့တော့ ဘာမှမယုံရဲတော့ဘူး"

သူ့ကို တမင်နာကျင်အောင် ရန်စကားဆိုချင်မိသည်။

"ဝေဏီ့ကို ကူညီစောင့်ရှောက်ခဲ့တာတွေဟာလည်း ကျေးဇူးတင်စရာပေါ့"

ခပ်ငေါ့ငေါ့ပြောကာ လှည့်ထွက်ခဲ့သည်။

သူစိတ်မကောင်းဟန်နှင့် ငြိမ်သက်သွားသည်။

"ဝေဏီ့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်မိတယ်ဆိုရင်တော့

www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းပါဘူး၊ စိတ်တော့မဆိုးပါနဲ့ဝေဏီရယ် တောင်းပန်ပါတယ်"

သူ့စကားသံတိုးတိုးက ကျွန်မနောက်မှ လွင့်ပါလာသည်။

အိမ်ရှေ့ဝင်ပေါက်သို့ရောက်လာသည်။ သူမလိုက်လာမှန်းသိတော့မှ စိတ်ချလက်ချလှည့်ကြည့်ရဲသည်။ သတိုးသည် အလင်းရောင်ခပ်မှုန်မှုန်အောက်မှာ ငြိမ်သက်စွာရပ်ကျန်ရစ်သည်။

ကောင်းတယ် ... တစ်ခေါက်တလေလည်း သူ့ကိုစိတ်ဆင်းရဲဖို့ အခွင့်အလမ်းလေးဘာလေး ပေးဦးမှ၊ စိတ်ရှုပ်ရှုပ်နှင့် စွေ့ထားတဲ့တံခါးကိုတွန်းကာ အိမ်ထဲဝင်ခဲ့သည်။

အိမ်ထဲရောက်မှ ဆိုင်ကတက်ကူးတကမှာထားသော အစားအသောက်တွေ ပြင်ဆင်ထားသည့် စားပွဲတစ်လုံး၊ ဖဲကြိုးလှလှဖြင့် ချည်နှောင်ထားသော မွေးနေ့လက်ဆောင်ထုပ်တစ်ထုပ်နှင့် ကျွန်မတို့ကိုစောင့်ရင်း ထိုင်ခုံပေါ်မှာ ခေါင်းမှီလျက် အိပ်ငိုက်နေသော အိမ်ဖော် ဒေါ်ခင်ရွှေကို တွေ့လိုက်ရလေသည်။

နောက်ရက်မှာ သတိုးလာတော့ ကျွန်မ ဆင်းမတွေ့။ "နေပါစေ၊ သူနားချင်နားပါစေ" လို့ အရီးကြီးကိုပြောနေသံကြားသည်။ အရီးကြီးနှင့် စကားပြောပြီး နာရီဝက်လောက်ကြာတော့ သူပြန်သွားသည်။ အိမ်ခြံဝရောက်သွားတဲ့ သူ့ကားကို ပြတင်းပေါက်မှ အသာချောင်းကြည့်ကာ စိတ်တိုကျန်ရစ်သည်။ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်နေမှန်းလည်းမသိ။

အလကားသတိုး၊ ဒီကရှက်နေမယ်ဆိုတာ မစဉ်းစားဘူးလား။

နောက်ရက်တွေမှာလည်း သွားစရာရှိလျှင် ကျွန်မတစ်ယောက်တည်း သွားသည်။ သတိုးကို အသိမပေးတော့။ သို့သော် ကြားမှာ သူနှစ်ရက်လောက် ရှုန်းမဆက်တာကိုလည်း အလိုလိုစိတ်တိုနေမိပြန်သည်။

ကျွန်မရဲ့သင်တန်းချိန်တွေကို သူသိနေတာခက်လှသည်။

"နောက် ဝေဏီကိုလာမကြိုပါနဲ့တော့၊ ဝေဏီကို ကိုယ့်အားကိုးအားထားတဲ့စိတ်ကလေး မွေးလို့ရအောင် သတိုးကူညီပါဦး"

"ဘာလဲ၊ ကိုယ့်မှာ ဝေဏီကိုတွေ့ဖို့တောင် ခက်ခဲသွားပြီလား"

"အဲဒီလိုလည်းမဟုတ်ပါဘူး၊ ဝေဏီက အရင်သတိုးကိုပြန်လိုချင်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဝေဏီကတော့လေ"

သူကတော့ အခါတိုင်းလိုပင်။ သူ့ကိုယ်သူ အပြစ်တစ်စုံတစ်ရာလုပ်ထားသူလို့ ခံယူထားပုံမရ။ ကျွန်မ သူ့ကိုနှုတ်ဆက်စကားမဆိုလျှင်လည်း တစ်လမ်းလုံးဘာစကားမှမပြောဘဲ ကျွန်မအေးက တိတ်ဆိတ်စွာ လိုက်ပါလာတတ်သည်။ ကျွန်မရဲ့လိုအပ်ချက်တွေ ဖြည့်ဆည်းပေးမြဲ၊ စောင့်ရှောက်မြဲ၊ အိမ်ရောက်အောင်လိုက်ပို့ပြီးမှ သူစိတ်ချလက်ချ ပြန်သွားလေ့ရှိသည်။ တစ်ခါတစ်ရံ ကျွန်မအိမ်ထဲဝင်ခဲ့သည်ထိ စကားတစ်ခွန်းမှမပြောမိကြ။

"ဝေဏီကြိုက်သလိုနေပါ၊ ကိုယ်ကတော့ ဝေဏီ့ကိုချစ်တယ်ပြောတာအပြစ်တစ်ခုလို့ မခံယူထားဘူး၊ ကိုယ့်ရင်ထဲမှာရှိတာကို ရိုးရိုးသားသား ထုတ်ဖော်လိုက်တာ၊ ဝေဏီရဲ့ပျော်ရွှင်မှု၊ ဝမ်းနည်းမှုအားလုံးကို ဝေဏီနဲ့အတူ ကိုယ်မျှဝေခံစားချင်တယ်၊ ပိုင်ဆိုင်ချင်တယ်၊ ဝေဏီ့ကို စိတ်ချမ်းချမ်းသာသာနဲ့ ဘဝတစ်လျှောက်လုံး ပျော်ရွှင်နေတာမြင်ချင်တယ်"

သူက အနားမှာ အမြဲရှိနေပြန်တော့ တစ်ချိန်လုံးလည်း မျက်နှာကြီးစူပုပ်မနေနိုင်။ ပြုံးရပြန်သည်။ ယဉ်ကျေးရပြန်သည်။ သူ့အလိုက်သိမှုမှန်သမျှလက်ခံရပြန်သည်။ အရင်လို သင့်မြတ်ရပြန်သည်။

နောက်ရက်ပေါင်းများစွာကြာသည်ထိ ထိုကိစ္စမပြေလည်နိုင်။ သတိုးကိုချစ်လားမချစ်လား ဝေခွဲမရ။ သူ့ကို ကျွန်မအလိုရှိတိုင်းတွေ့နေရတာကြောင့်သူတည်ရှိနေတဲ့အဖြစ်ကို တန်ဖိုးမထားချင်တာလား။ သို့သော် သူမော်လမြိုင်သို့ခရီးထွက်သည့်တစ်ပတ်မှာတော့ သူ့ကို ထူးထူးခြားခြား လွမ်းဆွတ်သတိရမိနေပါသည်။

တစ်ယောက်တည်းသွားလာရတာ ခြောက်သွေ့သား။ အဆင်မပြေတာလေးတွေ ကြုံရလျှင် စိတ်ပြေအောင် ရယ်မောစရာ စိတ်ကြည်လင်စရာ အားတက်ရွှင်လန်းစရာတွေကို တစ်မျိုးပြီးတစ်မျိုးပြောတတ်တဲ့ သတိုး။ ကျွန်မပင်ပန်းနေပြီလား။ ကျွန်မဘာဖြစ်ချင်နေလဲ အလိုက်သိလှတဲ့ သတိုး၊ ကျွန်မနေမကောင်းလျှင်အားပေးမြဲစုတတ်တဲ့သတိုး၊ အဖော်ကောင်းဖြစ်တဲ့သတိုးကို သတိရသည်။

ကျွန်မကြိုက်နှစ်သက်တဲ့ အသုံးအဆောင်ပစ္စည်းများ၊ ကျွန်မကြိုက်တဲ့အစားအစာ၊ ကျွန်မ မကြိုက်တဲ့အစားအစာအားလုံးကို သူသိသည်။ ကျွန်မကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ ကျွန်မနှင့်တည့်သည့်အစားအစာတွေကို

www.burmeseclassic.com

www.burmeseclassic.com



ရွေးချယ်ကျွေးတတ်သည့်သူ့ကို သတိရသည်။ ကျွန်မရဲ့ကျန်းမာရေးကို ကျွန်မထက် သူက ပိုပြီးစိတ်ဝင်စားသည်။

ကျွန်မလက်သည်းတွေ ဘယ်နှစ်ရက်မှာရှည်လာသလဲ သူသိသည်။ ဘယ်လောက်ကြာလျှင် ကျွန်မဆံပင်တွေ ပုံပျက်ပြီး ညှပ်ဖို့ကောင်းနေပြီဆိုတာ သူသိသည်။

ကျွန်မအဖို့ သတိုးမပါလျှင် မပြီးတဲ့ကိစ္စတွေ အများကြီး။ သတိုးလာကြို မည်ဆိုမှ ညနေသင်တန်းကိုသွားချင်သည်။ သူခရီးသွားနေတဲ့ သီတင်းပတ်တွေဆို ရင် သင်တန်းကို တစ်ရက်လောက်ပဲတက်ဖြစ်တာ သူ့ကိုမပြောတော့။ ကျွန်မနှင့် လိုက်ဖက်မယ့်အင်္ကျီဒီဇိုင်းလေးတွေ ရွေးချယ်ရာမှာလည်း သတိုးပါမှ အဆင်ပြေ သည်။ အဝါနှင့်အပြာ နှစ်မျိုးစလုံးကို ကြိုက်ချင်နေပေမယ့် သူက "ဝေဏီနဲ့ အဝါလေးက ပိုလိုက်တယ်" ဆိုမှ ဆုံးဖြတ်ချက်ကျသူ၊ အင်္ကျီအပ်ဖို့ စက်ဆိုင် သွားဖို့ကိုလည်း သူက ကျွန်မထက် စိတ်ရှည်သည်။ ကားလမ်းဖြတ်ကူးလျှင် လည်း သူ့လက်ကိုဆွဲကာလိုက်ရမှ လုံခြုံတော့သည်။

သူနှင့်မှ ကင်းကွာလို့မရတော့။ သူ့ကို စိတ်ရှိသလောက်ပင် အားကိုး ခဲ့ပြီ။

သူအနားမှာရှိလျှင် ကျွန်မကြောက်စိတ်တွေ လွင့်ပါးကုန်သည်။ သူက ကျွန်မစိတ်ကို လုံခြုံစေသည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိလာစေသည်။ သူနှင့် ဆိုလျှင် ကျွန်မအဖို့ ဒီကမ္ဘာပေါ်မှာ မဖြစ်နိုင်စရာဘာတစ်ခုမှမရှိတော့သည့်နှယ် ပျော်ရွှင်ခြင်းသည်လည်း ဖြစ်လာပေမည်။ သူ့မှာ ကျွန်မတစ်သက် ခိုးယူလို့မကုန် နိုင်သော ရွှင်လန်းတက်ကြွခြင်းတွေ ရှိနေလေသည်။

"ဝေဏီ ဘယ်လိုဆေးကုနေရလဲဆိုတာ သိရက်သားနဲ့"

သူပြန်လာတော့ စိတ်ညစ်ညစ်နှင့် ပြောမိသည်။

"ဒါကြောင့် အနီးကပ်ပိုစောင့်ရှောက်ချင်တာပေါ့"

"လုပ်ပြီ"

"ဝေဏီ ကိုယ့်ကိုချစ်ပါတယ်"

သူ့ကို ပြုံး၍ကြည့်နေရာမှ စိတ်မလုံစွာ မျက်နှာလွှဲလိုက်မိသည်။ ဟုတ်များနေသလား။

"ကောင်မလေးတစ်ယောက် ကိုယ့်ကိုယ်ကိုယ် ...လို့ချစ်ခွင့်...သည်

www.burmeseclassic.com



မသိဘူး"

ဟုတ်တယ်၊ ငါဟာ ငါ့ကိုယ်ငါ သိပ်မဆန်းစစ်တတ်ဘူးဟု တွေးမိသည်။

"ဘာကိုကြည့်ပြီးပြောတာလဲ"

"ဒါကလျှို့ဝှက်ချက်"

"မပြောချင်လည်းနေပေါ့၊ ဝေဏီကို မချစ်ပါနဲ့ကွာ၊ စိတ်ညစ်လွန်းလို့"

ကျွန်မ ညည်းညူသံနှင့် ပြောလိုက်သည်။

"ဝေဏီက အိမ်ထောင်မပြုတော့ဘူးလို့ ဆုံးဖြတ်ထားလို့လား"

သူ့လေသံက သူလိုချင်သောအဖြေကို တောင်းဆိုနေသည်။

"ဘဝဆိုတာ ပုံသေကားကျ ဘယ်ပြောလို့ရမလဲ"

"ဒါနဲ့များ၊ သေသေချာချာမှတ်ထား၊ အိမ်ထောင်ပြုဖို့စဉ်းစားရင် ဘယ်သူ့ကိုမှမစဉ်းစားနဲ့၊ ဝေဏီဦးသာကို အချစ်ဆုံး၊ နားလည်ပေးနိုင်ဆုံး၊ ဝေဏီနဲ့ အသင့်တော်ဆုံးဟာ သတိုးဖေဝင်းပဲရှိတယ်"

"သေချာလှချည်လား"

"ကိုယ့်ကိုယ်ကိုယ် သိပ်ယုံကြည်မှုရှိလို့ပေါ့"

"နောက်မှ နောင်တမရနဲ့နော်"

"ကိုယ် နောင်တရမယ့်အလုပ်မျိုး ဘယ်တော့မှမလုပ်ဘူး"

"ဝေဏီ့ကိုတော့ ဘယ်နေ့အဖြေပေးရမယ် အချိန်လာမကန့်သတ်နဲ့နော်၊ သတိုးဘက်ကစလာတဲ့ အပြောင်းအလဲကိုလက်ခံဖို့ ဝေဏီကြိုးစားရဦးမယ်၊ ဒီပုံအတိုင်းဆို သူနဲ့လမ်းတွဲလျှောက်ဖို့တောင် စိတ်မလုံတော့ဘူး"

ယခင်ကတော့ လမ်းသွားရင်းမော‌ပန်းလာလျှင် သူ့လက်မောင်းကိုခိုပြီးတော့လည်း လျှောက်ဖူးခဲ့ပါရဲ့။ ဒါပေမဲ့ အခုတော့တစ်မျိုး ... တစ်မျိုး။ သူ့လက်ကို ဖျတ်ခနဲလည်း မဖယ်ထုတ်ရဲ၊ သူ့ကို အပြည့်အဝလည်း မကြည်ဖြူနိုင်သေးဘဲ ကြည်နူးသာယာစိတ်က တစ်ဝက်နှင့် စိတ်တွေထွေပြားလျက်ရှိနေသည်။

သတိုးကို ရင်မဆိုင်ချင်ဖြစ်လာသည်။ သူနှင့် ယခုထက်ပိုပြီး အနေနီးစပ်မှာ စိုးရိမ်၏။

"ငါ့မှာ ငါ့အတွက်လည်းလုပ်ရဦးမယ်၊ အခုမှစရမှာ ကိုယ်ဖြစ်ချင်တာတွေအတွက် နောက်တောင်ကျနေပြီ" တစ်ကိုယ်တည်းရေရွတ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့မှာ ကိုယ်ပိုင်ဘဝတိုတည်ဆောက်ဖို့ အခွင့်အလမ်းတွေ ရှိသေးဘူးလား၊ ယောကျ်ားတစ်ယောက်ကိုအားကိုးမှဖြစ်မှာလား၊ အမြဲတမ်း သေထိုးတာ အစောင့်အရှောက်ခံလား"

ရုတ်တရက် ရင့်ကျက်လာသလိုခံစားမိသည်။ ကျွန်မဟာ ကျွန်မအဖြစ်နဲ့ ရှင်သန်ချင်သေးသည်။

"ငါ့ဘဝမှာ သူဟာ အမှန်တကယ်လိုအပ်လို့လား၊ ဒါတွေ မသေချာဘဲနဲ့ ဘယ်လိုသာယာမှုမျိုးကြောင့်ဖြစ်ဖြစ် ကိုယ့်ကိုယ်ကိုယ်ရော လောကကိုပါ မှသာဝါဒမသုံးချင်၊ ချစ်တယ်ဆိုတဲ့စကားကို ငါအပြည့်အဝတာဝန်ယူနိုင်ပြီလား၊ ဘာတစ်ခု မှ မသေချာ"

ဒီလိုဆို သတိုးကို ...။

သတိုးကတော့ သူ့စိတ်ချည်းပဲ။ ကျွန်မဘာတွေတွေးနေလဲ သတိထားပုံ မရ။

သူအကျင့်လုပ်ပေးတာနှင့်ပဲ မနက်(၅)နာရီဆို အင်းလျားကန်ဘောင်ပေါ်မှာ လမ်းလျှောက်ဖို့ အိပ်ရာထရသည်။ ဗဟန်းရှိ သူ့အိမ်ကနေ ဘယ်နှစ်နာရီ ထလာသလဲမသိ။ ကျွန်မနေတဲ့ (၆)မိုင်ခွဲက အင်းလျားကန်နှင့်နီးတာ အကြောင်းပြပြီး သူ့ကားကို ကျွန်မတို့အိမ်မှာ ဝင်ထားသည်။ အပြန်တွင် ကားဝင်ယူရပြန်တော့ အရိုးကြီးခေါက်ကျွေးတဲ့မနက်စာကို စားရပြန်သေးသည်။ ပြီးမှ ရေမိုးချိုး အဝတ်အစားလဲဖို့ အိမ်ပြန်သည်။

သတိုးရဲ့အမေက ကျွန်မကို အိမ်လည်ခေါ်ခဲ့ဖို့ပြောသတဲ့။ သူ့အိမ်က လူတွေကလည်း ကျွန်မကိုမတွေ့ဖူးပေမယ့် နာမည်ကိုတော့ ကောင်းကောင်းရင်းနှီးနေပြီဆိုပါလား။

"ဝေဏီ့ကိုတွေ့ချင်ရအောင် သတိုးက ဝေဏီနဲ့ပတ်သက်ပြီး ဘာတွေ အာချောင်ထားလဲမှမသိတာ"

"ဝေဏီ့အမိန့်မရဘဲ ဘာမှမပြောပါဘူးဗျာ၊ သူ့သားစိတ်ပင်စားတဲ့ မိန်းကလေးကိုတော့ တွေ့ချင်ရှာမှာပေါ့ ... အမေပဲ"

"ကြည့် ... အဲဒါ ဘာမှမပြောတာတဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"သားအမိလေ ဝေဏီရဲ့၊ ဒီကမ္ဘာပေါ်မှာ အမေလောက် ရင်ဖွင့်လို့ကောင်းတာရှိမလား"

"သတိုးကတော့ကွာ၊ ဝေဏီဘက်က ဘာမှသေချာတာမဟုတ်ဘူး"

"ကိုယ်က စောင့်ရတဲ့အလုပ်မှာလည်း စိတ်ရှည်တတ်ပါတယ်၊ စိတ်မပူပါနဲ့ ဝေဏီရဲ့"

"ဝေဏီ့မှာချစ်သူရှိလားတောင် မမေးဘူး၊ ဝေဏီ့မှာချစ်သူရှိနေရင် ဘယ်လိုလုပ်မလဲ"

"ဟိုနေ့ညကတစ်ယောက်လား၊ ဝေဏီ့ကိုကိုယ်ယုံတယ်၊ ဝေဏီ့မှာ ရည်းစားမရှိတာကတော့ ကိုယ့်မှာလက်ဖဝါးနှစ်ဖက်ရှိတာ သေချာသလို သေချာတယ်၊ အဲ ... ဝေဏီ့စိတ်ကိုတော့မသိဘူးပေါ့၊ ဒါပေမဲ့ ဝေဏီ့ကို ကိုယ်နဲ့သင့်တော်လို့ ကိုယ့်ဆီတွန်းပို့လိုက်တာပဲ၊ ဝေဏီ ကိုယ့်ကိုမယုံလို့လား"

"ယုံပါတယ်၊ ဒါပေမဲ့ ဝေဏီ ကံကြမ္မာကိုမယုံရဲဘူး"

"ဝေဏီကတော့လေ"

သူက ကျွန်မကို ချစ်ခင်မြတ်နိုးစွာ ငုံ့ကြည့်ရင်း ကျွန်မပါးပြင်ကို ဖျတ်ခနဲနမ်းလိုက်ပြီး ရှေ့မှပြေးထွက်သွားသည်။

ကျွန်မရဲ့စိတ်ခံစားချက်ကို နားမလည်နိုင်သေးခင်မှာပဲ၊ ကျွန်မ ခဏမျှကြောင်အကျန်ရစ်သည်။ ပြီးမှ သူ့နောက်မှ ခပ်မှန်မှန်ပြေးလိုက်ခဲ့သည်။

နောက်ရက်တွေမှာလည်း သတိုးကိုပြောမည့်စကားတွေ မပြောဖြစ်ခဲ့။ ပြောမည်ကြံတိုင်း သတိုးရဲ့ တောက်ပတဲ့မျက်ဝန်းတွေကိုကြည့်ပြီး ကျွန်မ ငြိမ်သက်သွားရသည်။

ကန်ရေပြင်ကိုဖြတ်တိုက်လာတဲ့ လေပြည်လေညင်းလေးတွေနှင့် ငှက်ကလေးတွေကို မြင်ယောင်မိသည်။ သူ့နှုတ်ခမ်းတွေက ပန်းကလေးတွေကို ပွင့်စေမည်သာဆိုလျှင် ကျွန်မနှုတ်ခမ်းလေးတွေက ပန်းကလေးတစ်ပွင့်လို လှပနေပြီထင်ပါသည်။ ကျွန်မ မျက်လုံးကို ယောင်ရှပိတ်လိုက်သည်။ သူအနားမှာရှိနေသလို ရင်တဒိတ်ဒိတ်ခုန်လာသည်။

သူက ကျွန်မနာမည်ကို တိုးသက်စွာ ရေရွတ်သည်။ ကျွန်မက

www.burmeseclassic.com

www.burmeseclassic.com



သူ့လေသံမှာ အချစ်ရှိမလား၊ သူ့ထွက်သက်မှာ အချစ်ရှိမလား၊ သူ့အနမ်းတွေမှာ အချစ်ရှိမလား၊ အချစ်ကိုလိုက်လံရှာဖွေနေမိရင်း ကျွန်မ အရာရာကို မေ့လျော့သွားပါသည်။ ဘာကိုမှသတိမပြုမိတော့၊ သူ့စကားသံတွေကိုလည်း မကြားတော့ ကျွန်မရင်ထဲမှာလည်း တိတ်ဆိတ်နေသည်။ နေပါဦး ... ရင်ခုန်ဖို့မေ့လျော့သွားလောက်အောင် သူ ကျွန်မကို လွှမ်းမိုးပြန်ပြီလား။

သတိုးကိုချစ်တယ်ဆိုတာ သေချာပါတော့။ ကျွန်မ ပင်ပန်းလှပြီ။ သူနမ်းလိုက်စဉ်ခဏမှာတော့ တောတောင်ရေမြေတစ်ခုလုံးက ကျွန်မဘက်မှာ ရှိသလို သေချာသွားတော့သည်။ ဒါပေမဲ့ ခဏသာ။ သူ့ကို တွန်းထိုးမိသည်။ မျက်ရည်တွေနှင့် ရန်တွေ့မိ၏။ နောက်တော့ ကျွန်မစိတ်ကို တိတ်ဆိတ်စွာ အကဲခတ်နေတဲ့ သူ့ကို သနားစိတ်ဝင်လာပြန်သည်။

"ဝေဏီကို ရည်းစားစကားမပြောခင်တုန်းကရက်တွေ ပြန်ခေါ်ပေး၊ အဲဒီရက်တွေမှာပဲ နေကြမယ်"၊ "ဝေဏီကိုမချစ်ပါနဲ့လား"

တောင်းပန်လိုက်ချင်သည်။ စိတ်ကသာရှိသည်။ တကယ်တော့ သူ့မျက်နှာငေးကြည့်ကာ ပြန်လာရသည်ကများသည်။ သူ့စကားသံမှာ မျက်ရည်ဝေ့လိုက်ချင်သေးသည်။ စကားသံချိုချိုနှင့် သူပြောတတ်တဲ့ ချစ်ခြင်းတရားဆိုတာမှာ နူးညံ့လှတဲ့ ပန်းကလေးတစ်ပွင့်လို စီးမျောနစ်ဝင်ချင်သေးသည်။ ဒါပေမဲ့ကွယ် ... ကိုယ့်ကိုယ်ကိုယ်ပြန်ကြည့်တော့ နှလုံးသားက ခြောက်သွေ့ဆဲ။ ဒါဟာ ဝမ်းနည်းစရာလား၊ ကြေကွဲစရာလားမသိ။ ဆန့်ကျင်ဘက်ခံစားမှုနှစ်ခုကြားမှာ ပင်ပန်းလွန်းနေတာတော့အမှန်ပင်။

နောက်ဆုံးတော့ ကိုယ့်ဆီကို အချစ်တွေယူလာသူကိုသာ ငြိုးချင်တော့သည်။ ဘာဖြစ်လို့များ သူနှင့်ဆုံရတာပါလိမ့် ...။ အချိန်တစ်ခုမှာ တစ်ယောက်နှင့်တစ်ယောက် ခင်မင်ရင်းနှီးမိကြတာ ဘာကြောင့်လဲ။ ရိုးရိုးမိတ်ဆွေတွေထက် တစ်ဆင့်ပိုလာတော့မည့်အနေအထားကို သိသည်။ ယခင်က မကျေနပ်ခြင်းလည်း မရှိခဲ့ဘဲ ဘာအခုမှ ငိုချင်ခြင်းဖြစ်ရတာပါလဲ။

"ဝေဏီ ကိုယ့်ကို စိတ်ဖြူးဖြောင့်စွာ ချစ်နိုင်ပါတယ်၊ ကိုယ့်ကြောင့် စိတ်မဆင်းရဲစေရပါဘူး၊ မဖြစ်သေးတာတွေကိုတွေးပြီး စိုးရိမ်နေစရာမလိုပါဘူး ဝေဏီက ဘဝမှာတစ်ယောက်တည်းရပ်တည်ချင်လို့လား၊ အသက်ကြီးလာမယ့် တစ်ချိန်ကို ဝေဏီတွေးကြည့်လိုက်၊ အရီးကြီးတို့ကို ဖမ်းတွယ်ပြီးတော့အော

www.burmeseclassic.com



ဘယ်လောက်ကြာကြာနေနိုင်မှာလဲ၊ ဝေဏီ အရွယ်လည်းရောက်နေပြီ၊ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် ရပ်တည်နိုင်ပြီ၊ အားလုံးကလည်း အဲဒါကို လိုလားကြမှာပါ၊ ခရီးတစ်ခုကို တစ်ယောက်တည်းသွားရတာနဲ့ အဖော်နဲ့သွားရတာ ဘယ်ဟာပိုကောင်းလဲ ဝေဏီစဉ်းစားကြည့်ပေါ့"

"ကိုကိုရှိသားပဲ"

"မတူဘူးလေ ကလေးမရဲ့၊ လက်တွေ့ကျကျ သဘာဝကျကျ စဉ်းစားလေ၊ အားလုံး ကိုယ့်လမ်းကိုယ်လျှောက်ရမယ့်သူတွေချည်းပဲ၊ ဘာကိုမှ ဖက်တွယ်ထားလို့မရဘူး"

သူ့စကားကြောင့် ငိုချင်လာသည်။ ကော့ညွတ်တဲ့မျက်တောင်ဖျားမှာ မျက်ရည်စိုစွတ်လာသည်။

"ဘာများဝမ်းနည်းစရာရှိလို့လဲ"

သူက ကျွန်မဆံနွယ်များကိုသပ်တင်ပြီး အသာပွေ့ဖက်ထားသည်။

"ကိုကို့ကို အထီးကျန်စေမှာပေါ့၊ ဝေဏီ ခုအချိန်ထိ ရည်းစားထားတာ၊ အိမ်ထောင်ပြုတာ စိတ်တောင်မကူးမိဘူး၊ ကိုယ့်အပူနဲ့ကိုယ်လုံးနေတာမဟုတ်လား၊ နေကောင်းရင် ကိုကို့ဆီသွားမယ်၊ ကိုကိုနဲ့ အတူတူနေမယ်၊ ဒါပဲစဉ်းစားထားတာ"

သူက ကျွန်မငေးကြည့်ကာ သက်ပြင်းတစ်ချက်ချသည်။

"ဝေဏီဘဝတစ်လျှောက်လုံး ဘာမှတာဝန်မယူခဲ့ဖူးလို့လားမသိဘူး၊ ဘယ်ကိစ္စမှ မဆုံးဖြတ်တတ်ဘူး၊ မှားသွားမှာအရမ်းကြောက်တယ်၊ အခုနောက်ပိုင်း နေရာတော်တော်များများမှာ သတိုးရဲ့ဆုံးဖြတ်ချက်နဲ့နေလာတာ မသိဘူးလား၊ ဒီတစ်ကြိမ်မှာလည်း သတိုးကိုပဲ ဆရာတင်ရဦးမလားပဲ၊ တရားသူကြီး သတိုးဖေဝင်း စိတ်ကြိုက်လေ၊ ဝေဏီ သတိုးကို ချစ်သင့် မချစ်သင့်"

ကိုယ့်အပြောကိုယ်ရယ်ချင်၍ ပြုံးလိုက်မိသည်။

"တွေ့လား၊ ခုငိုလိုက် ခုရယ်လိုက်နဲ့ ကလေးလေးကျနေတာပဲ၊ ကိုယ်နဲ့တွေ့လို့ တော်သေးတာပေါ့"

"ဘာမှလည်းမဆိုင်ပါလား"

"ကိုယ်က ဝေဏီ့စိတ်ကိုသိတယ်လေ၊ ကောင်းကောင်းသည်းခံနိုင်တယ်၊ ဝေဏီဘယ်လိုနေနေ ကိုယ်ကချစ်ပြီးသား"

www.burmeseclassic.com

www.burmeseclassic.com



သူ့လေသံက ယုံကြည်မှုအပြည့်။ သူ့မျက်လုံးတွေက ဆွဲဆောင်နိုင်စွမ်းတွေ ကြွယ်ဝလျက်။ ကျွန်မ ကြာရှည်စိုက်မကြည့်ရဲ။ ရင်တဒိတ်ဒိတ်ခုန်လာသည်။ တစ်စုံတစ်ရာက ကျွန်မကိုသတိပေးလျက်ရှိသည်။ ထိုအရာသည် အချစ်ဖြစ်ကောင်း ဖြစ်နိုင်သည်ဟု။

"ကိုယ် ဝေဏီကို ဘယ်လိုချစ်ခင်စွဲလန်းနေလဲဆိုတာ ပြောဖို့တောင် မတတ်တော့ဘူး"

သူ့ရင်ခွင်သည် လှုပ်ရှားတုန်ယင်နေ၏။ အို ... ကျွန်မကိုချစ်တဲ့သတိုးကို ဘယ်လိုစိတ်မျိုးနဲ့ ကျွန်မစိတ်ဆင်းရဲစေချင်မှာလဲ။ သတိုးက တွယ်တာလွမ်းနေသ၍ ကျွန်မလည်း စိတ်ချမ်းမြေ့ရမည်မဟုတ်။ သူ့ကိုချစ်ရတော့မယ်ထင်ပါရဲ့။ ဒါပေမဲ့ကွယ် ... ဒါပေမဲ့။

သူ့ရဲ့ ခပ်တိုးတိုးညည်းညူရှိုက်သံတစ်ခုက ခပ်ရှုရှုလေပြင်းတစ်ခုလို ကျွန်မရင်ထဲထိ စူးရှတိုးဝင်သွားသည်။ ကျွန်မရဲ့မျက်နှာကို သူ့လက်နှစ်ဖက်ဖြင့် ထိကပ်ပင့်ယူလိုက်သည်။ မျက်လုံးနှစ်စုံက ဆုံဆဲ။ ကျွန်မစိတ်ထဲ ပျော်လာသည်။ သူ့ကိုစချင်လာသည်။ ပြုံးရယ်ချင်လာသည်။

"ဝေဏီက သတိုးကိုချစ်ရမယ်တဲ့လား၊ အဟ ... ဘယ်လိုကြီးလဲ၊ စဉ်းစားကြည့်ရင် တစ်မျိုးပဲနော်၊ အူကြောင်ကြောင်နိုင်တယ်လို့မထင်ဘူးလား"

သူ စိတ်ကသိကအောက်ဖြစ်သွားပုံကိုကြည့်ပြီး ကျွန်မ ခပ်အုပ်အုပ်ရယ်မောမိသည်။

"ရယ် ... ရယ်၊ ဝအောင်ရယ်"

ကျွန်မက ရယ်ရွှင်တုန်း၊ သူကမူ နှုတ်ဆိတ်လျက်။

"စိတ်ဆိုးသွားလား"

ကားပေါ်ရောက်မှ ကျွန်မမေးမိသည်။

"တစ်ခါတလေ ဘယ်လိုမိန်းကလေးပါလိမ့်ဆိုပြီး အားမလိုအားမရ ကိုင်လှုပ်ချင်တာပဲရှိတယ်"

သတိုးက ကားကို မြေပဒေသာကျွန်းကနေ ရွှေတိဂုံဘုရားတောင်ဘက်မုခ်ကိုဖြတ်ပြီး ဦးဝိစာရလမ်းအတိုင်း မောင်းလာသည်။ ဖျတ်ခနဲ လင်းကို သတိရလာလေသည်။ ရင်ထဲမှာ မောသွားရပြန်သည်။ လင်းကို အလေးကြာမေ့နေတာ အပြစ်တစ်ခုလို ခံစားရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးဝိစာရလမ်းရှိ ရေတာမာပင်တွေကို ရေတွက်လာခဲ့သည်။ ရေသာရေတွက်လာသည် ဘယ်နှစ်ပင်မှန်းမသိလိုက်တော့။

ပြည်လမ်းပေါ်ရောက်သည်ထိ နှစ်ဦးသား နှုတ်ဆိတ်နေမိသည်။

"သတိုးကိုချစ်တယ်" ဟု ရင်ထဲကဆိုကြည့်သည်။ ဆိုလို့ကောင်းသည်။ ပြီးတော့ ကြည့်ကောင်းတဲ့ သူ့ရဲ့ဘေးတစ်စောင်းပုံကို စေ့စေ့ကြည့်သည်။

"ဟင်း ... ငါ သူ့ကိုချစ်များနေပြီလား"

သတိုး ... သတိုး၊ ဝေဏီဘာလုပ်ရမလဲ။ နောက်ဆုံးတော့ သူ့ကိုသာ တိုင်တည်ရတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

နေကောင်းပြီပဲ၊ အိပ်ရာကနိုးသည်နှင့် ဒါကိုစဉ်းစားမိသည်။ ဟုတ်တယ်၊ ဘယ်တော့မှ ဆိုးဆိုးဝါးဝါးမဖြစ်တော့ဘူး။ ကျန်းမာနေတယ်လို့သိတဲ့ စိတ်အရသာဟာ တော်တော်ကောင်းပါလား။

မနက်ဖြန်တွေကို မကြောက်တော့။ မနက်ဖြန်မှာ ပန်းကလေးတွေပွင့်ဦးမည်။ ငှက်ကလေးတွေ တေးဆိုဦးမည်။

အို ... ပြီးတော့ ကျွန်မပိုင်အိမ်ကလေးတစ်လုံးလောက် လိုချင်လိုက်တာ။

နေခြည်ဝင်းဝင်းမှာ ပေါလစ်ရောင်ပြောင်နေတဲ့ ကြမ်းခင်းတွေနှင့် အိမ်ကလေး၊ ပြတင်းပေါက်ကျယ်ကျယ်တွေနှင့် တစ်ထပ်အိမ်နိမ့်နိမ့်လေး။ စာကြည့်ခန်းက သိပ်ကျယ်ဝန်းစရာမလိုဘဲ တိတ်ဆိတ်အေးမြလျှင်ရပြီ။ ကျွန်မ အလိုရှိတိုင်း အသုံးပြုလို့ရတဲ့ စာဖတ်ခန်း၊ ပြတင်းပေါက်ကကြည့်လျှင် မြင်ရတာက အိမ်ရှေ့ကပန်းခြံကလေး။

အိမ်ကိုစိတ်ကူးပြီး ညက အိပ်မက်မက်သည်။ ပန်းခြံထဲမှာ ပန်းတွေ[illegible] သည်။ ကောင်းကင်ကနေပြီး အိသွယ်ညွတ်ကျနေတဲ့ ပန်းဆိုင်ပန်းခင်းတွေက လည်း အရောင်စုံ၊ အများကြီး။ ထူးဆန်းတာက ပန်းနွယ်တွေ လင်း[illegible] တာပင်။ ဒီဥယျာဉ်ကို အပိုင်လိုချင်ဆဲ။ ဖြန်းဆို သတိုးကပေါ်လာသည်၊ [illegible] နေသော အရောင်တွေကွယ်ပျောက်ကာ အေးမြသော လ[illegible]ညချမ်းသော [illegible]

www.burmeseclassic.com



သည်။ သတိုးက "ဘာလိုချင်သေးလဲ" ဟုမေးသည်။ "ဘာမှမလိုချင်ဘူး" ဟု ကျွန်မပြန်ပြောလိုက်သည်။ သူက စံပယ်ပန်းလေးတွေယူလာတော့ ချစ်ရပြန်ပါသည်။ ညလေမှာ စံပယ်ရနံ့က ရင်ထဲထိ မွှေးမြသွားသည်။ စံပယ်ရနံ့နှင့်အတူ ကျွန်မကိုထားခဲ့ပြီး သတိုးက ပျောက်ကွယ်သွားပါသည်။ ကျွန်မ ဝမ်းနည်းစွာ ငိုကြွေးမိပါသည်။

သတိုးညနေရောက်တော့ အိပ်မက်အကြောင်း မပြောပြဖြစ်။

"ဝေဏီမှာ ကိုယ့်ထက်ချစ်ရမယ့်သူရှိရင်ပြောနော်၊ ကိုယ်အကဲခတ်ပေးမယ်၊ ကိုယ်က ဝေဏီ့ဘေးနားမှာနေပြီး ဝေဏီ့ကောင်းကျိုးဆောင်မယ့်သူပါဗျာ၊ အဲဒီလူဟာ ကိုယ့်ထက်သာတယ်ဆိုရင်တော့ သူ့လက်ထဲ ဝေဏီ့ကို ကိုယ်တိုင်ထည့်လိုက်မှာ၊ ကိုယ့်ထက်မသာလို့ကတော့ ဆောရီးပဲ၊ သူ့ကို မေးခွန်းသုံးခွန်းပဲ မေးလိုက်မယ်၊ ကိုယ့်ထက်သာတယ်ဆိုတာ ငွေကြေးတစ်ခုတည်းကိုပြောတာ မဟုတ်ဘူးနော်"

"ဘာတွေမေးမှာလဲ"

"ဒါကလျှို့ဝှက်ချက်"

"ဟင့်အင် ... မရဘူး၊ ပြောရမယ်"

သူက ကျွန်မကိုကြည့်ပြီးပြုံးသည်။

"ဒီလိုပါ၊ ဝေဏီ့ကိုချစ်တယ်ဆိုရင် ဝေဏီ့အကျိုးကို ဘယ်လောက်အလေးထားပြီးချစ်မှာလဲ၊ ပြီးတော့ သူ လောကရေးမှာ ဘယ်လောက်တာဝန်ကျေပြီးပြီလဲ၊ တာဝန်ကျေချင်စိတ်ရှိရဲ့လား၊ ပြီးတော့ တရားကိုဘယ်လောက်ထိ သိထားပြီလဲဆိုတာလောက်ပါ"

"ကိုယ်ကတော့ ဝေဏီ့ရဲ့ ဒီတစ်ဘဝစာလေးကို ကွက်ပြီးကြည့်မှာ မဟုတ်ဘူး၊ နောင်သံသရာအတွက်ပါ စေတနာရှိပြီးသားပါ၊ လူရယ်လို့ဖြစ်လာရင် လောကသမုဒ်နယ်မှာ တာဝန်ကျေရမယ်ဝေဏီ၊ သမုဒ်နယ်က သာမန်ကျင့်ဝတ် အသိကလေးတွေကိုတောင် မသိတာဝန်မကျေနိုင်တဲ့သူဟာ ပရမတ္ထနယ်မှာ အသိထူး ဉာဏ်ထူးတွေ ဘယ်လိုရနိုင်မလဲ၊ သံသရာကလွတ်မြောက်နိုင်တဲ့ အင်မတန်သိမ်မွေ့နက်နဲတဲ့ ဗုဒ္ဓရဲ့တရားကို သူဘယ်သိနိုင်တော့မလဲ၊ လူ့ဘဝတစ်ခေါက်ရောက်လာပြီးမှ သိသင့်သိထိုက်တဲ့တရားကို သိမသွားရင် လုံးဝမတန်ဘူးနော်၊ သတ္တဝါတွေရဲ့နေအိမ်ဟာ အပယ်လေးဘုံတဲ့ ဝေဏီရဲ့၊ လူ့ဘဝဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



က်ံအရှိန်မြင့်တုန်း ခုံဏာလာရတာ၊ လူ့ဘဝဆိုတာ ကုသိုလ်ကောင်းမှုပြုလို့ အကောင်းဆုံးအချိန်အခါပေါ့"

"နိဗ္ဗာန်ရောက်အောင် ဆုတောင်းနေလို့မရဘူး၊ ကိုယ်တိုင်ကျင့်ကြံအားထုတ်မှရမယ်၊ မိဘကလည်းမပေးနိုင်ဘူး၊ ဆရာသမားကပေးလို့လည်း မရဘူး၊ ဒီဘဝမှာသိထားတဲ့ အသိထူးဉာဏ်ထူးတွေက နောင်ဘဝမှာ အလိုလို သိပြီးသား၊ ဗုဒ္ဓက ပြီးပြည့်စုံအောင်ဟောတော်မူပြီးသား၊ ဗုဒ္ဓမသိတာ ဘာမှမရှိဘူး။ အခုချိန်ထိ ဗုဒ္ဓရဲ့တရားကို ဘယ်နတ်ပညာရှိ၊ ဗြဟ္မာပညာရှိ၊ ရဟန်းပညာရှိ၊ လူပညာရှိကမှ ထပ်ဖြည့်စရာမလိုဘူး၊ နုတ်လို့လည်းမရဘူး၊ ဗုဒ္ဓက သဘာဝတရားကိုဟောခဲ့တာ၊ စာပေကျမ်းဂန်တွေကတစ်ဆင့် ကိုယ်တို့ကြားနာရတယ်၊ မှတ်သားရတယ်၊ စာက တရား၊ တရားက သဘော၊ သဘောက သဘာဝ၊ သဘာဝက ယထာဘူတ၊ ယထာဘူတက ဟုတ်မှန်တဲ့အတိုင်းတဲ့"

ကျွန်မမှာ တရားအပေါ်သက်ဝင်နိုင်တဲ့ သဒ္ဓါတရားကောရှိသေးရဲ့လား၊ ဘဝမှာ ငိုချင်ခြင်းတွေထပ်ကာ ဘုရားတရားဘက် စိတ်မရောက်နိုင်တာ ဘယ်လောက်ကြာပြီလဲ။

"ကိုယ်တို့ဖြတ်သန်းမယ့်ဘဝက ရိုးရိုးလေးနဲ့ အေးအေးလေးပါ ဝေဏီ"

ကျွန်မ မျက်ရည်လည်လာသည်။ သတိုးနှင့်ဆို မပျော်ရွှင်စရာမရှိတာ တော့ သေချာသည်။ စိတ်ဆင်းရဲစရာလည်းရှိမည်မဟုတ်။ သတိုးဆောက်ပေးတဲ့ အိမ်ဟာ ဝေဏီ့အတွက် လုံခြုံလေမလား။

ဒါပေမဲ့ သတိုးရယ် ... ဝေဏီဟာ ဝေဏီအဖြစ် ရှင်သန်ချင်သေး တယ်။

သတိုးကို ဘယ်လိုပြောရမလဲ၊ ဝေဏီ့အိမ်ဟာ ဟိုမှာရှိကောင်းရဲ့။ ကိုကို ရှိတဲ့အရပ်ဟာ ဝေဏီ့အိမ်ဖြစ်ရမှာပေါ့။

သိပ်မကြာခင်မှာပဲ လင်းနှင့်ပတ်သက်သော အမှန်တရားတစ်ခုကို ကျွန်မရင်ဆိုင်ရသည်။

လင်း အင်ကြင်းနှင့်လက်ထပ်တော့မည်တဲ့။

လင်းပြောနေသောစကားများသည် ကျွန်မနားထဲက လျှံကျသွားပါ သည်။ ရှေ့မှာရှိတဲ့ ဖျော်ရည်တစ်ခွက်ကို ဘယ်လိုသောက်ရမည်မှန်းမသိတော့

www.burmeseclassic.com

www.burmeseclassic.com



ရေတွေသီးကာ အေးစက်နေသောဖန်ခွက်လို ကျွန်မနှလုံးသားတွေ အေးစက်နာကျင်သွားပါသည်။

"ငါ ဘယ်သူ့ကိုမှမပြောရသေးဘူး၊ နင့်ကိုအရင်ဆုံးဖွင့်ပြောတာ" ဆိုတဲ့ လင်းရဲ့စကားကို ကျေးဇူးတင်ရမလား။

ယခင်က ကျွန်မရင်ထဲတွင် တအုံနွေးနွေးဖြစ်မှုများသည် ကယ်တင်၍ မရသော လူမမာတစ်ယောက်ကို စောင့်ကြည့်နေရသော ခံစားမှုမျိုးနှင့် တူနေခဲ့သည်။ သူသေဆုံးမှ ထိုခံစားချက်များ လွင့်စင်ပျောက်ကုန်ကာ ဝိုကြွေးပွဲဆွေးဖို့ပင် မေ့လျော့သွားသကဲ့သို့ပင်။

ကျွန်မနှင့်လင်းသည် ဘယ်တော့မှမဆုံဆည်းသော၊ ဘယ်တော့မှ မဝေးကွာနိုင်သော အနေအထားကို အစဉ်သဖြင့် တည်တံ့စေချင်သည်။ ယခုလိုကြားကာလကိုသာ ဖက်တွယ်ထားချင်ခဲ့မိသည်။

လင်းဟာ ကျွန်မကို ဘယ်တုန်းကမှ နှစ်သိမ့်ဖို့မကြိုးစားခဲ့ပါဘူး။ ကျွန်မကို မနှစ်သိမ့်တာကပဲ တစ်မျိုးနှစ်သိမ့်ရာရောက်စေလို့ပဲလားမသိ။

လင်းက နှုတ်ဆိတ်နေသည်။ မှုပျက်နေသည့်သူ့မျက်နှာကို မကြည့်ရက်။

"နင်က လက်ဖွဲ့ကောင်းကောင်းရအောင် အစောကြီးက ကြိုပြောတာမဟုတ်ဘူး"

ကျွန်မက ရယ်မော၍ပြောလိုက်သည်။ ကျွန်မအသံတို့ အဖျားခပ်ကာ တုန်ယင်မနေစေဖို့ ဆုတောင်းသည်။

"နင်ဘာပြောစရာရှိလဲဟင်"

လင်းအသံက လွယ်လွယ်ကူကူထွက်လာသည်မဟုတ်။ သူသည် စီးကရက်ဘူးကိုလား၊ မီးခြစ်ဘူးကိုလားမသိ ရှာနေသည်။

"ဒါ ဖြစ်သင့်တဲ့ကိစ္စပဲ၊ ငါ ဘာမှပြောစရာမရှိပါဘူး"

"တကယ် နင်ဘာမှပြောစရာမရှိဘူးပေါ့နော်၊ နင် ဒီလိုပဲဖြေလိမ့်မယ်လို့ ငါထင်သားပဲ"

သူ ... သူ ကျွန်မကို ဘာများပြောစေချင်ပါလိမ့်။

ကျွန်မရင်ထဲ တဒိတ်ဒိတ်လှုပ်ရှားနေသည်။ နှုတ်ခမ်းလေးထောင့်လေးတွေ တုန်ယင်ချင်နေသည်။ လင်းက ဆက်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... နင်က ဘာများဝင်ပြောလို့ရမှာလဲလေ၊ ငါ့သဘောနဲ့ ငါ့ကိစ္စပဲ၊ ဒါပေမဲ့ ဘာကြောင့်မှန်းမသိဘူး၊ နင့်ဆီကခွင့်ပြုချက်ကို ငါယူချင်တယ်။ ငါဟာ တစ်ချိန်လုံး ငါ့စိတ်နဲ့ငါ့ကိုယ်မရှိခဲ့ဘူးထင်ပါရဲ့၊ တကယ်ဆို နင်က အနေသာကြီးပါ"

လင်းက မရယ့်ချင်ရယ်ချင် ရယ်လိုက်သည်။

ဒီကိစ္စကို ဒီ့ထက်ပြေလည်အောင် ငါမဖြေရှင်းနိုင်တော့ဘူး။ အင်ကြင်းဟာ နင့်အတွက် အသင့်တော်ဆုံးမိန်းကလေးပါ။ သူ နင့်ကိုချစ်ပါတယ်။ ဒီ့ထက်ပိုပြီး ငါမပြောနိုင်တော့ဘူး။ ကျွန်မ စိတ်ထဲကပြောမိသည်။

လင်းမျက်နှာမှာ ခံစားချက်တို့ဗလာ၊ အနှစ်သာရမရှိ။ ယခုအချိန်ထိ လင်းသည် သူ့ဘာကိုလိုချင်မှန်း သိပုံမရသေး။ လင်းကိုလမ်းပြပေးဖို့ တစ်ယောက်ယောက်တော့လိုသည်။ သူသည် တစ်ဦးတစ်ယောက်အတွက် အသက်ရှင်မှ ဖြစ်မည်။ ကျွန်မအတွက် ဒါမှမဟုတ် အင်ကြင်းအတွက်။ အခုတော့ သူရှင်သန်နိုင်မည့်လမ်းကို သူလျှောက်တော့မည်။ သူ့ကိုကောင်းချီးပေးဖို့ အင်ကြင်းတစ်ယောက်လုံးရှိနေပြီပဲ။

ကျွန်မ စွဲလန်းတမ်းတစွာ မက်ခဲ့သည့်အိပ်မက်တစ်ခုသည် ဘာမှအရာမထင်။ ဘာမှမဟုတ်ဘူးဆိုတာ သိလိုက်ရပြီး လင်းသည် ကျွန်မအောက်မေ့၍ မကုန်နိုင်သော ငယ်ဘဝထဲက အစိတ်အပိုင်းတစ်ပိုင်းဖြစ်သည်။

အိပ်မက်ထဲက နိုးထချင်နေခဲ့တာ လင်းကပုတ်နှိုးလိုက်မှ သတိရသလိုဖြစ်လာသည်။ ကျွန်မလိုချင်တဲ့မိသားစု၊ နေချင်ခဲ့သောအိမ်၊ ဖေဖေ မေမေတို့နှင့်အတူ မှုန်ဝါးပျက်ပြယ်သွားသောအရာတို့ကို ပြန်ရရှိနိုင်နိုးနိုး လင်းဆီမှာ ရှာဖွေနေခဲ့မိခြင်းဖြစ်သည်။

ဒီအိပ်မက်မှနိုးထပြီး ခွန်အားတစ်မျိုးနှင့် အသက်ဆက်ရှင်ချင်သေးသည်။ အရာရာသည် နောက်ကျနေပြီလား။ နိုးတစ်ဝက်အိပ်မက်မှာ မြင်လိုက်ရသူက သတိုး။

ဟုတ်တယ် သတိုးရှိသားပဲ။ ကျွန်မ သတိုးကို ချက်ချင်းသတိရလာသေးသည်။ ဒီအချိန်မှာ ကျွန်မကို စိတ်သက်သာရာရအောင် လုပ်ပေးနိုင်တာ သတိုး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပဲရှိမည်။ ယခုလို အိပ်မက်ကနိုးလာလျှင် ကြောင်အမနေစေဘဲ သတိုးက နွေးထွေးစွာဆီးကြိုပေလိမ့်မည်။ လင်းဆီကနေ သတိုးဆီကို ဘယ်လိုရောက်လာမှန်းမသိတော့။

သတိုးရဲ့အိမ်ကို ပထမဆုံးအကြိမ် ရောက်ဖူးခြင်းဖြစ်သည်။ ခြံဝမှနေ၍ ကွန်ကရစ်လမ်းအတိုင်း ကျွန်မပြေးဝင်လာခဲ့သည်။ ဘာမှဂရုမစိုက်နိုင်ခဲ့။ ခေတ်မီလှပသော အဖြူရောင်သုံးထပ်တိုက်ကို ကျွန်မတွေ့ရသည်။

"အန်တီ ... အန်တီ၊ သတိုးရှိလား"

အောက်ထပ်ဧည့်ခန်းမှာ သတိုးရဲ့အမေလို့ထင်ရတဲ့ ဖြူဖြူခန့်ခန့် အမျိုးသမီးကြီးတစ်ယောက်ကိုတွေ့၍ မေးလိုက်သည်။

"ရှိတယ်၊ ရှိတယ်၊ လာထိုင်ဦး၊ သမီးက ဝေဏီလား"

"ဟုတ် ဟုတ်ကဲ့ အန်တီ၊ သူဘယ်မှာလဲ"

"အပေါ်ထပ်မှာ"

သတိုးရဲ့အမေကို ကမန်းကတန်းပြုံးပြပြီး အပေါ်လှေကားအတိုင်း ပြေးတက်ခဲ့သည်။ အခုလို အပြေးအလွှားရောက်လာတာကို သတိုးဘယ်လိုထင်မလဲ။ ဘယ်လိုထင်ထင် ကျွန်မအရေးမစိုက်နိုင်တော့။

"အပေါ်ဆုံးထပ်နော် သမီး"

သတိုးရဲ့အမေက လှေကားမှ စိတ်မချသလိုရပ်ကြည့်ကာ လှမ်းပြောသည်။ သူတို့တိုက်က မောင်နှမတွေ မိဘအိမ်မှာ တစ်စုတစ်ဝေးနေနိုင်အောင် ဆောက်ထားပုံပေါ်သည်။

ဘဲလ်နှိပ်လိုက်တော့ သတိုးက တံခါးဖွင့်ပေးသည်။ ကျွန်မကိုတွေ့တော့ အံ့သြသွားသည်။

"ဝေဏီပါလား၊ ဘယ်ကပြန်လာတာလဲ၊ ဘာဖြစ်လို့လဲဟင်"

ကျွန်မ မျက်စိမျက်နှာပျက်နေတာကို သူစိုးရိမ်တကြီးမေးသည်။

"သတိုးကို တွေ့မှတွေ့ပါ့မလားလို့"

သတိုးကိုတွေ့တော့ ကျွန်မ စိတ်သက်သာရာရသွားသည်။ ကျွန်မ ဘာမှမဆုံးရှုံးသေးဆိုတာ သိလိုက်သည်။

"ဟင့်အင် ... ဘာမှမဟုတ်တော့ဘူး"

သူ့ကိုရယ်ပြမိသည်။ သတိုးက မကျေနပ်။ ကျွန်မကို အကဲခတ်သလို

www.burmeseclassic.com

www.burmeseclassic.com



စေ့စေ့ကြည့်တုန်း။

"လာ ဒီမှာထိုင်၊ ခဏနားလိုက်ဦး၊ ရေအရင်သောက်"

သူဆွဲခေါ်ရာသို့ ပါလာသည်။ အတူယှဉ်ထိုင်မိတော့ လက်ထဲမှာ လုံးကျစ်နေအောင် ဆုပ်ကိုင်လာသည့် လက်ကိုင်ပဝါနှင့် ဆလင်းဘာက်အိတ်ကြီး ကို သတိုးက မနည်းဖြေယူရသည်။ တိတ်တဆိတ် ငုံ့နေသည့် ကျွန်မမျက်နှာကို သတိုးက မော့စေလေသည်။ ဒီတော့မှ ငိုဖို့သတိရလာသည်။ သူက ဘာမှမပြောဘဲ အသာပင်ပွေ့ဖက်ထားသည်။ သူ့ရင်မှာမှိန်ကော အစွမ်းကုန်ငိုရှိုက်ပစ်လိုက်သည်။ နောက်တစ်ခါငိုစရာမရှိအောင် မျက်ရည်တွေကုန်ခန်းသွားပါစေ၊ ဒီနေရာမှတင် ဝေဏီရဲ့ ဝမ်းနည်းကြေကွဲမှုတွေ ကုန်ဆုံးပါစေ။ နောက် သတိုးဆီကိုရောက်လာမယ့် ဝေဏီဟာ အသွင်သစ်နဲ့ဝေဏီ၊ ဘဝသစ်နဲ့ဝေဏီဖြစ်ရမှာပေါ့။ ဝေဏီရဲ့ ဝမ်းနည်းကြေကွဲမှုတွေကို သယ်ဆောင်လာဦးမယ်ဆိုရင် သတိုးအပေါ် ဘယ်တရားတော့မလဲနော်။

"တကယ်တော့ ဘာမှမဟုတ်ဘူး သတိုးရဲ့၊ ဝေဏီ သတိုးနဲ့တွေ့ချင်တာတစ်ခုပဲ ..." ဟု အစချီကာ လင်းနှင့်ပတ်သက်သမျှအကြောင်းစုံ ပြောပြလိုက်လေသည်။

သတိုးက ဘာမှလည်းမပြော၊ အံ့သြဟန်လည်းမပြ။ ကျွန်မ ဟိုတစ်ခွန်း ဒီတစ်ခွန်း ပြောပြနေသည်ကို ဆက်စပ်ပြီး နားထောင်နေလေသည်။

"ဒါတွေမပြောဘဲထားလို့ ဘာလုပ်မှာလဲနော်၊ ဒါတွေ ဘာမှမဟုတ်ဘူး ဆိုတာ သတိုးကပဲ ဝေဏီ့ကို ဖျောင်းဖျနိုင်မှာပါ"

"ဝေဏီရယ် တကယ့်ကလေးလေးပဲ၊ ကိုယ် ဝေဏီ့ကို ဘယ်လိုစိတ်ချရမလဲ"

"ဝေဏီရင့်ကျက်မှ သတိုးဆီလာမှာပါ၊ သတိုးချစ်တဲ့ဝေဏီက သတိုးကိုလည်း အကောင်းဆုံးတွေပြန်ပေးနိုင်တဲ့အထိပေါ့"

"သိပ်အကြာကြီးစောင့်နေရမှာပေါ့၊ ကိုယ်ကူညီမှဖြစ်မယ်ထင်ပါရဲ့"

သူက စချင်သလိုပြုံး၍ပြောသည်။

"ဝေဏီ့ကိုမယုံကြည်ဘူးပေါ့"

"ယုံကြည်ပါတယ်ဗျာ"

သူက မျက်လုံးချင်းဆုံအောင် စိုက်ကြည့်သည်။ ကျွန်မ မျက်လုံးအစုံကို

www.burmeseclassic.com

www.burmeseclassic.com



မှိတ်ထားမိသည်။ အနည်းငယ်စိတ်လှုပ်ရှားကာ မောပန်းလာသည်။ သတိုးရဲ့ရင်ခုန်သံကို ကျွန်မကြားရသည်။ အားလုံးကိုမေ့ပြီး သတိုးနှင့်သာ ယခုလို အတူရှိနေချင်တော့သည်။ သူမဆုံးအောင်နမ်းတဲ့ခဏမှာတော့ လောကအားလုံး ပျောက်ပြယ်ကုန်တော့သည်။

ဟိုတုန်းကတော့ သတိုးရဲ့အချစ်ကို ငြင်းဆန်ချင်သလောက် အခုတော့ သတိုးရဲ့အချစ်တွေအတွက် ကျွန်မ အရာရာပြင်ဆင်ရတော့မည်။ နေဦးသတိုး ... ဝေဏီ ဒီ့ထက်နေကောင်းအောင်၊ အခုထက်ပိုပြီးရင့်ကျက်အောင်။

ညနေ ကိုကိုဖုန်းဆက်တာနှင့် ကြုံသည်။

ကျွန်မကျန်းမာရေးအကြောင်း သတင်းကြားရတော့ ကိုကို ဝမ်းသာသည်။

"ဆေးပိုစားလေ၊ မြန်မြန်ကောင်းဖို့လိုတယ်"

"အင်းပါ ... အင်းပါ၊ ကျေးဇူးကိုကို" ဟု လိုက်လိုက်လွဲလွဲ ပြန်ပြောမိလေသည်။

"နောင်တစ်ချိန်မှာ ကိုကို့မှာ အားထားရတဲ့ညီမလေးတစ်ယောက်ရှိတယ်ဆိုတာ မမေ့နဲ့နော်၊ ကိုကို အသက်အရွယ်ရလာရင် ကိုကို့ကို အလုပ်မလုပ်စေရပါဘူး၊ ဝေဏီရှိသားပဲ"

ဒီစကားကို ခပ်ရဲရဲပြောလိုက်သည်။ အနာဂတ်မှာ ရှင်သန်ဦးမည်ကို ယုံကြည်၏။ ဟိုတုန်းကလို ကိုကိုနှင့် ပြန်တွေ့ရပါ့ဦးမလားဆိုတဲ့အတွေးမျိုး မကြာမကြာ မတွေးတော့။

"အစ်ကို့ဆီက ရသလောက်ညှင်းဖို့ စကားစလာပြီဟေ့"

"ကိုကို အလုပ်သစ်မှာ အဆင်ပြေရဲ့လား"

ကိုကို အလုပ်သစ်တစ်ခုပြောင်းလုပ်နေတာ မကြာသေး။ မနှစ်ကဆို ကိုကို့သူဌေးမှာ အဆင်မပြေမှုတွေဆက်တိုက်ဖြစ်ပြီး ကုမ္ပဏီလည်း တရားစွဲခံရသည်။ လုပ်ငန်းလည်း အရှုံးပေါ်သည်။ သူဌေးဒုက္ခရောက်နေချိန်မှ ကိုကိုက တခြားအခွင့်အလမ်းကောင်းသည့်နေရာသို့ ထွက်မသွားဘဲ သူဌေးရဲ့ဘေးမှာ သူဌေးရဲ့အလုပ်တွေကို တက်နိုင်သလောက် ကြည့်ပေးခဲ့သည်။ သူဌေးကလည်း

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို တခြားလုပ်ငန်းကောင်းတစ်ခုနှင့် ဆက်သွယ်ပေးခဲ့သည်။

"အခုသူ့ရွေးမှာ သမီးတစ်ယောက်ရှိတယ်၊ မျက်လုံးက ဘာရောင်မှန်း မသိဘူး၊ ခရမ်း၊ မီးခိုးပြာ၊ စိမ်းညို့တွေရောနေတယ်၊ ဆံပင်က ကြေးနီရောင်နဲ့"

"ချောမှာပေါ့"

"သူနဲ့တွေ့ရင် ရင်တွေတုန်ပြီး စကားတောင်ဟဟမပြောရဲဘူး"

"ကိုကိုတော့ ဒီတစ်ခါသေချာပြီထင်တယ်၊ ရင်တွေခုန်နေပြီလား"

"ရင်တော့ခုန်တာပဲ၊ ကြောက်လို့လေ၊ မျက်ထောင့်နီနီ နှာခေါင်းချွန်ချွန်ကြီးနဲ့၊ ဗလကလည်းတောင့်ပါ၊ လက်မောင်းကြွက်သားကြီးတွေများ ကိုကို့ထက်တောင် ကြီးသေးတယ်၊ ဝိတ်မတယ်ဆိုပါလား"

ကိုကိုက ကျွန်မနှင့် အပျင်းပြေစကားပေါက်ကရပြောလေ့ရှိသည်။ သူစီးနေသည့် ကားတွေအကြောင်းပြောသည်။ ကိုကိုက သူ့ဝါသနာအရ ကားအဟောင်းတွေပြင်စီးတာ (၃)စီးတောင်ပိုင်နေပြီဟု ပြောသည်။

"ကိုကိုငွေလိုရင် ရောင်းလို့ရတာပေါ့"

"ဘယ်လောက်ရမယ်ထင်လို့လဲ၊ ကားတွေပေါလွန်းလို့၊ အဟောင်းဆိုပေမယ့် ပစ္စည်းတွေဝယ်ထည့်ရတာနဲ့ဆိုတော့ ပြန်ရောင်းရင် ရှုံးတောင်ရှုံးဦးမယ်၊ ကားမရှိတုန်းကတော့ စက်ဘီးလေးနဲ့ပေါ့ကွာ၊ ဒါဝင်က နယ်မြို့လေး၊ မြို့ထဲမှာ လမ်းမကြီးနှစ်လမ်းပဲရှိတယ်၊ ကိုကိုရောက်ခဲ့တဲ့မြို့တွေထဲမှာတော့ အရှင်းဆုံးပဲ၊ သိပ်အေးချမ်းတယ်၊ စက်ဘီးလေးစီးပြီး ကျောင်းတို့၊ ရုံးတို့ သွားလို့ရတယ်၊ ဆေဏီ့ကို အိမ်တစ်လုံးဝယ်ပေးမယ်၊ ခဏစောင့်နော် ညီမလေး"

ကိုကိုက ဆစ်ဒနီလို တခြားမြို့ကြီးတွေကို ပြောင်းချင်ပုံမပေါ်။

ဒါဝင်က ကိုကိုသွားနေကျ မြန်မာဘုန်းကြီးကျောင်းကဘုန်းဘုန်း ရန်ကုန်တစ်ခေါက်ပြန်ကြွလာတုန်းက ဘုန်းဘုန်းကပြောသည်။

"ဘုန်းဘုန်းတို့မှာ သွားစရာလာစရာရှိရင် သူ့ကားတွေပဲစီးရတာ၊ သူ့ကို ဖုန်းဆက်ခေါ်လိုက်ရင် အချိန်မရွေးရောက်ရောက်လာတာပဲ၊ ဒါဝင်က မြန်မာလည်း နည်းတယ်၊ မြန်မာပြည်လောက်ရှိတဲ့ ပြည်နယ်တစ်ခုမှာ မြန်မာဘုန်းတော်ကြီးက လည်း ဘုန်းဘုန်းတစ်ပါးပဲရှိတယ်၊ ဆရာတော် အရှင်ဉာဏိသရ ဒါဝင်ကိုကြွလာ တုန်းကလည်း ဘုန်းဘုန်းကျောင်းကိုရောက်လာတော့ အနီးအဝေးသွားစရာရှိရင် သူ့ပဲတာဝန်ယူခိုင်းရတာ"

www.burmeseclassic.com



စာရေးပျင်းတဲ့ကိုကိုက စာလေးတစ်စောင်တောင် ရေးဖော်မရ။

"ကိုကို့အတွက် ဘာမှမပူနဲ့၊ ဒီမှာ အားလုံးအဆင်ပြေတယ်၊ ကျောင်းတက်ဖြစ်ရင်လည်း အချိန်ပိုင်းအလုပ်တစ်ခု ထပ်ရှာရမှာပေါ့၊ ဒီမှာက ဘယ်သူမှ အလုပ်မလုပ်ဘဲမနေကြဘူး၊ အသက်(၁၈)နှစ်ပြည့်ရင် ကိုယ့်ဝမ်းကိုယ်ကျောင်းပဲ၊ အသက်(၇၀) (၈၀) အဖွားကြီးတွေတောင် စတိုးဆိုင်တွေမှာ သန့်ရှင်းရေးအလုပ်တို့ ဘာတို့ အချိန်ပိုင်းဝင်လုပ်ကြတာပဲ၊ ဘယ်သူမှလည်း အထင်မသေးဘူး"

"ဝေဏီလာရင် ဘာလုပ်ရမလဲကိုကိုရ၊ ပန်းသီးဆွတ်ရကောင်းမလား"

"လုပ်နိုင်ပါလိမ့်မယ်၊ ပင်ပန်းတယ်၊ ပန်းသီးလေးစားလိုက်၊ အတင်းလေးပြောလိုက်နဲ့ လုပ်လို့ရမယ်ထင်လို့လား"

"သိဘူးလေ"

"ဩစတြေးလျတိုက် ကမ်းရိုးတန်းတစ်လျှောက် လျှောက်သွားနေတဲ့ လူစုတွေရှိတယ်၊ သူတို့က ရောက်တဲ့နေရာမှာ ရရာအလုပ်ဝင်လုပ်သွားကြတာ၊ သူတို့တွေပဲ လုပ်ကြတာများတယ်"

"သိဘူးလေ"

အင်း ... ကိုကိုကတော့ ကျွန်မကို "ဘာလုပ်မလဲ" လို့ မေးမည်မဟုတ်။ ကျွန်မဘာလုပ်လုပ် ကျေနပ်မည်သာ။ သူ့ညီမဟာ အသက်ရှင်လျက်ရှိပြီး သူ့အေးနားမှာ စကားဆိုလျက် သူ့ကိုရွှင်မြူးစေလျှင်ပင် ကိုကို့အဖို့ လုံလောက်ပြီထင်သည်။

ပေလီမှာပြုလုပ်သည့် လင်းတို့မင်္ဂလာပွဲကို ကျွန်မမသွားဖြစ်တော့။ မင်္ဂလာလက်ဖွဲ့သာ ပို့လိုက်သည်။ လင်းဆီမှ ကျွန်မလက်ဖွဲ့အတွက် ကျေးဇူးတင်ကြောင်း ပြန်စာတစ်စောင်ရသည်။

လင်းအလုပ်ကြောင့် သူတို့ ရန်ကုန်မှာပဲ ပြန်လာနေကြသည်။ ရန်ကုန်က သူတို့နေမည့်အိမ်မှာ မင်္ဂလာဆွမ်းကျွေးနှင့် အိမ်သစ်တက်ပွဲလုပ်သည်။ ရန်ကုန်မှာရှိသည့် ဆွေမျိုးအပေါင်းအသင်းတွေကိုလည်း ဖိတ်ခေါ်ရန်ရည်ရွယ်သည်။

ကျွန်မက သွားရကောင်းနိုး၊ မသွားရကောင်းနိုး စဉ်းစားဆဲ၊ သတိုးက သွားဖို့တိုက်တွန်းသည်။ ကျွန်မစိတ်ထဲမှာ လင်းနှင့်တွေ့ရမှာတစ်မျိုး၊ ယခင်

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခန်းမဟုတ်တော့၊ ပြည့်ပြည့်ပါ သူတို့နှင့်အတူနေလို့ရအောင် ယခင်ထက်ကျယ်သည့်အခန်းကို ငှားထားသည်။ ကျွန်မရောက်သွားတော့ အားလုံး ဝမ်းသာ ကြိုဆိုကြသည်။ အလုပ်လည်းများနေကြသည်။ အိမ်ပြောင်းလာသည့် ပစ္စည်းတွေ နေရာချသည်။ အခန်းရှင်းကြသည်။ နောက်နေ့ညသို့ခံပွဲအတွက် ပြည့်ပြည့်နှင့်ကျွန်မ ဈေးဝယ်သွားဖို့ပြင်ရသည်။

အင်ကြင်းက လင်းရဲ့သေတ္တာကို ရှင်းနေသည်။ ထိုအခိုက်မှာပဲ မထင်မှတ်တဲ့အရာတစ်ခုက အင်ကြင်းလွှင့်ပစ်လိုက်တဲ့ ဘူးခွံထဲကနေ ကျွန်မခြေထောက်နားသို့ ရောက်လာသည်။

"ကိုလင်းတို့များ အသိမ်းအဆည်းကောင်းတာ နှစ်ယောက်မရှိဘူး၊ ငယ်ငယ်ကစီးတဲ့ ဖိနပ်စုတ်ကလေးတောင် သိမ်းထားရတယ်လို့"

ကျွန်မ ကျော်သွားမလိုလုပ်ပြီးမှ ငုံ့ကြည့်မိသည်။ အံ့သြဝမ်းသာစိတ်နှင့် ရုတ်တရက် မှင်တက်သွားရသည်။ အမှန်တော့ မိန်းမစီးဖိနပ်ကလေး၊ အင်ကြင်း သေသေချာချာမကြည့်လိုက်လို့ဖြစ်မည်။ အဖြူမှာ အပြာရုပ်နှင့် ကျွန်မရဲ့ဖိနပ်ကလေး၊ လင်းဆီ ဘယ်လိုများရောက်နေပါလိမ့်။ မေမေ့ရဲ့ နောက်ဆုံးလက်ဆောင် ဖိနပ်ကလေး။ ကျွန်မအတွက် တန်ဖိုးမဖြတ်နိုင်ပါ။ ကျွန်မရဲ့ (၁၃)နှစ်မြောက်မွေးနေ့ လက်ဆောင်။ ကျွန်မဟာ မေမေတို့နှင့် (၁၃)နှစ်တင်းတင်း အတူတူနေခဲ့ရတယ်လေ။

ကျွန်မ ဝမ်းသာဝမ်းနည်းစိတ်နှင့် ဖိနပ်ကလေးကို ကောက်ယူမလိုလုပ်သည်။ ကောက်မယူမီ ဘာကြောင့်မှန်းမသိ လင်းကို အမှတ်မထင်ကြည့်လိုက်မိသည်။

လင်းမျက်နှာ ပျက်ယွင်းနေပါသည်။ လင်းမျက်လုံးတွေကိုကြည့်၍ ကျွန်မ တွေဝေသွားရသည်။ သူ့မျက်လုံးတွေက ကျွန်မကို တစ်စုံတစ်ရာ သတိပေးနေလေသည်။

ကျွန်မမှတ်မိပြီ။ ဖေဖေနှင့်မေမေ ဆုံးပြီးစတစ်ရက်၊ ကိုကိုနှင့်ကျွန်မ ကမ်းခြေဆင်းတော့ ကိုကို့နောက်ကိုပြေးလိုက်ရင်း ကျွန်မချွတ်ပစ်ခဲ့သော ဖိနပ်ကလေး။

လင်းသည် ကျွန်မတို့နောက်မှလိုက်ကြည့်ရင်း ဖိနပ်ကလေးကိုတွေ့ကာ တိတ်တဆိတ်သိမ်းထားပုံရသည်။ သူ ဘယ်အချိန်ထိ သိမ်းဆည်းထားဖို့

www.burmeseclassic.com



ရည်ရွယ်ခဲ့ပါလိမ့်။

ကျွန်မ လင်းကို မော့်ကြည့်လိုက်သည်။ နင့်ကိုကျေးဇူးတင်တယ်လင်း။ လင်းက ကျွန်မကိုကြည့်မနေတော့။ သူ့အကြည့်တွေက အဝေးမှာ၊ သူ့မျက်နှာပေါ်က အရိပ်အကဲကိုကြည့်၍ ဖိနပ်ကလေးကို ကျွန်မကောက်မယူဖြစ်တော့။ ဒါသည် လင်း၊ ကျွန်မနှင့် အင်ကြင်း၊ သုံးယောက်စလုံးအတွက် ကောင်းပေမည်။ ကျွန်မ နမြောတသစွာကြည့်နေစဉ်မှာပဲ ကျွန်မရဲ့ဖိနပ်ကလေးသည် အင်ကြင်းသိမ်းလိုက်သည့် အမှိုက်ထုပ်ထဲ ရောပါသွားတော့သည်။

ပြည့်ပြည့်က ဈေးခြင်းတောင်းကိုကိုင်၍ ထွက်လာသည်။

"လာ မဝေဏီ၊ သွားရအောင်"

ကျွန်မတို့နှစ်ယောက် အောက်သို့ဆင်းခဲ့သည်။

လင်းသည် ထိုဖိနပ်ကလေးအကြောင်းကို ကျွန်မကို တစ်ခါမှမပြောခဲ့။ နောင်တွင်လည်း လင်းနှင့်ကျွန်မသည် ထူးဆန်းစွာပင် ဖိနပ်ကလေးအကြောင်းကို စကားစပ်၍ မပြောမိကြပါ။

နောင်အခါ လင်းနှင့်တွေ့လျှင် ရယ်စရာတွေပြောမည်။ ငယ်ငယ်က အကြောင်းပြောမည်။ ပြီးလျှင် ကိုယ့်အိမ်ကိုယ်ပြန်ကြမည်။ တကယ်တော့ ဘာမှ မဟုတ်။ လူသားနှစ်ဦး ဆုံချင်ဆုံဦးမည်။ ဝေးချင်ဝေးသွားမည်။ သေချာတာကတော့ ကိုယ့်လမ်းကိုယ်လျှောက်ရမည်ပင်။ ညမှာ ကြယ်တွေကိုကြည့်ပြီး ကျွန်မ လင်းကို သတိရနိုင်သလို၊ လင်းကလည်း အလုပ်လုပ်ရင် သူ့သားသမီးတွေနှင့် စကားပြောရင်း ကျွန်မအကြောင်း တွေးချင်တွေးနေနိုင်ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ကျွန်မအိပ်ပျော်မပျော် ကျွန်မ မသိ။ ကျွန်မရဲ့ အသိအာရုံတွေ ပင်ပန်းနွမ်းနယ်စွာ အလုပ်လုပ်နေကြသည်။ နာရီများစွာကြာပြီထင်သည်။ ဝေဒနာသည် အိပ်ချင်မှုတို့ကို ထွင်းဖောက်ကြီးစိုးနေလေသည်။ ဝေဒနာကို လက်မခံဖို့ ကျွန်မကိုယ်က အင်အားရှိသမျှ တွန်းလှန်ရုန်းကန်ဆဲ။

နောက်ဆုံးတော့ မောပန်းနွမ်းနယ်မှုက လွန်မြောက်ပြီး မျက်လုံးဖွင့်ကြည့်မိတော့ ကျွန်မလက်ဖဝါးတစ်ဖက်ကိုဆုပ်ကိုင်ကာ နွေးထွေးစွာ ကြိုနေသော သတိုးကို တွေ့လိုက်ရလေသည်။

"သတိုး"

ကျွန်မ စိတ်သက်သာရာရကာ ခပ်တိုးတိုးခေါ်ပြီး မျက်လုံးပြန်မှိတ်လိုက်သည်။ လက်ဖဝါးနှစ်ဖက်စလုံးကို သတိုးလက်ထဲ ထည့်ဆုပ်ထားစေလေသည်။

"ကျေးဇူးတင်လိုက်တာ ဝေဏီရယ်"

သတိုးက တိုးတိတ်စွာ ရေရွတ်လိုက်သည်။

"ကိုယ်ဖြင့် စိုးရိမ်လိုက်ရတာ၊ ဝေဏီ့မျက်လုံးတွေက တဖျတ်ဖျတ်အသက်ဝင်ပြီး ကိုယ့်ကိုကြည့်နေရင်ပဲ ကိုယ်ကျေနပ်ပါပြီ"

သူက ချွေးစေးနှင့် ဆံနွယ်တွေစိုကပ်နေသော ကျွန်မမျက်နှာကို အသာ ရှုရှိုက်နမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အိပ်မက်မက်နေသေးလား"

သတိုးရဲ့အပြုံးက တစ်ဖက်သားကို ကူးစက်လွယ်စေသောအပြုံး၊ မျက်တောင်နက်နက်တွေ ဝန်းရံထားသည့် မျက်လုံးများက အကောင်းမြင်ဝါဒနှင့် ထာဝစဉ်လင်းလက်ကာ အသက်ဝင်နေသည်။ ထိုမျက်ဝန်းများမှာ ကျွန်မအပေါ် ချစ်ခင်မြတ်နိုးမှုတွေကိုပါ တွေ့မြင်နေရရာ ကျွန်မအဖို့ အလှဆုံးမျက်ဝန်းတစ်စုံ ဖြစ်နေပါသည်။

"ဘာကြည့်နေတာလဲ"

သတိုးက ကျွန်မကိုငုံ့ကြည့်၍ မေးသည်။

"သတိုး ... သတိုး"

ကျွန်မ သူ့နာမည်ကို လှိုက်လှဲစွာ ခေါ်မိသည်။

"ဘာလဲ၊ ပြောလေ"

"မဟုတ်ဘူး၊ ခေါ်ကြည့်တာ"

သူရောက်လာလို့ ဘယ်လောက်အားရှိသွားလဲ မဖော်ပြတတ်အောင်ပင်။

သူက ကျွန်မနှုတ်ခမ်းကို လက်ညှိုးလေးနှင့်တားကာ စကားမပြောဖို့ ပြောသည်။ မောပန်းနေပေမယ့် ကျွန်မလန်းဆန်းလာပြီး ပြုံးလာနိုင်ပြီ။

ဒေါ်ခင်ရွှေက သူလာသည်နှင့် ကျွန်မ ဘာမှမစားမသောက်တာကို အရေးတကြီး ဆီးတိုင်သည်။

အရီးကြီးတို့ ရှမ်းပြည်နယ်ဘက် ခရီးထွက်သွားသဖြင့် အိမ်မှာ ဒေါ်ခင်ရွှေနှင့် သူ့မြေးလေးသာ ကျွန်မနှင့် ကျန်ရစ်သည်။ ပန်းနုဖြူကလည်း မိဘတွေနှင့်သင့်မြတ်ကာ အတူတူပါသွားသည်။ ဦးကြီးကလည်း မြေးကလေး တစ်ယောက်ရပြီဆိုတော့ သူ့သမီးကို ကြည်ဖြူပြီ။ မြေးကိုချစ်လိုက်တာမှ တုန်နေသည်။ မကြာ ခင်မှာပဲ ပန်းနုဖြူတို့မိသားစု ဒီအိမ်ကိုပြောင်းလာကြတော့မည်။

"အစာကိုတော့ နည်းနည်းဖြစ်ဖြစ် ဝင်အောင်စားရမယ်"

သတိုးက ကျွန်မကို အစာစားဖို့ပြောသည်။

ဆန်ပြုတ်ဆိုမကြည့်ချင်။ ဟောလစ်ဘီစကစ်ဆို အနံ့တောင်မခံချင်။

"ဘာမှမဖြစ်ဘူး၊ နောက်နေကောင်းသွားမှာပါ၊ စိတ်မပူပါနဲ့"

သတိုးကို ပြန်နှစ်သိမ့်နေနိုင်တာတွေး၍ ပြုံးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သတိုးက ခေါင်းအုံးများကိုဆင့်၍ မှီနေစေသည်။ မျက်နှာသုတ်ပဝါ အသေးလေးကို ရေဆွတ်ပြီး မျက်နှာသစ်ပေးသည်။ လုံးထွေးစေးကပ်နေသော ဆံပင်များကို သပ်ရပ်အောင် စည်းနှောင်ပေးသည်။

သူ့လက်ခုံကို ဖျတ်ခနဲ ငုံ့နမ်းလိုက်သည်။

"သိပ်ချစ်ဖို့ကောင်းတာပဲ"

"နေမကောင်းတာတောင် အပြောကတော့ကောင်းတုန်းပဲ"

"ဝေဏီတော့ သွားပြီထင်လိုက်တာ၊ သတိုးကလည်း ရောက်မယ့်ရက်မှာ ပြန်မရောက်ဘူး၊ ဒေါ်ခင်ရွှေလည်း ကြောက်လန့်ပြီး ဓာတ်စာပဲဖိတိုက်နေတာ၊ ဝေဏီဘာပဲဖြစ်ဖြစ် အဲဒီဆေးတောင့်တွေဝင်အောင်သာတိုက်လို့ သူ့ကိုမှာထားတယ်လေ"

"မန္တလေးကအပြန် တောင်ငူကို တစ်ရက်ဝင်လိုက်လို့ နောက်ကျသွားတာ"

"ဝေဏီတော့ နေ့တွေညတွေတောင် မသိလိုက်ဘူး၊ နောက်တစ်ကြိမ် စိတ်နဲ့တောင် ပြန်မတွေ့ချင်ဘူး၊ ထိုင်နေလို့လည်းမရဘူး၊ လှဲနေလို့လည်း မသက်သာဘူး၊ အိပ်လည်းမအိပ်နိုင်ဘူး၊ ရေလေးနည်းနည်းဝင်တာနဲ့ တင်းအင့်ပြီး နေမထိထိုင်မသာနဲ့၊ ဆေးတောင့်တောင်မမျိုနိုင်လို့ ဖောက်ပြီးဖျော်သောက်ရတယ်"

"နောက်ပိုင်းတောင်တွေ ဒီလောက်မြင့်တော့မှာ မဟုတ်တော့ဘူး"

"အခုဖြစ်နေတာ တုံ့ပြန်မှုတွေပေါ့၊ နောင်ဖြစ်မယ့်ရောဂါတွေကို ရှင်းပေးနေတာပေါ့"

"တုံ့ပြန်မှုဆိုတာ နောင်ရောဂါဖြစ်လာတဲ့အခါ ကိုယ်ခံစားရမယ့် ဝေဒနာရဲ့ ဆယ်ပုံတစ်ပုံလောက်ပဲ ခံစားရတာ"

"မလွယ်ပါလား၊ နားလည်ပေးရတာ"

နောက်တစ်ခေါက်မှာ သတိုးယူလာသည့် ကျွဲကောသီးစိပ်ကလေးတော့ နည်းနည်းချင်းစားလို့ရလာသည်။

"ဒီလိုအသီးအနှံတွေ နည်းနည်းနဲ့ ခဏခဏစားပေးရမယ်၊ နောက်နေ့လောက်မှ ဆန်ပြုတ်စစားကြည့်ပေါ့"

သတိုးက စီမံသည်။ နေ့လည်မှာ ကျွန်မကို ခဏအမှီးပေးသည်။

"သတိုးသွားစရာရှိရင်လည်းသွားလေ"

www.burmeseclassic.com

www.burmeseclassic.com



သတိုးက ကျွန်မကိုစောင့်ရင်း တယ်လီဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေသည်။

"ဒီနေ့မသွားဘူး၊ ကိုယ်ပေးနိုင်တဲ့အချိန်ဟာ ကိုယ့်အလုပ်ချိန်ပဲ၊ တစ်ရက်နားလိုက်လို့လဲ ဘယ်သူမှ Bonusဖြတ်မယ့်သူမရှိဘူး"

"သတိုးဒီညပြန်မှာလား"

ညနေမှာ သတိုးက ကျွန်မဘေးမှာ ကြိမ်ကုလားထိုင်နှင့်ထိုင်ကာ စာဖတ်ပြသည်။ ကျွန်မဘေးမှာ တစ်ယောက်ယောက်ရှိနေခြင်းနှင့် သတိုးရဲ့အသံကြားနေရခြင်းတို့က ကျွန်မရဲ့ညချမ်းကို အသက်ဝင်စေပါသည်။

ညမှောင်လာသည်နှင့်အမျှ သတိုးပြန်သွားမှာ စိုးရိမ်လာသည်။ အိပ်မပျော်တဲ့ညနှင့် ကျွန်မရဲ့အိပ်ရာကို မုန်းတီးလှပြီ။ သူပြန်တော့မလား၊ စိုးရိမ်စိတ်နှင့် မျက်လွှာပင့်ကြည့်မိသည်။ သတိုးက စာဖတ်မပျက်၊ အမြဲစိတ်ရှည်သူ၊ ဘယ်တော့မှ စကားကိုကျယ်ကျယ်ကြမ်းကြမ်း မပြောတတ်ဘူး၊ ယဉ်ကျေးသိမ်မွေ့သူ၊ ဝေဏီအားကိုးလောက်သူ၊ ဝေဏီ့အနားမှာနေချင်သူ၊ ပြီးတော့ ဝေဏီ့ကိုချစ်သူ။

"သတိုး မပြန်နဲ့တော့"

ခပ်တိုးတိုးပြောပြီး မျက်စိကို တင်းနေအောင်စေ့ပိတ်ထားလိုက်၏။ သတိုးရဲ့စာဖတ်သံ ခေတ္တရပ်သွားသည်။

"ကိုယ် ဘယ်စိတ်ချမလဲ၊ ဖြစ်နိုင်ရင် စောင့်အိပ်ချင်တာပေါ့"

မျက်လုံးပြန်ဖွင့်ကြည့်တော့ သူနှင့် မျက်လုံးချင်းဆုံသည်။

"ဝေဏီခွင့်ပြုမယ်ဆိုရင်ပေါ့"

"ဒါနဲ့များ" ဟု မပွင့်တပွင့်ပြောကာ စောင်ကို မျက်လုံးအောက်ထိ ဆွဲခြုံလိုက်သည်။

"ဒီည ဒီမှာအိပ်၊ ဝေဏီတစ်ယောက်တည်းကြောက်တယ်"

သတိုးကိုတော့ မပြောရဲစရာ၊ မတောင်းဆိုစရာမရှိတော့။

"အစီးကြီးတို့ပြန်လာရင် ကိုယ်မျက်နှာပူနေရမှာပေါ့"

"အမယ် ခုမှ၊ အားလုံးလည်း သိပြီးရိပ်မိနေတဲ့ဥစ္စာ၊ လူကြီးတွေမရှိလို့ ဝေဏီအကူအညီတောင်းတာပါ၊ အစီးကြီးမသွားခင်ကလည်း ဝေဏီ့ကို စောင့်ရှောက်ဖို့မှာခဲ့တယ်မဟုတ်လား၊ သတိုးရှိနေရင် အိပ်မပျော်လည်း ဝေဏီ

www.burmeseclassic.com

www.burmeseclassic.com



မကြောက်တော့ဘူးနော်လို့"

"ကောင်းပါပြီဗျာ၊ ကောင်းပါပြီ"

သတိုးက သူ့အိမ်ကို အဝတ်အစားတချို့နှင့် တစ်ကိုယ်ရေသုံးပစ္စည်းတွေ လာပို့ဖို့ ဖုန်းဆက်၍မှာသည်။

"အထူးလူနာလေးအတွက် အထူးစပါယ်ရှယ်ဝန်ဆောင်မှု"

"ညက အိပ်ပျော်ရဲ့လား"

"ပျော်တာပေါ့"

မနက်အိပ်ရာကနိုးသည်နှင့် သတိုးက ကျွန်မအခန်းသို့ ကူးလာသည်။ ကျွန်မ စောစောနိုးနေသည်။ လန်းဆန်းကြည်မွေ့နေသည်။

မနက်စာကို မုန်လာဥနီနှင့်ပြုတ်သော ဆန်ပြုတ်၊ ပန်းသီးအနည်းငယ် စားသည်။ သတိုးက ထမင်းဖြူနှင့်ပဲပြုတ်ဆီဆမ်းကို နှမ်းထောင်းမွှေးမွှေးလေးနှင့် စားသည်။ လက်ဖက်ရည်၊ ကော်ဖီ သတိုးမကြိုက်။

"မနေ့ညက ဖေဖေ မေမေတို့အကြောင်း တွေးမိသေးတယ်"

သတိုးက ကျွန်မစိတ်ညိုးငယ်မည်ကို မလိုလားဟန်နှင့် ကြည့်သည်။

"ဝေဏီ အေးအေးဆေးဆေးတွေးလာနိုင်ပါပြီ၊ အရင်လောက် ဝမ်းနည်းကြေကွဲခြင်းတွေ မဖြစ်တော့ဘဲနဲ့လေ၊ ဝေဏီကျန်းမာရေးမကောင်းခဲ့တာလည်း စိတ်ကြောင့်ဖြစ်တာ အများကြီးပါတယ်၊ သူတို့ဟာ ဝေဏီနဲ့ဘာမှမဆိုင်တော့ဘဲ၊ အရိုးကြီးနဲ့ မင်းကွန်းမှာလည်း တရားလိုက်နာဖြစ်တယ်၊ ဆရာကြီးကလည်း ဝေဏီ့ကို ဆုံးမပါတယ်"

"ဆရာကြီးက ဝေဏီ့ကို ဘာတွေပြောလိုက်လဲ"

"အများကြီးပဲ၊ ဆရာကြီးက အပြောအဆို အဆုံးအမ သိပ်တော်တာပဲ နော်၊ နားထောင်လို့ကိုမဝဘူး၊ ဝေဏီမှတ်မိသလောက်ပြောရရင်၊ အင်း — ပစ္စည်းတစ်ခုဟာ ကွဲတတ်တယ်၊ အထိအခိုက်မခံတဲ့ပစ္စည်းဆိုရင် အဲဒီပစ္စည်းကိုမထိမခိုက်မိအောင် လုံခြုံတဲ့နေရာမှာ သိမ်းထားလို့ရတယ်၊ ရွှေ့ပြောင်းထားလို့ရတယ်တဲ့၊ ဒီစိတ်ဆိုတဲ့အရာကတော့ တစ်နေရာတည်းမှာနေတာတဲ့ သဘာဝမရှိဘူး၊ ဒီစိတ်ဟာ အထိအခိုက်မခံနိုင်ဘူးလေဆိုပြီး တစ်နေရာမှာ သိမ်းဆည်း

www.burmeseclassic.com

www.burmeseclassic.com



ထားလို့မရဘူး၊ တစ်နေရာတည်းမှာထားလို့ရတဲ့အရာမဟုတ်ဘူး၊ ဣဋ္ဌာရုံဆီလည်းရောက်မယ်၊ အနိဋ္ဌာရုံဆီလည်းရောက်မယ်၊ ဝမ်းသာစရာရှိလည်း ဝမ်းသာမယ်၊ ဝမ်းနည်းစရာတွေ့ရင်လည်း ဝမ်းနည်းမယ်၊ ကောင်းတာလေးတွေ့ရင်လည်း သဘောကျမယ်၊ အာရုံမှန်သမျှအပေါ်မှာ ကျရောက်နေမယ်၊ အဲဒီတော့ ဒီစိတ်ခြယ်လှယ်သမျှ ခံနေရတယ်၊ ဒီစိတ်ကိုနိုင်အောင် ဘာလုပ်ရမလဲ ..."

"လူတစ်ယောက်အကြောင်းကိုသိချင်ရင် အဲဒီလူကို ပေါင်းကြည့်ရမယ်၊ အဲဒါမှ သူ့အကြောင်းသိနိုင်မယ်မဟုတ်လား၊ ဒီလိုပဲ စိတ်အကြောင်းသိချင်ရင် စိတ်ရဲ့သဘောသဘာဝကို လေ့လာရမယ်၊ သူဘာဖြစ်နေလဲသိအောင် ကြည့်ရမယ်၊ သတိနဲ့ကြည့်ရမယ်တဲ့"

"ဟုတ်တာပေါ့ ဝေဏီ၊ အာရုံမှန်သမျှသိတဲ့ကိစ္စဟာ စိတ်ရဲ့ကိစ္စပဲ၊ ဟိုအာရုံပေါ်ဟိုရောက်၊ ဒီအာရုံပေါ်ဒီရောက်၊ စိတ်က ဖြန်းခနဲ ဟိုဟာလည်းသိတယ်၊ ဒီဟာလည်းသိတယ်၊ စိတ်က သူ့အလုပ်သူလုပ်နေတာလေ၊ ဒါဖြင့် အာရုံကကော၊ စိတ်ကျရောက်တဲ့အာရုံ၊ အာရုံကလည်း သူ့သဘောအတိုင်းဖြစ်လာတယ်၊ တစ်ခုမဖြစ်တစ်ခုဖြစ်၊ ဟိုကဖြစ်လိုက် ဒီကဖြစ်လိုက်နဲ့၊ တစ်နေရာကမပေါ်ရင် တစ်နေရာကပေါ်တယ်၊ ပေါ်သမျှကို စိတ်ကသိတယ်၊ ရုပ်ကလည်း ရုပ်ရဲ့သဘောကိုဆောင်ပြီး ဖြစ်နေတယ်၊ စိတ်ကလည်း စိတ်ရဲ့သဘောကိုဆောင်ပြီး သိနေတယ်၊ အဲဒီလို သူ့သဘောသူဆောင်ပြီးဖြစ်နေကြတော့ သူ့သဘောထဲမှာ 'ငါ' ပါသေးလား၊ သူ့သဘောထဲမှာ ငါတစ်ခုမှမပါဘူး၊ သဘောသက်သက်ပဲ၊ ဒါတွေကို ငါလို့ယူနေ သိမ်းပိုက်နေကြလို့ ဒုက္ခရောက်ကြတာပဲ"

သတိုးက သူ့အကျင့်အတိုင်း လက်မထိပ်ကို တခြားလက်ထိပ်ကလေးတွေနဲ့ ပွတ်လိုက်ပြန်ခွာလိုက်၊ သူလက်ချောင်းတွေကို ငုံ့ကြည့်လိုက်နှင့် တစ်လုံးချင်း အေးအေးသက်သာပြောနေသည်။

"စိတ်ကသိနေတာကို ငါသိတယ်၊ ငါခံစားတယ်၊ ငါပျော်တယ်၊ ငါဝမ်းနည်းတယ်လို့ 'ငါ'ထင်နေယူနေတဲ့ အယူဟာ သမုဒိသစ္စာမှာတော့ မှန်တာပေါ့ ဝေဏီ၊ ပရမတ္ထသစ္စာမှာတော့ အာရုံမှန်သမျှသိသိနေတာ စိတ်ကသာသိတာ၊ အဲဒီစိတ်ကိုမြင်ရင်တော့ 'ငါ' ထင်တာတွေ ပျောက်သွားမယ်၊ စိတ်ကိုမမြင်လို့ 'ငါ' ထင်နေကြတာ၊ စိတ်ကျရောက်တဲ့ 'အာရုံ' ကိုလည်း မမြင်လို့အတွက်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်သတ္တဝါ ငါသူတစ်ပါး ယောက်ျား မိန်းမ ထင်မြင်နေကြတာ ဒါကြောင့် စိတ်ကိုလည်းမြင်အောင် စိတ်ကျရောက်နေတဲ့အာရုံကိုလည်း မြင်အောင်လုပ်ဖို့ အရေးကြီးတယ်"

"အင်း ... ဟုတ်တယ်၊ စိတ်ကိုမြင်မှ နာမ်မြင်မယ်၊ စိတ်ရဲ့ကျရောက်တဲ့ အာရုံကိုမြင်မှ ရုပ်မြင်မယ်၊ နှစ်ပါးစုံကိုမြင်မှ ရုပ်နာမ်မြင်မယ်ပေါ့"

"ကြည့်စမ်း ... ဝေဏီတောင် တော်တော်သိနေပြီ၊ ဓမ္မာရုံကို နှစ်ခေါက်ပဲ ရောက်ဖူးသေးလို့ တော်တော့်တယ်၊ အဲဒီတော့ ဘာဆက်လုပ်ရမလဲ မမေးခဲ့ဘူး လား"

"ဆရာကြီးပြောပြတာတော့ အများကြီးပဲ၊ ဝေဏီ သိပ်မမှတ်မိဘူး"

"အဲဒီရုပ်တရား၊ နာမ်တရားတွေ ဘယ်မှာဖြစ်နေတာလဲ"

"ကိုယ်မှာတရားရှာရင် ကိုယ်မှာရှာရတယ်ဆိုတာတော့ သိတာပေါ့"

"ဖြစ်နေတဲ့နေရာမသိဘဲ မြင်နိုင်ပါ့မလား၊ ဖြစ်နေတဲ့နေရာနဲ့ ဖြစ်နေတဲ့ အရာ၊ ဖြစ်နေတဲ့နေရာမရှိဘဲ ဖြစ်နေတာမဟုတ်ဘူး၊ အိမ်မရှိဘဲနေတဲ့သူမရှိဘူး၊ စိတ် စေတသိက် ရုပ်ဆိုတာလည်း သူ့နေရာနဲ့သူဖြစ်တယ်၊ သူ့နေရာနဲ့သူဖြစ်တယ် ဆိုတာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မန (မနော)ဆိုတဲ့ ဒွါရခြောက်ပါးမှာ ဖြစ်တယ်၊ မျက်စိမှာမြင်တုန်း၊ နားမှာကြားတုန်း၊ နှာခေါင်းမှာနံတုန်း၊ လျှာမှာ စားတုန်း၊ ကိုယ်မှာထိတုန်း၊ မနောမှာသိတုန်း အခိုက်အတန့်တွေမှာဖြစ်တယ်၊ မျက်စိမှာထင်လာတာက ဘာတွေလဲ"

"အဆင်းတွေပေါ့"

"အဆင်းကမျိုးစုံ၊ နားမှာထင်လာတာက"

"အသံမျိုးစုံပေါ့"

"အဲဒီလိုအဆင်းမျိုးစုံ၊ အသံမျိုးစုံ၊ နှာခေါင်းမှာထင်လာတာ အနံမျိုးစုံ၊ လျှာမှာထင်လာတာ အရသာမျိုးစုံ၊ ကိုယ်မှာထင်လာတာ အတွေ့မျိုးစုံ၊ မနောမှာ ထင်လာတာ သဘောမျိုးစုံ၊ အဲဒါ အာရုံ(၆)ပါး၊ အဲဒီလို ဒွါရအာရုံ(၆)ပါး (၆)ခုဆုံ ဆုံတိုင်းမှာ ခန္ဓာငါးပါးဖြစ်တယ်၊ သူ့သဘောနဲ့သူဖြစ်ပြီး ဖျတ်ခနဲပျောက်သွား တယ်၊ ဖြစ်ပြီးရင်မရှိတော့ဘူး၊ ဘာမှမကျန်လိုက်ဘူး၊ အဲဒီသဘောတော့ သာမန် မျက်စိ၊ နားနဲ့ မမြင်နိုင် မသိနိုင်ဘူး၊ ဉာဏ်နဲ့မှ၊ ဖြစ်ပျက်နေတဲ့တရားတွေကို ကျကျနန ရှုမှတ်ပွားများလာတော့မှ သိလာတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဝေဏီနားလည်အောင်ပြောရင် ဒီလိုဝေဏီရဲ့၊ သတ္တဝါတွေမှာ ကံကြောင့်ရတဲ့အကြည်ဓာတ်တွေရှိတယ်၊ မျက်စိမှာ မျက်စိအကြည်၊ နားမှာ နားအကြည်၊ နှာခေါင်းမှာ နှာအကြည် စသဖြင့်ပေါ့၊ အဲဒါတွေက ကံကြောင့်ရလာတာတွေနော်၊ ကဲ ... မျက်စိကြည်တော့ အဆင်းထင်တယ်၊ အဲဒီအခါမှာ မြင်သိစိတ် ရောက်လာတယ်၊ ဖဿဆိုတဲ့တရားက အဲဒီသုံးခုကို တွေ့ဆုံပေးတယ်၊ အဲဒီအခါမှာ ဝေဒနာက ဖြုန်းဆိုရောက်လာပြီး ကောင်းမကောင်းခံစားတယ်၊ ကောင်းလိုက်တာ ဆိုးလိုက်တာဆိုပြီးလေ၊ ပြီးတော့ ဖြုန်းဆိုပျောက်သွားတယ်၊ ဘာမှမကျန်လိုက်ဘူး၊ တကယ်တော့ အဲဒီ 'ဒွါရ၊ အာရုံ၊ ဝိညာဉ်၊ ဖဿ၊ ဝေဒနာ' ဆိုတဲ့ ခန္ဓာငါးပါးဟာ မြင်ခိုက်၊ ကြားခိုက်၊ နံခိုက် ... တွေမှာ တစ်ပြိုင်နက် တစ်ပြိုင်နက် ငါးခုလုံး အတူဖြစ်ပြီး ငါးခုလုံး အတူပျက်သွားတယ်၊ ဝေဏီနားလည်အောင်သာ တစ်ခုချင်း တစ်ခုချင်း ရှင်းပြတာ၊ ကဲ 'ငါ' ဘယ်မှာလဲ၊ အဲဒီတရားတွေကို အမှန်အတိုင်းမသိတော့၊ ထစွဲရော၊ ကံတွေဖြစ်ရော၊ သံသရာလည်ရရော၊ နားမှာလည်း အဲဒီအတိုင်းပဲ၊ နားကြည်တယ်၊ နားကြည်တော့ အသံထင်တယ်၊ ကြားသိစိတ်ရောက်လာတယ်၊ ဖဿက အဲဒီသုံးခုဆုံပေးတယ်၊ ဝေဒနာက ကောင်းမကောင်း ခံစားတယ်၊ အဲဒီဒွါရအာရုံတွေ ဆုံတိုင်းဆုံတိုင်းမှာ ငါမြင်တယ်၊ ငါကြားတယ်၊ ငါနံတယ်၊ ငါစားတယ် ... စသဖြင့်ဖြစ်နေတော့ ကောင်းတာတွေ့ရင် လိုချင်တယ်၊ လောဘစိတ်တွေဖြစ်လာတယ်၊ မကောင်းတာနဲ့တွေ့ရရင်လည်း ဒေါသစိတ်တွေဖြစ်လာတယ်"

"အင်း ... သေသေချာချာပြန်စဉ်းစားရဦးမယ်"

"အင်မတန်သိမ်မွေ့နူးညံ့တယ်ဝေဏီ၊ သိနိုင်ခဲတယ်၊ ပြောတာက ကြာတယ်၊ စိတ်တွေက ဖြန်းခနဲ ဖြန်းခနဲ ဖြစ်နေတာ"

"ခုနက သတိုးပြောတာမှာ 'ဖဿ'ဆိုတာကို နားမလည်ဘူး၊ ဖဿက တွေ့ဆုံပေးတယ်တဲ့၊ မျက်စိကြည်တယ်၊ အဆင်းထင်တယ်၊ မြင်သိစိတ် ရောက်လာတယ်၊ ဖဿက အဲဒီတရားသုံးခုကို တွေ့ပေးတယ်၊ ဘယ်လိုတွေ့ပေးတာလဲ"

"ခဏလေး၊ ဆရာကြီးရှင်းပြတာကို ကိုယ် လက်တွေ့ကျကျလုပ်ပြမှာ၊ ကြည့်နေနော်"

သူက ရှောက်သီးတစ်လုံးကိုယူလာပြီး ကျွန်မရှေ့မှာ အခွံနွှာသည်။

www.burmeseclassic.com

www.burmeseclassic.com



အမွှာလေးတွေနွှင်သည်။ ဖြည်းဖြည်းချင်း စိတ်ရှည်လက်ရှည်၊ ပြီးတော့ တခြား အမယ်တွေပါရောပြီး ရောက်သီးသုပ်တစ်ပွဲရအောင် ပြင်သည်။ ပြီးတော့ [illegible] နပြေနှယ်ဖတ်နေသည်။ ကျွန်မ လျှာရည်ကျလာသည်။ တစ်ဇွန်းလောက်ယူမြည်း ချင်စိတ်ကို မနည်းထိန်းထားရသည်။ လျှာရည်တွေကိုသာ မျိုချနေရသည်။

"မြန်မြန်လုပ်ပါ၊ စားချင်လှပြီ"

"ဝေဏီဘာဖြစ်နေလဲ"

"လျှာရည်ကျနေပြီပေါ့"

"အဲဒါ ဖဿပဲ မှတ်ထား"

သူ့စကားကြောင့် ကျွန်မ အသံထွက်အောင်ရယ်မိသည်။

"အင်း ... ဘယ်တော့မှမေ့မှာမဟုတ်တော့ဘူး"

"စိတ်တွေက အဲဒီလိုဖြစ်နေတာ"

"ရှင်းပြီ၊ ရှင်းပြီ"

"ကဲ ... ဝေဏီ အခုခေါင်းညိတ်တယ်၊ ခေါင်းညိတ်လိုက်တာကို သိလား"

"ဟင့်အင်"

"ညိတ်ချင်တဲ့စိတ်ကိုကောသိလား"

"ဟင့်အင်"

"စိတ်က ကိုယ့်ကိုခိုင်းလိုက်တာလေ၊ စိတ်ကခိုင်းလို့ ဒီရုပ်ကြီး လိုက်လုပ်ရတယ်၊ သံသရာတစ်လျှောက်လုံး ဒီစိတ်က ကိုယ့်ကိုခိုင်းလာတာ၊ မနက်နိုးလာတာနဲ့ အိပ်ရာကမထခိုင်းဘူးလား၊ ထစမ်း ... ထစမ်း၊ ထရတယ်၊ ဆောင်ခေါက်လိုက်စမ်း၊ ရေချိုးခန်းသွားစမ်း၊ မဟုတ်သေးဘူး၊ အိမ်သာအရင်သွား သွားရတာပဲမဟုတ်လား၊ ကဲ မျက်နှာသစ်ချင်တယ်၊ ရေခပ်လိုက်၊ ဆပ်ပြာယူသစ် တော့ တော်ပြီ၊ သွားတိုက်ချင်တယ်၊ သွားပွတ်တံယူလိုက်၊ သွားတိုက်ဆေး ယူလိုက်ဦး၊ ညှစ်လိုက်စမ်း၊ တော်ပြီး များသွားပြီ၊ ရေလေးနည်းနည်း[illegible] တိုက်၊ ကြည့်စမ်းကြည့်စမ်း အစီအစဉ်တကျခိုင်းနေလိုက်တာ၊ အတွက်[illegible] တောက်လျှောက်ခိုင်းလာတာ၊ ကိုယ်က လွန်ဆန်လို့ရလား၊ ဘာမဆို စိတ်ကခိုင်း ချလုပ်ပေးနေရတာပဲမဟုတ်လား၊ ကိုယ့်ကိုခိုင်းနေတာမှန်းမသိဘဲ ကိုယ့်ကိုယ် ကိုယ် ဟုတ်လှပြီထင်နေတာလေ၊ သံသရာတစ်လျှောက်လုံးက ဒါတွေကိုမသိခဲ့

www.burmeseclassic.com



တာ၊ နုတ်ပြည်ရောက်အောင်ပို့နိုင်တာလည်း ဒီစိတ်ပဲ၊ ငရဲရောက်အောင်ဆွဲချတာလည်း ဒီစိတ်ပဲ"

"သံသရာကိုတွေးကြည့်ရင် ကြောက်စရာကြီးနော်"

"လူတိုင်းလူတိုင်းမှာ ကာယကံ၊ ဝစီကံ၊ မနောကံတွေနဲ့ အတိတ်ကပြုခဲ့တဲ့ ကံပေါင်း အနန္တကိန်းအောင်းနေတယ်၊ အဲဒီကံအချိန်တွေက မကုန်နိုင်တဲ့အထဲမှာ နောက်ထပ်ကံအသစ်တွေကို ထပ်ခါထပ်ခါပြုလုပ်နေကြလို့ သံသရာဟာ မဆုံးနိုင်ကြတာပဲ"

"နေပါဦး သတိုးရဲ့၊ အဲဒီလိုလေးသိမှတ်နေရုံနဲ့ သံသရာစက်ရဟတ်ကြီး ဘယ်လိုရပ်သွားမှာလဲ"

"အာရုံမှာပေါ်လာတာကို သတိနဲ့စောင့်ပြီး မမှတ်ရင် ထစွဲလိမ့်မယ်၊ အဲဒီအာရုံကိုစွဲလိုက်တာနဲ့ ဒုက္ခရောက်ပြီသာမှတ်လိုက်ပါ၊ ပေါ်လာတာကိုမှတ်နိုင်ရင် ကံမဖြစ်ဘဲ ဉာဏ်ဖြစ်သွားတာကို သိရမယ်၊ မမှတ်နိုင်ရင်တော့ စေတနာကံတွေဖြစ်ပြီး သံသရာလည်ပြီ"

"ထပ်ရှင်းပြပါဦး"

"ဥပမာ မြင်တာကိုမှတ်နေတော့ မြင်တာကရုပ်၊ သိတာကစိတ်၊ မှတ်တာက စေတသိတ်၊ ဒီလို စိတ် စေတသိက် ရုပ်ဆိုတဲ့ ပရမတ်(၃)ပါးဖြစ်တဲ့ မြင် သိ မှတ် ကလေးတွေဖြစ်နေတဲ့အချိန်မှာ အာရုံတွေပေါ်မှာ ကောင်းတာ ဆိုးတာ ချစ်ဖွယ် မုန်းဖွယ်ရယ်လို့ ခွဲခြားသတ်မှတ်မှု ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး၊ ဒီလိုမဖြစ်ရင် တဏှာအစရှိတဲ့ အနုသယကိလေသာတွေဟာ တစ်ခါသိရင် တစ်ကြိမ်ဖြစ်ခွင့်မရဘဲ သေပျောက်ချုပ်ဆုံးသွားတယ်၊ ဆယ်ခါသိရင် ဆယ်ကြိမ်၊ အကြိမ်တစ်ရာသိရင် အကြိမ်တစ်ရာ ချုပ်ဆုံးသွားတယ်၊ တစ်နာရီသိမှတ်နေရင် တစ်နာရီလုံးချုပ်နေတာပဲ၊ အဲဒီ 'ဖြစ်ခွင့်' ဆိုတာ လာလို့ရပါဦးမလား၊ မရဘူး၊ အဲဒါမှ ဝဋ်မြစ်ပြတ်တာ"

"ခုနကလို မြင်တာ ကြားတာ နံတာ စားတာ ကို သိမှတ်သိမှတ်နေတော့ ရုပ်နာမ်ခန္ဓာတို့ရဲ့ ဖြစ်ပျက်မှုသဘာဝလက္ခဏာကို သိသိနေတာဟာ ဝိဇ္ဇာ ဉာဏ်၊ အမှန်ကိုသိနေတာ၊ သိနေတော့ အတိတ်အပေါင်းက မသိမှုဆိုတဲ့အဝိဇ္ဇာဟာ ချုပ်ပျောက်နေတယ်၊ မသိမှုမရှိတော့ တက်မက်မှုတဏှာ မလာတော့ဘူး၊ တက်မက်မှုတဏှာမလာတော့ ဒီတက်မက်စွဲလန်းမှုကို အမှီပြုစွဲလန်းရမယ့်

www.burmeseclassic.com

www.burmeseclassic.com



ဥပါဒါန်အစွဲအလန်းလည်း မဖြစ်ပေါ်ဘဲချုပ်တယ်၊ စွဲလန်းတဲ့ဥပါဒါန်မဖြစ်တော့ ရလို၍ ပြုပြင်မှုဆိုတဲ့ သင်္ခါရကလည်း ပြုလုပ်ဖန်တီးဖို့မလိုတော့တဲ့အတွက် မပြုလုပ် မဖန်တီးဘဲ ချုပ်ပျောက်နေတယ်၊ အဲဒီလို သင်္ခါရကချုပ်နေတော့ ကံသုံးပါးကြောင့် ဖြစ်ထိုက်တဲ့ ကမ္မဘဝကလည်း မပြီးမြောက်ဘဲ ချုပ်သွားတယ်၊ အခုလို သိမှတ်နေမှုကြောင့် ပစ္စုပ္ပန်မှာ 'အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရ၊ ကမ္မဘဝ' ဆိုတဲ့ အကြောင်းငါးပါးချုပ်နေတော့ ဒီအကြောင်းငါးပါးကိုအရင်းခံပြီးမှ ဖြစ်ပေါ်ရမယ့် အနာဂတ်အကျိုးငါးပါးဖြစ်တဲ့ 'ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ' ဆိုတဲ့ ခန္ဓာငါးပါးလည်း ချုပ်ပျောက်ရတော့တာပဲ၊ ခန္ဓာငါးပါးချုပ်တော့ ခန္ဓာငါးပါးရဲ့ဖြစ်မှုဇာတိကလည်း မဖြစ်ရဘဲ ချုပ်တယ်၊ ဖြစ်မှုဇာတိချုပ်တော့ ဟောင်းနွမ်းပျက်စီးယိုယွင်းရင့်ရော်မှုဆိုတဲ့ 'ဇရာ၊ မရဏ' ကလည်း ချုပ်ပျက်ကုန်ဆုံးရတော့တာပဲ"

"ဒီလိုရှုမှတ်နေတော့ ယခင်က မသိမှုအဟောင်း (အဝိဇ္ဇာ)လည်းချုပ်၊ မဖြစ်ရသေးတဲ့ ဖြစ်ခွင့် (တဏှာ)ကလည်းချုပ်၊ အဲဒီလို အဝိဇ္ဇာနဲ့တဏှာ ပူးတွဲပြီး ချုပ်ပျောက်ပျက်စီးသွားတော့ အသစ်ရောအဟောင်းပါ အကြောင်းဖြစ်ခွင့်မရဘူး၊ အသစ်အဟောင်းအကြောင်းမဖြစ်တော့ ချုပ်ပျက်ကုန်ဆုံးသွားတဲ့ ကိလေသာကို အကြောင်းခံပြီးမှဖြစ်ရမယ့် အနာဂတ်အကျိုးခန္ဓာသစ်လည်း မဖြစ်တော့ဘဲ အကြောင်းပြတ်လို့ အကျိုးရပ်တာပဲ၊ ဒါကြောင့် အနာဂတ်အကျိုးရပ်လိုပါက ပစ္စုပ္ပန်အကြောင်းကိုသတ်၊ ပစ္စုပ္ပန်အကြောင်းကိုသတ်လိုပါက ပစ္စုပ္ပန်အကျိုးကို မှတ်ရမယ် ... ဟောဗျ အိပ်ပျော်နေပြီလား"

"နားထောင်နေတယ်၊ ပြောပါ"

"အာရုံစိုက်နေရတော့ ဝေဏီပင်ပန်းနေပြီ၊ နားလိုက်ဦး"

"အင်းပါ ... အင်းပါ၊ နောက်ပြောပြဦးနော်"

"တရားနဲ့တည့်လာပြီ၊ သင့်မြတ်လာပြီပေါ့"

"အင်း ထင်ပါရဲ့"

မနက်စာကို သတိုးက သူချက်ကျွေးမယ်ဟုပြောသည်။ သူ့ဖြင့်သလို ငြိမ်ငြိမ်လေးမနေနိုင်ဘဲ သူလုပ်သမျှ နောက်ကလိုက်ကြည့်နေမိသည်။ သတိုး ချက်ပြုတ်နေပုံကိုကြည့်၍ ကြာမြင့်စွာပြုံးနေမိသည်။

"ဘာပြုံးတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတာမကောင်းဘူးလား၊ ဝေဏီဘာဖြစ်နေလဲမသိဘူး၊ အရက်မူးပြီး ကိုယ့်ကိုယ်ကိုယ် မလုံမလဲဖြစ်နေတဲ့သူလို ဖြစ်နေတယ်"

"သွားနားလိုက်ဦးလေ"

"အင်းပါ ... အင်းပါ၊ သတိုးကို ပြောစရာရှိသေးလို့ လိုက်လာတာ"

"ဘာပြောမှာလဲ ပြော"

သတိုးနှင့် မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

"တခြားတော့မဟုတ်ပါဘူး၊ ဝေဏီအမြဲတမ်းပြုံးနေတော့မယ်ဆိုတာ ပြောမလို့၊ ဗိုက်ဆာလာသလိုပဲ၊ တစ်ခုခုကျွေးပါဦး"

သတိုးဖျော်ပေးတဲ့ အိုဗာတင်းတစ်ခွက်ကိုသောက်ပြီး သတိုးမနက်စာ ချက်နေစဉ်မှာပဲ စားပွဲခုံပေါ်မှာ မှောက်လျက်သား ကျွန်မအိပ်ပျော်သွားပါသည်။

ကျွန်မဘဝရဲ့ စာမျက်နှာသစ်တစ်ခုကို စတင်ဖွင့်ဖတ်ကြည့်ချင်လာသည်။

သတိုးကို ကျေးဇူးတင်ရသည်။

"ဝေဏီ့ကို ကျန်းမာအောင်၊ အကောင်းတွေကို မျှော်လင့်တတ်အောင် လုပ်ပေးတဲ့အတွက် ကျေးဇူး၊ ပြီးတော့ တရားကိုလည်းသိအောင် လုပ်ပေးချင်သေးတယ်၊ အခုတောင် ဝေဏီစွန့်စားချင်နေတာ၊ တရားပါသိလာရင်တော့ ဝေဏီ ဘာမှကြောက်တော့မှာမဟုတ်ဘူး၊ သတိုးမပါတဲ့လမ်းကိုလည်း မှုတော့မှာမဟုတ်ဘူး"

"သိပါတယ်၊ နောက်ဆို ကိုယ့်ကိုတောင်ထားခဲ့နိုင်သေးတယ်"

"အဲဒီလိုဆို သတိုးဘယ်လိုနေမလဲ"

သတိုးက ဘာမှမပြောတော့ ကျွန်မ ခြောက်ခြောက်သွေ့သွေ့ပဲ ရယ်မောလိုက်မိသည်။

လင်းကိုအမှတ်ရပေမယ့် စိတ်ထဲမှာ သူပျော်ရွှင်ဖို့၊ သူ့ဘဝအဆင်ပြေဖို့ ဖြူစင်သောစေတနာသာ ထက်သန်တော့သည်။ သူနှင့်ပတ်သက်သမျှ ကြည်နူးရှင်ပျစွာ ပြန်တွေးလာနိုင်သည်။ လုပ်စရာရှိတာတွေ မှန်မှန်လုပ်လာနိုင်သည်။ အခုမှ လူနှင့်တူလာတယ်ဟုတွေးကာ ပြုံးမိရသည်။

www.burmeseclassic.com

www.burmeseclassic.com



“ဝေဏီ အိမ်ကလေးတစ်လုံးလိုချင်တယ်လို့ အမြဲပြောတယ်လေ ကိုယ်ဆောက်ပေးမှာပေါ့”

“သူဆောက်ပေးတဲ့အိမ်မှာ ဝေဏီနေချင်တာပေါ့၊ သိပ်လုံခြုံမယ်ဆိုတာလည်း သိတာပေါ့”

အေးမြသောလေကိုရှူရှိုက်ရင်း ကန်တော်ကြီးရဲ့ညအလှကို ကျွန်မငေးမောလာခဲ့သည်။ သတိုးက ကားကို လမ်းဘေးနားမှာရပ်လိုက်သည်။ မှောင်ရီပျိုးစ၊ ကရဝိတ်ညီနောင်မှ မီးရောင်တွေက ကန်တော်ကြီးရေပြင်ပေါ်မှာ တလက်လက် ရွှေရောင်ဝင်းနေသည်။ ခပ်ရေးရေးမြင်ရသော ကမ်းစပ်သစ်ပင်တောတန်းတို့မှာလည်း ဟိုမှဒီမှ မီးရောင်တွေ ပေါ်ထွက်လာသည်။ ကရဝိတ်ညီနောင်ရဲ့ရင်အုံသည် ရွှေရောင်ပြောင်ကာ ဝင့်ထည်နေသည်။ ကန်ရေပြင်ကိုဖြတ်တိုက်လာတဲ့ လေက ညှင်းညှင်းသုန်သုန်၊ အေးချမ်းသောသဘာဝပတ်ဝန်းကျင်ရဲ့အလယ်မှာ ကျွန်မရှိနေသည်။ သတိုးနှင့်အတူ။

အိမ်ရောက်တော့ မဝင်တော့ဘူးဆိုတဲ့သတိုးက ကျွန်မကိုနှုတ်ဆက်ဖို့ဆင်းသည်။ အိမ်ထဲ ချက်ချင်းမဝင်စေဘဲ သတိုးက ကျွန်မလက်ကို ဆွဲထားသည်။

“ဝေဏီလုပ်တာနဲ့ ဒီမှာရှုးတော့မယ်”

သူက အားမလိုအားမရဆိုသည်။

“မဟုတ်ဘူး၊ ဝေဏီကိုယ်တိုင်က ရှုးချင်နေတာလားမှမသိတာ”

ပြောပြီး ရယ်မိပြန်သည်။ သူက ကျွန်မကို တိတ်ဆိတ်စွာ အကဲခတ်နေ၏။ သူ့ပခုံးပေါ် လက်နှစ်ဖက်တင်ပြီး သူ့မျက်နှာကိုမော်ကြည့်တော့ သူ့မျက်လုံးစူးစူးကို ရင်ဆိုင်ရသည်။ ရင်တဒိတ်ဒိတ်ခုန်လာသည်။ ရှိတယ်ထင်ရတဲ့သတ္တိတွေက ပျောက်ကွယ်သွားသည်။ သူ့မျက်လုံးတွေက ကျွန်မမျက်လုံးထဲ တစ်စုံတစ်ရာကို ရှာဖွေနေသည်။ အနည်းငယ် မောပန်းတုန်ရင်ချင်လာသည်။ ခါးကိုဖွဖွဖက်လိုက်တဲ့ သူ့လက်တွေက မြဲမြံလှ၏။ မရုန်းဖယ်မိ။

ခဏကြာတော့ တောက်ပတဲ့သူ့မျက်လုံးလက်လက်များကိုကြည့်ပြီး “နမ်းပဲနမ်းပါ့မလားလို့”ဟု ရယ်မော၍ ပြောလိုက်နိုင်သည်။

“ဝေဏီ့ကိုချစ်တာ ဝေဏီသဘောမကျဘဲနေပါ့မလား၊ အဲဒီတော့ အချစ်ငတ်နေတဲ့သူပဲ၊ မကြာခင်မှာပဲ ဝေဏီလည်း သူ့ကိုချစ်လာနိုင်တာပဲ”

www.burmeseclassic.com

www.burmeseclassic.com



စိတ်လှုပ်ရှားစွာပြောပြီး အိမ်ထဲပြေးဝင်ခဲ့သည်။

ကျွန်မ ကိုကို့ဆီသွားတော့မည်ဟု သတိုးကိုပြောလိုက်သောနေ့ကို ဘယ်တော့မှမမေ့။ ထိုနေ့က ခြံထဲမှာ စကားစိမ်းနဲ့တွေကြိုင်နေသည်။

"ဝေဏီနေကောင်းပြီဆိုတော့ ဝေဏီခြေဆန့်ချင်ပြီ၊ တစ်နေရာတည်းမှာ ရပ်မနေချင်တော့ဘူး၊ မြန်မာပြည်အနှံ့ ဘုရားဖူးသွားမယ်၊ ပြီးရင် ... ပြီးရင်"

သတိုးက ကျွန်မလက်ကို ဖျတ်ခနဲဖမ်းဆုပ်သည်။ ပြီးတော့ ကျွန်မ နှုတ်ခမ်းအလှုပ်ကို စောင့်ကြည့်နေလေသည်။

"ပြီးရင် ... ဝေဏီ ကိုကို့ဆီသွားမယ်၊ သူမသိဘူးလား၊ ဝေဏီ့မှာ ကိုကို ပဲရှိတာ၊ မောင်နှမနှစ်ယောက်ပဲရှိတာ၊ ဝေဏီ ကိုကို့ကို အထီးမကျန်စေချင်ပါဘူး၊ ဒီအိမ်မှာလည်း မိသားစုတွေများလာပြီလေ၊ ဝေဏီ အကြာကြီးဆက်နေလို့ ဘယ်ကောင်းမလဲ ..."

"ဒီတော့ ..."

"ဝေဏီသွားမှာပေါ့"

"ဟိုမှာနေတော့မှာလား"

"ဝေဏီပျော်သလောက်နေမယ်၊ တစ်သက်လုံးပျော်မယ်ထင်ရင် တစ်သက်လုံးနေမယ်"

ကျွန်မ ဝရန်တာလက်ရမ်းမှာလက်ထောက်ကာ အဝေးသို့ လှမ်းကြည့်ရင်း ပြောလိုက်သည်။ သတိုးရဲ့မျက်လုံးတွေကို ရင်မဆိုင်ချင်၊ ရင်မဆိုင်ရဲ။

"ဝေဏီ့မှာ ကိုယ့်ကိုချစ်တယ်၊ မချစ်ဘူးဆိုတဲ့အဖြေတော့ ရှိမှာပေါ့"

"ဝေဏီ ဘာအနှောင်အဖွဲ့မှ ယူမသွားချင်ဘူး၊ ဝေဏီဟာ ဝေဏီအဖြစ်နဲ့ ရှင်သန်ချင်သေးတယ်၊ ဝေဏီ့ကို မချစ်ပါနဲ့တော့လား"

သူ့ပခုံးမှာ မျက်နှာအပ်မိတော့ မျက်ရည်တွေ ဘယ်လိုကျလာမှန်းမသိ။

"ဝေဏီ့ကို မြန်မာပြည်အနှံ့ လိုက်မပို့ချင်ဘူးလား"

"သိပ်လိုက်ပို့ချင်တာပေါ့"

ကျွန်မ တိတ်ဆိတ်နေမိသည်။ ဘာပြောစရာလိုလို့လဲ၊ ရင်ကျက်တဲ့ ဝေဏီဖြစ်နေပြီပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲပြောပြော ဝေဏီအမြန်ဆုံးပြန်လာမှာပါ၊ ကိုယ်သိနေတယ်"

သတိုးက ကျွန်မမျက်လုံးတွေထဲ နက်နက်ရှိုင်းရှိုင်းစိုက်ကြည့်၍ ပြောလာသည်။

သူ့မျက်လုံးထဲမှာ ကျွန်မကို ရုတ်တရက်ဆွဲချနိုင်သော အင်အားကြီးမားသော အရာတစ်ခုကို မြင်လိုက်ရသည်။ ကျွန်မ မျက်လုံးများကို ယောင်၍ပိတ်လိုက်မိသည်။ ဒီတော့မှ ရှေ့လျှောက်ရမည့်ခရီးရှည်လျားသေးသည်ကို ကျွန်မသိလိုက်ရလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

နောက်(၉)လအကြာ ကိုကိုနှင့် ဩစတြေးလျမှ လည်ပတ်ပြီးပြန်လာခါနီးတွင် သတိုးဆီသို့ ကျွန်မ စာတစ်စောင်ရေးလိုက်ရပါသည်။

"သတိုး ... သတိုးကို ဝေဏီချစ်တာပေါ့"

ဘာဆက်ရေးရဦးမလဲ စဉ်းစားမရ၊ ဒီတစ်ကြောင်းတည်းနှင့်တင် ပြည့်စုံပြီထင်ပါ့။

ဒါဝင်က ကိုကို့အိမ်ကလေးပါ ထည့်ရေးရမှာပေါ့။ ကျွန်မလာမည်ဆိုတော့ သူ့အခန်းကိုပြန်အပ်ကာ ကိုကို အရေးပေါ်ငှားလိုက်ရသောအိမ်ကလေး။ အုတ်နီနီ၊ ပြတင်းပေါက်ဖြူဖြူတွေနှင့် တစ်ထပ်အိမ်ကလေး။ သိပ်မဝေးတဲ့နေရာမှာ ပင်လယ်ပြင်ကို လှမ်းမြင်ရသည်။ ကမ်းနားတစ်လျှောက် ကိုကိုနှင့်ကျွန်မ ညနေတိုင်း လမ်းလျှောက်နေကျ။ ည(၉)နာရီ (၁၀)နာရီဆို လူခြေတိတ်ပြီ။ မြို့ထဲမှာ လူသူသိပ်မရှိတော့။ တိတ်တိတ်ဆိတ်ဆိတ် အေးအေးချမ်းချမ်း။ ညတွင် ပင်လယ်၏ ဂီတကို ကျွန်မ နားဆင်ရသည်။ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်ခြင်း၌ တစ်ချိန်က အိမ်သည် မှုန်ဝါးသွားတော့သည်။

ကိုကို့ဆီတောင်ရောက်ပြီပဲ။ ဝေဏီ့ကို တားဆီးပိတ်ပင်နိုင်တဲ့အရာ

www.burmeseclassic.com

www.burmeseclassic.com



ဘာမှမရှိတော့။ ဝေဏီဖြစ်ချင်ဖို့ပဲလိုတယ်လေ။

"သတိုးရေ ... ကိုကိုကတော့ ဝေဏီပြန်လာရင် လိုက်လာမယ်တဲ့ သူ့ယောက်ဖလောင်းကို တွေ့ဖူးချင်လို့တဲ့ရှင်၊ သူ့မှာ ခွင့်နှစ်ပတ်လောက်ပဲရမှာမို့ သူရှိတုန်း မင်္ဂလာပွဲကိုမလုပ်နိုင်ဘူးလားတဲ့ မေးနေတယ်၊ ဝေဏီဘာပြောလိုက်ရမလဲ၊ ဝေဏီဘက်က အဆင်သင့်ဖြစ်နေပေမယ့် ... သတိုးဘက်က အဆင်သင့် မဖြစ်မှာစိုးလို့ပါ"

BURMESE CLASSIC

စသဖြင့် ... စသဖြင့် ရေးလိုက်ရလေသည်။

သင်းစုစုညိမ်း

www.burmeseclassic.com